http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

အဘိဓမ္မာ ပိဋကတ်

# ပုဂ္ဂလပညတ်ပါဠိတော်

## မြန်မာပြန်

သာသနာ - ၂၅၄၄    ကောဇာ - ၁၃၆၂    ၂၀၀၀

ပုဂ္ဂလပညတ်ပါဠိတော်မြန်မာပြန်

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

အဘိဓမ္မာ ပိဋကတ်

# ပုဂ္ဂလပညတ်ပါဠိတော်

## မြန်မာပြန်

သာသနာ - ၂၅၄၄    ကောဇာ - ၁၃၆၂    ၂၀၀၀

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစေတီပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

http://www.dhammadownload.com

## ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

### အဘိဓမ္မာ ပိဋကတ်

# ပုဂ္ဂလပညတ်ပါဠိတော်

# မြန်မာပြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၄၄ ကောဇာ-၁၃၆၂ ၂၀၀၁

http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com



# ပိဋကတ် မြန်မာပြန်ကျမ်းများ အတွက်

# လမ်းညွှန်မာတိကာ

| | နိကာယ် | ပိဋက | ကျမ်း | စာအုပ် | သုတ် |
|---|---|---|---|---|---|
| က | ဒီဃ (အရှည်) | သုတ္တန် | (၃) | (၃) | (၃၄) |
| ခ | မဇ္ဈိမ (အလယ်) | ( ။ ) | (၃) | (၃) | (၁၅၂) |
| ဂ | သံယုတ္တ (ယှဉ်တွဲ) | ( ။ ) | (၅) | (၃) | (၇၇၆၂) |
| ဃ | အင်္ဂုတ္တရ (ပိုပို) | ( ။ ) | (၁၁) | (၃) | (၉၅၅၇) |
| င | ခုဒ္ဒက (အတို) | (ဝိနည်း) င-၁ | (၅) | (၅) | |
| | | (အဘိဓမ္မာ) င-၂ | (၇) -၃ | (၁၂) -၇ (လျော့) | |
| | | (သုတ္တန်) င-၃ | (၁၈) -၄ | (၁၁) -၄ (လျော့) | |
| | (၅) ရပ် | (၃) ပုံ | (၅၂) -၇ | (၄၀) -၁၁ (လျော့) | |

အပြည့်ရှိရန် = (၅၂) ကျမ်း - (၄၀) အုပ်
ယခုရှိပြီး = (၄၅) ကျမ်း - (၂၉) အုပ်

http://www.dhammadownload.com



## က–ဒီဃနိကာယ်

| | | | | |
|---|---|---|---|---|
| ၁.က. ၁/၃ | - ၁ သီလက္ခန္ဓဝဂ္ဂ (သီလက္ခန္ဓဝဂ်) | သုတ်သီလက္ခန် | ၁၃ | ၃၄ သုတ် |
| ၂.က. ၂/၃ | - ၂ မဟာဝဂ္ဂ (မဟာဝဂ်) | သုတ်မဟာဝါ | ၁၀ | |
| ၃.က. ၃/၃ | - ၃ ပါထိကဝဂ္ဂ (ပါထိကဝဂ်) | သုတ်ပါထေယျ | ၁၁ | |

- သီလနှင့်တန်ဆာဆင်
- မဟာသတိပဋ္ဌာနသုတ် (သံသရာလွတ်ကြောင်းအခြေခံ)

---

## ခ–မဇ္ဈိမနိကာယ်

| | | | | |
|---|---|---|---|---|
| ၄. ခ. ၁/၃ | - ၁ မူလပဏ္ဏာသ | [ရှေ့ဦးအစသုတ် ၅၀ ပါကျမ်း] | ၁၅၂ သုတ် |
| ၅. ခ. ၂/၃ | - ၂ မဇ္ဈိမ ။ | [အလယ်သုတ် ၅၀ ။ ] | |
| ၆. ခ. ၃/၃ | - ၃ ဥပရိ ။ | [နောက်ဆုံးသုတ် ၅၂ ။ ] | |

- "သမာဓိဘာဝနာ" ကျင့်နိုင်ရန်လမ်းညွှန်
- သမ္မာဒိဋ္ဌိသုတ်၊ ရထဝိနီတသုတ် [ဝိသုဒ္ဓိ 7 ပါး]

---

## ဂ–သံယုတ္တနိကာယ်

| | | | |
|---|---|---|---|
| ၇. ဂ. ၁/၃ | - ၁ သဂါထာဝဂ္ဂကျမ်းနှင့် နိဒါနဝဂ္ဂကျမ်း | (ပ) | ၇၇၆၂ သုတ် |
| ၈. ဂ. ၂/၃ | - ၂ ခန္ဓဝဂ္ဂကျမ်းနှင့် သဠာယတနဝဂ္ဂကျမ်း | (ဒု) | |
| ၉. ဂ. ၃/၃ | - ၃ မဟာဝဂ္ဂကျမ်း | (တ) | |

---

## ဃ–အင်္ဂုတ္တရနိကာယ်

| | | | | |
|---|---|---|---|---|
| ၁၀.ဃ.၁/၃ | - ၁ ဧကက နိပါတ်မှ စတုက္က နိပါတ်ထိ | (၄) ကျမ်း | ၉၅၅၇ သုတ် |
| ၁၁.ဃ.၂/၃ | - ၂ ပဉ္စက ။ သတ္တက ။ | (၃) ကျမ်း | |
| ၁၂.ဃ.၃/၃ | - ၃ အဋ္ဌက ။ ဧကာဒသက ။ | (၄) ကျမ်း | |

- ဗဟုသုတ ပဒေသာပင်၊ ယဉ်ကျေးမှု၏ ရေသောက်မြစ်
- အောင်မြင်နည်း၊ သတ္တိပြည့်နည်း၊ ကြွယ်ဝနည်း၊ ပညာရှိနည်း၊ ဂုဏ်ကျော်နည်း၊ လောကဓံခံနိုင်နည်း။

http://www.dhammadownload.com



## ၄–ခုဒ္ဒကနိကာယ်

[ကျမ်းအရေအတွက်အများဆုံးနှင့်
တရားသဘောအစုံဆုံးနိကာယ်]

### (၄–၁) ခုဒ္ဒကနိကာယ် **ဝိနည်း** ပိဋက

( ၅ ကျမ်း - ၅ အုပ် )

| | | | |
|---|---|---|---|
| ၁၃.၄–၁. ၁/၅ | - | ၁ ပါရာဇိက | (ပါရာဇိကဏ်) |
| ၁၄.၄–၁. ၂/၅ | - | ၂ ပါစိတ္တိယ | (ပါစိတ်) |
| ၁၅.၄–၁. ၃/၅ | - | ၃ မဟာဝဂ္ဂ | (ဝိနည်းမဟာဝါ) |
| ၁၆.၄–၁. ၄/၅ | - | ၄ စူဠဝဂ္ဂ | (စူဠဝါ) |
| ၁၇.၄–၁. ၅/၅ | - | ၅ ပါရိဝါရ | (ပရိဝါ) |

### (၄–၂) ခုဒ္ဒကနိကာယ် **အဘိဓမ္မ** ပိဋက

( ၇ ကျမ်းမှ ၄ ကျမ်း - ၅ အုပ် )

| | | | |
|---|---|---|---|
| ၁၈.၄–၂. ၁/၅ | - | ၁ ဓမ္မသင်္ဂဏီ | (၁) အုပ် |
| ၁၉.၄–၂. ၂/၅ | - | ၂ ဝိဘင်း | (၁) |
| – | | ၃ ဓါတုကထာ | x |
| ၂၀.၄–၂. ၃/၅ | - | ၄ ပုဂ္ဂလပညတ် | (၁) |
| ၂၁.၄–၂. ၄/၅ | - | ၅ ကထာဝတ္ထု (ပ) | (၁) |
| ၂၂.၄–၂. ၅/၅ | - | ကထာဝတ္ထု (ဒု) | (၁) |
| — | | ၆ ယမိုက် | x |
| — | | ၇ ပဋ္ဌာန်း | x |
| | | | (၅) အုပ် |

http://www.dhammadownload.com



## (၈-၃) ခုဒ္ဒကနိကာယ် သုတ္တန် ပိဋက

( ၁၈ ကျမ်းမှ ၁၄ ကျမ်း - ၇ အုပ် )

| | | | | |
|---|---|---|---|---|
| ၂၃. | ၈-၃. | ၁/၇ - | ၁ ခုဒ္ဒကပါဌ<br>၂ ဓမ္မပဒ<br>၃ ဥဒါန=ဥဒါန်း<br>၄ ဣတိဝုတ္တက=ဣတိဝုတ်<br>၅ သုတ္တနိပါတ=သုတ္တနိပါတ် | ၅ကျမ်း |
| ၂၄. | ၈-၃. | ၂/၇ - | ၆ အပဒါန် (ပ)တွဲ (ထေရာပဒါန်) | ၁ |
| ၂၅. | ၈-၃. | ၃/၇ - | အပဒါန် (ဒု)တွဲ (ကျန်ထေရာပဒါန်+ ထေရီအပဒါန်)<br>၇. ဗုဒ္ဓဝံသ<br>၈ စရိယာပိဋက | ၁ |
| ၂၆. | ၈-၃. | ၄/၇ - | ၉ ပဋိသမ္ဘိဒါ မဂ် | ၁ |
| ၂၇. | ၈-၃ | ၅/၇ - | ၁၀ မိလိန္ဒပဉှာ | ၁ |
| ၂၈. | ၈-၃. | ၆/၇ - | ၁၁ ဝိမာနဝတ္ထု<br>၁၂ ပေတဝတ္ထု | ၁ |
| ၂၉. | ၈-၃. | ၇/၇ - | ၁၃ ထေရဂါထာ<br>၁၄ ထေရီဂါထာ | ၁ |
| | | | ၁၄ ကျမ်း | ၇ အုပ် |

**ပိုင်းခြားပုံစနစ်**

| | | | |
|---|---|---|---|
| ၁ ဝိမုတ္တိရသ | (၁) | ၄ ပိဋက | (၃) |
| ၂ ဓမ္မဝိနယ | (၂) | ၅ နိကာယ် | (၅) |
| ၃ ဝစန | (၃) | ၆ ဓမ္မက္ခန္ဓာ | (၈၄၀၀၀ ) |

http://www.dhammadownload.com

# ကွိုတင်သိမှတ်ရန် သင်္ကေတလက္ခဏာများ

“ ” ဤကဲ့သို့ ကော်မာပြလျှင် ကော်မာအတွင်းရှိ စာပိုဒ်များမှာ ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသော အခြင်းအရာ ‘အာကာရ’ ဟု သိမှတ်ရန်။

‘ ’ ဤကဲ့သို့ ကော်မာပြလျှင် ရှေ့က ကပ်လျက်ရှိသောပုဒ်နှင့် အဓိပ္ပါယ်သဘောတူ ဟု သိမှတ်ရန်။

“ ‘ ’ ”ဤကဲ့သို့ ကော်မာနှစ်ထပ်ပြလျှင် ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောစကား အတွင်း၌ အခြားပြောဆိုပုံ စကားတရပ်ရှိနေသည် ဟု သိမှတ်ရန်။

( ) ဤကဲ့သို့ ဘရက်ကက် လက်သည်းကွင်းပြလျှင် ၎င်းအတွင်းရှိ ပုဒ်သည် မူရင်း ပါဠိတော်တွင် တိုက်ရိုက်မလာ၊ မြန်မာအသုံးအနှုန်းအရ ပြည့်စုံစေရန် ဖြည့်စွက်သောပုဒ် ဟု သိမှတ်ရန်။

—ဒက်ခေါ် မျဉ်းတိုကိုပြလျှင် စကားဝါကျ မဆုံးသေး ဟု သိမှတ်ရန်။

[ ]ဤကဲ့သို့ ကွင်းချိပ်ကိုပြလျှင် ၎င်းအတွင်းရှိ စာများမှာ ရှေးနည်းတူ ဆက်လက်ပြု လုပ်ရန် (ဖော်ထုတ်ရွတ်ဆိုရန်) မှာထားသော စကားများ ဖြစ်သည် ဟု သိမှတ်ရန်။

၁-၂-ဤကဲ့သို့ စာသားအတွင်း၌ ဂဏန်းကိုပြလျှင် ၎င်းဂဏန်းရှေ့၌ ကပ်လျက်ရှိသော ပုဒ်၏ အဓိပ္ပါယ်ကို သိလွယ်စေရန် စာမျက်နှာအောက်ခြေတွင် မျဉ်းသားလျက် သီးခြား ဂဏန်း အစဉ်အလိုက် ဖော်ပြထားသည်ဟု သိမှတ်ရန်။ * ဤကဲ့သို့ ချရားပွင့်ပြရာ၌လည်း ထို့အတူပင် မှတ်သားရန်ဖြစ်ပါသည်။

http://www.dhammadownload.com

http://www.dhammadownload.com

# ပိဋကတ်တော် မြန်မာပြန်
# နိဒါန်း

ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်၏ သာမုက္ကံသိကဒေသနာ ဓမ္မက္ခန္ဓာပါဠိတော်သည်—

ပါဠိ၏နက်နဲခြင်း'ဓမ္မဂမ္ဘီရ'

အနက်အဓိပ္ပါယ်၏နက်နဲခြင်း'အတ္ထဂမ္ဘီရ'

ဝေါဟာရအမျိုးမျိုး နည်းအမျိုးမျိုးဖြင့် ဟောကြားပုံ၏ နက်နဲခြင်း'ဒေသနာဂမ္ဘီရ'

ထိုးထွင်း၍ သိအပ်သောသဘော ထိုးထွင်း၍ သိသော ဉာဏ်၏ နက်နဲခြင်း 'ပဋိဝေဓဂမ္ဘီရ' ဟူသော နက်နဲခြင်းလေးဝတို့ကြောင့် အစိန္တေယျဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

ယင်းသို့လျှင် အစိန္တေယျ မြတ်စွာဘုရား၏ ဒေသေတဗ္ဗဓမ္မဖြစ်၍ အစိန္တေယျဂုဏ်နှင့် ကုံလုံပြည့်ဝသဖြင့် နာနာနယဝိစိတြဖြစ်သော ဓမ္မက္ခန္ဓာပါဠိတော်ကို ဟောဖော်ပြည့်န်တော်မူသော ဒေသကဘုရားရှင်၏ အလိုတော်ကျအောင် လှုလှုပိုင်ပိုင် သိနိုင်ရန်ကား လွန်စွာခဲယဉ်းလှပေသည်။

ထို့ကြောင့်လည်း ရှေးရှေးဆရာမြတ်တို့သည် ထိုဓမ္မက္ခန္ဓာပါဠိဟော်များကို ခွဲခြားဝေဖန် ာမှန်သိစေခြင်းငှါ အဋ္ဌကထာ, ဋီကာ, အနု, မဓု, ယောဇနာအဖြာဖြာသော ကျမ်းတို့ဖြင့် ဆင့်ကာဆင့်ကာ ဖွင့်ပြရေးသားတော်မူခဲ့ကြလေသည်။

သို့စေကာမူ ထိုထိုသော အဖွင့်ကျမ်းစာတို့မှာ ပါဠိဘာသာဖြင့်သာ တည်ရှိနေကြသဖြင့် ပါဠိဘာသာကို မတတ်ကျွမ်းကုန်သော ပြည်ထောင်စု သမတမြန်မာနိုင်ငံတော်ရှိ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့မှာ ယထာဓမ္မ သဘာဝကျအောင် သိနိုင်ရေးမှ ဝေးကွာလျက်ပင် ရှိနေကြရပေသည်။

နိကာယဏ္ဏဝပါရဂူ ပါဠိဝိဒူ ဖြစ်ကြကုန်သော ဆရာတော် သံဃာတော် အရှင်မြတ်များက ရေးသားဝေ့ ပြသ ဟောကြားကြလင့်ကစား ကြီးမားသော သာဂရပြင်ကျယ် ရေပင်လယ်မှ အနည်းငယ်မျှသော ရေကလေးကို ကွမ်းစားခွက်ငယ်ဖြင့် ခပ်သယ်၍ ပေးသကဲ့သို့ နက်လေးကြီးကျယ်သော နိကာယ်ငါးဖြာ အဏ္ဏဝါဝယ် မဟာမုနိ ထားခဲ့ဘိသည့် ဝိမုတ္တိနှင့် ဝိမုတ္တိဉာဏဒဿန အနုပါဒိသေသ အမတနိဗ္ဗာန်သို့ ကေန်ဆိုက်ရောက်ကြောင်း တရားပေါင်းများစွာတို့မှ မကြားနာရဘူးသေးသော လေးနက်သည့် ဓမ္မက္ခန်တို့မှာ ကြွင်းကျန်၍သာနေသဖြင့် မပြေအာသာ တောင့်တစွာဖြင့်ပင် "ကိုယ်တိုင်သာတတ်နိုင်က ပိုင်ပိုင်ကြီး ဖတ်ရှုလိုက်ချင်စမ်းလှသည်"ဟုမြွက်ဟ ညည်းညူကြရကုန်၏။

ထိုသို့ပါဠိမာဂဓကို မတတ်ကျွမ်းကြသည့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ အကျိုးကို မြော်ကိုးထောက်ထား၍ "ပါဠိတော်များကို ကောင်းစွာသုတ်သင် သံဂါယနာ တင်ရာဖြစ်သည့်

http://www.dhammadownload.com



ဤခေတ် ဤအခါတွင် ပါဠိကျမ်းစာများအလား ဘုရားဟောကျမ်းစာများကို မြန်မာဘာသာ သန့်သန့်ဖြင့် ခန့်ခန့်ညားညား ရေးသားထုတ်ဝေရပါမူ ထိုပါဠိဘာသာ၌ ကောင်းစွာ မသက်ဝင်နိုင်သော ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အတွက် အမှန်ပင် အကျိုးများဖွယ် ရှိလေရာ၏”ဟု နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီး၏ ဦးစီးနာယက ပုဂ္ဂိုလ်ကြီးများက စဉ်းစားတွေးခေါ်မိသဖြင့် ပါဠိတော်ကျမ်းစာများကို မြန်မာဘာသာပြန်ဆိုရန် အဖွဲ့အသီးသီးတို့ကို ဖွဲ့စည်းတည်ထောင်ခဲ့ပေသည်။

သို့လျှင် ဖွဲ့စည်းတည်ထောင်ခဲ့သော ဘာသာပြန်ရေးဆိုင်ရာ ပညာရှိ အဖွဲ့အစည်း အသီးသီးတို့က မိမိတို့ဆိုင်ရာ တာဝန်ရှိသည့်အတိုင်း အဆင့်ဆင့်တာဝန်ယူ ထမ်းဆောင်ကြပြီးလျှင် ရှေးရှေးက ရှိခဲ့ဘူးသော နိဿယအဖြာဖြာနှင့် ဘာသာပြန်ကျမ်းစာများကို အားထားကြည့်ရှု အခြေပြုလျက်—

(၁) ပါဠိတော်၏ သဘောအဓိပ္ပါယ်ကို ထိရောက်စေခြင်း

(၂) မြန်မာအသွားနှင့် နီးကပ်နိုင်သမျှ နီးကပ်စေခြင်း

(၃) ဝေါဟာရကျဉ်း၍ အဓိပ္ပါယ်ပေါ်လွင်စေခြင်း

(၄) စကားအသုံးအနှုန်း ထယ်ဝါ ခန့်ညားစေခြင်း

ဟူသော အချက်လေးချက်ကို လေးလေးနက်နက် အဓိကထား၍ ပြန်ဆိုသုတ်သင် အဆင့်ဆင့်ပြင်ဆင်ခဲ့ကြပြီးလျှင် ဘာသာပြန်စာမူတွင် သွင်းယူရေးသားထားသည့် စကား ဝါကျ အစီအကုံး ဝေါဟာရအသုံးအနှုန်းတို့ကိုလည်း နောက်ဆုံးပွဲပြင် ပြင်ဆင်တည်းဖြတ်တော်မူကြသော ဩဝါဒ သောဓေယျဆရာတော်တို့က—

(၁) အသိလွယ်ကူခြင်း

(၂) အများသုံးဖြစ်ခြင်း

(၃) အသင့်လျော်ဆုံးဖြစ်ခြင်း

ဟူသော မှတ်ကျောက်သုံးခုတို့ဖြင့် စေ့စေ့ငုငုကြည့်ရှုဆင်ခြင်၍ ပြင်ဆင်သုံးသပ် တည်းဖြတ်တော်မူကြပြီးလျှင် လိုအပ်သော မြန်မာဘာသာ သတ်ပုံ သတ်ညွှန်းဆိုင်ရာတို့တွင်လည်း အမှန်ကန်ဆုံး အတိကျဆုံး ဖြစ်စေပြီးသည့်နောက်တွင်ကား....ပိဋကတ် ပါဠိတော်များနည်းတူ ဤမြန်မာပြန်စာမူများကိုလည်း အထပ်ထပ်ပြင်ဆင်၍ စက်တင်ပုံနှိပ်ခြင်း ပြုလုပ်ခဲ့လေသည်။

**သို့ဖြစ်ရကား—**

ပန်းဝတ်ရည်ကို စားသုံးကြမည့် ပျားပိတုန်းတို့အလား သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်သည့် တရားဒေသနာတည်းဟူသော ပိဋကတ်တော် အရသာကို မြိန်ရှက်စွာ စားသုံးလိုကြသည့် မာဂဓဘာသာ ပါဠိစကား၌ ကျွမ်းကျင်သက်ဝင်နိုင်စွမ်းမရှိကြသော ပြည်ထောင်စုနိုင်ငံတော်သူ နိုင်ငံတော်သား ဗုဒ္ဓဘာသာဝင် သူတော်စင် အများတို့သည် ကံအားလျော်စွာ အနှစ်တထောင်ကြာမှ တကြိမ်သာပွင့်သော အာသာဝတီနွယ်နီနတ်ပန်းကဲ့သို့ရှင်း ကမ္ဘာဦးအခါက ကမ္ဘာသူ ကမ္ဘာသားတို့၏ အာသာဆန္ဒအားလျော်စွာ ဖြစ်ထွန်းပေါ်ပေါက်လာသော နေလ နက္ခတ်တာရာတို့ကဲ့သို့ရှင်း နိုင်ငံတော်သူ နိုင်ငံတော်သားတို့၏ ကုသိုလ်ကံနှင့် အာသာဆန္ဒ

http://www.dhammadownload.com



အားလျော်စွာ အကြိမ်ကြိမ် အဖန်ဖန် ကြံစည်ကြိုးကုတ် အားထုတ်တီထွင် စီစဉ်ရေးသားလျက် လေးစားစွာ ပြန်ဆိုသဖြင့် အလွန်အလွန် ခဲယဉ်းငြိုငြင်စွာ ဖြစ်ထွန်းပေါ်ပေါက် ပြီးစီးအောင်မြင်ခြင်းသို့ ရောက်လာရသော ဤပိဋကတ်တော်မြန်မာပြန်တို့ကို ဆန္ဒအာသာပြင်းထန်စွာ ကြည့်ရှု လေ့လာသွားခြင်းဖြင့် ပိဋကတ်တော်အရသာများကို လွယ်လွယ်ကူကူ မပင်မပန်း ချမ်းချမ်းသာသာ အားပါးတရ သုံးဆောင်ခံစားနိုင်ကြ၍ သဗ္ဗညုမြတ်စွာဘုရား ရည်ရွယ်တော်မူရင်းဖြစ်သော ဝိမုတ္တိသုခ အမတကြွင်းနိဗ္ဗာန်နန်းသို့ တက်လှမ်းနိုင်ကြပါစေကုန်သတည်း။

## ခုဒ္ဒကနိကာယ် မြန်မာပြန် ပဋိဝိသောဓကဆရာတော်များ

၁။ ဆရာတော် ဦးနန္ဒိယ အဂ္ဂမဟာပဏ္ဍိတ ဟင်္သာတမြို့။
၂။ " ဦးသုဇာတ သာသနာ့ရိပ်သာ ရန်ကုန်မြို့။
၃။ " ဦးပါလိတ မင်းကျောင်းဆရာတော် မြစ်သားမြို့။
၄။ " အသျှင်စန္ဒဇောတိ သိရီသောမာရုံကျောင်း ကံကြီး မလှိုင်မြို့။
၅။ " ဦးဇောတိက ဇမ္ဗူ့မိတ်ဆွေကျောင်း အရှေ့ပိန်းနဲကုန်းတိုက် ရန်ကုန်မြို့။
၆။ " ဦးဓမ္မာလောက မြတောင်ချောင်ဆရာတော် စစ်ကိုင်းတောင်ရိုး။
၇။ " ဦးဝိသုတ ခေမာသီဝံတိုက် နတ်တလင်းမြို့ သာယာဝတီခရိုင်။
၈။ " အရှင်တိလောကသာရ ရွှေစာရုံကျောင်းတိုက် ပေါင်းတလည်မြို့ ပြည်ခရိုင်။

## ခုဒ္ဒကနိကာယ် မြန်မာပြန် ဩသာနသောဓေယျပတ္တပါဠကအဖွဲ့ဝင် ဆရာတော်များ

၁။ ဆရာတော် ဦးနန္ဒိယ အဂ္ဂမဟာပဏ္ဍိတ ဟင်္သာတမြို့။
၂။ ဆရာတော် ဦးသုဇာတာလင်္ကာရ အဂ္ဂမဟာပဏ္ဍိတ ဥယျာဉ်တိုက် ရန်ကုန်မြို့။
၃။ ဆရာတော် ဦးဇောတိက ဇမ္ဗူ့မိတ်ဆွေကျောင်း အရှေ့ပိန်းနဲကုန်းတိုက် ရန်ကုန်မြို့။
၄။ ဦးဝိသုတ ခေမာသီဝံတိုက် နတ်တလင်းမြို့ သာယာဝတီခရိုင်။
၅။ အရှင်တိလောကသာရ ရွှေစာရုံကျောင်းတိုက် ပေါင်းတလည်မြို့ ပြည်ခရိုင်။

(ပိဋကတ်တော်ဘာသာပြန် အစ္စုပ္ပတ်နိဒါန်းအကျယ်နှင့် မြန်မာပြန်အဖွဲ့အသီးသီးတို့၏အမည်များကို ဝိနည်းပါရာဇိကဏ်ဘာသာပြန်တွင်၎င်း ဒီဃနိကာယ် သီလက္ခန်ဘာသာပြန်တွင်၎င်း မဇ္ဈိမနိကာယ်မူလပဏ္ဏာသ ဘာသာပြန်တွင်၎င်း ကြည့်ရှုကြပါကုန်)။

http://www.dhammadownload.com

# ပုဂ္ဂလပညတ်ပါဠိတော် မြန်မာပြန်

## မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၁-ဧကကဥဒ္ဒေသ | .... .... .... .... .... .... | ၁ |
| ၂-ဒုကဥဒ္ဒေသ | .... .... .... .... .... .... | ၄ |
| ၃-တိကဥဒ္ဒေသ | .... .... .... .... .... .... | ၅ |
| ၄-စတုက္ကဥဒ္ဒေသ | .... .... .... .... .... .... | ၆ |
| ၅-ပဉ္စကဥဒ္ဒေသ | .... .... .... .... .... .... | ၉ |
| ၆-ဆက္ကဥဒ္ဒေသ | .... .... .... .... .... .... | ၁၁ |
| ၇-သတ္တကဥဒ္ဒေသ | .... .... .... .... .... .... | ၁၂ |
| ၈-အဋ္ဌကဥဒ္ဒေသ | .... .... .... .... .... .... | ၁၂ |
| ၉-နဝကဥဒ္ဒေသ | .... .... .... .... .... .... | ၁၂ |
| ၁၀-ဒသကဥဒ္ဒေသ | .... .... .... .... .... .... | ၁၃ |

### နိဒ္ဒေသ

| | | |
|---|---|---|
| ၁-ဧကကပုဂ္ဂလပညတ် | .... .... .... .... .... .... | ၁၄ |
| ၂-ဒုကပုဂ္ဂလပညတ် | .... .... .... .... .... .... | ၂၂ |
| ၃-တိကပုဂ္ဂလပညတ် | .... .... .... .... .... .... | ၃၂ |
| ၄-စတုက္ကပုဂ္ဂလပညတ် | .... .... .... .... .... .... | ၄၇ |
| ၅-ပဉ္စကပုဂ္ဂလပညတ် | .... .... .... .... .... .... | ၇၇ |
| ၆-ဆက္ကပုဂ္ဂလပညတ် | .... .... .... .... .... .... | ၈၅ |
| ၇-သတ္တကပုဂ္ဂလပညတ် | .... .... .... .... .... | ၈၆ |
| ၈-အဋ္ဌကပုဂ္ဂလပညတ် | .... .... .... .... .... .... | ၈၈ |
| ၉-နဝကပုဂ္ဂလပညတ် | .... .... .... .... .... .... | ၈၈ |
| ၁၀-ဒသကပုဂ္ဂလပညတ် | .... .... .... .... .... .... | ၉၀ |


ပုဂ္ဂလပညတ်ပါဠိတော် မြန်မာပြန် မာတိကာ ပြီး၏။

http://www.dhammadownload.com

### အဘိဓမ္မပိဋက

# ပုဂ္ဂလပညတ်ပါဠိတော်

# မြန်မာပြန်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## မာတိကာ

### ၁-ဧကကဥဒ္ဒေသ

၁။ ပညတ်တို့သည်—ခန္ဓပညတ် အာယတနပညတ် ဓာတုပညတ် သစ္စပညတ် ဣန္ဒြိယပညတ် ပုဂ္ဂလပညတ်ဟူ၍ ခြောက်ပါးဖြစ်ကုန်၏။

၂။ အဘယ်မျှလောက်ဖြင့် ခန္ဓာတို့၏ ခန္ဓာဟူသော ပညတ်ခြင်းသည် ဖြစ်သနည်း၊ အကြင်မျှလောက်ဖြင့် ခန္ဓာတို့သည်—ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာဟူ၍ ငါးပါးဖြစ်ကုန်၏၊ ဤမျှလောက်ဖြင့် ခန္ဓာတို့၏ ခန္ဓာဟူသော ပညတ်ခြင်းသည်ဖြစ်၏။

၃။ အဘယ်မျှလောက်ဖြင့် အာယတနတို့၏ အာယတနဟူသော ပညတ်ခြင်းသည် ဖြစ်သနည်း၊ အကြင်မျှလောက်ဖြင့် အာယတနတို့သည်—စက္ခာယတန ရူပါယတန သောတာယတန သဒ္ဒါယတန ဃာနာယတန ဂန္ဓာယတန ဇိဝှါယတန ရသာယတန ကာယာယတန ဖောဋ္ဌဗ္ဗာယတန မနာယတန ဓမ္မာယတနဟူ၍ တဆယ့်နှစ်ပါးဖြစ်ကုန်၏၊ ဤမျှလောက်ဖြင့် အာယတနတို့၏ အာယတနဟူသော ပညတ်ခြင်းသည် ဖြစ်၏။

၄။ အဘယ်မျှလောက်ဖြင့် ဓာတ်တို့၏ ဓာတ်ဟူသော ပညတ်ခြင်းသည် ဖြစ်သနည်း၊ အကြင်မျှလောက်ဖြင့် ဓာတ်တို့သည် စက္ခုဓာတ် ရူပဓာတ် စက္ခုဝိညာဏဓာတ် သောတဓာတ် သဒ္ဒဓာတ်

http://www.dhammadownload.com



သောတဝိညာဏဓာတ် ဃာနဓာတ် ဂန္ဓဓာတ် ဃာနဝိညာဏဓာတ် ဇိဝှါဓာတ် ရသဓာတ် ဇိဝှါဝိညာဏဓာတ် ကာယဓာတ် ဖောဋ္ဌဗ္ဗဓာတ် ကာယဝိညာဏဓာတ် မနောဓာတ် ဓမ္မဓာတ် မနောဝိညာဏဓာတ်ဟူ၍ တဆယ့်ရှစ်ပါးဖြစ်ကုန်၏၊ ဤမျှလောက်ဖြင့် ဓာတ်တို့၏ ဓာတ်ဟူသောပညတ်ခြင်းသည် ဖြစ်၏။

၅။ အဘယ်မျှလောက်ဖြင့် သစ္စာတို့၏ သစ္စာဟူသော ပညတ်ခြင်းသည် ဖြစ်သနည်း၊ အကြင်မျှလောက်ဖြင့် သစ္စာတို့သည်—ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာဟူ၍ လေးပါးဖြစ်ကုန်၏၊ ဤမျှလောက်ဖြင့် သစ္စာတို့၏ သစ္စာဟူသောပညတ်ခြင်းသည် ဖြစ်၏။

၆။ အဘယ်မျှလောက်ဖြင့် ဣန္ဒြေတို့၏ ဣန္ဒြေဟူသော ပညတ်ခြင်းသည် ဖြစ်သနည်း၊ အကြင်မျှလောက်ဖြင့် ဣန္ဒြေတို့သည်—စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေ မနိန္ဒြေ ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ ဇီဝိတိန္ဒြေ သုခိန္ဒြေ ဒုက္ခိန္ဒြေ သောမနဿိန္ဒြေ ဒေါမနဿိန္ဒြေ ဥပေက္ခိန္ဒြေ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ အနညာတညဿာမီတိန္ဒြေ အညိန္ဒြေ အညာတာဝိန္ဒြေ ဟူ၍ နှစ်ဆယ့်နှစ်ပါး ဖြစ်ကုန်၏၊ ဤမျှလောက်ဖြင့် ဣန္ဒြေတို့၏ ဣန္ဒြေဟူသော ပညတ်ခြင်းသည် ဖြစ်၏။

၇။ အဘယ်မျှလောက်ဖြင့် ပုဂ္ဂိုလ်တို့၏ ပုဂ္ဂိုလ်ဟူသော ပညတ်ခြင်းသည် ဖြစ်သနည်း၊

၁။ အခါအားဖြင့်လွတ်သူ'သမယဝိမုတ္တ'ပုဂ္ဂိုလ်၊

၂။ အခါအားဖြင့် မလွတ်သူ'အသမယဝိမုတ္တ'ပုဂ္ဂိုလ်၊

၃။ ဈာန်ပျက်ခြင်းသဘောရှိသူ'ကုပ္ပဓမ္မ'ပုဂ္ဂိုလ်၊

၄။ ဈာန်ပျက်ခြင်းသဘောမရှိသူ'အကုပ္ပဓမ္မ'ပုဂ္ဂိုလ်၊

၅။ ဈာန်မှ ယုတ်လျော့ခြင်းသဘောရှိသူ'ပရိဟာနဓမ္မ'ပုဂ္ဂိုလ်၊

၆။ ဈာန်မှ ယုတ်လျော့ခြင်းသဘောမရှိသူ'အပရိဟာနဓမ္မ'ပုဂ္ဂိုလ်၊

၇။ လုံ့လဆော်ခြင်းငှါထိုက်သူ'စေတနာဘဗ္ဗ'ပုဂ္ဂိုလ်၊

၈။ စောင့်ရှောက်ခြင်းငှါထိုက်သူ'အနုရက္ခဏာဘဗ္ဗ'ပုဂ္ဂိုလ်၊

၉။ ပုထုဇဉ်ပုဂ္ဂိုလ်၊

၁၀။ အန္ွယ်ဘိုဖြတ်သူ'ဂေါတြဘူ'ပုဂ္ဂိုလ်၊

၁၁။ ဘေးရန်မှ ကြဉ်ဆဲဖြစ်သူ'ဘယူပရတ'ပုဂ္ဂိုလ်၊

၁၂။ ဘေးရန်မှ ကြဉ်ပြီးဖြစ်သူ 'အဘယူပရတ'ပုဂ္ဂိုလ်၊

၁၃။ အရိယာအဖြစ်သို့ရောက်ခြင်းငှါ ထိုက်သူ 'ဘဗ္ဗာဂမန'ပုဂ္ဂိုလ်၊

၁၄။ အရိယာအဖြစ်သို့ ရောက်ခြင်းငှါ မထိုက်သူ'အဘဗ္ဗာဂမန'ပုဂ္ဂိုလ်၊

၁၅။ မြဲသောပုဂ္ဂိုလ်၊

၁၆။ မမြဲသောပုဂ္ဂိုလ်၊

၁၇။ ကျင့်ဆဲဖြစ်သော 'ပဋိပန္နက'ပုဂ္ဂိုလ်၊

၁၈။ ဖိုလ်၌တည်သောပုဂ္ဂိုလ်၊

၁၉။ အာသဝေါလည်းကုန် အသက်လည်းကုန် နှစ်ပါးစုံ အညီအမျှ ပရိနိဗ္ဗာန်စံရသော 'သမသီသီ'ပုဂ္ဂိုလ်၊

http://www.dhammadownload.com



၂၀။ ကမ္ဘာကိုတည်စေနိုင်သော 'ဌိတကပ္ပီ'ပုဂ္ဂိုလ်၊
၂၁။ အရိယာပုဂ္ဂိုလ်၊
၂၂။ အရိယာမဟုတ်သောပုဂ္ဂိုလ်၊
၂၃။ ကျင့်ဆဲ'သေက္ခ'ဖြစ်သောပုဂ္ဂိုလ်၊
၂၄။ ကျင့်ပြီး 'အသေက္ခ'ဖြစ်သောပုဂ္ဂိုလ်၊
၂၅။ ကျင့်ဆဲ'သေက္ခ'လည်းမဟုတ် ကျင့်ပြီး'အသေက္ခ'လည်းမဟုတ်သောပုဂ္ဂိုလ်၊
၂၆။ ဝိဇ္ဇာသုံးပါးရှိသော 'တေဝိဇ္ဇ'ပုဂ္ဂိုလ်၊
၂၇။ အဘိညာ၃်ခြောက်ပါးရှိသော 'ဆဠဘိညာ'ပုဂ္ဂိုလ်၊
၂၈။ အလုံးစုံသော တရားကို အမှန်ကိုယ်တိုင် သိမြင်သော 'သမ္မာသမ္ဗုဒ္ဓ'ပုဂ္ဂိုလ်၊
၂၉။ သစ္စာလေးပါးတရားကို အသီးအခြား သိမြင်သော 'ပစ္စေကသမ္ဗုဒ္ဓ'ပုဂ္ဂိုလ်၊
၃၀။ နှစ်ပါးသောအဖို့အားဖြင့် လွတ်မြောက်သူ'ဥဘတောဘာဂဝိမုတ္တ'ပုဂ္ဂိုလ်၊
၃၁။ ပညာဖြင့်လွတ်မြောက်သူ'ပညာဝိမုတ္တ'ပုဂ္ဂိုလ်၊
၃၂။ ဈာန်မဂ်ဖိုလ်ချမ်းသာကို ကိုယ်တိုင်တွေ့ထိခံစား၍ နိဗ္ဗာန်ကို မျက်မှောက်ပြုသော 'ကာယသက္ခီ'ပုဂ္ဂိုလ်၊
၃၃။ သိမြင်ခြင်းအဆုံးသို့ရောက်သော 'ဒိဋ္ဌိပ္ပတ္တ'ပုဂ္ဂိုလ်၊
၃၄။ သဒ္ဓါကိုအမှူးထား၍ လွတ်မြောက်သော'သဒ္ဓါဝိမုတ္တ'ပုဂ္ဂိုလ်၊
၃၅။ ပညာတရားဖြင့် အောက်မေ့တတ်သော 'ဓမ္မာနုသာရီ'ပုဂ္ဂိုလ်၊
၃၆။ သဒ္ဓါဖြင့်အောက်မေ့တတ်သော 'သဒ္ဓါနုသာရီ'ပုဂ္ဂိုလ်၊
၃၇။ အလွန်ဆုံး ခုနစ်ဘဝသာ ပဋိသန္ဓေနေသော 'သတ္တက္ခတ္တုပရမ'ပုဂ္ဂိုလ်၊
၃၈။ နှစ်ဘဝ သုံးဘဝ စသည့် တမျိုးမှ တမျိုး၌ဖြစ်၍ ပဋိသန္ဓေနေသော'ကောလံကောလ' ပုဂ္ဂိုလ်၊
၃၉။ တဘဝသာ ပဋိသန္ဓေမျိုးစေ့ရှိသော'ဧကဗီဇီ'ပုဂ္ဂိုလ်၊
၄၀။ ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် တကြိမ်သာ ပြန်လာသော 'သကဒါဂါမီ'ပုဂ္ဂိုလ်၊
၄၁။ ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် မပြန်လာသော 'အနာဂါမီ'ပုဂ္ဂိုလ်၊
၄၂။ အသက်တမ်းထက်ဝက် မတိုင်မီ အဘွင်း၌ ရဟန္တာဖြစ်သော 'အန္တရာပရိနိဗ္ဗာယီ' ပုဂ္ဂိုလ်၊
၄၃။ အသက်တမ်းထက်ဝက်သို့ ဆိုက်ထိလွန်မှ ရဟန္တာဖြစ်သော 'ဥပဟစ္စပရိနိဗ္ဗာယီ'ပုဂ္ဂိုလ်၊
၄၄။ အားထုတ်တိုက်တွန်းမှု မရှိသဖြင့် ရဟန္တာဖြစ်သော 'အသင်္ခါရပရိနိဗ္ဗာယီ'ပုဂ္ဂိုလ်၊
၄၅။ အားထုတ်တိုက်တွန်းမှုရှိသဖြင့် ရဟန္တာဖြစ်သော 'သသင်္ခါရပရိနိဗ္ဗာယီ'ပုဂ္ဂိုလ်၊
၄၆။ ရှေးဦးစွာ အဝိဟာဘုံ၌ ဖြစ်ပြီးလျှင် ဘုံစဉ်အတိုင်းတက်၍ အကနိဋ္ဌဘုံရောက်မှ ရဟန္တာဖြစ်သော 'ဥဒ္ဓံသောတအကနိဋ္ဌဂါမီ'ပုဂ္ဂိုလ်၊
၄၇။ သောတာပန်ပုဂ္ဂိုလ်၊
၄၈။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သောပုဂ္ဂိုလ်၊

http://www.dhammadownload.com



၄၉။ သကဒါဂါမိပုဂ္ဂိုလ်၊
၅၀။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သောပုဂ္ဂိုလ်၊
၅၁။ အနာဂါမိပုဂ္ဂိုလ်၊
၅၂။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သောပုဂ္ဂိုလ်၊
၅၃။ ရဟန္တာပုဂ္ဂိုလ်၊
၅၄။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သောပုဂ္ဂိုလ်။

ဧကက ပြီး၏။

---

## ၂-ဒုကဥဒ္ဒေသ

၁။ ပုဂ္ဂိုလ်တို့သည် နှစ်မျိုးတို့တည်း

၁။ အမျက်ထွက်တတ်သောပုဂ္ဂိုလ်နှင့် ရန်ငြိုးဖွဲ့တတ်သောပုဂ္ဂိုလ်၊
၂။ ဂုဏ်ကျေးဇူးကို ချေဖျက်တတ်သော ပုဂ္ဂိုလ်နှင့် အပြိုင်ပြုတတ်သောပုဂ္ဂိုလ်၊
၃။ ငြူစူတတ်သောပုဂ္ဂိုလ်နှင့် ဝန်တိုတတ်သောပုဂ္ဂိုလ်၊
၄။ စဉ်းလဲတတ်သောပုဂ္ဂိုလ်နှင့် လှည့်ပတ်တတ်သောပုဂ္ဂိုလ်၊
၅။ ဒုစရိုက်မှ မရှက်တတ်သောပုဂ္ဂိုလ်နှင့် ဒုစရိုက်မှ မကြောက်လန့်တတ်သောပုဂ္ဂိုလ်၊
၆။ အဆုံးမ ခက်သောပုဂ္ဂိုလ်နှင့် ယုတ်မာသော အဆွေခင်ပွန်းရှိသောပုဂ္ဂိုလ်၊
၇။ ဣန္ဒြေတို့၌ မလုံခြုံသော တံခါးရှိသောပုဂ္ဂိုလ်နှင့် ဘောဇဉ်၌ အတိုင်းအရှည်ကို မသိသောပုဂ္ဂိုလ်၊
၈။ လွတ်သောသတိရှိသောပုဂ္ဂိုလ်နှင့် ပညာအဆင်အခြင်မရှိသောပုဂ္ဂိုလ်၊
၉။ သီလအကျင့်ပျက်သောပုဂ္ဂိုလ်နှင့် အယူပျက်သောပုဂ္ဂိုလ်၊
၁၀။ အတွင်းသံယောဇဉ်ရှိသောပုဂ္ဂိုလ်နှင့် အပြင်အပသံယောဇဉ်ရှိသောပုဂ္ဂိုလ်၊
၁၁။ အမျက်မထွက်တတ်သောပုဂ္ဂိုလ်နှင့် ရန်ငြိုးမဖွဲ့တတ်သောပုဂ္ဂိုလ်၊
၁၂။ ကျေးဇူးကို မချေဖျက်တတ်သောပုဂ္ဂိုလ်နှင့် အပြိုင်မပြုတတ်သောပုဂ္ဂိုလ်၊
၁၃။ မငြူစူတတ်သောပုဂ္ဂိုလ်နှင့် ဝန်မတိုတတ်သောပုဂ္ဂိုလ်၊
၁၄။ မစဉ်းလဲတတ်သောပုဂ္ဂိုလ်နှင့် မလှည့်ပတ်တတ်သောပုဂ္ဂိုလ်၊
၁၅။ ဒုစရိုက်မှ ရှက်တတ်သောပုဂ္ဂိုလ်နှင့် ဒုစရိုက်မှ ကြောက်လန့်တတ်သောပုဂ္ဂိုလ်၊
၁၆။ ဆိုဆုံးမလွယ်သောပုဂ္ဂိုလ်နှင့် မိတ်ဆွေကောင်းရှိသောပုဂ္ဂိုလ်၊
၁၇။ ဣန္ဒြေတို့၌ လုံခြုံသောတံခါးရှိသောပုဂ္ဂိုလ်နှင့် ဘောဇဉ်၌ အတိုင်းအရှည်ရှိသောပုဂ္ဂိုလ်၊
၁၈။ ထင်သောသတိရှိသောပုဂ္ဂိုလ်နှင့် ပညာအဆင်အခြင်ရှိသောပုဂ္ဂိုလ်၊
၁၉။ သီလအကျင့်နှင့် ပြည့်စုံသောပုဂ္ဂိုလ်နှင့် အယူနှင့်ပြည့်စုံသောပုဂ္ဂိုလ်၊
၂၀။ လောက၌ နှစ်ယောက်သောပုဂ္ဂိုလ်တို့သည် ရနိုင်ခဲကုန်၏၊

http://www.dhammadownload.com



၂၁။ လောက၌ နှစ်ယောက်သောပုဂ္ဂိုလ်တို့သည် ရောင့်ရဲနိုင်ခဲကုန်၏၊

၂၂။ လောက၌ နှစ်ယောက်သောပုဂ္ဂိုလ်တို့သည် ရောင့်ရဲလွယ်ကုန်၏၊

၂၃။ လောက၌ နှစ်ယောက်သောပုဂ္ဂိုလ်တို့အား ကိလေသာတရားတို့သည် တိုးပွါးကုန်၏။

၂၄။ လောက၌ နှစ်ယောက်သောပုဂ္ဂိုလ်တို့အား ကိလေသာတရားတို့သည် မတိုးပွါးကုန်၊

၂၅။ ယုတ်ညံ့သော နှလုံးသွင်း'အလို'ရှိသောပုဂ္ဂိုလ်နှင့် မြတ်သော နှလုံးသွင်း 'အလို'ရှိသော ပုဂ္ဂိုလ်၊

၂၆။ ရောင့်ရဲတတ်သောပုဂ္ဂိုလ်နှင့် ရောင့်ရဲစေတတ်သောပုဂ္ဂိုလ်၊

ဒုက ပြီး၏။

---

## ဒု-တိကဥဒ္ဒေသ

**၉။ ပုဂ္ဂိုလ်တို့သည် သုံးမျိုးတို့တည်း—**

၁။ အရဟတ္တဖိုလ်ကို ရခြင်း၌ မထောင့်တသော 'နိရာသ'ပုဂ္ဂိုလ်၊ အရဟတ္တဖိုလ်ကို ရခြင်း၌ ထောင့်တသော 'အာသံသ'ပုဂ္ဂိုလ်၊ အရဟတ္တဖိုလ်ကို ရခြင်း၌ ထောင့်တခြင်းမှ ကင်းသော 'ဝိဂတာသ'ပုဂ္ဂိုလ်။

၂။ သူနာနှင့်တူသောသုံးယောက်သောပုဂ္ဂိုလ်တို့၊

၃။ ဈာန်မဂ်ဖိုလ်ချမ်းသာကို ကိုယ်တိုင်တွေ့ထိခံစား၍ နိဗ္ဗာန်ကို မျက်မှောက်ပြုသော 'ကာယသက္ခိ'ပုဂ္ဂိုလ်၊ သိမြင်ခြင်းအဆုံးသို့ ရောက်သော 'ဒိဋ္ဌိပ္ပတ္တ'ပုဂ္ဂိုလ်၊ သဒ္ဓါကို အမှူးထား၍ လွတ်သော 'သဒ္ဓါဝိမုတ္တ'ပုဂ္ဂိုလ်။

၄။ မစင်နှင့်တူသော စကားရှိသောပုဂ္ဂိုလ်၊ ပန်းနှင့်တူသော စကားရှိသောပုဂ္ဂိုလ်၊ ပျားနှင့်တူသောစကားရှိသောပုဂ္ဂိုလ်၊

၅။ အိုင်းအမာနှင့်တူသော စိတ်ရှိသောပုဂ္ဂိုလ်၊ လျှပ်စစ်နှင့်တူသော စိတ်ရှိသောပုဂ္ဂိုလ်၊ ဝဇိရစိန်နှင့်တူသောစိတ်ရှိသောပုဂ္ဂိုလ်။

၆။ ပညာမျက်စိမရှိ 'ကန်း'သောပုဂ္ဂိုလ်၊ ပညာမျက်စိတဖက်သာ အမြင်ရှိသောပုဂ္ဂိုလ်၊ ပညာမျက်စိ နှစ်ဖက်အမြင်ရှိသောပုဂ္ဂိုလ်။

၇။ မှောက်၍ထားသော အိုးနှင့်တူသော ပညာရှိသောပုဂ္ဂိုလ်၊ ခါးပိုက်၌ ထည့်ထားသည့် ခဲဖွယ်စားဖွယ်ဝတ္ထုရှိသောသူနှင့်တူသော ပညာရှိသောပုဂ္ဂိုလ်၊ ကျယ်ပြန့်သောပညာရှိသောပုဂ္ဂိုလ်။

၈။ ကာမတို့၌ရှင်း ဘဝတို့၌ရှင်း တပ်ခြင်းမကင်းသော အချို့သောပုဂ္ဂိုလ်၊ ကာမတို့၌ တပ်ခြင်းကင်းသည်ဖြစ်၍ ဘဝတို့၌ တပ်ခြင်းမကင်းသေးသော အချို့သောပုဂ္ဂိုလ်၊ ကာမတို့၌ရှင်း ဘဝတို့၌ရှင်း တပ်ခြင်းကင်းပြီးသော အချို့သောပုဂ္ဂိုလ်။

http://www.dhammadownload.com



၉။ ကျောက်၌ရေးထားသော အက္ခရာနှင့်တူသောပုဂ္ဂိုလ်၊ မြေ၌ရေးထားသော အက္ခရာနှင့်တူသောပုဂ္ဂိုလ်၊ ရေ၌ရေးသားထားသော အက္ခရာနှင့်တူသောပုဂ္ဂိုလ်။

၁၀။ ပိုက်ဆံလျှော်ချည် ပုဆိုးသုံးထည်နှင့်တူသော သုံးယောက်သောပုဂ္ဂိုလ်တို့။

၁၁။ ကာသိတိုင်းဖြင့် ပုဆိုးသုံးထည်နှင့် တူသော သုံးယောက်သောပုဂ္ဂိုလ်တို့။

၁၂။ နှိုင်းဆရန် လွယ်ကူသောပုဂ္ဂိုလ်၊ နှိုင်းဆရန် ခဲယဉ်းသောပုဂ္ဂိုလ်၊ မနှိုင်းဆနိုင်သောပုဂ္ဂိုလ်။

၁၃။ မမှီဝဲအပ် မဆည်းကပ်အပ် မချဉ်းကပ်အပ်သော အချို့သောပုဂ္ဂိုလ်၊ မှီဝဲအပ် ဆည်းကပ်အပ် ချဉ်းကပ်အပ်သော အချို့သောပုဂ္ဂိုလ်၊အရိုအသေအလေးအမြတ်ပြု၍ မှီဝဲအပ် ဆည်းကပ်အပ် ချဉ်းကပ်အပ်သော အချို့သောပုဂ္ဂိုလ်။

၁၄။ စက်ဆုပ်အပ် မမှီဝဲအပ် မဆည်းကပ်အပ် မချဉ်းကပ်အပ်သော အချို့သောပုဂ္ဂိုလ်၊ လျစ်လျူရှုအပ် မမှီဝဲအပ် မဆည်းကပ်အပ် မချဉ်းကပ်အပ်သော အချို့သောပုဂ္ဂိုလ်၊ မြတ်နိုးအပ် မှီဝဲအပ် ဆည်းကပ်အပ် ချဉ်းကပ်အပ်သော အချို့သောပုဂ္ဂိုလ်။

၁၅။ သီလအကျင့်တို့၌ ပြည့်စုံအောင် ပြုလေ့ရှိသည် သမာဓိ၌ အတိုင်းအရှည်ပြုလေ့ရှိသည် ဖြစ်၍ ပညာ၌လည်း အတိုင်းအရှည်ကို ပြုလေ့ရှိသော အချို့သောပုဂ္ဂိုလ်၊ သီလ၌ ပြည့်စုံအောင် ပြုလေ့ရှိသည် သမာဓိ၌လည်း ပြည့်စုံအောင် ပြုလေ့ရှိသည်ဖြစ်၍ ပညာ၌ အတိုင်းအရှည်ကို ပြုလေ့ရှိသော အချို့သောပုဂ္ဂိုလ်၊ သီလ၌လည်း ပြည့်စုံအောင် ပြုလေ့ရှိသည် သမာဓိ၌လည်း ပြည့်စုံအောင် ပြုလေ့ရှိသည်ဖြစ်၍ ပညာ၌လည်း ပြည့်စုံအောင် ပြုလေ့ရှိသော အချို့သောပုဂ္ဂိုလ်။

၁၆။ ဆရာတို့သည် သုံးမျိုးတို့တည်း။

၁၇။ ထိုမှတပါး ဆရာတို့သည် သုံးမျိုးတို့တည်း။

**တိက ပြီး၏။**

---

## ၄-စတုက္ကဥဒ္ဒေသ

**၁၀။ ပုဂ္ဂိုလ်တို့သည် လေးမျိုးတို့တည်း—**

၁။ သူတော်ကောင်းမဟုတ်သောပုဂ္ဂိုလ်၊ သူတော်ကောင်းမဟုတ်သော ပုဂ္ဂိုလ်အောက် သာလွန်၍ သူတော်ကောင်းမဟုတ်သောပုဂ္ဂိုလ်၊ သူတော်ကောင်းပုဂ္ဂိုလ်၊ သူတော်ကောင်းထက် သာလွန်၍ သူတော်ကောင်းဖြစ်သောပုဂ္ဂိုလ်။

၂။ ယုတ်မာသောပုဂ္ဂိုလ်၊ ယုတ်မာသောပုဂ္ဂိုလ်အောက် သာလွန်ယုတ်မာသောပုဂ္ဂိုလ်၊ ကောင်းမြတ်သောပုဂ္ဂိုလ်၊ ကောင်းမြတ်သော ပုဂ္ဂိုလ်ထက် သာလွန်၍ ကောင်းမြတ်သောပုဂ္ဂိုလ်။

၃။ ယုတ်ညံ့သော အကျင့်ရှိသောပုဂ္ဂိုလ်၊ ယုတ်ညံ့သော အကျင့်ရှိသော ပုဂ္ဂိုလ်အောက် သာလွန်၍ ယုတ်ညံ့သော အကျင့်ရှိသောပုဂ္ဂိုလ်၊ ကောင်းမြတ်သော အကျင့်ရှိသောပုဂ္ဂိုလ်၊ ကောင်းမြတ်သော အကျင့်ရှိသောပုဂ္ဂိုလ်ထက်သာလွန်၍ ကောင်းမြတ်သောအကျင့်ရှိသောပုဂ္ဂိုလ်။

၄။ အပြစ်ရှိသောပုဂ္ဂိုလ်၊ အပြစ်များသောပုဂ္ဂိုလ်၊ အပြစ်နည်းသောပုဂ္ဂိုလ်၊ အပြစ်မရှိသော ပုဂ္ဂိုလ်။

http://www.dhammadownload.com



၅။ အကျဉ်းဟောပြကာမျှဖြင့် မဂ်ဖိုလ်ကိုရသော 'ဥဂ္ဃဋိတညူ'ပုဂ္ဂိုလ်၊ အကျယ်ဟော ပြကာမျှဖြင့် မဂ်ဖိုလ်ကိုရသော 'ဝိပဉ္စိတညူ'ပုဂ္ဂိုလ်၊ ဥဒ္ဒေသစသည်ဖြင့် ဆောင်ပြ၍ တဖြေးဖြေး နောက်မှ မဂ်ဖိုလ်ကိုရသော'နေယျ'ပုဂ္ဂိုလ်၊ပုဒ်ဗျည်းမျှသာ အတိုင်းအရှည်ရှိသော'ပဒပရမ'ပုဂ္ဂိုလ်။

၆။ သင့်လျော်စွာ ဆိုတတ်၍ လွတ်လွတ် 'မဆိုင်းမလင့်' မဆိုတတ်သောပုဂ္ဂိုလ်၊ လွတ် လွတ်'မဆိုင်းမလင့်'ဆိုတတ်၍ သင့်လျော်စွာ မဆိုတတ်သောပုဂ္ဂိုလ်၊ သင့်လျော်စွာလည်း ဆိုတတ် လွတ်လွတ်'မဆိုင်းမလင့်'လည်း ဆိုတတ်သောပုဂ္ဂိုလ်၊ သင့်လျော်စွာလည်း မဆိုတတ် လွတ်လွတ် 'မဆိုင်းမလင့်'လည်း မဆိုတတ်သောပုဂ္ဂိုလ်။

၇။ တရားဟော'ဓမ္မကထိက'ပုဂ္ဂိုလ်တို့သည် လေးမျိုးတို့တည်း။

၈။ မိုးတိမ်တိုက်နှင့်တူသော ပုဂ္ဂိုလ်တို့သည် လေးမျိုးတို့တည်း။

၉။ ကြွက်နှင့်တူသောပုဂ္ဂိုလ်တို့သည် လေးမျိုးတို့တည်း။

၁၀။ သရက်သီးနှင့်တူသောပုဂ္ဂိုလ်တို့သည် လေးမျိုးတို့တည်း။

၁၁။ အိုးနှင့်တူသောပုဂ္ဂိုလ်တို့သည် လေးမျိုးတို့တည်း။

၁၂။ ရေအိုင်နှင့်တူသောပုဂ္ဂိုလ်တို့သည် လေးမျိုးတို့တည်း။

၁၃။ နွားလားနှင့်တူသောပုဂ္ဂိုလ်တို့သည် လေးမျိုးတို့တည်း။

၁၄။ မြွေနှင့်တူသောပုဂ္ဂိုလ်တို့သည် လေးမျိုးတို့တည်း။

၁၅။ မဆင်ခြင်မူ၍ ဉာဏ်ဖြင့် မသက်ဝင်မူ၍ မချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးကို ပြောဆို တတ်သော အချို့သောပုဂ္ဂိုလ်၊ မဆင်ခြင်မူ၍ ဉာဏ်ဖြင့် မသက်ဝင်မူ၍ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုတတ်သော အချို့သောပုဂ္ဂိုလ်၊ မဆင်ခြင်မူ၍ ဉာဏ်ဖြင့် မသက်ဝင်မူ၍ မကြည်ညိုထိုက်သော အရာ၌ ကြည်ညိုခြင်းကို ပြတတ်သော အချို့သောပုဂ္ဂိုလ်၊ မဆင်ခြင်မူ၍ ဉာဏ်ဖြင့်မသက်ဝင်မူ၍ ကြည်ညိုထိုက်သောအရာ၌ မကြည်ညိုခြင်းကို ပြတတ်သောအချို့သော ပုဂ္ဂိုလ်။

၁၆။ ဆင်ခြင်၍ ဉာဏ်ဖြင့်သက်ဝင်၍ မချီးမွမ်းထိုက်သော သူ၏ ဂုဏ်ကျေးဇူးမဲ့ကို ဆိုတတ် သော အချို့သောပုဂ္ဂိုလ်၊ ဆင်ခြင်၍ ဉာဏ်ဖြင့်သက်ဝင်၍ ချီးမွမ်းထိုက်သောသူ၏ ဂုဏ်ကျေးဇူးကို ဆိုတတ်သော အချို့သောပုဂ္ဂိုလ်၊ ဆင်ခြင်၍ ဉာဏ်ဖြင့် သက်ဝင်၍ မကြည်ညိုထိုက်သော အရာ၌ မကြည်ညိုခြင်းကို ပြတတ်သော အချို့သောပုဂ္ဂိုလ်၊ ဆင်ခြင်၍ ဉာဏ်ဖြင့် သက်ဝင်၍ ကြည်ညို ထိုက်သော အရာ၌ ကြည်ညိုခြင်းကိုပြတတ်သော အချို့သောပုဂ္ဂိုလ်။

၁၇။ မချီးမွမ်းထိုက်သောသူ၏ ဂုဏ်ကျေးဇူးမဲ့ကို အဟုတ်အမှန် လျောက်ပတ်သော အခါ၌ ပြောဆိုတတ်သည်ဖြစ်၍ ချီးမွမ်းထိုက်သောသူ၏ ဂုဏ်ကျေးဇူးကို အဟုတ်အမှန် လျောက် ပတ်သောအခါ၌ မပြောဆိုတတ်သော အချို့သောပုဂ္ဂိုလ်၊ ချီးမွမ်းထိုက်သောသူ၏ ဂုဏ်ကျေးဇူးကို အဟုတ်အမှန် လျောက်ပတ်သောအခါ၌ ပြောဆိုတတ်သည်ဖြစ်၍ မချီးမွမ်းထိုက်သောသူ၏ ဂုဏ် ကျေးဇူးမဲ့ကို အဟုတ်အမှန် လျောက်ပတ်သောအခါ၌ မပြောဆိုတတ်သော အချို့သောပုဂ္ဂိုလ်၊ မချီးမွမ်းထိုက်သောသူ၏ ဂုဏ်ကျေးဇူးမဲ့ကို အဟုတ်အမှန် လျောက်ပတ်သောအခါ၌ ပြောဆိုတတ်

http://www.dhammadownload.com



သည်ဖြစ်၍ ချီးမွမ်းထိုက်သောသူ၏ ဂုဏ်ကျေးဇူးကိုလည်း အဟုတ်အမှန် လျောက်ပတ်သောအခါ၌ ပြောဆိုတတ်သော အချို့သောပုဂ္ဂိုလ်၊ မချီးမွမ်းထိုက်သောသူ၏ ဂုဏ်ကျေးဇူးမဲ့ကို အဟုတ်အမှန် လျောက်ပတ်သောအခါ၌ မပြောဆိုတတ်သည်ဖြစ်၍ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးကိုလည်း အဟုတ်အမှန်လျောက်ပတ်သောအခါ၌ မပြောဆိုတတ်သော အချို့သောပုဂ္ဂိုလ်။

၁၈။ လုံ့လအကျိုးကိုသာမှီ၍ အသက်မွေးလျက် ရှေးကောင်းမှု အကျိုးကိုမှီ၍ အသက်မမွေးသော ပုဂ္ဂိုလ်၊ ရှေးကောင်းမှုအကျိုးကိုသာ မှီ၍ အသက်မွေးလျက် လုံ့လအကျိုးကိုမှီ၍ အသက်မမွေးသော ပုဂ္ဂိုလ်၊ လုံ့လအကျိုးကိုလည်းမှီ၍ အသက်မွေးလျက် ရှေးကောင်းမှုအကျိုးကိုလည်းမှီ၍ အသက်မွေးသောပုဂ္ဂိုလ်၊ လုံ့လအကျိုးကိုလည်း မှီ၍ အသက်မမွေး ရှေးကောင်းမှုအကျိုးကိုလည်း မှီ၍ အသက်မမွေးသောပုဂ္ဂိုလ်။

၁၉။ အမိုက်မှောင်မှ (လာ၍)အမိုက်မှောင်သို့သွားသောပုဂ္ဂိုလ်၊ အမိုက်မှောင်မှ (လာ၍) အလင်းသို့ သွားသောပုဂ္ဂိုလ်၊ အလင်းမှ(လာ၍) အမိုက်မှောင်သို့ သွားသောပုဂ္ဂိုလ်၊ အလင်းမှ (လာ၍)အလင်းသို့သွားသောပုဂ္ဂိုလ်။

၂၀။ အောက်မှ (လာ၍) အောက်သို့ ညွတ်သောပုဂ္ဂိုလ်၊ အောက်မှ (လာ၍) အထက်သို့ ညွတ်သောပုဂ္ဂိုလ်၊ အထက်မှ(လာ၍)အောက်သို့ညွတ်သောပုဂ္ဂိုလ်၊ အထက်မှ(လာ၍) အထက်သို့ ညွတ်သောပုဂ္ဂိုလ်။

၂၁။ သစ်ပင်နှင့်တူသော ပုဂ္ဂိုလ်တို့သည် လေးယောက်တို့တည်း။

၂၂။ အဆင်းလျှင် အတိုင်းအရှည်ရှိသောပုဂ္ဂိုလ်၊ အဆင်း၌ ကြည်ညိုသောပုဂ္ဂိုလ်၊ အသံလျှင် အတိုင်းအရှည်ရှိသောပုဂ္ဂိုလ်၊ အသံ၌ ကြည်ညိုသောပုဂ္ဂိုလ်။

၂၃။ ခေါင်းပါးခြင်းလျှင် အတိုင်းအရှည်ရှိသောပုဂ္ဂိုလ်၊ ခေါင်းပါးခြင်း၌ ကြည်ညိုသော ပုဂ္ဂိုလ်၊ တရားလျှင် အတိုင်းအရှည်ရှိသောပုဂ္ဂိုလ်၊ တရား၌ကြည်ညိုသောပုဂ္ဂိုလ်။

၂၄။ မိမိ၏ အစီးအပွါးအတွက်သာ ကျင့်သည်ဖြစ်၍ သူတပါးတို့၏ အစီးအပွါးအတွက် မကျင့်သော ပုဂ္ဂိုလ်၊ သူတပါးတို့၏ အစီးအပွါးအတွက်သာ ကျင့်သည်ဖြစ်၍ မိမိ၏ အစီးအပွါးအတွက် မကျင့်သောပုဂ္ဂိုလ်၊ မိမိ၏ အစီးအပွါးအတွက်လည်းကျင့် သူတပါးတို့၏ အစီးအပွါးအတွက်လည်း ကျင့်သောပုဂ္ဂိုလ်၊ မိမိ၏ အစီးအပွါးအတွက်လည်းမကျင့် သူတပါးတို့၏ အစီးအပွါးအတွက်လည်း မကျင့်သောပုဂ္ဂိုလ်။

၂၅။ မိမိကိုယ်ကို ပူပန်ဆင်းရဲစေသည်ဖြစ်၍ မိမိကိုယ်ကို ပူပန်ဆင်းရဲစေခြင်းနှင့် ယှဉ်သော အမှုကို အဖန်ဖန် အားထုတ်သော အချို့သောပုဂ္ဂိုလ်၊ သူတပါးကို ပူပန်ဆင်းရဲစေသည်ဖြစ်၍ သူတပါးကို ပူပန်ဆင်းရဲစေခြင်းနှင့် ယှဉ်သောအမှုကို အဖန်ဖန်အားထုတ်သော အချို့သောပုဂ္ဂိုလ်၊ မိမိကိုယ်ကို ပူပန်ဆင်းရဲစေသည်ဖြစ်၍ မိမိကိုယ်ကို ပူပန်ဆင်းရဲစေခြင်းနှင့် ယှဉ်သောအမှုကိုလည်း အဖန်ဖန် အားထုတ်လျက် သူတပါးကို ပူပန်ဆင်းရဲစေသည်ဖြစ်၍ သူတပါးကို ပူပန်ဆင်းရဲစေခြင်းနှင့် ယှဉ်သောအမှုကိုလည်း အဖန်ဖန် အားထုတ်သော အချို့သောပုဂ္ဂိုလ်၊ မိမိကိုယ်ကို မပူပန် မဆင်းရဲစေသည် ဖြစ်၍ မိမိကိုယ်ကို ပူပန်ဆင်းရဲစေခြင်းနှင့် ယှဉ်သောအမှုကိုလည်း အဖန်ဖန်အားမထုတ် သူတပါးကို မပူပန် မဆင်းရဲစေသည်ဖြစ်၍ သူတပါးကို ပူပန်ဆင်းရဲစေခြင်းနှင့် ယှဉ်မှုကိုလည်း အဖန်ဖန်အားမထုတ်သောပုဂ္ဂိုလ်၊ ထိုပုဂ္ဂိုလ်သည် မိမိကိုယ်ကိုလည်း မပူပန် မဆင်းရဲစေ သူတပါးကိုယ်

http://www.dhammadownload.com



ကိုလည်း မပယ်ပြန် မဆင်းရဲစေမူ၍ ယခုပစ္စုပ္ပန်ဘဝ၌ တဏှာကင်းသည် ကိလေသာငြိမ်းအေးသည် အေးမြသည်ဖြစ်၍ (ဈာန်မဂ်ဖိုလ်နိဗ္ဗာန်) ချမ်းသာကို ခံစားလျက် မြတ်သည်ဖြစ်၍ဖြစ်သောကိုယ်ဖြင့်နေ၏။

၂၆။ ရာဂရှိသောပုဂ္ဂိုလ်၊ ဒေါသရှိသောပုဂ္ဂိုလ်၊ မောဟရှိသောပုဂ္ဂိုလ်၊ မာနရှိသောပုဂ္ဂိုလ်။

၂၇။ အဇ္ဈတ္တသန္တာန်၌ စိတ်ငြိမ်းအေးကြောင်း (စတုတ္ထဈာန်သမာပတ်)ကို ရသည်ဖြစ်၍ အဓိပညာဟုဆိုအပ်သော ခန္ဓာတရားတို့၌ ရှုသော ဝိပဿနာကို မရသော အချို့သောပုဂ္ဂိုလ်၊ အဓိပညာဟုဆိုအပ်သော ခန္ဓာတရားတို့၌ ရှုသော ဝိပဿနာကိုရသည်ဖြစ်၍ အဇ္ဈတ္တသန္တာန်၌ စိတ်ငြိမ်းအေးကြောင်း (စတုတ္ထဈာန်သမာပတ်)ကို မရသော အချို့သောပုဂ္ဂိုလ်၊ အဇ္ဈတ္တသန္တာန်၌ စိတ်ငြိမ်းအေးကြောင်း (စတုတ္ထဈာန်သမာပတ်)ကိုလည်း ရ၊ အဓိပညာဟု ဆိုအပ်သော ခန္ဓာတရားတို့၌ ရှုသော ဝိပဿနာကိုလည်း ရသော အချို့သောပုဂ္ဂိုလ်၊ အဇ္ဈတ္တသန္တာန်၌ စိတ်ငြိမ်းအေးကြောင်း (စတုတ္ထဈာန်သမာပတ်)ကိုလည်း မရ၊ အဓိပညာဟုဆိုအပ်သော ခန္ဓာတရားတို့၌ ရှုသော ဝိပဿနာကိုလည်း မရသော အချို့သောပုဂ္ဂိုလ်။

၂၈။ ဝဋ်ရေအယဉ်သို့ အစဉ်လိုက်သော ပုဂ္ဂိုလ်၊ ဝဋ်ရေအယဉ်၏ အထက်သို့ ဆန်တက်သော ပုဂ္ဂိုလ်၊တည်သောသဘောရှိသော ပုဂ္ဂိုလ်၊ တဏှာအယဉ်ကို ကူးမြောက်သည်ဖြစ်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတဖက်သို့ ရောက်လျက် (အရဟတ္တဖိုလ်)ကြည်းကုန်း၌ တည်သော မကောင်းမှုကို အပပြုပြီးသောပုဂ္ဂိုလ်။

၂၉။ အကြားအမြင်နည်းသည်ဖြစ်၍ အကြားအမြင်နှင့် မပြည့်စုံသောပုဂ္ဂိုလ်၊ အကြားအမြင်နည်းသည်ဖြစ်၍ အကြားအမြင်နှင့် ပြည့်စုံသောပုဂ္ဂိုလ်၊ အကြားအမြင်များသည်ဖြစ်၍ အကြားအမြင်နှင့် မပြည့်စုံသောပုဂ္ဂိုလ်၊ အကြားအမြင်များသည်ဖြစ်၍ အကြားအမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်။

၃၀။ မတုန်လှုပ်သော (သောတာပန်)ရဟန်း၊ ပဒုမ္မာကြာနှင့် တူသော (သကဒါဂါမ်)ရဟန်း၊ ပုဏ္ဍရိက်ကြာနှင့်တူသော (အနာဂါမ်)ရဟန်း၊ ရဟန်းတို့တွင် အလွန်သိမ်မွေ့သော (ရဟန္တာ)ရဟန်း။

စတုက္က ပြီး၏။

---

၅-ပဉ္စကဥဒ္ဒေသ

၁၁။ ပုဂ္ဂိုလ်တို့သည် ငါးမျိုးတို့တည်း—

၁။ အချို့သောပုဂ္ဂိုလ်သည် အာပတ်လည်းသင့်၏၊ နှလုံးမသာယာခြင်းလည်းဖြစ်၏၊ အကြင် အရဟတ္တဖိုလ်သို့ရောက်၍ ထိုပုဂ္ဂိုလ်အား ဖြစ်ပေါ်လာကုန်သော ယုတ်ညံ့ကုန်သော ထိုအကုသိုလ်တရားတို့သည် အကြွင်းမဲ့ ချုပ်ကုန်၏၊ စိတ်ဖြင့် ကိလေသာမှ လွတ်မြောက်သော ပညာဖြင့် ကိလေသာမှ လွတ်မြောက်သော ထိုအရဟတ္တဖိုလ်ကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ၊ ထိုပုဂ္ဂိုလ်သည်လည်း ရှိ၏။

http://www.dhammadownload.com



အချို့သောပုဂ္ဂိုလ်သည် အာပတ်သင့်၏၊နှလုံးမသာယာခြင်းကား မဖြစ်၊ အကြင်အရဟတ္တဖိုလ်သို့ ရောက်၍ ထိုပုဂ္ဂိုလ်အား ဖြစ်ပေါ်လာကုန်သော ယုတ်ညံ့ကုန်သော ထိုအကုသိုလ်တရားတို့သည် အကြွင်းမဲ့ ချုပ်ကုန်၏၊ စိတ်ဖြင့် ကိလေသာမှ လွတ်မြောက်သော ပညာဖြင့် ကိလေသာမှ လွတ်မြောက်သော ထိုအရဟတ္တဖိုလ်ကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ၊ ထိုပုဂ္ဂိုလ်သည် ရှိ၏။

အချို့သောပုဂ္ဂိုလ်သည် အာပတ်ကားမသင့်၊ နှလုံးမသာယာခြင်း သဘောကားဖြစ်၏၊ အကြင်အရဟတ္တဖိုလ်သို့ရောက်၍ ထိုပုဂ္ဂိုလ်အား ဖြစ်ပေါ်လာကုန်သော ယုတ်ညံ့ကုန်သော ထိုအကုသိုလ်တရားတို့သည် အကြွင်းမဲ့ ချုပ်ကုန်၏၊ စိတ်ဖြင့် ကိလေသာမှ လွတ်မြောက်သော ပညာဖြင့် ကိလေသာမှ လွတ်မြောက်သော ထိုအရဟတ္တဖိုလ်ကို ဟုတ်တိုင်းမှန်စွာမသိ၊ ထိုပုဂ္ဂိုလ်သည် ရှိ၏။

အချို့သောပုဂ္ဂိုလ်သည် အာပတ်လည်းမသင့်၊ နှလုံးမသာယာခြင်းလည်းမဖြစ်၊ အကြင်အရဟတ္တဖိုလ်သို့ ရောက်၍ ထိုပုဂ္ဂိုလ်အား ဖြစ်ပေါ်လာကုန်သော ယုတ်ညံ့ကုန်သော ထိုအကုသိုလ်တရားတို့သည် အကြွင်းမဲ့ ချုပ်ကုန်၏၊ စိတ်ဖြင့် ကိလေသာမှ လွတ်မြောက်သော ပညာဖြင့် ကိလေသာမှ လွတ်မြောက်သော ထိုအရဟတ္တဖိုလ်ကိုလည်း မသိ၊ ထိုပုဂ္ဂိုလ်သည် ရှိ၏။

အချို့သောပုဂ္ဂိုလ်သည် အာပတ်လည်းမသင့်၊ နှလုံးမသာယာခြင်းလည်း မဖြစ်၊ အကြင်အရဟတ္တဖိုလ်သို့ ရောက်သည်ရှိသော် ထိုပုဂ္ဂိုလ်အား ဖြစ်ပေါ်လာကုန်သော ယုတ်ညံ့ကုန်သော ထိုအကုသိုလ်တရားတို့သည် အကြွင်းမဲ့ချုပ်ကုန်၏၊ စိတ်ဖြင့် ကိလေသာမှ လွတ်မြောက်သော ပညာဖြင့် ကိလေသာမှ လွတ်မြောက်သော ထိုအရဟတ္တဖိုလ်ကိုလည်း ဟုတ်တိုင်းမှန်စွာသိ၏၊ ထိုပုဂ္ဂိုလ်သည်ရှိ၏။

၂။ ပေးပြီး မထေမဲ့မြင်ပြုသောပုဂ္ဂိုလ်၊ ပေါင်းသင်းဆက်ဆံသဖြင့် မထေမဲ့မြင်ပြုသော ပုဂ္ဂိုလ်၊ လက်ဦးစကား၌ အကြောင်းရင်းထားသော ပုဂ္ဂိုလ်၊ လျပ်ပေါ်သောပုဂ္ဂိုလ်၊ ထိုင်းအမိုက်မဲသောပုဂ္ဂိုလ်။

၃။ စစ်သည် သူရဲကောင်းနှင့်တူသော ပုဂ္ဂိုလ်တို့သည် ငါးမျိုးတို့တည်း။

၄။ ပိဏ္ဍပါတ်ဓုတင်ဆောင် ပုဂ္ဂိုလ်တို့သည် ငါးမျိုးတို့တည်း။

၅။ ခလုပစ္ဆာဘတ္တိကဓုတင်ဆောင်ပုဂ္ဂိုလ်တို့သည် ငါးမျိုးတို့တည်း။

၆။ ဧကာသနိကဓုတင်ဆောင်ပုဂ္ဂိုလ်တို့သည် ငါးမျိုးတို့တည်း။

၇။ ပံသုကူဓုတင်ဆောင် ပုဂ္ဂိုလ်တို့သည် ငါးမျိုးတို့တည်း။

၈။ တိစီဝရိက်ဓုတင်ဆောင် ပုဂ္ဂိုလ်တို့သည် ငါးမျိုးတို့တည်း။

၉။ အရညကင်ဓုတင်ဆောင် ပုဂ္ဂိုလ်တို့သည် ငါးမျိုးတို့တည်း။

၁၀။ ရုက္ခမူဓုတင်ဆောင် ပုဂ္ဂိုလ်တို့သည် ငါးမျိုးတို့တည်း။

၁၁။ အဗ္ဘောကာသိကဓုတင်ဆောင်ပုဂ္ဂိုလ်တို့သည် ငါးမျိုးတို့တည်း။

၁၂။ နေသဇ်ဓုတင်ဆောင်ပုဂ္ဂိုလ်တို့သည် ငါးမျိုးတို့တည်း။

http://www.dhammadownload.com



၁၃။ ယထာသန္တတိဓုတင်ဆောင်ပုဂ္ဂိုလ်တို့သည် ငါးမျိုးတို့တည်း။

၁၄။ သုသာနိဓုတင်ဆောင်ပုဂ္ဂိုလ်တို့သည် ငါးမျိုးတို့တည်း။

ပဉ္စက ပြီး၏။

---

## ၆-ဆက္ကဥဒ္ဒေသ

၁၂။ ပုဂ္ဂိုလ်တို့သည် ခြောက်မျိုးတို့တည်း—

၁။ အချို့သောပုဂ္ဂိုလ်သည် ရှေး၌ မကြားဘူးကုန်သော တရားတို့၌ ကိုယ်တိုင်သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍သိ၏၊ ထိုသစ္စာလေးပါးတရားတို့၌ အကုန်အစင်သိမြင်ခြင်းသို့လည်း ရောက်၏၊ အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါးတို့၌ လေ့လာနိုင်နင်းခြင်းသို့လည်း ရောက်၏၊ ထိုပုဂ္ဂိုလ်သည် ရှိ၏။

အချို့သောပုဂ္ဂိုလ်သည် ရှေး၌ မကြားဘူးကုန်သောတရားတို့၌ ကိုယ်တိုင်သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍ သိ၏၊ ထိုသစ္စာလေးပါးတရားတို့၌ အကုန်အစင် သိမြင်ခြင်းသို့လည်း မရောက်၊ အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါးတို့၌ လေ့လာနိုင်နင်းခြင်းသို့လည်း မရောက်၊ ထိုပုဂ္ဂိုလ်သည် ရှိ၏။

အချို့သောပုဂ္ဂိုလ်သည် ရှေး၌မကြားဘူးကုန်သော တရားတို့၌ ကိုယ်တိုင်သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍မသိ၊ ယခုဘဝ၌ပင်လျှင် ဆင်းရဲ၏အဆုံးကိုလည်း ပြု၏၊ သာဝကပါရမီဉာဏ်သို့လည်းရောက်၏၊ ထိုပုဂ္ဂိုလ်သည် ရှိ၏။

အချို့သောပုဂ္ဂိုလ်သည် ရှေး၌ မကြားဘူးကုန်သော တရားတို့၌ ကိုယ်တိုင်သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍ မသိ၊ ယခုဘဝ၌ပင်လျှင် ဆင်းရဲ၏ အဆုံးကိုပြု၏၊ သာဝကပါရမီဉာဏ်သို့ကား မရောက်၊ ထိုပုဂ္ဂိုလ်သည် ရှိ၏။

အချို့သောပုဂ္ဂိုလ်သည် ရှေး၌ မကြားဘူးကုန်သော တရားတို့၌ ကိုယ်တိုင်သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍ မသိ၊ ယခုဘဝ၌ပင်လျှင် ဆင်းရဲ၏အဆုံးကိုလည်း မပြုနိုင်၊ဤကာမဘုံသို့ ပဋိသန္ဓေအားဖြင့် မလာမူ၍ အနာဂါမိ ဖြစ်၏၊ ထိုပုဂ္ဂိုလ်သည် ရှိ၏။

အချို့သောပုဂ္ဂိုလ်သည် ရှေး၌ မကြားဘူးကုန်သော တရားတို့၌ ကိုယ်တိုင်သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍ မသိ၊ ယခုဘဝ၌ပင်လျှင် ဆင်းရဲ၏အဆုံးကိုလည်း မပြုနိုင်၊ ဤကာမဘုံသို့ ပဋိသန္ဓေအားဖြင့် ပြန်လာ၍ သောတာပန် သကဒါဂါမိဖြစ်၏၊ ထိုပုဂ္ဂိုလ်သည် ရှိ၏။

ဆက္က ပြီး၏။

http://www.dhammadownload.com



## ၇-သတ္တကဥဒ္ဒေသ

**၁၃။ ပုဂ္ဂိုလ်တို့သည် ခုနစ်မျိုးတို့တည်း—**

၁။ ရေကူးခြင်း ဥပမာရှိသော ပုဂ္ဂိုလ်တို့သည် ခုနစ်မျိုးတို့တည်း၊ တကြိမ်နစ်မြုပ်သော် နစ်မြုပ်သည်သာဖြစ်သော ပုဂ္ဂိုလ်၊ ပေါ်ပြီးမှ နစ်မြုပ်သောပုဂ္ဂိုလ်၊ပေါ်၍ တည်သောပုဂ္ဂိုလ်၊ ပေါ်၍တူရူကြည့် တစောင်းကြည့်သောပုဂ္ဂိုလ်၊ ပေါ်၍ကူးသောပုဂ္ဂိုလ်၊ ပေါ်၍ထောက်မိရာသို့ ရောက်သောပုဂ္ဂိုလ်၊ ပေါ်၍ ကူးမြောက်သည်ဖြစ်လျက် ကမ်းတဖက်သို့ရောက်ကာ (နိဗ္ဗာန် တည်းဟူသော) ကြည်းကုန်းထက်၌ တည်သော မကောင်းမှုကို အပပြုပြီးသောပုဂ္ဂိုလ်။

၂။ နှစ်ပါးသောအဖို့ဖြင့် လွတ်မြောက်သောပုဂ္ဂိုလ်၊ ပညာဖြင့် လွတ်မြောက်သောပုဂ္ဂိုလ်၊ ဈာန်မဂ်ဖိုလ်ချမ်းသာကို ကိုယ်တိုင်တွေ့ထိခံစား၍ နိဗ္ဗာန်ကို မျက်မှောက်ပြုသောပုဂ္ဂိုလ်၊ သိမြင်ခြင်း အဆုံးသို့ ရောက်သောပုဂ္ဂိုလ်၊ သဒ္ဓါကို အမှူးထား၍ လွတ်မြောက်သော ပုဂ္ဂိုလ်၊ ပညာတရားဖြင့် အစဉ်ရောက်သောပုဂ္ဂိုလ်၊ သဒ္ဓါတရားဖြင့် အစဉ်ရောက်သောပုဂ္ဂိုလ်။

သတ္တက ပြီး၏။

---

## ၈-အဋ္ဌကဥဒ္ဒေသ

**၁၄။ ပုဂ္ဂိုလ်တို့သည် ရှစ်မျိုးတို့တည်း—**

မဂ်လေးပါးနှင့်ပြည့်စုံသော လေးယောက်သော မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့နှင့် ဖိုလ်လေးပါးနှင့် ပြည့်စုံသော လေးယောက်သော ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့။

အဋ္ဌက ပြီး၏။

---

## ၉-နဝကဥဒ္ဒေသ

**၁၅။ ပုဂ္ဂိုလ်တို့သည် ကိုးမျိုးတို့တည်း—**

၁။ အလုံးစုံသော တရားကို ကိုယ်တိုင်မှန်စွာ သိမြင်တော်မူသော သမ္မာသမ္ဗုဒ္ဓဘုရား၊ သစ္စာလေးပါးတရားကို အသီးအခြားသိမြင်သော ပစ္စေကဗုဒ္ဓါ၊ နှစ်ပါးသောအဖို့ဖြင့် လွတ်မြောက်သော ပုဂ္ဂိုလ်၊ ပညာဖြင့် လွတ်မြောက်သော ပုဂ္ဂိုလ်၊ ဈာန်မဂ်ဖိုလ်ချမ်းသာကို ကိုယ်တိုင်တွေ့ထိခံစား၍ နိဗ္ဗာန်ကို မျက်မှောက်ပြုသော ပုဂ္ဂိုလ်၊ သိမြင်ခြင်းအဆုံးသို့ရောက်သောပုဂ္ဂိုလ်၊ သဒ္ဓါကို အမှူးထား၍ လွတ်မြောက်သောပုဂ္ဂိုလ်၊ ပညာတရားဖြင့် အစဉ်ရောက်သော ပုဂ္ဂိုလ်၊ သဒ္ဓါတရားဖြင့် အစဉ်ရောက်သောပုဂ္ဂိုလ်။

နဝက ပြီး၏။

http://www.dhammadownload.com



### ၁၀-ဒသကဥဒ္ဒေသ

၁၆။ ပုဂ္ဂိုလ်တို့သည် ဆယ်မျိုးတို့တည်း—

၁။ ကာမဘုံ၌ ပြီးဆုံးခြင်းသို့ ရောက်သော ငါးယောက်သောပုဂ္ဂိုလ်။
ကာမဘုံ၌ ဖြစ်ခြင်းကိုပယ်၍(သုဒ္ဓါဝါသဘုံ၌)ပြီးဆုံးခြင်းသို့ရောက်သော ငါးယောက်သော ပုဂ္ဂိုလ်။

ဒသက ပြီး၏။

## ပုဂ္ဂလပညတ် မာတိကာ ပြီး၏။

http://www.dhammadownload.com

# နိဒ္ဒေသ

## ၁-ဧကကပုဂ္ဂလပညတ်

၁။ အခါအားဖြင့် လွတ်သူ 'သမယဝိမုတ္တ' ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ရံဖန်ရံခါ တခါတရံ ရှစ်ပါးသော သမာပတ်တို့ကို နာမကာယဖြင့် တွေ့ထိ၍နေ၏၊ ထိုပုဂ္ဂိုလ်အား (ဝိပဿနာမဂ်)ပညာဖြင့်လည်း မြင်၍ အချို့သော အာသဝေါ တရားတို့သည် ကုန်ခန်းကုန်၏၊ ဤပုဂ္ဂိုလ်ကို အခါအားဖြင့်လွတ်သူ 'သမယဝိမုတ္တ' ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၂။ အခါအားဖြင့် မလွတ်သူ 'အသမယဝိမုတ္တ' ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ရံဖန်ရံခါ တခါတရံ ရှစ်ပါးသော သမာပတ်တို့ကို နာမကာယဖြင့် တွေ့ထိ၍ မနေ၊ ထိုပုဂ္ဂိုလ်အား (ဝိပဿနာမဂ်)ပညာဖြင့်လည်း မြင်၍ အာသဝေါတရားတို့သည် ကုန်ခန်းကုန်၏၊ ဤပုဂ္ဂိုလ်ကို အခါအားဖြင့် မလွတ်သူ 'အသမယဝိမုတ္တ' ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏၊ အလုံးစုံလည်းဖြစ်ကုန်သော အရိယာပုဂ္ဂိုလ် (ရှစ်ယောက်)တို့သည် မွန်မြတ်သော (လောကုတ္တရာ)သမာပတ်၌ အခါအားဖြင့် လွတ်မြောက်သူ မဟုတ်သော 'အသပယဝိမုတ္တ' ပုဂ္ဂိုလ်တို့ မည်ကုန်၏။

၃။ စျာန်ပျက်ခြင်းသဘောရှိသော 'ကုပ္ပဓမ္မ' ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ရုပ်လျှင် အာရုံရှိသည်လည်း ဖြစ်ကုန်သော ရုပ်မဟုတ်သော တရားလျှင် အာရုံရှိသည်လည်း ဖြစ်ကုန်သော သမာပတ်တို့ကို ရ၏၊ ထိုသို့ရခြင်းသည်ကား အလိုရှိတိုင်း ရသည်လည်းမဟုတ်၊ မပင်မပန်းပဲ ရသည်လည်းမဟုတ်၊ မငြိုမငြင်ပဲ ရသည်လည်းမဟုတ်၊ အလိုရှိရာအရပ်၌ အလိုရှိသော သမာပတ်ကို အလိုရှိသမျှ ကာလပတ်လုံး ဝင်လည်း မဝင်စားနိုင်၊ ထလည်း မထနိုင်၊ ထိုပုဂ္ဂိုလ်၏ မေ့လျော့မှုကိုစွဲ၍ ထိုသမာပတ်တို့သည် ပျက်စီးကုန်ရာသော အကြောင်းအခွင့်သည် ရှိ၏၊ ထိုပုဂ္ဂိုလ်ကို စျာန်ပျက်ခြင်းသဘောရှိသော 'ကုပ္ပဓမ္မ' ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၄။ စျာန်ပျက်ခြင်းသဘောမရှိသော 'အကုပ္ပဓမ္မ' ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း။ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ရုပ်လျှင် အာရုံရှိသည်လည်း ဖြစ်ကုန်သော ရုပ်မဟုတ်သော တရားလျှင် အာရုံရှိသည်လည်း ဖြစ်ကုန်သော သမာပတ်တို့ကို ရ၏၊ ထိုသို့ရခြင်းသည်ကား အလိုရှိတိုင်းလည်း ရ၏၊ မပင်မပန်းပဲလည်း ရ၏။ မငြိုမငြင်ပဲလည်း ရ၏၊ အလိုရှိရာအရပ်၌ အလိုရှိသော သမာပတ်ကို အလိုရှိသမျှကာလပတ်လုံး ဝင်စားလည်း ဝင်စားနိုင်၏၊ ထလည်း ထနိုင်၏၊ ထိုပုဂ္ဂိုလ်၏ မေ့လျော့မှုကိုစွဲ၍ ထိုသမာပတ်တို့သည် ပျက်စီးကုန်ရာသော အကြောင်းအခွင့်သည် မရှိ၊ ဤပုဂ္ဂိုလ်ကို စျာန်ပျက်ခြင်းသဘောမရှိသော အကုပ္ပဓမ္မ' ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏၊ အလုံးစုံလည်းဖြစ်ကုန်သော အရိယာပုဂ္ဂိုလ်ရှစ်ယောက်တို့သည် မွန်မြတ်သော (လောကုတ္တရာ) သမာပတ်၌ စျာန်ပျက်ခြင်းသဘောမရှိသော 'အကုပ္ပဓမ္မ' ပုဂ္ဂိုလ်တို့မည်ကုန်၏။

http://www.dhammadownload.com



၅။ ဈာန်မှ ယုတ်ခြင်းသဘောရှိသော 'ပရိဟာနဓမ္မ' ပုဂ္ဂိုလ်သည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ရုပ်လျှင် အာရုံရှိသည်လည်းဖြစ်ကုန်သော ရုပ်မဟုတ်သော တရားလျှင် အာရုံရှိသည်လည်းဖြစ်ကုန်သော သမာပတ်တို့ကို ရ၏၊ ထိုသို့ရခြင်းသည်ကား အလိုရှိတိုင်းရသည်လည်း မဟုတ်၊ မပင်မပန်းပဲ ရသည်လည်း မဟုတ်၊ မငြိုမငြင်ပဲ ရသည်လည်း မဟုတ် အလိုရှိရာအရပ်၌ အလိုရှိသောသမာပတ်ကို အလိုရှိသမျှကာလပတ်လုံး ဝင်စားလည်းမဝင်စားနိုင်၊ ထလည်းမထနိုင်၊ ထိုပုဂ္ဂိုလ်သည် မေ့လျော့မှုကိုစွဲ၍ ထိုသမာပတ်တို့မှ ဆုတ်ယုတ်ရာသော အကြောင်းသည် ရှိ၏၊ ဤပုဂ္ဂိုလ်ကို ဈာန်မှ ယုတ်ခြင်းသဘောရှိသော 'ပရိဟာနဓမ္မ' ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၆။ ဈာန်မှ ယုတ်ခြင်း သဘောမရှိသော 'အပရိဟာနဓမ္မ' ပုဂ္ဂိုလ်သည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ရုပ်လျှင်အာရုံရှိသည်လည်းဖြစ်ကုန်သော ရုပ်မဟုတ်သော တရားလျှင် အာရုံရှိသည်လည်း ဖြစ်ကုန်သော သမာပတ်တို့ကို ရ၏၊ ထိုသို့ရခြင်းသည်ကား အလိုရှိတိုင်းလည်း ရ၏၊မပင်မပန်းပဲလည်း ရ၏ မငြိုမငြင်ပဲလည်း ရ၏၊ အလိုရှိရာအရပ်၌ အလိုရှိသော သမာပတ်ကို အလိုရှိသမျှကာလပတ်လုံး ဝင်စားလည်း ဝင်စားနိုင်၏၊ ထလည်းထနိုင်၏၊ ထိုပုဂ္ဂိုလ်သည် မေ့လျော့မှုကိုစွဲ၍ သမာပတ်တို့မှ ဆုတ်ယုတ်ရာသော အကြောင်းအခွင့်သည် မရှိ၊ ဤပုဂ္ဂိုလ်ကို ဈာန်မှ ယုတ်ခြင်းသဘောမရှိသော 'အပရိဟာနဓမ္မ' ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏၊ အလုံးစုံလည်းဖြစ်ကုန်သော အရိယာပုဂ္ဂိုလ်ရှစ်ယောက်တို့သည် မွန်မြတ်သော(လောကုတ္တရာ)သမာပတ်၌ ဈာန်မှ ယုတ်ခြင်းသဘောမရှိသော'အပရိဟာနဓမ္မ'ပုဂ္ဂိုလ်တို့မည်ကုန်၏ ။

၇။ လှုံ့ဆော်ခြင်းငှါ ထိုက်သော 'စေတနာဘဗ္ဗ'ပုဂ္ဂိုလ်သည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ရုပ်လျှင် အာရုံရှိသည်လည်း ဖြစ်ကုန်သော ရုပ်မဟုတ်သော တရားလျှင် အာရုံရှိသည်လည်း ဖြစ်ကုန်သော သမာပတ်တို့ကို ရ၏၊ထိုသို့ရခြင်းသည်ကား အလိုရှိတိုင်း ရသည်လည်းမဟုတ်၊ မပင်မပန်းပဲ ရသည်လည်းမဟုတ်၊ မငြိုမငြင်ပဲ ရသည်လည်းမဟုတ်၊ အလိုရှိရာအရပ်၌ အလိုရှိသောသမာပတ်ကို အလိုရှိသမျှကာလပတ်လုံး ဝင်စားလည်း မဝင်စားနိုင်၊ ထလည်းမထနိုင်၊ အကယ်၍ လှုံ့ဆော်ငြားအံ့၊ ထိုသမာပတ်တို့မှ မဆုတ်ယုတ်၊အကယ်၍ မလှုံ့ဆော်ငြားအံ့၊ ထိုသမာပတ်တို့မှ ဆုတ်ယုတ်၏၊ ဤပုဂ္ဂိုလ်ကို လှုံ့ဆော်ခြင်းငှါ ထိုက်သော 'စေတနာဘဗ္ဗ'ပုဂ္ဂိုလ် ဟူ၍ ဆိုအပ်၏။

၈။ စောင့်ရှောက်ခြင်းငှါထိုက်သော 'အနုရက္ခဏာဘဗ္ဗ'ပုဂ္ဂိုလ်သည် အဘယ်နည်း၊ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ရုပ်လျှင်အာရုံရှိသည်လည်း ဖြစ်ကုန်သော ရုပ်မဟုတ်သောတရားလျှင် အာရုံရှိသည်လည်းဖြစ်ကုန်သော သမာပတ်တို့ကို ရ၏၊ ထိုသို့ရခြင်းသည်ကား အလိုရှိတိုင်းရသည်လည်းမဟုတ်၊ မပင်မပန်းပဲ ရသည်လည်းမဟုတ်၊ မငြိုမငြင်ပဲ ရသည်လည်းမဟုတ်၊ အလိုရှိရာအရပ်၌ အလိုရှိသော သမာပတ်ကို အလိုရှိသမျှကာလပတ်လုံး ဝင်စားလည်း မဝင်စားနိုင်၊ထလည်းမထနိုင်၊အကယ်၍ စောင့်ရှောက်ငြားအံ့၊ ထိုသမာပတ်တို့မှ မဆုတ်ယုတ်၊ အကယ်၍ မစောင့်ရှောက်ငြားအံ့၊ ထိုသမာပတ်တို့မှ ဆုတ်ယုတ်၏၊ ဤပုဂ္ဂိုလ်ကို စောင့်ရှောက်ခြင်းငှါ ထိုက်သော 'အနုရက္ခဏာဘဗ္ဗ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



၉။ ပုထုဇဉ်ပုဂ္ဂိုလ်သည် အဘယ်နည်း၊ အကြင်ပုဂ္ဂိုလ်သည် သုံးပါးသော (ဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ)သံယောဇဉ်တို့ကို မပယ်အပ်ကုန်၊ ထို(သုံးပါးသော သံယောဇဉ်) တရားတို့ကို ပယ်ခြင်းငှါ ကျင့်လည်းမကျင့်၊ ဤပုဂ္ဂိုလ်ကို ပုထုဇဉ်ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၀။ အနွယ်ကိုဖြတ်သော 'ဂေါတြဘူ'ပုဂ္ဂိုလ်သည် အဘယ်နည်း၊ အကြင်ဂေါတြဘူဉာဏ်နှင့် တကွဖြစ်သော တရားတို့၏ အခြားမဲ့၌ လောကုတ္တရာ အရိယမဂ်တရားသို့ သက်ရောက်သည်ဖြစ်၍ ထိုဂေါတြဘူဉာဏ်နှင့်တကွဖြစ်သော တရားတို့နှင့်လည်းပြည့်စုံ၏၊ ဤပုဂ္ဂိုလ်ကို အနွယ်ကိုဖြတ်သော 'ဂေါတြဘူ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၁။ ဘေးရန်မှ ကြဉ်ဆဲဖြစ်သော 'ဘယူပရာ'ပုဂ္ဂိုလ်သည် အဘယ်နည်း၊ သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့သည်၎င်း သီလရှိသော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်၎င်း ဘေးရန်မှ ကြဉ်ဆဲပုဂ္ဂိုလ် ဖြစ်ကုန်၏၊ ရဟန္တာပုဂ္ဂိုလ်သည် ဘေးရန်မှ ကြဉ်ပြီးပုဂ္ဂိုလ်ဖြစ်၏။

၁၂။ အရိယာအဖြစ်သို့ရောက်ခြင်းငှါ မထိုက်သော 'အဘဗ္ဗာဂမန'ပုဂ္ဂိုလ်သည် အဘယ်နည်း၊ အကြင်ပုဂ္ဂိုလ်တို့သည် (ပဉ္စာနန္တရိယ) ကံတည်းဟူသော ပိတ်ပင်ခြင်းနှင့်လည်း ပြည့်စုံကုန်၏၊ (နိယတမိစ္ဆာဒိဋ္ဌိတည်းဟူသော) ကိလေသာ၏ ပိတ်ပင်ခြင်းနှင့်လည်း ပြည့်စုံကုန်၏၊ (အဟိတ် ဒွိဟိတ် ပဋိသန္ဓေတည်းဟူသော) ဝိပါက်ပိတ်ပင်ခြင်းနှင့်လည်း ပြည့်စုံကုန်၏၊ သဒ္ဓါတရားလည်း မရှိကုန်၊ ကုသိုလ်၌ လိုလားခြင်းဆန္ဒမှလည်း ကင်းကုန်၏၊ ဉာဏ်ပညာလည်း မဲ့ကုန်၏၊ ကုသိုလ်တရားတို့၌ မဖောက်ပြန်သော သဘောရှိသည်ဖြစ်၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲသော လောကုတ္တရာ အရိယမဂ်သို့ သက်ရောက်ခြင်းငှါ မထိုက်ကုန်၊ ဤပုဂ္ဂိုလ်တို့ကို အရိယာအဖြစ်သို့ ရောက်ခြင်းငှါ မထိုက်သော 'အဘဗ္ဗာဂမန'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်ကုန်၏။

၁၃။ အရိယာအဖြစ်သို့ ရောက်ခြင်းငှါထိုက်သော 'ဘဗ္ဗာဂမန'ပုဂ္ဂိုလ်တို့သည် အဘယ်နည်း၊ အကြင်ပုဂ္ဂိုလ်တို့သည် (ပဉ္စာနန္တရိယ)ကံတည်းဟူသော ပိတ်ပင်ခြင်းနှင့်လည်း မပြည့်စုံကုန်၊ (နိယတမိစ္ဆာဒိဋ္ဌိတည်းဟူသော) ကိလေသာ ပိတ်ပင်ခြင်းနှင့်လည်း မပြည့်စုံကုန်၊ (အဟိတ် ဒွိဟိတ်ပဋိသန္ဓေတည်းဟူသော) ဝိပါက်ပိတ်ပင်ခြင်းနှင့်လည်း မပြည့်စုံကုန်၊ သဒ္ဓါတရားလည်း ရှိကုန်၏၊ ကုသိုလ်၌ လိုလားခြင်း ဆန္ဒလည်း ရှိကုန်၏၊ ဉာဏ်ပညာလည်း ရှိကုန်၏၊ ကုသိုလ် တရားတို့၌ မဖောက်ပြန်သော သဘောရှိသည်ဖြစ်၍ မိမိ၏အခြားမဲ့၌ အကျိုးပေးမြဲသော လောကုတ္တရာ အရိယမဂ်သို့ သက်ရောက်ခြင်းငှါ ထိုက်ကုန်၏၊ ဤပုဂ္ဂိုလ်တို့ကို အရိယာအဖြစ်သို့ ရောက်ခြင်းငှါ ထိုက်သော 'ဘဗ္ဗာဂမန'ပုဂ္ဂိုလ်တို့ဟူ၍ ဆိုအပ်ကုန်၏။

၁၄။ အကျိုးပေးမြဲသော ပုဂ္ဂိုလ်သည် အဘယ်နည်း၊ (ပဉ္စာနန္တရိယ) ကံထိုက်သော ပုဂ္ဂိုလ် ငါးယောက်တို့သည်၎င်း နိယတမိစ္ဆာအယူရှိသော ပုဂ္ဂိုလ်တို့သည်၎င်း ရှစ်ယောက်သောအရိယာ ပုဂ္ဂိုလ်တို့သည်၎င်း အကျိုးပေးမြဲသော ပုဂ္ဂိုလ်တို့ မည်ကုန်၏၊ ကြွင်းသောပုဂ္ဂိုလ်တို့သည် အကျိုး ပေးမမြဲသော ပုဂ္ဂိုလ်တို့မည်ကုန်၏။

၁၅။ ကျင့်ဆဲဖြစ်သော 'ပဋိပန္နက'ပုဂ္ဂိုလ်သည် အဘယ်နည်း၊ မဂ်လေးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည် ဖိုလ်အကျိုးငှါ ကျင့်ဆဲ'ပဋိပန္နက'ပုဂ္ဂိုလ်တို့ မည်ကုန်၏၊ ဖိုလ်လေးပါးနှင့်ပြည့်စုံ သော ပုဂ္ဂိုလ်တို့သည် ဖိုလ်၌တည်သောပုဂ္ဂိုလ်တို့မည်ကုန်၏။

http://www.dhammadownload.com



၁၆။ အာသဝေါလည်းကုန် အသက်လည်းကုန် နှစ်ပါးစုံ အညီအမျှ ပရိနိဗ္ဗာန်စံရသော 'သမသီသီ'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊အကြင်ပုဂ္ဂိုလ်အား အာသဝေါကုန်ခြင်းသည်ငှင်း အသက်ကုန်ခြင်းသည်ငှင်း မရှေးမနှောင်း'တပြိုင်တည်း'ဖြစ်၏၊ဤပုဂ္ဂိုလ်ကို အာသဝေါလည်းကုန် အသက်လည်းကုန် နှစ်ပါးစုံအညီအမျှ ပရိနိဗ္ဗာန်စံရသော 'သမသီသီ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၇။ ကမ္ဘာကိုတည်စေနိုင်သော 'ဌိတကပ္ပီ'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤသောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်ခိုက်လည်း ဖြစ်၏၊ကမ္ဘာ၏ မီးလောင်တော့မည့် အခါလည်းဖြစ်၏၊ အကြင်မျှလောက် ဤသောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို မျက်မှောက်မပြုနိုင်သေး၊ ထိုမျှလောက် ကမ္ဘာသည် မီးမလောင်နိုင်ရာ၊ ဤပုဂ္ဂိုလ်ကို ကမ္ဘာကိုတည်စေနိုင်သောပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏၊ မဂ်နှင့်ပြည့်စုံသော အလုံးစုံသော ပုဂ္ဂိုလ်တို့သည်လည်း ကမ္ဘာကိုတည်စေနိုင်သော ပုဂ္ဂိုလ်တို့မည်ကုန်၏။

၁၈။ အရိယာပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရှစ်ယောက်သော အရိယာပုဂ္ဂိုလ်တို့သည် အရိယာပုဂ္ဂိုလ်မည်ကုန်၏၊ ကြွင်းသောပုဂ္ဂိုလ်တို့သည် အရိယာပုဂ္ဂိုလ်မမည်ကုန်။

၁၉။ ကျင့်ဆဲဖြစ်သော 'သေက္ခ'ပုဂ္ဂိုလ် ဟူသည် အဘယ်နည်း၊ မဂ်လေးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည်ငှင်း အောက်ဖိုလ်သုံးပါးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့သည်ငှင်း ကျင့်ဆဲ'သေက္ခ'ဖြစ်ကုန်၏၊ ရဟန္တာပုဂ္ဂိုလ်သည် ကျင့်ပြီး'အသေက္ခ'ပုဂ္ဂိုလ်ဖြစ်၏၊ သေက္ခပုဂ္ဂိုလ် ရဟန္တာပုဂ္ဂိုလ်မှ ကြွင်းသော (ပုထုဇဉ်)ပုဂ္ဂိုလ်တို့သည် ကျင့်ဆဲလည်း မဟုတ်ကုန်၊ကျင့်ပြီးလည်း မဟုတ်ကုန်။

၂၀။ ဝိဇ္ဇာသုံးပါးရှိသော'တေဝိဇ္ဇ'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ဝိဇ္ဇာသုံးပါးတို့နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် ဝိဇ္ဇာသုံးပါးရှိသော 'တေဝိဇ္ဇ'ပုဂ္ဂိုလ်မည်၏။

၂၁။ အဘိညာဉ်ခြောက်ပါးရှိသော 'ဆဠဘိည'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ အဘိညာဉ် ခြောက်ပါးတို့နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် အဘိညာဉ် ခြောက်ပါးရှိသော 'ဆဠဘိည'ပုဂ္ဂိုလ် မည်၏။

၂၂။ (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိမြင်သော 'သမ္မာသမ္ဗုဒ္ဓ'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ရှေး၌ မကြားဘူးကုန်သော တရားတို့၌ ကိုယ်တိုင်(သစ္စာလေးပါးတရားတို့ကို) ထိုးထွင်း၍ သိမြင်၏၊ ထိုသစ္စာလေးပါးတရားတို့၌ အကုန်အစင် သိမြင်ခြင်းသို့ငှင်း အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါးတို့၌ လေ့လာနိုင်နင်းခြင်းသို့ငှင်း ရောက်၏၊ ဤပုဂ္ဂိုလ်ကို (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိမြင်နိုင်သော 'သမ္မာသမ္ဗုဒ္ဓ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၂၃။ သစ္စာလေးပါးတရားကို အသီးအခြားသိမြင်သော 'ပစ္စေကသမ္ဗုဒ္ဓ' ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ရှေး၌ မကြားဘူးကုန်သော တရားတို့၌ ကိုယ်တိုင်ထိုးထွင်း၍ သိမြင်၏၊ ထိုသစ္စာလေးပါးတရားတို့၌ အကုန်အစင် သိမြင်ခြင်းသို့ငှင်း အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါးတို့၌ လေ့လာနိုင်နင်းခြင်းသို့ငှင်း မရောက်၊ ဤပုဂ္ဂိုလ်ကို သစ္စာလေးပါးတရားကို အသီးအခြားသိမြင်သော 'ပစ္စေကသမ္ဗုဒ္ဓ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



၂၄။ နှစ်ပါးသောအဖို့အားဖြင့် လွတ်မြောက်သော 'ဉဘတောဘာဂဝိမုတ္တ' ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ရှစ်ပါးသော သမာပတ်တို့ကို နာမကာယဖြင့် ရရောက် တွေ့ထိ၍ နေ၏၊ထိုပုဂ္ဂိုလ်အား ဝိပဿနာမဂ်ပညာဖြင့်လည်း သိမြင်၍ အာသဝေါတရားတို့သည် ကုန်ခန်းကုန်၏၊ ဤပုဂ္ဂိုလ်ကို နှစ်ပါးသော အဖို့မှ လွတ်မြောက်သော 'ဉဘတောဘာဂဝိမုတ္တ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၂၅။ ပညာဖြင့် လွတ်မြောက်သော'ပညာဝိမုတ္တ'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ရှစ်ပါးသော သမာပတ်တို့ကို နာမကာယဖြင့် ရရောက် တွေ့ထိ၍ မနေ၊ ထိုပုဂ္ဂိုလ်အား ဝိပဿနာမဂ်ပညာဖြင့်လည်း သိမြင်၍ အာသဝေါတရားတို့သည် ကုန်ခန်းကုန်၏၊ ဤပုဂ္ဂိုလ်ကို ပညာဖြင့်လွတ်မြောက်သော 'ပညာဝိမုတ္တ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၂၆။ ရှာန် မဂ် ဖိုလ်ချမ်းသာကို ကိုယ်တိုင်တွေ့ထိခံစား၍ နိဗ္ဗာန်ကိုမျက်မှောက်ပြုသော 'ကာယသက္ခိ'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ရှစ်ပါးသော သမာပတ်တို့ကို နာမကာယဖြင့် ရရောက်တွေ့ထိ၍ နေ၏၊ ထိုပုဂ္ဂိုလ်အား ဝိပဿနာမဂ်ပညာဖြင့်လည်း သိမြင်၍ အချို့သော အာသဝေါတရားတို့သည် ကုန်ခန်းကုန်၏၊ဤပုဂ္ဂိုလ်ကို ဈာန်မဂ်ဖိုလ်ချမ်းသာကို ကိုယ်တိုင် တွေ့ထိခံစား၍ နိဗ္ဗာန်ကို မျက်မှောက်ပြုသော 'ကာယသက္ခိ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၂၇။ သိမြင်ခြင်းအဆုံးသို့ရောက်သော 'ဒိဋ္ဌိပ္ပတ္တ'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ဤလောက၌ အချို့သောပုဂ္ဂိုလ်သည်''ဤလောဘကြဉ်သော ခန္ဓာငါးပါးသည်ကား ဆင်းရဲတည်း''ဟု ဟုတ်မှန်သော အတိုင်းသိ၏၊ ''ဤလောဘသည်ကား ဆင်းရဲဖြစ်ကြောင်းတည်း''ဟု ဟုတ်မှန်သော အတိုင်းသိ၏၊ ''ဤနိဗ္ဗာန်သည်ကား ဆင်းရဲချုပ်ရာတည်း''ဟု ဟုတ်မှန်သောအတိုင်းသိ၏၊ ''ဤမဂ္ဂင်ရှစ်ပါးသည်ကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်တည်း''ဟု ဟုတ်မှန် သောအတိုင်းသိ၏၊ ထိုပုဂ္ဂိုလ်သည် မြတ်စွာဘုရားထိုးထွင်း၍ သိအပ်ကုန်သော သစ္စာလေးပါး တရားတို့ကို ပညာဖြင့်လည်း ကောင်းစွာ မြင်အပ်ကုန်၏၊ ကောင်းစွာကျင့်အပ်ကုန်၏၊ ထိုပုဂ္ဂိုလ် အား ဝိပဿနာမဂ်ပညာဖြင့်လည်း သိမြင်၍ အချို့သော အာသဝေါတရားတို့သည် ကုန်ခန်း ကုန်၏၊ ဤပုဂ္ဂိုလ်ကို သိမြင်ခြင်းအဆုံးသို့ ရောက်သော 'ဒိဋ္ဌိပ္ပတ္တ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၂၈။ သဒ္ဓါကို အမှူးထား၍ လွတ်မြောက်သော 'သဒ္ဓါဝိမုတ္တ'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ''ဤလောဘကြဉ်သော ခန္ဓာငါးပါးသည်ကား ဆင်းရဲ တည်း'' ဟု ဟုတ်မှန်သော အတိုင်းသိ၏၊ ''ဤတဏှာ'လောဘ'သည်ကား ဆင်းရဲဖြစ်ကြောင်း တည်း''ဟု ဟုတ်မှန်သောအတိုင်းသိ၏၊ ''ဤနိဗ္ဗာန်သည်ကား ဆင်းရဲချုပ်ရာတည်း''ဟု ဟုတ်မှန် သော အတိုင်းသိ၏၊ ''ဤမဂ္ဂင်ရှစ်ပါးသည်ကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း''ဟု ဟုတ်မှန်သောအတိုင်းသိ၏၊ ထိုပုဂ္ဂိုလ်သည် မြတ်စွာဘုရား ထိုးထွင်း၍ သိအပ် ကုန်သော သစ္စာလေးပါးတရားတို့ကို ပညာဖြင့်လည်း ကောင်းစွာ သိမြင်အပ်ကုန်၏၊ ကောင်းစွာ ကျင့်အပ်ကုန်၏၊ ထိုပုဂ္ဂိုလ်အား ပညာဖြင့်လည်း သိမြင်၍ အချို့သောအာသဝေါတရားတို့သည် ကုန်ခန်းကုန်၏၊ ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်အား အာသဝေါတရားတို့သည် ကုန်ခန်းကုန်သကဲ့သို့ သဒ္ဓါဝိမုတ္တ ပုဂ္ဂိုလ်အား မဖြစ်ကုန်၊ ဤပုဂ္ဂိုလ်ကို သဒ္ဓါကို အမှူးထား၍ လွတ်မြောက်သော 'သဒ္ဓါဝိမုတ္တ' ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



၂၉။ ပညာတရားဖြင့် အောက်မေ့တတ်သော 'ဓမ္မာနုသာရီ'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သော အကြင်ပုဂ္ဂိုလ်အား ပညိန္ဒြေလွန်ကဲ၏၊ ပညာလျှင် ဝန်ဆောင်ရှိသော ပညာလျှင် ရှေ့သွားရှိသော အရိယမဂ်ကို ပွါးများ၏၊ ဤပုဂ္ဂိုလ်ကို ပညာတရားဖြင့် အောက်မေ့တတ်သော 'ဓမ္မာနုသာရီ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်ဆဲဖြစ်သော ပုဂ္ဂိုလ်သည် ဓမ္မာနုသာရီပုဂ္ဂိုလ်မည်၏၊ဖိုလ်၌တည်သော ပုဂ္ဂိုလ်သည် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်မည်၏။

၃၀။ သဒ္ဓါဖြင့်အောက်မေ့တတ်သော 'သဒ္ဓါနုသာရီ'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သော အကြင်ပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေသည် လွန်ကဲ၏၊သဒ္ဓါလျှင် ဝန်ဆောင်ရှိသော သဒ္ဓါလျှင် ရှေ့သွားရှိသော အရိယမဂ်ကို ပွါးများ၏၊ ဤပုဂ္ဂိုလ်ကို သဒ္ဓါဖြင့် အောက်မေ့တတ်သော 'သဒ္ဓါနုသာရီ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်ဆဲဖြစ်သော ပုဂ္ဂိုလ်သည် သဒ္ဓါနုသာရီပုဂ္ဂိုလ်မည်၏၊ဖိုလ်၌တည်သော ပုဂ္ဂိုလ်သည် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်မည်၏။

၃၁။ အလွန်ဆုံးခုနစ်ဘဝသာ ပဋိသန္ဓေနေသော 'သတ္တက္ခတ္တုပရမ'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် သုံးပါးသော သံယောဇဉ်တို့၏ ကုန်ခြင်းကြောင့် သောတာပန်ဖြစ်၏၊ အပါယ်လေးပါးသို့ ကျခြင်းသဘောမရှိ၊ကိန်းသေမြဲ၏၊အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိ၏၊ထိုပုဂ္ဂိုလ်သည် ခုနစ်ကြိမ်နတ်ပြည်၌ရင်း လူ့ပြည်၌ရင်း ကျင်လည်ပြေးသွား၍ ဆင်းရဲ၏အဆုံးကိုပြု၏၊ဤပုဂ္ဂိုလ်ကို အလွန်ဆုံးခုနစ်ဘဝသာ ပဋိသန္ဓေနေသော 'သတ္တက္ခတ္တုပရမ' ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၃၂။ နှစ်ဘဝသုံးဘဝ စသည် တမျိုးမှ တမျိုး၌ဖြစ်၍ ပဋိသန္ဓေနေသော 'ကောလံကောလ' ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် သုံးပါးသောသံယောဇဉ်တို့၏ ကုန်ခြင်းကြောင့် သောတာပန်ဖြစ်၏၊ အပါယ်လေးပါးသို့ ကျခြင်းသဘောမရှိ၊ ကိန်းသေမြဲ၏၊ အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိ၏၊ ထိုပုဂ္ဂိုလ်သည် နှစ်ဘဝရင်း သုံးဘဝရင်း အမျိုးတို့၌ ကျင်လည်ပြေးသွား၍ ဆင်းရဲ၏အဆုံးကိုပြု၏၊ ဤပုဂ္ဂိုလ်ကို နှစ်ဘဝ သုံးဘဝစသည် တမျိုးမှ တမျိုး၌ဖြစ်၍ ပဋိသန္ဓေနေသော 'ကောလံကောလ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၃၃။ တဘဝသာ ပဋိသန္ဓေမျိုးစေ့ရှိသော 'ဧကဗီဇီ'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သုံးပါးသော သံယောဇဉ်တို့၏ကုန်ခြင်းကြောင့် သောတာပန်ဖြစ်၏၊ အပါယ်လေးပါးသို့ ကျခြင်းသဘောမရှိ၊ ကိန်းသေမြဲ၏၊ အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိ၏၊ ထိုပုဂ္ဂိုလ်သည် တကြိမ်သာလျှင် လူ့ဘဝ၌ဖြစ်၍ ဆင်းရဲ၏အဆုံးကိုပြု၏၊ဤပုဂ္ဂိုလ်ကို တဘဝသာလျှင် ပဋိသန္ဓေမျိုးစေ့ရှိသော 'ဧကဗီဇီ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၃၄။ ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် တကြိမ်သာ ပြန်လာသော 'သကဒါဂါမီ'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် သုံးပါးသော သံယောဇဉ်တို့၏ ကုန်ခြင်းကြောင့် ရာဂ ဒေါသ မောဟတို့၏ ခေါင်းပါးခြင်းကြောင့် သကဒါဂါမ်ဖြစ်၏၊ တကြိမ်သာလျှင်

http://www.dhammadownload.com



ဤလူ့ဘုံသို့ပြန်လာ၍ ဆင်းရဲ၏အဆုံးကိုပြု၏၊ ဤပုဂ္ဂိုလ်ကို ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် တကြိမ်သာပြန်လာသော 'သကဒါဂါမီ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၃၅။ ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် တဖန်ပြန်မလာသော 'အနာဂါမိ'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ကာမဘုံတည်းဟူသော အောက်အဖို့ရှိသော 'ဩရမ္ဘာဂိယ'သံယောဇဉ်ငါးပါးတရားတို့၏ ကုန်ခြင်းကြောင့် ဥပပါတ်ပဋိသန္ဓေဖြစ်၏၊ ထိုရူပဘုံမှ ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် ပြန်လည်ခြင်းသဘောမရှိမူ၍ ထိုရူပသုဒ္ဓါဝါသဘုံ၌ ပရိနိဗ္ဗာန်ပြုလတ္တံ့၊ ဤပုဂ္ဂိုလ်ကို ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် တဖန်ပြန်လည်ခြင်းမရှိသော'အနာဂါမိ' ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၃၆။ အသက်တမ်း ထက်ဝက်မတိုင်မီအတွင်း၌ ရဟန္တာဖြစ်သော'အန္တရာပရိနိဗ္ဗာယီ'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ကာမဘုံတည်းဟူသော အောက်အဖို့ရှိသော 'ဩရမ္ဘာဂိယ'သံယောဇဉ် ငါးပါးတရားတို့၏ ကုန်ခြင်းကြောင့် ဥပပါတ်ပဋိသန္ဓေဖြစ်၏ ထိုရူပဘုံမှ ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် ပြန်လည်ခြင်းသဘောမရှိမူ၍ ထိုသုဒ္ဓါဝါသဘုံ၌ ပရိနိဗ္ဗာန်ပြုလတ္တံ့၊ထိုပုဂ္ဂိုလ်သည် ပဋိသန္ဓေနေသော ကာလ၏အခြားမဲ့၌ရင်း အသက်တမ်းထက်ဝက်(အလယ်)သို့ မရောက်မီအတွင်း၌ရင်း အသက်ဗြဟ္မာဘုံ၌သာလျှင် ကျင်လည်စေခြင်းအဖို့ရှိသော'ဥဒ္ဓမ္ဘာဂိယ'သံယောဇဉ်ငါးပါး တရားတို့ကို ပယ်ခြင်းငှါ အရိယမဂ်ကို ကောင်းစွာ ဖြစ်စေ၏၊ ဤပုဂ္ဂိုလ်ကို အသက်တမ်းထက်ဝက် (အလယ်)မတိုင်မီအတွင်း ရဟန္တာဖြစ်သော 'အန္တရာပရိနိဗ္ဗာယီ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၃၇။ အသက်တမ်းထက်ဝက်သို့ ဆိုက်ထိကျော်လွန်မှ ရဟန္တာဖြစ်သော 'ဥပဟစ္စပရိနိဗ္ဗာယီ' ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ကာမဘုံတည်းဟူသော အောက်အဖို့ရှိသော 'ဩရမ္ဘာဂိယ'သံယောဇဉ်ငါးပါး တရားတို့၏ ကုန်ခြင်းကြောင့် ဥပပါတ် ပဋိသန္ဓေဖြစ်၏ ထိုရူပဘုံမှ ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် ပြန်လည်ခြင်းသဘောမရှိမူ၍ ထိုသုဒ္ဓါဝါသဘုံ၌ ပရိနိဗ္ဗာန် ပြုလတ္တံ့၊ ထိုပုဂ္ဂိုလ်သည် အသက်တမ်းထက်ဝက်ကို ကျော်လွန်သောအခါ၌ရင်း သေခါကာလအနီးသို့ ကပ်ရောက်သောအခါ၌ရင်း အထက်ဗြဟ္မာဘုံ၌သာ ကျင်လည်စေခြင်း အဖို့ရှိသော 'ဥဒ္ဓမ္ဘာဂိယ'သံယောဇဉ်ငါးပါး တရားတို့ကို ပယ်ခြင်းငှါ အရိယမဂ်ကို ကောင်းစွာ ဖြစ်စေ၏၊ ထိုပုဂ္ဂိုလ်ကို အသက်တမ်းထက်ဝက်သို့ ဆိုက်သိကျော်လွန်မှ ရဟန္တာဖြစ်သော'ဥပဟစ္စ-ပရိနိဗ္ဗာယီ' ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၃၈။ အားထုတ်မှုမရှိသဖြင့် ရဟန္တာဖြစ်သော 'အသင်္ခါရပရိနိဗ္ဗာယီ'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ကာမဘုံတည်းဟူသော အောက်အဖို့ရှိသော 'ဩရမ္ဘာဂိယ'သံယောဇဉ်ငါးပါးတရားတို့၏ ကုန်ခြင်းကြောင့် ဥပပါတ်ပဋိသန္ဓေဖြစ်၏၊ ထိုရူပဘုံမှ ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် ပြန်လည်ခြင်းသဘောမရှိမူ၍ ထိုသုဒ္ဓါဝါသဘုံ၌ ပရိနိဗ္ဗာန်ပြုလတ္တံ့၊ ထိုပုဂ္ဂိုလ်သည် အထက်ဗြဟ္မာဘုံ၌သာ ကျင်လည်စေခြင်းအဖို့ရှိသော 'ဥဒ္ဓမ္ဘာဂိယ'သံယောဇဉ် ငါးပါးတရားတို့ကို ပယ်ခြင်းငှါ အားထုတ်မှု မရှိပဲ အရိယမဂ်ကို ကောင်းစွာ ဖြစ်စေ၏၊ ဤပုဂ္ဂိုလ်ကို အားထုတ်မှု မရှိသဖြင့် ရဟန္တာဖြစ်သော 'အသင်္ခါရပရိနိဗ္ဗာယီ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



၃၉။ အားထုတ်မှုရှိသဖြင့် ရဟန္တာဖြစ်သော 'သသင်္ခါရပရိနိဗ္ဗာယီ'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ကာမဘုံတည်းဟူသော အောက်အဖို့ရှိသော 'ဩရမ္ဘာဂိယ'သံယောဇဉ်ငါးပါး တရားတို့၏ ကုန်ခြင်းကြောင့် ဥပပါတ်ပဋိသန္ဓေဖြစ်၏၊ ထိုရှုပဘုံမှ ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် ပြန်လည်ခြင်းသဘောမရှိမူ၍ ထိုသုဒ္ဓါဝါသဘုံ၌ ပရိနိဗ္ဗာန်ပြုလ␣တ္တံ့ ထိုပုဂ္ဂိုလ်သည် အထက်ဖြဟ္မာဘုံ၌သာ ကျင်လည်စေခြင်း အဖို့ရှိသော 'ဥဒ္ဓမ္ဘာဂိယ' သံယောဇဉ်ငါးပါးတရားတို့ကို ပယ်ခြင်းငှါ အားထုတ်မှုရှိသဖြင့် အရိယမဂ်ကို ကောင်းစွာဖြစ်စေ၏၊ ဤပုဂ္ဂိုလ်ကို အားထုတ်မှုရှိသဖြင့် ရဟန္တာဖြစ်သော 'သသင်္ခါရပရိနိဗ္ဗာယီ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၄၀။ ရှေးဦးစွာ အဝိဟာဘုံ၌ ဖြစ်ပြီးလျှင် ဘုံစဉ်အတိုင်းတက်၍ အကနိဋ္ဌဘုံသို့ ရောက်မှ ရဟန္တာဖြစ်သော 'ဥဒ္ဓံသောတအကနိဋ္ဌဂါမီ'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ကာမဘုံတည်းဟူသော အောက်အဖို့ရှိသော 'ဩရမ္ဘာဂိယ'သံယောဇဉ်ငါးပါး တရားတို့၏ ကုန်ခြင်းကြောင့် ဥပပါတ်ပဋိသန္ဓေဖြစ်၏၊ ထိုရှုပဘုံမှ ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် ပြန်လည်ခြင်း သဘောမရှိမူ၍ ထိုသုဒ္ဓါဝါသဘုံ၌ ပရိနိဗ္ဗာန်ပြုလတ္တံ့၊ ထိုပုဂ္ဂိုလ်သည် အဝိဟာဘုံမှ စုတေသည်ရှိသော် အတပ္ပါဘုံသို့ ရောက်၏၊ အတပ္ပါဘုံမှ စုတေသည်ရှိသော် သုဒဿာဘုံသို့ ရောက်၏၊ သုဒဿာဘုံမှ စုတေသည်ရှိသော် သုဒဿီဘုံသို့ ရောက်၏၊ သုဒဿီဘုံမှ စုတေသည်ရှိသော် အကနိဋ္ဌဘုံသို့ ရောက်၏၊ အကနိဋ္ဌဘုံ၌ အထက်ဗြဟ္မာဘုံ၌သာ ကျင်လည်စေခြင်းအဖို့ရှိသော 'ဥဒ္ဓမ္ဘာဂိယ'သံယောဇဉ်ငါးပါး တရားတို့ကို ပယ်ခြင်းငှါ အရိယမဂ်ကို ကောင်းစွာဖြစ်စေ၏၊ ဤပုဂ္ဂိုလ်ကို ရှေးဦးစွာ အဝိဟာဘုံ၌ ဖြစ်ပြီးလျှင် ဘုံစဉ် ဘုံစဉ်အတိုင်းတက်၍ အကနိဋ္ဌဘုံသို့ရောက်မှ ရဟန္တာဖြစ်သော 'ဥဒ္ဓံသောတအကနိဋ္ဌဂါမီ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၄၁။ သောတာပန်ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ သုံးပါးသောသံယောဇဉ်တို့ကို ပယ်ခြင်းငှါ ကျင့်သော ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သော ပုဂ္ဂိုလ်မည်၏၊ အကြွင်းပုဂ္ဂိုလ်သည် သုံးပါးသောသံယောဇဉ်တို့ကို ပယ်အပ်ကုန်ပြီ၊ ဤပုဂ္ဂိုလ်ကို သောတာပန်ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၄၂။ သကဒါဂါမ်ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ကာမရာဂ ဗျာပါဒတို့ကို ခေါင်းပါးစေခြင်းငှါကျင့်သော ပုဂ္ဂိုလ်သည် သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါကျင့်သော ပုဂ္ဂိုလ်မည်၏၊ အကြွင်းပုဂ္ဂိုလ်အား ကာမ ရာဂ ဗျာပါဒတို့သည် ခေါင်းပါးသည်ဖြစ်၍ ဖြစ်ကုန်ပြီ၊ ဤပုဂ္ဂိုလ်ကို သကဒါဂါမ်ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၄၃။ အနာဂါမ်ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန်ကျင့်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ကာမ ရာဂ ဗျာပါဒတို့ကို အကြွင်းမဲ့ပယ်ခြင်းငှါ ကျင့်သော ပုဂ္ဂိုလ်သည် အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါကျင့်သော ပုဂ္ဂိုလ်မည်၏၊ အကြွင်းပုဂ္ဂိုလ်သည် ကာမ ရာဂ ဗျာပါဒတို့ကို အကြွင်းမဲ့ပယ်အပ်ကုန်၏၊ ဤပုဂ္ဂိုလ်ကို အနာဂါမ်ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



၄၄။ ရဟန္တာပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာကို အကြွင်းမဲ့ပယ်ခြင်းငှါ ကျင့်သော ပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သောပုဂ္ဂိုလ်မည်၏၊အကြင် ပုဂ္ဂိုလ်သည် ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာတို့ကို အကြွင်းမဲ့ပယ်အပ်ကုန်ပြီ၊ ဤပုဂ္ဂိုလ်ကို ရဟန္တာပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

ဧကကနိဒ္ဒေသ ပြီး၏။

---

## ၂-ဒုကပုဂ္ဂလပညတ်

၄၅။ အမျက်ထွက်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ထိုစကား၌ အမျက်ထွက်ခြင်း 'ကောဓ'ဟူသည် အဘယ်နည်း၊ အကြင်အမျက်ထွက်ခြင်း အမျက်ထွက်သောအခြင်းအရာ အမျက်ထွက်သူ၏အဖြစ် ပြစ်မှားခြင်း ပြစ်မှားသောအခြင်းအရာ ပြစ်မှားသူ၏အဖြစ် ပကတိသဘောကို စွန့်ခြင်း ပကတိသဘောကို စွန့်သောအခြင်းအရာ ပကတိသဘောကို စွန့်သူ၏အဖြစ် ဆန့်ကျင်ခြင်း အဖန်ဖန်ဆန့်ကျင်ခြင်း ကြမ်းတမ်းသူ၏အဖြစ် စကားကိုပြည့်စုံစွာမဆိုနိုင်ခြင်း စိတ်နှလုံး မသာယာသောအဖြစ်သည် ရှိ၏၊ ဤသည်ကို အမျက်ထွက်ခြင်း 'ကောဓ'ဟူ၍ ဆိုအပ်၏၊ အကြင်ပုဂ္ဂိုလ်သည် အမျက်ထွက်ခြင်း 'ကောဓ'ကို မပယ်အပ်၊ ဤပုဂ္ဂိုလ်ကို အမျက်ထွက်တတ်သောပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၄၆။ ရန်ငြိုးဖွဲ့တတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ထိုစကား၌ ရန်ငြိုးဖွဲ့ခြင်း'ဥပနာဟ' ဟူသည် အဘယ်နည်း၊ ရှေးဦးစွာ အမျက်ထွက်ခြင်းဖြစ်၏၊ ထို့နောက် ရန်ငြိုးဖွဲ့ခြင်း ဖြစ်၏၊ ဤသို့သဘောရှိသော အကြင်ရန်ငြိုးဖွဲ့ခြင်း ရန်ငြိုးဖွဲ့သောအခြင်းအရာ ရန်ငြိုးဖွဲ့သူ၏အဖြစ် ရှေးရှု ထားခြင်း အမျက်ထားခြင်း ပြင်းစွာထားခြင်း အစဉ်တည်ခြင်း အစဉ်ဖွဲ့ခြင်း အမျက်ကို မြဲမြံစွာ ပြုခြင်းသည် ရှိ၏၊ ဤသည်ကို ရန်ငြိုးဖွဲ့ခြင်း 'ဥပနာဟ'ဟူ၍ ဆိုအပ်၏၊ အကြင်ပုဂ္ဂိုလ်သည် ဤရန်ငြိုးဖွဲ့ခြင်းကို မပယ်အပ်၊ ဤပုဂ္ဂိုလ်ကို ရန်ငြိုးဖွဲ့သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၄၇။ ကျေးဇူးကို ချေဖျက်တတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ထိုစကား၌ ကျေးဇူး ကိုချေဖျက်ခြင်း 'မက္ခ'ဟူသည် အဘယ်နည်း၊ အကြင် သူ့ကျေးဇူးကို ချေဖျက်ခြင်း သူ့ကျေးဇူးကို ချေဖျက်သောအခြင်းအရာ သူ့ကျေးဇူးကို ချေဖျက်သူ၏အဖြစ် သူ့ကျေးဇူးကို ခါသောအဖြစ် သူ့ကျေးဇူးကိုခါမှုသည် ရှိ၏၊ ဤသည်ကို ကျေးဇူးကို ချေဖျက်ခြင်း 'မက္ခ'ဟူ၍ ဆိုအပ်၏၊ အကြင်ပုဂ္ဂိုလ်သည် ဤသူ့ကျေးဇူးကို ချေဖျက်ခြင်းကို မပယ်အပ်၊ ဤပုဂ္ဂိုလ်ကို သူ့ကျေးဇူးကို ချေဖျက်တတ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၄၈။ အပြိုင်ပြုတတ်သောပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ထိုစကား၌ အပြိုင်ပြုခြင်း 'ပဠာသ' ဟူသည် အဘယ်နည်း၊ အပြိုင်ပြုခြင်း အပြိုင်ပြုသောအခြင်းအရာ အပြိုင်ပြုသူ၏အဖြစ် အပြိုင်ပြု မှုကိုဆောင်ခြင်း ငြင်းခုံခြင်း အစုံယူခြင်း အယူကို မစွန့်ခြင်းသည် ရှိ၏၊ ဤသည်ကို အပြိုင်ပြု

http://www.dhammadownload.com



ခြင်း 'ပဠာသ'ဟူ၍ ဆိုအပ်၏၊ အကြင်ပုဂ္ဂိုလ်သည် ဤအပြိုင်ပြုခြင်းကို မပယ်အပ်၊ ဤပုဂ္ဂိုလ်ကို အပြိုင်ပြုတတ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၄၉။ ငြူစူတတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ထိုစကား၌ ငြူစူခြင်း 'ဣဿာ'ဟူသည် အဘယ်နည်း၊ သူတပါးတို့ လာဘ်ရခြင်း အရိုအသေပြုခံရခြင်း အလေးအမြတ်ပြုခံရခြင်း မြတ်နိုးခံရခြင်း ရှိခိုးခံရခြင်း ပူဇော်ခံရခြင်းတို့၌ အကြင်ငြူစူခြင်း ငြူစူသောအခြင်းအရာ ငြူစူသူ၏ အဖြစ် စောင်းမြောင်းခြင်း စောင်းမြောင်းသောအခြင်းအရာ စောင်းမြောင်းသူ၏အဖြစ်သည် ရှိ၏၊ ဤသည်ကို ငြူစူခြင်း'ဣဿာ'ဟူ၍ ဆိုအပ်၏၊ အကြင်ပုဂ္ဂိုလ်သည် ဤငြူစူစောင်းမြောင်းခြင်း ကို မပယ်အပ်၊ ဤပုဂ္ဂိုလ်ကို ငြူစူသောပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၅၀။ ဝန်တိုတတ်သောပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ထိုစကား၌ ဝန်တိုခြင်း'မစ္ဆရိယ'ဟူသည် အဘယ်နည်း၊ ဝန်တိုခြင်းတို့သည် နေရာအိမ်ကျောင်း၌ဝန်တိုခြင်းငါး အမျိုး၌ဝန်တိုခြင်းငါး လာဘ်၌ဝန်တိုခြင်းငါး အဆင်းဂုဏ်၌ဝန်တိုခြင်းငါး တရား၌ဝန်တိုခြင်းငါး ဤသို့လျှင် ငါးပါး ရှိကုန်၏၊ ဤသို့သဘောရှိသော အကြင်ဝန်တိုခြင်း ဝန်တိုသောအခြင်းအရာ ဝန်တိုသူ၏အဖြစ် မလိုလားခြင်း စဉ်းလဲခြင်း ခါးစပ်ခြင်း စိတ်၏ အမှန်ကို မယူသော အဖြစ်သည် ရှိ၏၊ ဤသည်ကို ဝန်တိုခြင်း 'မစ္ဆရိယ'ဟူ၍ ဆိုအပ်၏၊ အကြင်ပုဂ္ဂိုလ်သည် ဤဝန်တိုခြင်းကို မပယ်အပ်၊ ဤပုဂ္ဂိုလ်ကို ဝန်တိုတတ်သော 'မစ္ဆရိယ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၅၁။ စဉ်းလဲတတ်သောပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ထိုစကား၌ စဉ်းလဲခြင်း'သာဌေယျ' ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် စဉ်းလဲ၏၊ ထက်ဝန်းကျင် စဉ်းလဲ၏၊ ထိုစကား၌ အကြင်စဉ်းလဲခြင်း စဉ်းလဲသောအခြင်းအရာ စဉ်းလဲသူ၏အဖြစ် ကြမ်းတမ်းခြင်း ကြမ်းတမ်းသူ၏အဖြစ် စိုက်၍ထားဘိသကဲ့သို့ မြဲမြံစွာကောက်ကျစ်ခြင်း ကောက်ကျစ်သည်၏ အဖြစ်သည် ရှိ၏၊ ဤသည်ကို စဉ်းလဲခြင်း'သာဌေယျ'ဟူ၍ ဆိုအပ်၏၊ အကြင်ပုဂ္ဂိုလ်သည် ဤစဉ်းလဲ ခြင်းကို မပယ်အပ်၊ ဤပုဂ္ဂိုလ်ကို စဉ်းလဲတတ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၅၂။ လှည့်ပတ်တတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ထိုစကား၌ လှည့်ပတ်ခြင်း 'မာယာ'ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ကိုယ်ဖြင့် ဒုစရိုက်ကို ကျင့်၍ နှုတ်ဖြင့် ဒုစရိုက်ကို ကျင့်၍ စိတ်ဖြင့် ဒုစရိုက်ကို ကျင့်၍ ထိုမကောင်းမှုကို ဖုံးလွှမ်းလိုခြင်း ကြောင့် မကောင်းသော အလိုကို ဆောက်တည်၏၊ "ငါ့ကို (သူတပါးတို့) မသိစေလင့်"ဟု လိုလား၏၊ "ငါ့ကို (သူတပါးတို့)မသိစေလင့်"ဟု ကြံစည်၏၊ "ငါ့ကို (သူတပါးတို့) မသိစေလင့်"ဟု စကားကို ပြောဆို၏၊ "ငါ့ကို (သူတပါးတို့) မသိစေလင့်"ဟု ကိုယ်ဖြင့် လုံ့လပြု၏၊ ဤသို့သဘော ရှိသော အကြင်လှည့်ပတ်ခြင်း လှည့်ပတ်သောအဖြစ် လှည့်စားခြင်း လွန်စွာလှည့်စားခြင်း ကောက်ကျစ်စဉ်းလဲခြင်း (ငါမပြု)ဟု ပယ်ခြင်း ငါမပြုဟု အဖန်ဖန်ကြဉ်ခြင်း လျို့ဝှက်ခြင်း ထက်ဝန်းကျင်လျို့ဝှက်ခြင်း ဖုံးလွှမ်းခြင်း အဖန်ဖန် ဖုံးလွှမ်းခြင်း ပေါ်လွင်စွာ မပြုခြင်း ထင်စွာ မပြုခြင်း ကောင်းစွာဖုံးလွှမ်းခြင်း မကောင်းသောအမှုအရာသည်ရှိ၏၊ ဤသည်ကို လှည့်ပတ်ခြင်း 'မာယာ'ဟူ၍ ဆိုအပ်၏၊ အကြင်ပုဂ္ဂိုလ်သည် ဤလှည့်ပတ်ခြင်းကို မပယ်အပ်၊ ဤပုဂ္ဂိုလ်ကို လှည့်ပတ်တတ်သော'မာယာဝီ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



၅၃။ ဒုစရိုက်မှ မရှက်တတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ထိုစကား၌ ဒုစရိုက်မှ မရှက်ခြင်း 'အဟိရိက' ဟူသည် အဘယ်နည်း၊ အကြင်ဒုစရိုက်မှုကို ရှက်သင့်ပါလျက် မရှက်၊ ယုတ်မာသော ဒုစရိုက် အကုသိုလ်တရားတို့သို့ ရောက်ခြင်းမှမရှက်၊ ဤယုတ်မာသော အကုသိုလ်တရားတို့သို့ ရောက်ခြင်းမှမရှက်ခြင်းကို ဒုစရိုက်မှမရှက်ခြင်း 'အဟိရိက' ဟူ၍ ဆိုအပ်၏၊ ဤဒုစရိုက်မှ မရှက်ခြင်း အဟိရိကနှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို ဒုစရိုက်မှမရှက်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၅၄။ ဒုစရိုက်မှ မကြောက်လန့်တတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ထိုစကား၌ ဒုစရိုက်မှ မကြောက်လန့်ခြင်း 'အနောတ္တပ္ပ' ဟူသည် အဘယ်နည်း၊ အကြင်ဒုစရိုက်မှုကို ကြောက်လန့်သင့်ပါလျက် မကြောက်လန့်၊ ယုတ်ညံ့သော အကုသိုလ်တရားတို့သို့ ရောက်ခြင်းမှ မကြောက်လန့်၊ ဤယုတ်ညံ့သော အကုသိုလ်တရားတို့သို့ ရောက်ခြင်းမှ မကြောက်လန့်ခြင်းကို ဒုစရိုက်မှ မကြောက်လန့်ခြင်း 'အနောတ္တပ္ပ' ဟူ၍ ဆိုအပ်၏၊ ဤဒုစရိုက်မှ မကြောက်လန့်ခြင်း 'အနောတ္တပ္ပ' နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ဒုစရိုက်မှ မကြောက်လန့်တတ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၅၅။ ဆိုဆုံးမခက်သော 'ဒုဗ္ဗစ' ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ထိုစကား၌ ဆုံးမခက်ခြင်း 'ဒေါဝစဿတာ' ဟူသည် အဘယ်နည်း၊ သီတင်းသုံးဖော်တို့ ပြောဆိုအပ်သည်ရှိသော် အကြင် အပြောခက်ခြင်း အပြောခက်သောအဖြစ် အဆုံးခက်သောအဖြစ် ဖောက်ပြန်သောအယူကို ယူသောအဖြစ် ဆန့်ကျင်သောတရား၌ သာယာ (နှစ်သက်)သောအဖြစ် မရိုသေခြင်း မရိုသေသောအဖြစ် မလေးစားသောအဖြစ် မတုပ်ဝပ် မကျိုးနွံသော အဖြစ်သည် ရှိ၏၊ ဤသဘောစုကို ဆိုဆုံးမခက်ခြင်း 'ဒေါဝစဿတာ' ဟူ၍ ဆိုအပ်၏၊ ဤဆုံးမခက်ခြင်း 'ဒေါဝစဿတာ' နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ဆိုဆုံးမခက်သော 'ဒုဗ္ဗစ' ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၅၆။ ယုတ်မာသော အဆွေခင်ပွန်းရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ထိုစကား၌ ယုတ်မာသော အဆွေခင်ပွန်းရှိခြင်း 'ပါပမိတ္တတာ' ဟူသည် အဘယ်နည်း၊ အကြင်ပုဂ္ဂိုလ်တို့သည် သဒ္ဓါတရားမရှိကုန်၊ သီလမဲ့ကုန်၏၊ အကြားအမြင်နည်းကုန်၏၊ ဝန်တိုတတ်ကုန်၏၊ ပညာမဲ့ကုန်၏၊ ထိုပုဂ္ဂိုလ်တို့ကို အကြင်မှီဝဲခြင်း အမြဲမှီဝဲခြင်း အဖန်ဖန်မှီဝဲခြင်း ဆည်းကပ်ခြင်း အဖန်ဖန်ဆည်းကပ်ခြင်း ခစားခြင်း အဖန်ဖန်ခစားခြင်း ကိုင်းရှိုင်းညွတ်တွား ပေါင်းဖော်ခြင်းသည် ရှိ၏၊ ဤသဘောစုကို ယုတ်မာသော အဆွေခင်ပွန်းရှိခြင်း 'ပါပမိတ္တတာ' ဟူ၍ ဆိုအပ်၏၊ ဤယုတ်မာသော မိတ်ဆွေရှိခြင်းနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ယုတ်မာသောအဆွေခင်ပွန်းရှိသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၅၇။ ဣန္ဒြေတို့၌ မလုံခြုံသော တံခါးရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ထိုစကား၌ ဣန္ဒြေတို့၌ မလုံခြုံသော တံခါးရှိခြင်း 'ဣန္ဒြိယေသု အဂုတ္တဒွါရတာ' ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မျက်စိဖြင့် အဆင်း 'ရူပါရုံ' ကိုမြင်သော် (ယောကျ်ား မိန်းမစသော)အမှတ်နိမိတ်ကို စွဲယူလေ့ရှိ၏၊ (လက်ခြေစသောအမှတ်)လက္ခဏာငယ်ကို စွဲယူလေ့ရှိ၏၊ အကြင်အကြောင်းကြောင့် စက္ခုန္ဒြေကို မစောင့်စည်းမူ၍ နေသော ပုဂ္ဂိုလ်ကို မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ' ဟု ဆိုအပ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် အစဉ်လိုက်ကုန်ရာ၏၊ ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှါ မကျင့်၊ စက္ခုန္ဒြေကို မစောင့်ရှောက်၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ မရောက်။ နားဖြင့် အသံ 'သဒ္ဒါရုံ' ကို ကြားလတ်သော်။ပ။

http://www.dhammadownload.com



နှာခေါင်းဖြင့် အနံ့'ဂန္ဓာရုံ'ကို နံလတ်သော်။ပ။လျှာဖြင့်အရသာ'ရသာရုံ'ကို လျက်လတ်သော်။ပ။ ကိုယ်ဖြင့် အတွေ့'ဖောဋ္ဌဗ္ဗာရုံ'ကို တွေ့ထိလတ်သော်။ပ။ စိတ်ဖြင့် သဘောတရား'ဓမ္မာရုံ'ကို သိလတ်သော် (ယောကျ်ားမိန်းမစသော) အမှတ်နိမိတ်ကို စွဲယူလေ့ရှိ၏၊ (လက်ခြေစသော အမှတ်)လက္ခဏာငယ်ကို စွဲယူလေ့ရှိ၏၊ အကြင်အကြောင်းကြောင့် မနိန္ဒြေကို မစောင့်စည်းမူ၍ နေသော ထိုပုဂ္ဂိုလ်ကို မက်မောခြင်း'အဘိဇ္ဈာ'နှလုံးမသာခြင်း 'ဒေါမနဿ'ဟု ဆိုအပ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် အစဉ်လိုက်ကုန်ရာ၏၊ ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှါ မကျင့်၊ မနိန္ဒြေကို မစောင့်ရှောက်၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့မရောက်၊ ဤခြောက်ပါးသော ဣန္ဒြေတို့ကို အကြင်မလုံခြုံစေခြင်း မစောင့်ရှောက်ခြင်း မစောင့်စည်းခြင်းသည် ရှိ၏၊ဤသဘောစုကို ဣန္ဒြေတို့၌ မလုံခြုံသောတံခါးရှိခြင်း 'ဣန္ဒြိယေသု အဂုတ္တဒွါရတာ'ဟူ၍ ဆိုအပ်၏၊ ဤဣန္ဒြေတို့၌ မလုံခြုံသော တံခါးရှိခြင်းနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ဣန္ဒြေတို့၌ မလုံခြုံသော တံခါးရှိသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၅၇။ ဘောဇဉ်၌ အတိုင်းအရှည်ကို မသိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ထိုစကား၌ ဘောဇဉ်၌ အတိုင်းအရှည်မသိခြင်း 'ဘောဇနေအမတ္တညုတာ'ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မဆင်ခြင်မူ၍ မသင့်သော အကြောင်းအားဖြင့် မြူးထူးခြင်းငှါ မာန်ယစ်ခြင်းငှါ တင့်တယ်စေခြင်းငှါ ပြေပြစ်စေခြင်းငှါ အစာအာဟာရကို စား၏၊ ထိုအာဟာရကို စားရာ၌ အကြင်မရောင့်ရဲသောအဖြစ် အတိုင်းအရှည်ကို မသိသောအဖြစ် အစာဘောဇဉ်၌ မဆင်ခြင်သောအဖြစ်သည် ရှိ၏၊ဤသဘောစုကို ဘောဇဉ်၌ အတိုင်းအရှည်ကို မသိခြင်း 'ဘောဇနေအမတ္တညုတာ'ဟူ၍ ဆိုအပ်၏၊ ဤအစာဘောဇဉ်၌ အတိုင်းအရှည်ကို မသိခြင်းနှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို ဘောဇဉ်၌ အတိုင်းအရှည်ကို မသိသောပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၅၈။ လွတ်သောသတိရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ထိုစကား၌ လွတ်သောသတိရှိခြင်း 'မုဋ္ဌဿစ္စ'ဟူသည် အဘယ်နည်း၊ မအောက်မေ့ခြင်း အစဉ်မအောက်မေ့ခြင်း အဖန်ဖန်မအောက်မေ့ခြင်း မအောက်မေ့သောအဖြစ် မဆောင်နိုင်ခြင်း ပေါ့ဆသောအဖြစ် တွေဝေသောအဖြစ်သည် ရှိ၏၊ ဤသဘောစုကို လွတ်သောသတိရှိခြင်း'မုဋ္ဌဿစ္စ'ဟူ၍ ဆိုအပ်၏၊ ဤလွတ်သောသတိရှိခြင်းနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို လွတ်သောသတိရှိသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၆၀။ ပညာအဆင်ခြင်မရှိသောပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ထိုစကား၌ ပညာအဆင်ခြင်မရှိခြင်း 'အသမ္ပဇည'ဟူသည် အဘယ်နည်း၊ အကြင်မသိခြင်း မမြင်ခြင်း အထူးမသိခြင်း လျော်စွာမသိခြင်း ကောင်းစွာမသိခြင်း ထိုးထွင်း၍မသိခြင်း အမှန်မယူခြင်း အမှန်သို့မသက်ဝင်ခြင်း အသင့်မရှုခြင်း မဆင်ခြင်ခြင်း မျက်မှောက်မပြုခြင်း မလိမ္မာခြင်း မိုက်မဲခြင်း ပညာအဆင်ခြင်မဲ့ခြင်း တွေဝေခြင်း ပြင်းစွာတွေဝေခြင်း လွန်စွာတွေဝေခြင်း အမှန်မသိခြင်း'အဝိဇ္ဇာ'ဟူသော ဩဃ အဝိဇ္ဇာဟူသောယောဂ အဝိဇ္ဇာဟူသော အနုသယ အဝိဇ္ဇာဟူသောထကြွခြင်း အဝိဇ္ဇာဟူသော တံခါးကျည် အကုသိုလ်တို့၏အရင်းဖြစ်သော မသိခြင်း'မောဟ'သည် ရှိ၏၊ ဤသဘောစုကို ပညာအဆင်ခြင်မရှိခြင်း'အသမ္ပဇည'ဟူ၍ ဆိုအပ်၏၊ ဤပညာအဆင်ခြင်မရှိခြင်းနှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို ပညာအဆင်ခြင်မရှိသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



**၆၁။ သီလအကျင့်ပျက်စီးသော ပုဂ္ဂိုလ်ဟူသည်** အဘယ်နည်း၊ ထိုစကား၌ သီလအကျင့်ပျက်စီးခြင်း 'သီလဝိပတ္တိ'ဟူသည် အဘယ်နည်း၊ ကိုယ်၌ဖြစ်သော ဒုစရိုက်မှုကို လွန်ကျူးခြင်း၊ နှုတ်၌ဖြစ်သော 'ဒုစရိုက်မှုကို' လွန်ကျူးခြင်း ကိုယ်နှုတ်တို့၌ဖြစ်သော ဒုစရိုက်မှုကို လွန်ကျူးခြင်းသည်ရှိ၏၊ ဤသို့ ကိုယ်နှုတ်တို့ဖြင့် 'ဒုစရိုက်မှုကို' လွန်ကျူးခြင်းကို သီလအကျင့် ပျက်စီးခြင်း 'သီလဝိပတ္တိ'ဟူ၍ ဆိုအပ်၏၊ အလုံးစုံသော သီလမရှိခြင်းကိုလည်း သီလအကျင့်ပျက်စီးခြင်းဟူ၍ပင် ဆိုအပ်၏၊ဤသီလအကျင့်ပျက်စီးခြင်းနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို သီလအကျင့်ပျက်စီးသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၆၂။ အယူပျက်စီးသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ထိုစကား၌ အယူပျက်စီးခြင်း 'ဒိဋ္ဌိဝိပတ္တိ'ဟူသည် အဘယ်နည်း၊ "အလှူ၏ အကျိုးသည် မရှိ၊ ပူဇော်ခြင်း၏အကျိုးသည် မရှိ၊ ပသခြင်း၏ အကျိုးသည် မရှိ၊ ကောင်းစွာပြုအပ်သော မကောင်းသဖြင့် ပြုအပ်သော ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးရင်း အကျိုးဆက်သည် မရှိ၊ ဤပစ္စုပ္ပန်လောကသည် မရှိ၊ တမလွန်လောကသည် မရှိ၊ အမိ၌ ကောင်းစွာပြုမှု မကောင်းသဖြင့် ပြုမှု၏ အကျိုးသည် မရှိ၊ အဖ၌ ကောင်းစွာပြုမှု မကောင်းသဖြင့် ပြုမှု၏ အကျိုးသည် မရှိ၊ (ဧရာ်စသော) ဥပပါတ်သတ္တဝါသည် မရှိ၊ ဤလောကကိုရင်း တပါးသောလောကကိုရင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုကာ ဟောကြားနိုင်ကုန်သော ဖြောင့်မှန်သော အရိယမဂ်သို့ရောက်ကုန်သော သမဏ ဗြာဟ္မဏတို့သည် လောက၌မရှိကုန်"ဟု ဤသို့သဘောရှိသော အယူမှားခြင်း အယူမှားသော အဖြစ် အယူမှားတည်းဟူသော တောအုပ် အယူမှားတည်းဟူသော ခရီးခဲ အယူမှားတည်းဟူသော ဗြောင့်တံကျင် အယူမှားတည်းဟူသော တုန်လှုပ်ခြင်း အယူမှား(ဒိဋ္ဌိ)တည်းဟူသောသံယောဇဉ် အယူမှားကိုယူခြင်း အယူမှားကို အဖန်ဖန်ယူခြင်း မှားသောအားဖြင့် နှလုံးသွင်းခြင်း မှားသော အားဖြင့် သုံးသပ်ခြင်း မကောင်းသောခရီး မှားသောခရီး ဖောက်ပြန်သောအဖြစ် အယူမှားတည်းဟူသော ဆိပ်၌တည်ခြင်း ဖောက်ပြန်သဖြင့် ယူခြင်းသည်ရှိ၏၊ ဤသဘောစုကို အယူပျက်စီးခြင်း 'ဒိဋ္ဌိဝိပတ္တိ'ဟူ၍ ဆိုအပ်၏၊ အလုံးစုံသော မိစ္ဆာဒိဋ္ဌိသည်လည်း အယူပျက်စီးခြင်း 'ဒိဋ္ဌိဝိပတ္တိ' မည်၏၊ ဤအယူပျက်စီးခြင်းနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကို အယူပျက်စီးသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၆၃။ အတွင်းသံယောဇဉ်ရှိသောပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ အကြင်ပုဂ္ဂိုလ်သည် ကာမဘုံတည်းဟူသော အောက်အဖို့ရှိသော 'ဩရမ္ဘာဂိယ'သံယောဇဉ်ငါးပါးတရားတို့ကို မပယ်အပ်ကုန်၊ ဤပုဂ္ဂိုလ်ကို အတွင်းသံယောဇဉ်ရှိသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၆၄။ အပြင်အပ သံယောဇဉ်ရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ အကြင်ပုဂ္ဂိုလ်သည် ဗြဟ္မာ့ဘုံတည်းဟူသော အထက် အဖို့ရှိသော 'ဥဒ္ဓမ္ဘာဂိယ'သံယောဇဉ်ငါးပါးတရားတို့ကို မပယ်အပ်ကုန်၊ ဤပုဂ္ဂိုလ်ကို အပြင်အပ သံယောဇဉ်ရှိသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၆၅။ အမျက်မထွက်တတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ထိုစကား၌ အမျက်ထွက်ခြင်း 'ကောဓ'ဟူသည် အဘယ်နည်း၊ အကြင်အမျက်ထွက်ခြင်း အမျက်ထွက်သော အခြင်းအရာ အမျက်ထွက်သောအဖြစ် ပြစ်မှားခြင်း ပြစ်မှားသောအခြင်းအရာ ပြစ်မှားသောအဖြစ် ပကတိသဘောကို စွန့်ခြင်း ပကတိသဘောကို စွန့်သော အခြင်းအရာ ဆန့်ကျင်ခြင်း အဖန်ဖန်ဆန့်ကျင်ခြင်း ကြမ်းတမ်းသောအဖြစ် စကားကို ပြည့်စုံစွာ မဆိုနိုင်ခြင်း စိတ်နှလုံးမသာယာသော အဖြစ်

http://www.dhammadownload.com



သည် ရှိ၏၊ ဤသဘောစုကို အမျက်ထွက်ခြင်း 'ကောဓ'ဟူ၍ ဆိုအပ်၏၊ အကြင်ပုဂ္ဂိုလ်သည် ဤအမျက်ထွက်ခြင်းကို ပယ်အပ်၏၊ ဤပုဂ္ဂိုလ်ကို အမျက်မထွက်တတ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၆၆။ ရန်ငြိုးမဖွဲ့တတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ထိုစကား၌ ရန်ငြိုးဖွဲ့ခြင်း 'ဥပနာဟ'ဟူသည် အဘယ်နည်း၊ ရှေးကာလ၌ အမျက်ထွက်၏၊ နောက်ကာလ၌ ရန်ငြိုးဖွဲ့၏၊ ဤသို့သဘောရှိသော အကြင်ရန်ငြိုးဖွဲ့ခြင်း ရန်ငြိုးဖွဲ့သောအခြင်းအရာ ရန်ငြိုးဖွဲ့သူ၏အဖြစ် ရှေးရှုမထားခြင်း အမျက်ထားခြင်း ပြင်းစွာထားခြင်း အစဉ်ဘည်ခြင်း အစဉ်ဖွဲ့ခြင်း အမျက်ကို မြဲမြံစွာပြုခြင်းသည် ရှိ၏၊ ဤသဘောစုကို ရန်ငြိုးဖွဲ့ခြင်း'ဥပနာဟ'ဟူ၍ ဆိုအပ်၏၊ အကြင်ပုဂ္ဂိုလ်သည် အမျက်ထွက်ခြင်းကို ပယ်အပ်၏၊ ဤပုဂ္ဂိုလ်ကို ရန်ငြိုးမဖွဲ့တတ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၆၇။ ကျေးဇူးကို မချေဖျက်တတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ထိုစကား၌ ကျေးဇူးကို ချေဖျက်ခြင်း'မက္ခ'ဟူသည် အဘယ်နည်း၊ အကြင်သူ့ကျေးဇူးကို ချေဖျက်ခြင်း သူ့ကျေးဇူးကို ချေဖျက်သော အခြင်းအရာ သူ့ကျေးဇူးကို ချေဖျက်သောအဖြစ် သူ့ကျေးဇူးကို ခါသောအဖြစ် သူ့ကျေးဇူးကို ခါမှုသည် ရှိ၏၊ ဤသဘောစုကို သူ့ကျေးဇူးကို ချေဖျက်ခြင်း 'မက္ခ'ဟူ၍ ဆိုအပ်၏၊ အကြင်ပုဂ္ဂိုလ်သည် သူ့ကျေးဇူးကို ချေဖျက်ခြင်းကို ပယ်အပ်၏၊ ဤပုဂ္ဂိုလ်ကို သူ့ကျေးဇူးကို မချေဖျက်တတ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၆၈။ အပြိုင်မပြုသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ထိုစကား၌ အပြိုင်ပြုခြင်း'ပဠာသ'ဟူသည် အဘယ်နည်း၊ အပြိုင်ပြုခြင်း အပြိုင်ပြုသောအခြင်းအရာ အပြိုင်ပြုသောအဖြစ် အပြိုင်မှုကိုဆောင်ခြင်း ငြင်းခုံခြင်း အစုံယူခြင်း အယူကို မစွန့်ခြင်းသည် ရှိ၏၊ ဤသဘောစုကို အပြိုင်ပြုခြင်း'ပဠာသ'ဟူ၍ ဆိုအပ်၏၊ အကြင်ပုဂ္ဂိုလ်သည် ဤအပြိုင်ပြုခြင်းကို ပယ်အပ်၏၊ ဤပုဂ္ဂိုလ်ကို အပြိုင်မပြုတတ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၆၉။ မငြူစူတတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ထိုစကား၌ ငြူစူခြင်း'ဣဿာ'ဟူသည် အဘယ်နည်း၊ သူတပါးတို့လာဘ်ရခြင်း အရိုအသေပြုခံရခြင်း အလေးအမြတ်ပြုခံရခြင်း မြတ်နိုးခံရခြင်း ရှိခိုးခံရခြင်း ပူဇော်ခံရခြင်းတို့၌ အကြင်ငြူစူခြင်း ငြူစူသောအခြင်းအရာ ငြူစူသောအဖြစ် စောင်းမြောင်းခြင်း စောင်းမြောင်းသောအခြင်းအရာ စောင်းမြောင်းသော အဖြစ်သည် ရှိ၏၊ဤသဘောစုကို ငြူစူခြင်း'ဣဿာ'ဟူ၍ ဆိုအပ်၏၊ အကြင်ပုဂ္ဂိုလ်သည် ငြူစူစောင်းမြောင်းခြင်းကို ပယ်အပ်၏၊ ဤပုဂ္ဂိုလ်ကို မငြူစူတတ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၇၀။ ဝန်မတိုတတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ထိုစကား၌ ဝန်တိုခြင်း'မစ္ဆရိယ'ဟူသည် အဘယ်နည်း၊ ဝန်တိုခြင်းတို့သည် နေရာအိမ်ကျောင်း၌ဝန်တိုခြင်းငါး အမျိုး၌ဝန်တိုခြင်းငါး လာဘ်၌ဝန်တိုခြင်းငါး အဆင်းဂုဏ်၌ဝန်တိုခြင်းငါး တရား၌ဝန်တိုခြင်းငါး ဤသို့လျှင် ငါးပါးရှိကုန်၏၊ ဤသို့သဘောရှိသော အကြင်ဝန်တိုခြင်း ဝန်တိုသောအခြင်းအရာ ဝန်တိုသူ၏အဖြစ် မလိုလားခြင်း စဉ်းလဲခြင်း ခါးစပ်ခြင်း စိတ်၏အမှန်ကို မယူသောအဖြစ်သည် ရှိ၏၊ ဤသဘောစုကို ဝန်တိုခြင်း'မစ္ဆရိယ'ဟူ၍ ဆိုအပ်၏၊ အကြင်ပုဂ္ဂိုလ်သည် ဤဝန်တိုခြင်းကို ပယ်အပ်၏၊ ဤပုဂ္ဂိုလ်ကို ဝန်မတိုတတ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



၇၁။ မစဉ်းလဲတတ်သော ပုဂ္ဂိုလ်သည် အဘယ်နည်း၊ ထိုစကား၌ စဉ်းလဲခြင်း 'သာဌေယျ' ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် စဉ်းလဲ၏၊ ထက်ဝန်းကျင်စဉ်းလဲ၏၊ ထိုစကား၌ အကြင်စဉ်းလဲခြင်း စဉ်းလဲသောအခြင်းအရာ စဉ်းလဲသူ၏အဖြစ် ကြမ်းတမ်းခြင်း ကြမ်းတမ်းသူ၏အဖြစ် စိုက်၍ထားဘိသကဲ့သို့ မြဲမြံစွာ ကောက်ကျစ်ခြင်း ကောက်ကျစ်သည်၏ အဖြစ်သည် ရှိ၏၊ ဤသဘောစုကို စဉ်းလဲခြင်း'သာဌေယျ'ဟူ၍ ဆိုအပ်၏၊ အကြင်ပုဂ္ဂိုလ်သည် ဤစဉ်းလဲခြင်းကို ပယ်အပ်၏၊ ဤပုဂ္ဂိုလ်ကို မစဉ်းလဲတတ်သောပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၇၂။ မလှည့်ပတ်တတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ထိုစကား၌ လှည့်ပတ်ခြင်း 'မာယာ'ဟူသည် အဘယ်နည်း၊ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကိုယ်ဖြင့် ဒုစရိုက်ကို ကျင့်၍ နှုတ်ဖြင့် ဒုစရိုက်ကို ကျင့်၍ စိတ်ဖြင့် ဒုစရိုက်ကို ကျင့်၍ ထိုမကောင်းမှုကို ဖုံးလွှမ်းလိုခြင်းကြောင့် မကောင်းသော အလိုကို ဆောက်တည်၏၊ "ငါ့ကို (သူတပါးတို့) မသိစေလင့်"ဟု လိုလား၏၊ "ငါ့ကို (သူတပါးတို့)မသိစေလင့်"ဟု ကြံစည်၏၊ "ငါ့ကို(သူတပါးတို့)မသိစေလင့်"ဟု ပြောဆို၏၊ "ငါ့ကို (သူတပါးတို့) မသိစေလင့်"ဟု ကိုယ်ဖြင့် လှုံ့လပြု၏၊ ဤသို့သဘောရှိသော အကြင် လှည့်ပတ်ခြင်း လှည့်ပတ်သောအဖြစ် လှည့်စားခြင်း လွန်စွာလှည့်စားခြင်း ကောက်ကျစ်စဉ်းလဲခြင်း (ငါမပြုဟု)ပယ်ခြင်း (ငါမပြုဟု)အဖန်ဖန်ကြဉ်ခြင်း လျှို့ဝှက်ခြင်း ထက်ဝန်းကျင် လျှို့ဝှက်ခြင်း ဖုံးလွှမ်းခြင်း အဖန်ဖန်ဖုံးလွှမ်းခြင်း ပေါ်လွင်စွာ မပြုခြင်း ထင်စွာမပြုခြင်း ကောင်းစွာ ဖုံးလွှမ်းခြင်း မကောင်းသော အမှုအရာသည် ရှိ၏၊ ဤသဘောစုကို လှည့်ပတ်ခြင်း 'မာယာ'ဟူ၍ ဆိုအပ်၏၊ အကြင်ပုဂ္ဂိုလ်သည် ဤလှည့်ပတ်ခြင်းကို ပယ်အပ်၏၊ ဤပုဂ္ဂိုလ်ကို မလှည့်ပတ်တတ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၇၃။ ဒုစရိုက်မှ ရှက်တတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ထိုစကား၌ ဒုစရိုက်မှ ရှက်ခြင်း 'ဟိရီ'ဟူသည် အဘယ်နည်း၊အကြင်ဒုစရိုက်မှုကို ရှက်သင့်သည်မှ ရှက်၏၊ ယုတ်ညံ့သော အကုသိုလ် တရားတို့သို့ ရောက်ခြင်းမှ ရှက်၏၊ ဤသဘောစုကို ရှက်ခြင်း 'ဟိရီ'ဟူ၍ ဆိုအပ်၏၊ ဤဒုစရိုက်မှ ရှက်ခြင်း'ဟိရီ'နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ဒုစရိုက်မှ ရှက်တတ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၇၄။ ဒုစရိုက်မှ ကြောက်လန့်တတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ထိုစကား၌ ဒုစရိုက်မှ ကြောက်လန့်ခြင်း 'ဩတ္တပ္ပ'ဟူသည် အဘယ်နည်း၊ အကြင်ဒုစရိုက်မှုကို ကြောက်လန့်သင့်သည်မှ ကြောက်လန့်၏၊ယုတ်ညံ့သော အကုသိုလ်တရားတို့သို့ ရောက်ခြင်းမှ ကြောက်လန့်၏၊ ဤသဘောစုကို ကြောက်လန့်ခြင်း 'ဩတ္တပ္ပ'ဟူ၍ ဆိုအပ်၏၊ ဤဒုစရိုက်မှ ကြောက်လန့်ခြင်း'ဩတ္တပ္ပ'နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ဒုစရိုက်မှ ကြောက်လန့်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၇၅။ ဆိုဆုံးမ လွယ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ထိုစကား၌ ဆိုဆုံးမလွယ်ခြင်း 'သောဝစဿတာ'ဟူသည် အဘယ်နည်း သီတင်းသုံးဖော်တို့၏ (တရားနှင့်အညီ) ပြောဆိုသည် ရှိသော် အကြင်အပြောလွယ်ခြင်း အပြောလွယ်သောအဖြစ် အဆိုလွယ်သောအဖြစ် ဖောက်ပြန်သောအယူကို မယူသောအဖြစ် ဆန့်ကျင်သော တရား၌ မသာယာသောအဖြစ် ရိုသေခြင်း ရိုသေသောအဖြစ် လေးစားသောအဖြစ် တုပ်ဝပ်ကျိုးနွံသောအဖြစ်သည် ရှိ၏၊ ဤသဘောစုကို ဆိုဆုံးမလွယ်သော 'သောဝစဿတာ'ဟူ၍ ဆိုအပ်၏၊ ဤဆိုဆုံးမလွယ်ခြင်း 'သောဝစဿတာ' နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကို ဆိုဆုံးမလွယ်သောပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



၇၆။ ကောင်းသော အဆွေခင်ပွန်းရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ထိုစကား၌ ကောင်းသောအဆွေခင်ပွန်း ရှိခြင်း'ကလျာဏမိတ္တတာ'ဟူသည် အဘယ်နည်း၊အကြင်ပုဂ္ဂိုလ်တို့သည် သဒ္ဓါတရားရှိကုန်၏၊ သီလရှိကုန်၏၊ အကြားအမြင်များကုန်၏၊ ပေးကမ်းစွန့်ကြဲခြင်းရှိကုန်၏၊ ပညာရှိကုန်၏၊ ထိုပုဂ္ဂိုလ်တို့ကို အကြင်မှီဝဲခြင်း အမြဲမှီဝဲခြင်း ကောင်းစွာမှီဝဲခြင်း ဆည်းကပ်ခြင်း ကောင်းစွာဆည်းကပ်ခြင်း ခစားခြင်း ကောင်းစွာခစားခြင်း ကိုင်းရှိုင်းညွတ်တွားခြင်းသည် ရှိ၏၊ ဤသဘောစုကို ကောင်းသောအဆွေခင်ပွန်းရှိခြင်း 'ကလျာဏမိတ္တတာ'ဟူ၍ ဆိုအပ်၏၊ဤကောင်းသောအဆွေခင်ပွန်းရှိခြင်းနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကို ကောင်းသောအဆွေခင်ပွန်းရှိသောပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၇၇။ ဣန္ဒြေတို့၌ လုံခြုံသော တံခါးရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ထိုစကား၌ ဣန္ဒြေတို့၌ လုံခြုံသော တံခါးရှိခြင်း'ဣန္ဒြိယေသု ဂုတ္တဒွါရတာ'ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မျက်စိဖြင့် အဆင်း'ရူပါရုံ'ကို မြင်လတ်သော် (ယောကျ်ား မိန်းမ စသော) အမှတ်နိမိတ်ကို စွဲယူလေ့မရှိ၊ (လက်ခြေစသောအမှတ်) လက္ခဏာငယ်ကို စွဲယူလေ့မရှိ အကြင်အကြောင်းကြောင့် စက္ခုန္ဒြေကို မစောင့်စည်းမူ၍ နေသောပုဂ္ဂိုလ်ကို မက်မောခြင်း'အဘိဇ္ဈာ'နှလုံးမသာယာခြင်း 'ဒေါမနဿ'ဟု ဆိုအပ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် အစဉ်လိုက်ကုန်ရာ၏၊ ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှါကျင့်၏၊စက္ခုန္ဒြေကို စောင့်ရှောက်၏၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ နားဖြင့် အသံ'သဒ္ဒါရုံ'ကို ကြားလတ်သော်။ပ။နှာခေါင်းဖြင့် အနံ့'ဂန္ဓာရုံ'ကို နံလတ်သော်။ပ။လျှာဖြင့် အရသာ'ရသာရုံ'ကို လျက်လတ်သော်။ပ။ကိုယ်ဖြင့် အတွေ့အထိ 'ဖောဋ္ဌဗ္ဗာရုံ'ကို တွေ့ထိလတ်သော်။ပ။စိတ်ဖြင့် သဘောတရား'ဓမ္မာရုံ'ကို သိလတ်သော် (ယောကျ်ား မိန်းမ စသော) အမှတ်နိမိတ်ကို စွဲယူလေ့မရှိ၊ (လက်ခြေစသော အမှတ်) လက္ခဏာငယ်ကို စွဲယူလေ့မရှိ၊ အကြင်အကြောင်းကြောင့် မနိန္ဒြေကို မစောင့်စည်းမူ၍ နေသောပုဂ္ဂိုလ်ကို မက်မောခြင်း'အဘိဇ္ဈာ'နှလုံးမသာခြင်း'ဒေါမနဿ'ဟု ဆိုအပ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် အစဉ်လိုက်ကုန်ရာ၏၊ ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှါကျင့်၏၊ မနိန္ဒြေကို စောင့်ရှောက်၏၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏၊ ဤခြောက်ပါးသော ဣန္ဒြေတို့ကို အကြင်လုံခြုံခြင်း လုံခြုံစေခြင်း စောင့်ရှောက်ခြင်း စောင့်စည်းခြင်းသည် ရှိ၏၊ဤသဘောစုကို ဣန္ဒြေတို့၌ လုံခြုံသော တံခါးရှိခြင်း ဣန္ဒြိယေသု ဂုတ္တဒွါရတာ'ဟူ၍ ဆိုအပ်၏၊ ဤဣန္ဒြေတို့၌ လုံခြုံသော တံခါးရှိခြင်းနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ဣန္ဒြေတို့၌ လုံခြုံသောတံခါးရှိသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၇၈။ ဘောဇဉ်၌အတိုင်းအရှည်ကိုသိသောပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ထိုစကား၌ ဘောဇဉ်၌ အတိုင်းအရှည်ကိုသိခြင်း 'ဘောဇနေမတ္တညုတာ'ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အသင့်အားဖြင့် ဆင်ခြင်၍ အာဟာရကို စားမျို၏၊ မြူးဆူးခြင်းငှါ မာန်ယစ်ခြင်းငှါ တင့်တယ်စေခြင်းငှါ ပြေပြစ်စေခြင်းငှါ အစာအာဟာရကို မစား၊ အကြင်မျှလောက် ကာလတိုင်အောင် ဤကိုယ်၏တည်ကြည်ခြင်းငှါ မျှတခြင်းငှါ ညှဉ်းဆဲခြင်းကို ဖျောက်ခြင်းဌါ မြတ်သောအကျင့်ကို ချီးမြှောက်ခြင်းငှါ အစာအာဟာရကို စား၏၊ ဤအစာအာဟာရကို စားသည်ရှိသော် အဟောင်းဖြစ်သော မွတ်သိပ်ဆာလောင်ခြင်း ဝေဒနာကိုလည်း ပယ်ဖျောက်အံ့၊ အသစ်ဖြစ်သော ဝေဒနာကိုလည်း မဖြစ်စေအံ့၊ငါ့အား မျှတခြင်း အပြစ်ကင်းခြင်း ချမ်းသာစွာ နေရခြင်းသည်လည်း ဖြစ်လတ္တံ့ဟု ဤသို့လျှင် ငါသည် အစာအာဟာရကို စားသောက်မှီဝဲပါ၏၊ ထိုအစာအာဟာရကို

http://www.dhammadownload.com



**စားရာ၌** အကြင်ရောင့်ရဲလွယ်သောအဖြစ် အတိုင်းအရှည်သိသောအဖြစ် အစာဘောဇဉ်၌ ဆင်ခြင်ခြင်းသည် ရှိ၏၊ ဤသဘောစုကို ဘောဇဉ်၌ အတိုင်းအရှည်ကိုသိခြင်း'ဘောဇနေ မတ္တညုတာ' ဟူ၍ ဆိုအပ်၏၊ ဤဘောဇဉ်၌ အတိုင်းအရှည်ကို သိခြင်းနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ဘောဇဉ်၌ အတိုင်းအရှည်ကို သိသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၇၉။ ထင်သောသတိရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ထိုစကား၌ အောက်မေ့ခြင်း 'သတိ'ဟူသည် အဘယ်နည်း၊အကြင်အောက်မေ့ခြင်း အစဉ်အောက်မေ့ခြင်း အဖန်ဖန်အောက်မေ့ခြင်း အောက်မေ့သောအဖြစ် ဆောင်နိုင်ခြင်း မပေါ့ဆသောအဖြစ် မတွေဝေသောအဖြစ် အောက်မေ့ခြင်း သတိန္ဒြေ သတိဗိုလ် သမ္မာသတိသည် ရှိ၏၊ ဤသဘောစုကို အောက်မေ့ခြင်း 'သတိ'ဟူ၍ ဆိုအပ်၏၊ ဤအောက်မေ့ခြင်း'သတိ'နှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို ထင်သော သတိရှိသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၈၀။ ပညာအဆင်ခြင်ရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ထိုစကား၌ ပညာအဆင်ခြင် 'သမ္ပဇဉ်'ဟူသည် အဘယ်နည်း၊ အကြင်သိခြင်း အပြားအားဖြင့်သိခြင်း အထူးသဖြင့် ဆင်ခြင်ခြင်း အပြားအားဖြင့် ဆင်ခြင်ခြင်း တရားကို ဆင်ခြင်ခြင်း ကောင်းစွာမှတ်ခြင်း ကပ်၍ မှတ်ခြင်း ရှေးရှုမှတ်ခြင်း ပညာရှိသောအဖြစ် ကျွမ်းကျင်လိမ္မာသောအဖြစ် သိမ်မွေ့ဖြူစင်သောအဖြစ် စိတ်ဖြာခွဲခြမ်းသောအဖြစ် ကြံခြင်း စူးစမ်းခြင်း မြေကြီးအတုနှင့်တူသောပညာ ဝရဇိန်လက်နက်နှင့်တူသော ပညာ ပညာတည်းဟူသော အကြီးအမှူး အနိစ္စစသော လက္ခဏာရေးကို ရှုခြင်း အပြားအားဖြင့် ကောင်းစွာဆင်ခြင်ခြင်း သဘာဝပညာတည်းဟူသောလှံကံ အပြားအားဖြင့်သိခြင်း ပညာတည်းဟူသောဣန္ဒြေ ပညာဗိုလ် ပညာလက်နက် ပညာပြာသာဒ် ပညာအလင်း ပညာအရောင် ပညာဆီမီးတန်ဆောင် ပညာရတနာ မတွေမဝေသိခြင်း တရားကို အတူးဆင်ခြင်ခြင်း ကောင်းစွာသိမြင်ခြင်းသည်ရှိ၏၊ ဤသဘောစုကို ပညာအဆင်ခြင်'သမ္ပဇည'ဟူ၍ ဆိုအပ်၏၊ ဤပညာအဆင်ခြင် 'သမ္ပဇဉ်'နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ပညာအဆင်ခြင်ရှိသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၈၁။ သီလအကျင့်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ထိုစကားရပ်၌ သီလအကျင့်နှင့်ပြည့်စုံခြင်း 'သီလသမ္ပဒါ'ဟူသည် အဘယ်နည်း၊ ကိုယ်၌ ဖြစ်သော ဒုစရိုက်ကို မလွန်ကျူးခြင်း နှုတ်၌ဖြစ်သော ဒုစရိုက်ကို မလွန်ကျူးခြင်း ကိုယ်နှုတ်တို့၌ ဖြစ်သော ဒုစရိုက်ကို မလွန်ကျူးခြင်းသည် ရှိ၏၊ ဤသဘောစုကို သီလအကျင့်ပြည့်စုံခြင်း'သီလသမ္ပဒါ'ဟူ၍ ဆိုအပ်၏၊ အလုံးစုံသောသီလကို စောင့်စည်းခြင်းကိုလည်း သီလအကျင့်ပြည့်စုံခြင်းဟူ၍ပင် ဆိုအပ်၏၊ ဤသီလအကျင့်ပြည့်စုံခြင်းနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကို သီလအကျင့်နှင့်ပြည့်စုံသောပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၈၂။ အယူနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ထိုစကားရပ်၌ အယူနှင့်ပြည့်စုံခြင်း 'ဒိဋ္ဌိသမ္ပဒါ'ဟူသည် အဘယ်နည်း၊ "အလှူ၏အကျိုးသည် ရှိ၏၊ ပူဇော်ခြင်း၏အကျိုးသည် ရှိ၏၊ ပသခြင်း၏အကျိုးသည် ရှိ၏၊ ကောင်းစွာပြုအပ် မကောင်းသဖြင့်ပြုအပ်သော ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးရင်းအကျိုးဆက်သည် ရှိ၏၊ ဤပစ္စုပ္ပန်လောကသည် ရှိ၏၊ တမလွန်လောကသည် ရှိ၏၊ အမိ၌ ကောင်းစွာပြုမှု မကောင်းသဖြင့် ပြုမှု၏ အကျိုးသည် ရှိ၏၊ အဖ၌ ကောင်းစွာပြုမှု မကောင်းသဖြင့် ပြုမှု၏ အကျိုးသည် ရှိ၏၊ (ဧရဲစသော) ဥပပါတ်သတ္တဝါသည် ရှိ၏၊ ဤလောကကိုရင်း တပါးသောလောကကိုရင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်

http://www.dhammadownload.com



မှောက်ပြုကာ ဟောကြားနိုင်ကုန်သော ဖြောင့်မှန်သော အရိယမဂ်သို့ရောက်ကုန်သော သမဏ ဗြာဟ္မဏတို့သည် လောက၌ ရှိကုန်၏”ဟု ဤသို့ သဘောရှိသော အကြင်သိခြင်း အပြားအားဖြင့် သိခြင်း။ပ။မတွေမဝေသိခြင်း တရားကိုအထူးဆင်ခြင်ခြင်း ကောင်းစွာသိခြင်း ‘သမ္မာဒိဋ္ဌိ’သည် ရှိ၏၊ ဤသဘောစုကို အယူနှင့် ပြည့်စုံခြင်း ‘ဒိဋ္ဌိသမ္ပဒါ’ဟူ၍ ဆိုအပ်၏၊ အလုံးစုံသော ကောင်းစွာသိမှု ‘သမ္မာဒိဋ္ဌိ’ကိုလည်း အယူနှင့် ပြည့်စုံခြင်းဟူ၍ပင် ဆိုအပ်၏၊ ဤအယူ ပြည့်စုံခြင်းနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို အယူနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၈၃။ လောက၌ ရနိုင်ခဲကုန်သော ပုဂ္ဂိုလ်နှစ်ယောက်တို့သည် အဘယ်နည်း၊ အကြင်ပုဂ္ဂိုလ်သည်ကား ရှေးဦးစွာ ကျေးဇူးပြုတတ်၏၊ အကြင်ပုဂ္ဂိုလ်သည် ပြုဘူးသော သူ့ကျေးဇူးကို သိ၍ ပြုဘူးသော ကျေးဇူးကို ထင်စွာပြလေ့ရှိ၏၊ ဤပုဂ္ဂိုလ် နှစ်ယောက်တို့သည် လောက၌ ရခဲကုန်၏။

၈၄။ လောက၌ ရောင့်ရဲနိုင်ခဲကုန်သော ပုဂ္ဂိုလ်နှစ်ယောက်တို့သည် အဘယ်သူတို့နည်း၊အကြင်ပုဂ္ဂိုလ်သည်ကား ရတိုင်း ရတိုင်းကို သိုမှီးသိမ်းဆည်းထား၏၊ အကြင်ပုဂ္ဂိုလ်သည်ကား ရတိုင်း ရတိုင်းကို စွန့်လွှတ်၏၊ ဤပုဂ္ဂိုလ်နှစ်ယောက်တို့သည် လောက၌ ရောင့်ရဲနိုင်ခဲကုန်၏။

၈၅။ လောက၌ ရောင့်ရဲလွယ်ကုန်သော ပုဂ္ဂိုလ်နှစ်ယောက်တို့သည် အဘယ်နည်း၊ အကြင်ပုဂ္ဂိုလ်သည်ကား ရတိုင်း ရတိုင်းကို မသိုမှီး မသိမ်းဆည်း၊အကြင်ပုဂ္ဂိုလ်သည်ကား ရတိုင်း ရတိုင်းကို မစွန့်လွှတ်၊ ဤပုဂ္ဂိုလ်နှစ်ယောက်တို့သည် လောက၌ ရောင့်ရဲလွယ်ကုန်၏။

၈၆။ လောက၌ အဘယ်ပုဂ္ဂိုလ်နှစ်ယောက်တို့အား အာသဝေါတရားတို့သည် တိုးပွါးကုန်သနည်း၊ အကြင်ပုဂ္ဂိုလ်သည်ကား အလိုလို‘ကုက္ကုစ္စ’မရှိအပ်သည်ကို အလိုလို‘ကုက္ကုစ္စ’ရှိ၏၊ အကြင်ပုဂ္ဂိုလ်သည်ကား အလိုလို ‘ကုက္ကုစ္စ’ ရှိအပ်သည်ကို အလိုလို‘ကုက္ကုစ္စ’ မရှိ၊ ဤပုဂ္ဂိုလ်နှစ်ယောက်တို့အား အာသဝေါတရားတို့သည် တိုးပွါးကုန်၏။

၈၇။ လောက၌ အဘယ်ပုဂ္ဂိုလ်နှစ်ယောက်တို့အား အာသဝေါတရားတို့သည် မတိုးပွါးကုန်သနည်း၊ အကြင်ပုဂ္ဂိုလ်သည်ကား အလိုလို‘ကုက္ကုစ္စ’မရှိအပ်သည်ကို အလိုလို‘ကုက္ကုစ္စ’ မရှိ၊အကြင်ပုဂ္ဂိုလ်သည်ကား အလိုလို‘ကုက္ကုစ္စ’ ရှိအပ်သည်ကို အလိုလို‘ကုက္ကုစ္စ’ ရှိ၏၊ ဤပုဂ္ဂိုလ်နှစ်ယောက်တို့အား အာသဝေါတရားတို့သည် မတိုးပွါးကုန်။

၈၈။ ယုတ်ညံ့သော နှလုံးသွင်းရှိသော ပုဂ္ဂိုလ်သည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သီလမရှိမှု၍ ယုတ်ညံ့သော အကျင့်ရှိ၏၊ ထိုပုဂ္ဂိုလ်သည် သီလမရှိမှု၍ ယုတ်ညံ့သော အကျင့်ရှိ၏၊ ထိုပုဂ္ဂိုလ်သည် သီလမရှိသော ယုတ်ညံ့သော အကျင့်ရှိသော တပါးသော ပုဂ္ဂိုလ်ကို မှီဝဲ၏၊ ဆည်းကပ်၏၊အဖန်ဖန် ချဉ်းကပ်၏၊ ဤပုဂ္ဂိုလ်ကို ယုတ်ညံ့သော နှလုံးသွင်းရှိသော‘ဟီနာဓိမုတ္တ’ ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၈၉။ မြတ်သော နှလုံးသွင်းရှိသော ပုဂ္ဂိုလ်သည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သီလရှိ၏၊ ကောင်းသော အကျင့်ရှိ၏၊ ထိုပုဂ္ဂိုလ်သည် သီလရှိသော ကောင်းသော

http://www.dhammadownload.com



အကျင့်ရှိသော တပါးသော ပုဂ္ဂိုလ်ကို မှီဝဲ၏၊ ဆည်းကပ်၏၊ အဖန်ဖန် ချဉ်းကပ်၏၊ ဤပုဂ္ဂိုလ်ကို မြတ်သော နှလုံးသွင်းရှိသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၉၀။ ရောင့်ရဲတတ်သော ပုဂ္ဂိုလ်သည် အဘယ်နည်း၊ အသျှင်ပစ္စေကဗုဒ္ဓါတို့သည်၎င်း မြတ်စွာဘုရားရှင်၏ တပည့်သာဝကဖြစ်သော အကြင်ရဟန္တာအသျှင်မြတ်တို့သည်၎င်း ရောင့်ရဲတတ်သော 'တိတ္တ'ပုဂ္ဂိုလ်တို့ မည်ကုန်၏၊ သဗ္ဗညုမြတ်စွာဘုရားသည်ကား (လောကုတ္တရာတရားတို့ဖြင့်) ကိုယ်တိုင်လည်း ရောင့်ရဲတတ်သော ပုဂ္ဂိုလ်မည်၏၊ တပည့်သာဝကတို့ကိုလည်း ရောင့်ရဲစေတတ်သော ပုဂ္ဂိုလ်မည်၏။

ဒုကနိဒ္ဒေသ ပြီး၏။

---

## ၃-တိကပုဂ္ဂလပညတ်

၉၁။ အရဟတ္တဖိုလ်ကိုရခြင်း၌ မတောင့်တသောပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သီလမရှိ ယုတ်ညံ့သောအကျင့်ရှိ၏၊ မစင်ကြယ်၊ ယုံမှားဖွယ်အကျင့်ရှိ၏၊ ဖုံးလွှမ်းအပ်သောအမှုရှိ၏၊ ရဟန်းမဟုတ်ပဲ ရဟန်းဟု ဝန်ခံ၏၊ မြတ်သောအကျင့်မရှိပဲ မြတ်သော အကျင့်ရှိသည်ဟု ဝန်ခံ၏၊ အတွင်းပုပ်၏၊ ကိလေသာဖြင့် စိုစွတ်၏၊ အမှိုက်သဖွယ်ဖြစ်၏၊ ထိုပုဂ္ဂိုလ်သည် "ဤမည်သော ရဟန်းသည် အာသဝေါတို့၏ကုန်ခြင်းကြောင့် အာသဝေါကင်းသော စိတ်ဖြင့် ကိလေသာမှလွတ်သော ပညာဖြင့် ကိလေသာမှလွတ်သော အရဟတ္တဖိုလ်ကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေသတတ်"ဟု ကြား၏၊ ထိုပုဂ္ဂိုလ်အား "အဘယ်အခါ၌ ငါသည်လည်း အာသဝေါတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော စိတ်ဖြင့် ကိလေသာမှ လွတ်သောပညာဖြင့် ကိလေသာမှလွတ်သော အရဟတ္တဖိုလ်ကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေရအံ့နည်း"ဟု ဤသို့အကြံအစည်မျိုးသည် မဖြစ်၊ ဤပုဂ္ဂိုလ်ကို အရဟတ္တဖိုလ်ကို ရခြင်း၌ မတောင့်တသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၉၂။ အရဟတ္တဖိုလ်ကို ရခြင်း၌ တောင့်တသောပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် သီလရှိ၏၊ ကောင်းသောအကျင့်ရှိ၏၊ ထိုပုဂ္ဂိုလ်သည် "ဤမည်သော ရဟန်းသည် အာသဝေါတို့၏ကုန်ခြင်းကြောင့် အာသဝေါကင်းသောစိတ်ဖြင့် ကိလေသာမှလွတ်သော ပညာဖြင့် ကိလေသာမှလွတ်သော အရဟတ္တဖိုလ်ကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေသတတ်"ဟု ကြား၏၊ ထိုပုဂ္ဂိုလ်အား "အဘယ်အခါ၌ ငါသည်လည်း အာသဝေါတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော စိတ်ဖြင့် ကိလေသာမှလွတ်သော ပညာဖြင့် ကိလေသာမှလွတ်သော အရဟတ္တဖိုလ်ကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက်ရောက်၍ နေရအံ့နည်း"ဟု ဤအကြံအစည်မျိုးသည် ဖြစ်၏၊ ဤပုဂ္ဂိုလ်ကို အရဟတ္တဖိုလ်ကို ရခြင်း၌ တောင့်တသောပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



၉၃။ အရဟတ္တဖိုလ်ကို ရခြင်း၌ တောင့်တခြင်းမှကင်းသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် အာသဝေါတရားတို့၏ကုန်ခြင်းကြောင့် အာသဝေါကင်းသော စိတ်ဖြင့် ကိလေသာမှလွတ်သော ပညာဖြင့် ကိလေသာမှလွတ်သော အရဟတ္တဖိုလ်ကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေ၏၊ ထိုပုဂ္ဂိုလ်သည် "ဤအမည်ရှိသော ပုဂ္ဂိုလ်သည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော စိတ်ဖြင့် ကိလေသာမှလွတ်သောပညာဖြင့် ကိလေသာမှလွတ်သော အရဟတ္တဖိုလ်ကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေသတတ်"ဟု ကြား၏၊ ထိုပုဂ္ဂိုလ်အား "အဘယ်အခါ၌ ငါသည်လည်း အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော စိတ်ဖြင့် ကိလေသာမှ လွတ်သော ပညာဖြင့် ကိလေသာမှလွတ်သော အရဟတ္တဖိုလ်ကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရအံ့နည်း"ဟု ဤအကြံအစည်မျိုးသည် မဖြစ်၊ ဤသို့ အကြံအစည်မျိုး မဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ စင်စစ် ထိုရဟန္တာပုဂ္ဂိုလ်အား (အရဟတ္တဖိုလ်သို့မရောက်မီ) ရှေးအဖို့၌ အရဟတ္တဖိုလ်ဝိမုတ္တိဖြင့် ကိလေသာမှ မလွတ်သေးသည်ဖြစ်၍ အကြင်အရဟတ္တဖိုလ်ကို လိုလားတောင့်တခြင်းသည် ရှိ၏၊ ထို လိုလားတောင့်တခြင်းသည် ငြိမ်းအေး၏၊ ဤပုဂ္ဂိုလ်ကို အရဟတ္တဖိုလ်ကို ရခြင်း၌ တောင့်တခြင်းကင်းသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၉၄။ သူနာနှင့်တူသော ပုဂ္ဂိုလ်သုံးယောက်တို့သည် အဘယ်နည်း၊ ထိုစကားရပ်၌ သူနာတို့သည် သုံးယောက်ရှိကုန်၏၊ ဤလောက၌ အချို့သောသူနာသည် သင့်တင့်သောအစာဘောဇဉ်တို့ကို ရသော်၎င်း မရသော်၎င်း၊ သင့်တင့်သောဆေး ဝါး ဓာတ်စာတို့ကို ရသော်၎င်း မရသော်၎င်း၊ လျောက်ပတ်သော အလုပ်အကျွေးကို ရသော်၎င်း မရသော်၎င်း၊ ထိုအနာရောဂါမှ မထ။ (၁)

ဤလောက၌ အချို့သောသူနာသည်ကား သင့်တင့်သောအစာဘောဇဉ်တို့ကို ရသော်၎င်း မရသော်၎င်း၊ သင့်တင့်သောဆေး ဝါး ဓာတ်စာတို့ကို ရသော်၎င်း မရသော်၎င်း၊ လျောက်ပတ်သော အလုပ်အကျွေးကို ရသော်၎င်း မရသော်၎င်း၊ ထိုအနာရောဂါမှ ထ၏။ (၂)

ဤလောက၌ အချို့သောသူနာသည်ကား သင့်တင့်သောအစာဘောဇဉ်တို့ကို ရသော် ထိုအနာရောဂါမှ ထ၏၊မရသော် မထ၊သင့်တင့်သော ဆေး ဝါး ဓာတ်စာတို့ကို ရသော် ထိုအနာရောဂါမှ ထ၏၊ မရသော် မထ၊ လျောက်ပတ်သော အလုပ်အကျွေးတို့ကို ရသော် ထိုအနာရောဂါမှ ထ၏၊ မရသော် မထ။ (၃)

ထိုဥပမာစကားရပ်၌ အကြင်သူနာသည် သင့်တင့်သောအစာဘောဇဉ် ဆေး အလုပ်အကျွေးတို့ကို ရသော် ထိုအနာရောဂါမှ ထ၏၊ မရသော် မထ၊ ဤသူနာကို ရည်ရွယ်၍ မြတ်စွာဘုရားသည် သူနာအား လျောက်ပတ်သော ဆွမ်း ဆေး အလုပ်အကျွေးကို ခွင့်ပြုတော်မူအပ်၏၊ ဤသူနာကိုစွဲ၍ အခြားသော သူနာတို့ကိုလည်း လုပ်ကျွေးအပ်ကုန်၏။

ဤအဘူ သူနာနှင့်တူသော ပုဂ္ဂိုလ်သုံးယောက်ဘို့သည် လောက၌ ထင်ရှား ရှိကုန်၏၊ သုံးယောက်ဘို့သည် အဘယ်တို့နည်းဟူမူကား—ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည်

http://www.dhammadownload.com



မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှါ ရသော်ငည်း မရသော်ငည်း၊ မြတ်စွာဘုရားသည် ဟောအပ်သော သုတ် အဘိဓမ္မာ ဝိနည်းကို ကြားနာခြင်းငှါ ရသော်ငည်း မရသော်ငည်း ကုသိုလ်တရားတို့၌ မဖောက်မပြန်သော သဘောရှိသော မိမိ၏ အခြားမဲ့၌ အကျိုးပေးသည်၏ အစွမ်းဖြင့် မြဲသော အရိယမဂ်သို့ မသက်ရောက်။ (၁)

ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှါ ရသော်ငည်း မရသော်ငည်း၊ မြတ်စွာဘုရားသည် ဟောအပ်သော သုတ် အဘိဓမ္မာ ဝိနည်းကို ကြားနာခြင်းငှါ ရသော်ငည်း မရသော်ငည်း၊ ကုသိုလ်တရားတို့၌ မဖောက်မပြန်သော သဘောရှိသော မိမိ၏အခြားမဲ့၌ အကျိုးပေးသည်၏အစွမ်းဖြင့် မြဲသော အရိယမဂ်သို့ သက်ရောက်၏။ (၂)

ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် မြတ်စွာဘုရားကို ဖူးခြင်းခြင်းငှါ ရသော် ကုသိုလ်တရားတို့၌ မဖောက်မပြန်သော သဘောရှိသော မိမိ၏ အခြားမဲ့၌ အကျိုးပေးသည်၏ အစွမ်းဖြင့် မြဲသော အရိယမဂ်သို့ သက်ရောက်၏၊ မရသော် မသက်ရောက်။

မြတ်စွာဘုရားသည် ဟောအပ်သော သုတ်အဘိဓမ္မာဝိနည်းကို ကြားနာရသော် ကုသိုလ်တရားတို့၌ မဖောက်မပြန်သော သဘောရှိသော မိမိ၏ အခြားမဲ့၌ အကျိုးပေးသည်၏ အစွမ်းဖြင့်မြဲသော အရိယမဂ်သို့ သက်ရောက်၏၊ မရသော် မသက်ရောက်။ (၃)

ထိုပုဂ္ဂိုလ်သုံးယောက်တို့တွင် အကြင်ပုဂ္ဂိုလ်သည် မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှါ ရသော် ကုသိုလ်တရားတို့၌ မဖောက်မပြန်သော သဘောရှိသော မိမိ၏ အခြားမဲ့၌ အကျိုးပေးသည်၏ အစွမ်းဖြင့်မြဲသော အရိယမဂ်သို့ သက်ရောက်၏၊ မရသော် မသက်ရောက်၊ မြတ်စွာဘုရားသည် ဟောအပ်သော သုတ် အဘိဓမ္မာ ဝိနည်းကို ကြားနာခြင်းငှါ ရသော် ကုသိုလ်တရားတို့၌ မဖောက်မပြန်သော သဘောရှိသော မိမိ၏အခြားမဲ့၌ အကျိုးပေးသည်၏အစွမ်းဖြင့် မြဲသော အရိယမဂ်သို့ သက်ရောက်၏၊ မရသော် မသက်ရောက်၊ ဤပုဂ္ဂိုလ်ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တရားဟောခြင်းကို ခွင့်ပြုတော်မူအပ်၏၊ ဤပုဂ္ဂိုလ်ကို အကြောင်းပြု၍ အခြားပုဂ္ဂိုလ်တို့အားလည်း တရားကို ဟောအပ်၏၊ သူနာနှင့်တူသော ဤပုဂ္ဂိုလ်သုံးယောက်တို့သည် လောက၌ ထင်ရှားရှိကုန်၏။

၉၅။ ဈာန်မဂ်ဖိုလ်ချမ်းသာကို ကိုယ်တိုင်တွေ့ထိခံစား၍ နိဗ္ဗာန်ကို မျက်မှောက်ပြုသော 'ကာယသက္ခိ'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ရှစ်ပါးသော သမာပတ်တို့ကို နာမကာယဖြင့် ရရောက်တွေ့ထိ၍ နေ၏၊ ထိုပုဂ္ဂိုလ်အား ပညာဖြင့်လည်း (အမှန်တရားကို)သိမြင်၍ အချို့သော အာသဝေါတရားတို့သည် ကုန်ခန်းကုန်၏၊ ဤပုဂ္ဂိုလ်ကို ဈာန်မဂ်ဖိုလ်ချမ်းသာကို ကိုယ်တိုင်တွေ့ထိခံစား၍ နိဗ္ဗာန်ကို မျက်မှောက်ပြုသော 'ကာယသက္ခိ' ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၉၆။ သိမြင်ခြင်းအဆုံးသို့ရောက်သော 'ဒိဋ္ဌိပ္ပတ္တ' ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် "ဤလောဘကြဉ်သော ခန္ဓာငါးပါးသည်ကား ဆင်းရဲ'ဒုက္ခ' တည်း"ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ "ဤတဏှာ 'လောဘ'သည်ကား ဆင်းရဲဖြစ်ကြောင်းတည်း"ဟု ဟုတ်မှန်သောအတိုင်းသိ၏၊ "ဤနိဗ္ဗာန်သည်ကား ဆင်းရဲချုပ်ရာတည်း"ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ "ဤမဂ္ဂင်ရှစ်ပါးသည်ကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်

http://www.dhammadownload.com



တည်း”ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ထိုပုဂ္ဂိုလ်သည် မြတ်စွာဘုရား ဟောကြားအပ်ကုန်သော သစ္စာလေးပါး တရားတို့ကို ပညာဖြင့်လည်း ကောင်းစွာ မြင်အပ်ကုန်၏၊ ကောင်းစွာ ကျင့်အပ်ကုန်၏၊ ထိုပုဂ္ဂိုလ်အား ပညာဖြင့်လည်း (အမှန်တရားကို) သိမြင်၍ အချို့သော အာသဝေါတရားတို့သည် ကုန်ခန်းကုန်၏၊ဤပုဂ္ဂိုလ်ကို သိမြင်ခြင်းအဆုံးသို့ ရောက်သော ‘ဒိဋ္ဌိပ္ပတ္တ’ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၉၇။ သဒ္ဓါကိုအမှူးထား၍ လွတ်သော ‘သဒ္ဓါဝိမုတ္တ’ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် “ဤလောဘကြဉ်သော ခန္ဓာငါးပါးသည်ကား ဆင်းရဲတည်း”ဟု ဟုတ်မှန်သောအတိုင်းသိ၏ “ဤတဏှာ ‘လောဘ’ သည်ကား ဆင်းရဲဖြစ်ကြောင်းတည်း”ဟု ဟုတ်မှန်သောအတိုင်းသိ၏၊ “ဤနိဗ္ဗာန်သည်ကား ဆင်းရဲချုပ်ရာတည်း”ဟု ဟုတ်မှန်သော အတိုင်းသိ၏၊ “ဤမဂ္ဂင်ရှစ်ပါးသည်ကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း”ဟု ဟုတ်မှန်သောအတိုင်းသိ၏၊ ထိုပုဂ္ဂိုလ်သည် မြတ်စွာဘုရားဟောကြားအပ်ကုန်သော သစ္စာလေးပါးတရားတို့ကို ပညာဖြင့်လည်း ကောင်းစွာ မြင်အပ်ကုန်၏၊ကောင်းစွာ ကျင့်အပ်ကုန်၏၊ ထိုပုဂ္ဂိုလ်အား ပညာဖြင့်လည်း(အမှန်တရားကို)သိမြင်၍ အချို့သော အာသဝေါတရားတို့သည် ကုန်ခန်းကုန်၏၊ ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်အား အာသဝေါတရားတို့သည် ကုန်ခန်းကုန်သကဲ့သို့ သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်အား မဖြစ်ကုန်၊ ဤပုဂ္ဂိုလ်ကို သဒ္ဓါကို အမှူးထား၍ (ကိလေသာမှ) လွတ်သူ ‘သဒ္ဓါဝိမုတ္တ’ ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၉၈။ မစင်နှင့်တူသော စကားရှိသော‘ဂူထဘာဏီ’ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် သဘင်၌တည်သော်ရင်း ပရိသတ်၌တည်သော်ရင်း ဆွေမျိုးတို့၏အလယ်၌ တည်သော်ရင်း အသင်း၏ အလယ်၌ တည်သော်ရင်း မင်းမျိုးတို့၏ အလယ်၌တည်သော်ရင်း မဟုတ်မမှန်သော စကားကို ပြောဆိုလေ့ရှိ၏၊ ခေါ်ဆောင်လျက် “အမောင်ယောကျ်ား လာလော့၊ အကြင်အကြောင်းကို သင်သိ၏၊ ထိုအကြောင်းကို ပြောဆိုလော့”ဟု သက်သေအဖြစ် မေးစစ်အပ်သည်ရှိသော် မသိသည်ကိုလည်း “ငါသိ၏”ဟု သိသည်ကိုလည်း “ငါမသိ”ဟု မမြင်သည်ကိုလည်း “ငါမြင်၏”ဟု မြင်သည်ကိုလည်း “ငါမမြင်”ဟု ဤသို့လျှင် မိမိအကြောင်းကြောင့်ရင်း သူတပါးအကြောင်းကြောင့်ရင်း အနည်းငယ်မျှသော လာဘ်တစိုးအကြောင်းကြောင့်ရင်း သိလျက် ချွတ်ယွင်းသောစကားကို ပြောဆို၏၊ ဤပုဂ္ဂိုလ်ကို မစင်နှင့်တူသောစကားရှိသော ‘ဂူထဘာဏီ’ ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၉၉။ ပန်းနှင့်တူသော စကားရှိသော ‘ပုပ္ဖဘာဏီ’ ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မဟုတ်မမှန်စကားပြောဆိုခြင်းကိုပယ်၍ မဟုတ်မမှန် စကားပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ (ထိုပုဂ္ဂိုလ်သည်)သဘင်၌တည်သော်ရင်း ပရိသတ်၌တည်သော်ရင်း ဆွေမျိုးတို့၏ အလယ်၌တည်သော်ရင်း အသင်း၏အလယ်၌ တည်သော်ရင်း မင်းမျိုးတို့၏ အလယ်၌ တည်သော်ရင်း ခေါ်ဆောင်လျက် “အမောင်ယောကျ်ား လာလော့၊ အကြင်အကြောင်းကို သင်သိ၏၊ထိုအကြောင်းကိုပြောဆိုလော့”ဟု သက်သေအဖြစ် မေးစစ်အပ်သည်ရှိသော် မသိသည်ကိုလည်း “ငါမသိ”ဟု သိသည်ကိုလည်း “ငါသိ၏”ဟု မမြင်သည်ကိုလည်း “ငါမမြင်”ဟု မြင်သည်ကိုလည်း “ငါမြင်၏”ဟု ဤသို့လျှင် မိမိအကြောင်းကြောင့်ရင်း သူတပါးအကြောင်းကြောင့်ရင်း အနည်းငယ်မျှသော လာဘ်တစိုးအကြောင်းကြောင့်ရင်း သိလျက် ချွတ်ယွင်းသော စကားကို မပြောဆို၊ ဤပုဂ္ဂိုလ်ကို ပန်းနှင့်တူသော စကားရှိသော ‘ပုပ္ဖဘာဏီ’ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



၁၀၀။ ပျားနှင့်တူသောစကားရှိသော'မဓုဘာဏီ'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အကြင်စကားသည် အပြစ်ကင်း၏၊ နားချမ်းသာ၏၊ နှစ်လိုဖွယ်ဖြစ်၏၊ နှလုံးသို့သက်ဝင်၏၊ မြို့ကြီးသူတို့၏စကားဖြစ်၏၊ လူအများနှစ်သက်၏၊ လူအများမြတ်နိုး၏၊ ထိုသို့ သဘောရှိသော စကားကို ပြောဆို၏၊ ဤပုဂ္ဂိုလ်ကို ပျားနှင့်တူသော စကားရှိသော 'မဓုဘာဏီ' ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၀၁။ အိုင်းအမာနှင့်တူသော စိတ်ရှိသော 'အရုကူပမစိတ္တ'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤ လောက၌ အချို့သောပုဂ္ဂိုလ်သည် အမျက်ထွက်တတ်၏၊ ပင်ပန်းခြင်းများ၏၊အနည်းငယ်ပင် ပြောဆို စေကာမူ ငြိုကပ်တတ်၏၊ပြစ်မှားတတ်၏၊ ဖောက်ပြန်တတ်၏၊ ခက်ထန်၏၊ အမျက်ထွက်ခြင်းကိုရင်း စိတ်ဆိုးခြင်းကိုရင်း မနှစ်သက်ခြင်းကိုရင်း ထင်စွာပြု၏၊ သွေးပြည်ပြည့်သော အိုင်းအမာ အနာ ဟောင်းသည် ဂင်းချောင်းဖြင့်ရင်း အိုးခြမ်းကွဲဖြင့်ရင်း ထိခိုက်မိသည်ရှိသော် အတိုင်းထက် အလွန် သွေးပြည်ယိုစီးသကဲ့သို့ ဤအတူပင်လျှင် ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အမျက် ထွက်တတ်၏၊ ပင်ပန်းခြင်းများ၏၊ အနည်းငယ်ပင် ပြောဆိုစေကာမူ ငြိုကပ်တတ်၏၊ ပြစ်မှား တတ်၏၊ ဖောက်ပြန်တတ်၏၊ ခက်ထန်၏၊ အမျက်ထွက်ခြင်းကိုရင်း စိတ်ဆိုးခြင်းကိုရင်း မနှစ်သက် ခြင်းကိုရင်း ထင်စွာပြု၏၊ ဤပုဂ္ဂိုလ်ကို အိုင်းအမာနှင့်တူသော စိတ်ရှိသော 'အရုကူပမစိတ္တ'ပုဂ္ဂိုလ် ဟူ၍ ဆိုအပ်၏။

၁၀၂။ လျှပ်စစ်နှင့်တူသော စိတ်ရှိသော 'ဝိဇ္ဇူပမစိတ္တ' ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် "ဤလောဘကြဉ်သော ခန္ဓာငါးပါးသည်ကား ဆင်းရဲ တည်း"ဟု ဟုတ်မှန်သောအတိုင်းသိ၏၊ "ဤတဏှာ'လောဘ'သည်ကား ဆင်းရဲဖြစ်ကြောင်း တည်း"ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ "ဤနိဗ္ဗာန်သည်ကား ဆင်းရဲချုပ်ရာတည်း"ဟု ဟုတ်မှန် သောအတိုင်းသိ၏၊ "ဤမဂ္ဂင်ရှစ်ပါးသည်ကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ရောက်ကြောင်း အကျင့် တည်း"ဟု ဟုတ်မှန်သောအတိုင်းသိ၏၊ မျက်စိအမြင်ရှိသော ယောကျ်ားသည် အလွန်မှောင်မိုက် သော ညဉ့်အခါ၌ လျှပ်စစ်ပြက်သဖြင့် အဆင်းရူပါရုံတို့ကို မြင်ရာသကဲ့သို့ ဤအတူပင် ဤလောက ၌ အချို့သောပုဂ္ဂိုလ်သည် "ဤလောဘကြဉ်သော ခန္ဓာငါးပါးသည်ကား ဆင်းရဲတည်း"ဟု ဟုတ်မှန်သော အတိုင်းသိ၏၊ "ဤတဏှာ 'လောဘ' သည်ကား ဆင်းရဲဖြစ်ကြောင်းတည်း"ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ "ဤနိဗ္ဗာန်သည်ကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)တည်း"ဟု ဟုတ်မှန် သောအတိုင်းသိ၏၊ "ဤမဂ္ဂင်ရှစ်ပါးသည်ကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်တည်း"ဟု ဟုတ်မှန်သော အတိုင်းသိ၏၊ ဤပုဂ္ဂိုလ်ကို လျှပ်စစ်နှင့်တူသော စိတ်ရှိသော 'ဝိဇ္ဇူပမစိတ္တ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၀၃။ ဝဇီရစိန်နှင့်တူသော စိတ်ရှိသော 'ဝဇီရူပမစိတ္တ' ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် အာသဝေါတရားတို့၏ ကုန်ခန်းခြင်းကြောင့် အာသဝေါကင်းသောစိတ်ဖြင့် ကိလေသာမှ လွတ်သောပညာဖြင့် ကိလေသာမှ လွတ်သော အရ ဟတ္တဖိုလ်ကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေ၏၊ ကျောက်မျက်ရတနာပင်ဖြစ်စေ ကျောက်သားပင်ဖြစ်စေ ဝဇီရစိန်၏ မဖောက်ထွင်း နိုင်သော တစုံတခု ဝတ္ထုမည်သည် မရှိသကဲ့သို့ ဤအတူပင်လျှင် ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည်

http://www.dhammadownload.com



အာသဝေါတရားတို့၏ ကုန်ခန်းခြင်းကြောင့် အာသဝေါကင်းသောစိတ်ဖြင့် ကိလေသာမှ လွတ်သောပညာဖြင့် ကိလေသာမှလွတ်သော အရဟတ္တဖိုလ်ကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်မျက်မှောက်ပြုလျက်ရောက်၍ နေ၏၊ဤပုဂ္ဂိုလ်ကို ဝဇိရစိန်နှင့်တူသောစိတ်ရှိသော 'ဝဇိရူပမစိတ္တ' ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၀၄။ ပညာမျက်စိအမြင်မရှိ 'ကန်း'သော 'အန္ဓ'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်အား အကြင်သို့ သဘောရှိသော (ပညာ)မျက်စိဖြင့် မရအူးသေးသော စည်းစိမ်ဥစ္စာကိုမူလည်း ရရာ၏၊ ရပြီးသော စည်းစိမ်ဥစ္စာကိုမူလည်း တိုးပွါးအောင်ပြုနိုင်ရာ၏၊ ထိုသို့သဘောရှိသော ပညာမျက်စိမျိုးသည် မရှိ၊ အကြင်သို့သဘောရှိသော (ပညာ)မျက်စိဖြင့် ကုသိုလ်အကုသိုလ်တရားတို့ကို သိနိုင်ရာ၏၊ အပြစ်ရှိ မရှိသော တရားတို့ကို သိနိုင်ရာ၏၊ အယုတ်အမြတ်တရားတို့ကို သိနိုင်ရာ၏၊ အမည်းအဖြူအဖို့ရှိသော တရားတို့ကို သိနိုင်ရာ၏၊ ထိုသို့သဘောရှိသော ပညာမျက်စိမျိုးသည်လည်း မရှိ၊ ဤပုဂ္ဂိုလ်ကို (ပညာ)မျက်စိ အမြင်မရှိ'ကန်း'သော 'အန္ဓ' ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၀၅။ ပညာမျက်စိတဖက်သာ အမြင်ရှိသော 'ဧကစက္ခု'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်အား အကြင်သို့သဘောရှိသော(ပညာ)မျက်စိဖြင့် မရအူးသေးသော စည်းစိမ်ဥစ္စာကိုမူလည်း ရရာ၏၊ ရပြီးသော စည်းစိမ်ဥစ္စာကိုမူလည်း တိုးတက်အောင်ပြုနိုင်ရာ၏၊ ထိုသို့သဘောရှိသော ပညာမျက်စိမျိုးသည် ရှိ၏၊ အကြင်သို့သဘောရှိသော (ပညာ) မျက်စိဖြင့် ကုသိုလ်အကုသိုလ်တရားတို့ကို သိနိုင်ရာ၏၊ အပြစ်ရှိ မရှိသော တရားတို့ကို သိနိုင်ရာ၏၊ အယုတ်အမြတ်တရားတို့ကို သိနိုင်ရာ၏၊ အမည်း အဖြူအဖို့ရှိသော တရားတို့ကို သိနိုင်ရာ၏၊ ထိုသို့သဘောရှိသော ပညာမျက်စိမျိုးသည်ကား မရှိ၊ ဤပုဂ္ဂိုလ်ကို ပညာမျက်စိ တဖက်သာ အမြင်ရှိသော 'ဧကစက္ခု'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၀၆။ ပညာမျက်စိနှစ်ဖက် အမြင်ရှိသော'ဒွိစက္ခု'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ဤလောက၌ အချို့သောပုဂ္ဂိုလ်အား အကြင်သို့ သဘောရှိသော (ပညာ)မျက်စိဖြင့် မရအူးသေးသော စည်းစိမ်ဥစ္စာကို မူလည်း ရရာ၏၊ ရပြီးသော စည်းစိမ်ဥစ္စာကိုမူလည်း တိုးတက်အောင်ပြုနိုင်ရာ၏၊ ထိုသို့သဘောရှိသော ပညာမျက်စိမျိုးသည် ရှိ၏၊ အကြင်သို့သဘောရှိသော(ပညာ)မျက်စိဖြင့် ကုသိုလ်အကုသိုလ်တရားတို့ကို သိနိုင်ရာ၏၊ အပြစ်ရှိ မရှိသော တရားတို့ကို သိနိုင်ရာ၏၊ အယုတ်အမြတ်တရားတို့ကို သိနိုင်ရာ၏၊ အမည်းအဖြူအဖို့ရှိသော တရားတို့ကို သိနိုင်ရာ၏၊ထိုသို့သဘောရှိသော ပညာမျက်စိမျိုးသည်လည်း ရှိ၏၊ ဤပုဂ္ဂိုလ်ကို ပညာမျက်စိနှစ်ဖက်အမြင်ရှိသော 'ဒွိစက္ခု'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၀၇။ မှောက်၍ထားသောအိုးနှင့်တူသော ပညာရှိသော 'အဝကုဇ္ဇပည' ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ရဟန်းတို့၏အထံ၌ တရားနာအံ့သောငှါ ကျောင်းအရံသို့ မပြတ်သွား၏၊ ထိုပုဂ္ဂိုလ်အား ရဟန်းတို့သည် အစ၌ကောင်းခြင်းရှိသော အလယ်၌ ကောင်းခြင်းရှိသော အဆုံး၌ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်လည်း ပြည့်စုံသော အလုံးစုံ ပြည့်စုံသော တရားကို ဟောကုန်၏၊ (ပွတ်သစ်စ ခရုသင်းအတူ) ဖြူစင်သော မြတ်သောအကျင့်ကိုလည်း ပြကုန်၏၊ ထိုပုဂ္ဂိုလ်သည် ထိုနေရာ၌ထိုင်နေလျက် ထိုတရားစကား၏

http://www.dhammadownload.com



အစကိုရင်း အလယ်ကိုရင်း အဆုံးကိုရင်း နှလုံးမသွင်း၊ထိုနေရာမှ ထသွားသော်လည်း ထိုတရားစကား၏အစကိုရင်း အလယ်ကိုရင်း အဆုံးကိုရင်း နှလုံးမသွင်း။

မှောက်၍ထားသောအိုး၌ လောင်းထည့်ထားသော ရေသည် စီးဆင်းသကဲ့သို့ရင်း မတည်သကဲ့သို့ရင်း ဤအတူပင်လျှင် ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ရဟန်းတို့၏အထံ၌ တရားနာအံ့သောငှါ ကျောင်းအရံသို့ မပြတ်သွား၏၊ ထိုပုဂ္ဂိုလ်အား ရဟန်းတို့သည် အစ၌ ကောင်းခြင်းရှိသော အလယ်၌ကောင်းခြင်းရှိသော အဆုံး၌ကောင်းခြင်းရှိသော အနက်နှင့်လည်းပြည့်စုံသော သဒ္ဒါနှင့်လည်း ပြည့်စုံသော အလုံးစုံပြည့်စုံသော တရားကို ဟောကုန်၏၊ (ပွတ်သစ်စ ခရုသင်းအတူ)ဖြူစင်သော မြတ်သောအကျင့်ကိုလည်း ပြကုန်၏၊ ထိုပုဂ္ဂိုလ်သည် ထိုနေရာ၌ ထိုင်နေလျက် ထိုတရားစကား၏ အစကိုရင်း အလယ်ကိုရင်း အဆုံးကိုရင်း နှလုံးမသွင်း၊ ထိုနေရာမှထသွားသော်လည်း ထိုတရားစကား၏ အစကိုရင်း အလယ်ကိုရင်း အဆုံးကိုရင်း နှလုံးမသွင်း၊ဤပုဂ္ဂိုလ်ကိုမှောက်၍ထားသောအိုးနှင့် တူသော ပညာရှိသော 'အဝကုဇ္ဇပည' ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၀၈။ ခါးပိုက်၌ထည့်ထားသည့် အရာဝတ္ထုရှိသောသူနှင့် တူသောပညာရှိသော 'ဥစ္ဆင်္ဂပည' ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ရဟန်းတို့၏ အထံ၌ တရားနာအံ့သောငှါ ကျောင်းအရံသို့ မပြတ်သွား၏၊ ထိုပုဂ္ဂိုလ်အား ရဟန်းတို့သည် အစ၌ကောင်းခြင်းရှိသော အလယ်၌ကောင်းခြင်းရှိသော အဆုံး၌ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော အလုံးစုံပြည့်စုံသော တရားကို ဟောကုန်၏၊ (ပွတ်သစ်စ ခရုသင်းအတူ) ဖြူစင်သော မြတ်သောအကျင့်ကိုလည်း ပြကုန်၏၊ ထိုပုဂ္ဂိုလ်သည် ထိုနေရာ၌ ထိုင်နေလျက် ထိုတရားစကား၏ အစကိုရင်း အလယ်ကိုရင်း အဆုံးကိုရင်းနှလုံးသွင်း၏၊ ထိုနေရာမှ ထသွားသည်ရှိသော်ကား ထိုတရားစကား၏ အစကိုရင်း အလယ်ကိုရင်း အဆုံးကိုရင်း နှလုံးမသွင်း။

ဥပမာသော်ကား ယောကျ်ား၏ခါးပိုက်၌ အထူးထူးသော ခဲဖွယ်တို့ကိုရင်း နှမ်း ဆန် ကတွတ်မုံ့ ဆီးသီးတို့ကိုရင်း ထည့်ထားရာ၏၊ ထိုယောကျ်ားသည် ထိုနေရာမှ ထသွားသည်ရှိသော် သတိမေ့လျော့ခြင်းကြောင့်(ထိုဝတ္ထုပစ္စည်းတို့ကို)ဖြန့်ကြဲလေရာသကဲ့သို့ ဤဖော်ပြခဲ့သည့်အတူပင်လျှင် ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ရဟန်းတို့၏အထံ၌ တရားနာအံ့သောငှါ ကျောင်းအရံသို့ မပြတ်သွား၏၊ ထိုပုဂ္ဂိုလ်အား ရဟန်းတို့သည် အစ၌ကောင်းခြင်းရှိသော အလယ်၌ ကောင်းခြင်းရှိသော အဆုံး၌ ကောင်းခြင်းရှိသော အနက်နှင့်လည်း ပြည့်စုံသော သဒ္ဒါနှင့်လည်း ပြည့်စုံသော အလုံးစုံပြည့်စုံသော တရားကို ဟောကုန်၏၊ (ပွတ်သစ်စ ခရုသင်း အတူ) ဖြူစင်သော မြတ်သောအကျင့်ကို ပြကုန်၏၊ ထိုပုဂ္ဂိုလ်သည် ထိုနေရာ၌ ထိုင်နေလျက် ထိုတရားစကား၏ အစကိုရင်း အလယ်ကိုရင်း အဆုံးကိုရင်း နှလုံးသွင်း၏၊ ထိုနေရာမှ ထသွားသည်ရှိသော်ကား ထိုတရားစကား၏ အစကိုရင်း အလယ်ကိုရင်း အဆုံးကိုရင်း နှလုံးမသွင်း၊ ဤပုဂ္ဂိုလ်ကို ခါးပိုက်၌ ထည့်ထားသည့် အရာဝတ္ထုရှိသောသူနှင့် တူသော ပညာရှိသော 'ဥစ္ဆင်္ဂပည' ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၀၉။ ကျယ်ပြန့်သောပညာရှိသော 'ပုထုပည' ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ရဟန်းတို့၏အထံ၌ တရားနာအံ့သောငှါ ကျောင်းအရံသို့ မပြတ်သွား၏၊

http://www.dhammadownload.com



ထိုပုဂ္ဂိုလ်အား ရဟန်းတို့သည် အစ၌ ကောင်းခြင်းရှိသော အလယ်၌ ကောင်းခြင်းရှိသော အဆုံး၌ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော အလုံးစုံပြည့်စုံသော တရားကို ဟောကုန်၏၊ (ပွတ်သစ်စ ခရုသင်းအတူ) ဖြူစင်သော မြတ်သောအကျင့်ကို ပြကုန်၏၊ ထိုပုဂ္ဂိုလ်သည် ထိုနေရာ၌ ထိုင်နေလျက် ထိုတရားစကား၏ အစကိုဖြင်း အလယ်ကိုဖြင်း အဆုံးကိုဖြင်း နှလုံးသွင်း၏၊ ထိုနေရာမှ ထသွားသည်ရှိသော် ထိုတရားစကား၏ အစကိုဖြင်း အလယ်ကိုဖြင်း အဆုံးကိုဖြင်း နှလုံးသွင်း၏။

လှန်၍ ထားသောအိုး၌ လောင်းထည့်အပ်သော ရေသည် တည်သကဲ့သို့ဖြင်း မယိုသကဲ့သို့ဖြင်း ဤအတူပင်လျှင် ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ရဟန်းတို့၏အထံ၌ တရားနာအံ့သောငှါ ကျောင်းအရံသို့ မပြတ်သွား၏၊ ထိုပုဂ္ဂိုလ်အား ရဟန်းတို့သည် အစ၌ကောင်းခြင်းရှိသော အလယ်၌ကောင်းခြင်းရှိသော အဆုံး၌ကောင်းခြင်းရှိသော အနက်နှင့်လည်း ပြည့်စုံသော သဒ္ဒါနှင့်လည်း ပြည့်စုံသော အလုံးစုံ ပြည့်စုံသော တရားကို ဟောကုန်၏၊ (ပွတ်သစ်စ ခရုသင်းအတူ) ဖြူစင်သော မြတ်သောအကျင့်ကို ပြကုန်၏၊ ထိုပုဂ္ဂိုလ်သည် ထိုနေရာ၌ ထိုင်နေလျက် ထိုတရားစကား၏ အစကိုဖြင်း အလယ်ကိုဖြင်း အဆုံးကိုဖြင်း နှလုံးသွင်း၏၊ ထိုနေရာမှ ထသွားသည်ရှိသော်လည်း ထိုတရားစကား၏အစကိုဖြင်း အလယ်ကိုဖြင်း အဆုံးကိုဖြင်း နှလုံးသွင်း၏၊ ဤပုဂ္ဂိုလ်ကို (လှန်၍ထားသောအိုးနှင့်တူသော) ကျယ်ပြန့်သော ပညာရှိသော 'ပုထုပည'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၁၀။ ကာမဂုဏ်တို့၌ဖြင်း ဘဝသုံးပါးတို့၌ဖြင်း တပ်ခြင်းမကင်းသေးသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ သောတာပန်ပုဂ္ဂိုလ် သကဒါဂါမ်ပုဂ္ဂိုလ်တို့ပေတည်း၊ ဤနှစ်ယောက်သော ပုဂ္ဂိုလ်တို့ကို ကာမဂုဏ်တို့၌ဖြင်း ဘဝသုံးပါးတို့၌ဖြင်း တပ်ခြင်းမကင်းသေးသော ပုဂ္ဂိုလ်တို့ဟူ၍ ဆိုအပ်ကုန်၏။

၁၁၁။ ကာမဂုဏ်တို့၌ တပ်ခြင်းကင်းသည်ဖြစ်၍ ရူပဘဝ အရူပဘဝနှစ်ပါးတို့၌ တပ်ခြင်းမကင်းသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ အနာဂါမ်ပုဂ္ဂိုလ်တည်း၊ ဤအနာဂါမ်ပုဂ္ဂိုလ်ကို ကာမဂုဏ်တို့၌ တပ်ခြင်းကင်းသည်ဖြစ်၍ ရူပဘဝ အရူပဘဝ နှစ်ပါးတို့၌ တင်ခြင်းမကင်းသေးသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၁၂။ ကာမဂုဏ်တို့၌ဖြင်း ဘဝသုံးပါးတို့၌ဖြင်း တပ်ခြင်းကင်းပြီးသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန္တာပုဂ္ဂိုလ်တည်း၊ ဤရဟန္တာပုဂ္ဂိုလ်ကို ကာမဂုဏ်တို့၌ဖြင်း ဘဝသုံးပါးတို့၌ဖြင်း တပ်ခြင်းကင်းပြီးသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၁၃။ ကျောက်၌ရေးထားသော အက္ခရာနှင့်တူသော 'ပါသာဏလေခူပမ'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မပြတ် အမျက်ထွက်၏၊ ထိုပုဂ္ဂိုလ်၏ ထိုအမျက်သည်ကား ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး ကိန်း၏၊ ကျောက်၌ရေးထားသော အက္ခရာသည် လေကြောင့်ဖြင်း ရေကြောင့်ဖြင်း လျင်စွာမပျက်စီးပဲ ကြာမြင့်စွာ တည်သကဲ့သို့ ဤအတူပင်လျှင် ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မပြတ်အမျက်ထွက်၏၊ ထိုပုဂ္ဂိုလ်၏ ထိုအမျက်သည်ကား ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး ကိန်း၏၊ ဤပုဂ္ဂိုလ်ကို ကျောက်၌ရေးထားသော အက္ခရာနှင့်တူသော 'ပါသာဏလေခူပမ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



၁၁၄။ မြေ၌ရေးထားသော အက္ခရာနှင့်တူသော 'ပထဝိလေခူပမ'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မပြတ်အမျက်ထွက်၏၊ ထိုပုဂ္ဂိုလ်၏ ထိုအမျက်သည်ကား ကြာမြင့်စွာသော နေ့ညဥ့်ပတ်လုံး မကိန်း၊ မြေကြီး၌ ရေးထားသော အက္ခရာသည် လေကြောင့်ရင်း ရေကြောင့်ရင်း လျင်စွာ ကျေပျက်၍ ကြာမြင့်စွာ မတည်သကဲ့သို့ ဤအတူပင်လျှင် ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မပြတ်အမျက်ထွက်၏၊ ထိုပုဂ္ဂိုလ်၏ ထိုအမျက်သည်ကား ကြာမြင့်စွာသော နေ့ညဥ့်ပတ်လုံး မကိန်း၊ ဤပုဂ္ဂိုလ်ကို မြေ၌ ရေးထားသော အက္ခရာနှင့်တူသော 'ပထဝိလေခူပမ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၁၅။ ရေ၌ရေးသားသော အက္ခရာနှင့်တူသော'ဥဒကလေခူပမ'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အလွန်ခက်ထန်သော စကားဖြင့် ပြောဆိုသော်ရင်း ကြမ်းကြုတ်သောစကားဖြင့် ပြောဆိုသော်ရင်း မနှစ်လိုဖွယ်သောစကားဖြင့် ပြောဆိုသော်ရင်း ရောနှောသည်သာလျှင်တည်း၊ ဆက်စပ်သည်သာလျှင်တည်း၊ ညီညွတ်သည်သာလျှင်တည်း၊ ရေပြင်၌ ရေးသားသော အက္ခရာသည် လျင်စွာပျက်စီး၍ မြဲမြံစွာ မတည်သကဲ့သို့ ဤအတူပင်လျှင် ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အလွန်ခက်ထန်သောစကားဖြင့် ပြောဆိုသော်ရင်း ကြမ်းကြုတ်သောစကားဖြင့် ပြောဆိုသော်ရင်း မနှစ်လိုဖွယ်သောစကားဖြင့် ပြောဆိုသော်ရင်း ရောနှောသည်သာလျှင်တည်း၊ ဆက်စပ်သည်သာလျှင်တည်း၊ ညီညွတ်သည်သာလျှင်တည်း၊ ဤပုဂ္ဂိုလ်ကို ရေ၌ ရေးသားသော အက္ခရာနှင့်တူသော 'ဥဒကလေခူပမ' ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၁၆။ ထိုမာတိကာပုဒ်၌ ပိုက်ဆံလျှော်ချည် ပုဆိုးသုံးထည်နှင့် တူသော သုံးယောက်သော ပုဂ္ဂိုလ်တို့သည် အဘယ်နည်း၊ (ထိုစကားရပ်၌) ပိုက်ဆံလျှော်ချည်ပုဆိုးတို့သည် သုံးထည်ရှိကုန်၏၊ အသစ်ဖြစ်သော ပိုက်ဆံလျှော်ချည် ပုဆိုးသည်လည်း အဆင်းလည်းမလှ၊ ကြမ်းတမ်းသော အတွေ့လည်း ရှိ၏၊ အဖိုးလည်း အနည်းငယ်သာထိုက်၏၊ အလယ်အလတ် (တပတ်နွမ်း)ဖြစ်သော ပိုက်ဆံလျှော်ချည် ပုဆိုးသည်လည်း အဆင်းလည်းမလှ၊ ကြမ်းတမ်းသောအတွေ့လည်း ရှိ၏၊ အဖိုးလည်း အနည်းငယ်သာထိုက်၏၊ဟောင်းနွမ်းသော ပိုက်ဆံလျှော်ချည် ပုဆိုးသည်လည်း အဆင်းလည်း လည်းမလှ၊ ကြမ်းတမ်းသောအတွေ့လည်း ရှိ၏၊ အဖိုးလည်း အနည်းငယ်သာထိုက်၏၊ဟောင်းနွမ်းသော လက်နှီးစုတ်ပုဆိုးကို လက်နှီးစုတ်အဖြစ်ကိုသော်လည်း ပြုကုန်၏၊ အမှိုက်ပုံ၌သော်လည်း စွန့်ပစ်ကုန်၏။

ဤအတူပင်လျှင် ပိုက်ဆံလျှော်ချည်ပုဆိုးသုံးထည်နှင့်တူသော ဤပုဂ္ဂိုလ်တို့သည် ရဟန်းတို့၌ ထင်ရှားရှိကုန်၏၊ သုံးယောက်သော ပုဂ္ဂိုလ်တို့သည် အဘယ်တို့နည်း၊ ပြုသစ်စဖြစ်သော ရဟန်းသည် အကယ်၍ သီလမရှိမူ၍ ယုတ်မာသော အကျင့်ရှိသည်ဖြစ်ခဲ့မူ ဤသီလမရှိခြင်းသည် ထိုရဟန်း၏ အဆင်းမလှခြင်းဖြစ်၏၊ ထိုပိုက်ဆံလျှော်ချည် ပုဆိုးသည် အဆင်းမလှသကဲ့သို့ ဤသီလ မရှိသော ရဟန်းကို ထိုအဆင်းမလှသော ပိုက်ဆံလျှော်ချည်ပုဆိုးနှင့်တူသော ပုဂ္ဂိုလ်ဟူ၍ မှတ်အပ်၏၊ အကြင်သူတို့သည်ကား ထိုသီလမရှိသော ရဟန်းအား မှီဝဲကုန်၏၊ ဆည်းကပ်ကုန်၏၊ ချဉ်းကပ်ကုန်၏၊ထိုသီလမရှိသော ရဟန်း၏ အယူသို့ အတုလိုက်ကုန်၏၊ထိုသူတို့အား ထိုမှီဝဲဆည်းကပ်ခြင်းသည် ရှည်မြင့်စွာသော နေ့ညဥ့်ပတ်လုံး မပွါးစီးခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်၏၊ ဤမပွါးစီးခြင်း ဆင်းရဲခြင်းသည် ထိုရဟန်း၏ ကြမ်းတမ်းသော အတွေ့ရှိခြင်းဖြစ်၏၊ ထိုပိုက်ဆံလျှော်ချည်ပုဆိုးသည် ကြမ်းတမ်းသော အတွေ့ရှိသကဲ့သို့ ရဟန်းကို ကြမ်းတမ်းသော အတွေ့ရှိသော ပိုက်ဆံလျှော်ချည်

http://www.dhammadownload.com



ပုဆိုးနှင့် တူသောပုဂ္ဂိုလ်ဟူ၍ မှတ်အပ်၏၊ အကြင်သူတို့၏ ဆွမ်း သင်္ကန်း ကျောင်း သူနာ၏ အထောက်အပံ့ဖြစ်သော ဆေးအသုံးအဆောင်ကို ထိုရဟန်းသည် အလှူခံ၏၊ ထိုသူတို့အား ထိုအလှူသည် အကျိုးလည်းမကြီး၊ အာနိသင်လည်းမရှိ၊ ဤအကျိုးမကြီးခြင်း အာနိသင်မရှိခြင်းသည် ထိုရဟန်း၏ အဖိုးမထိုက်တန်ခြင်း ဖြစ်၏၊ ထိုပိုက်ဆံလျှော်ချည်ပုဆိုးသည် အဖိုးမထိုက်တန်သကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုအဖိုးမထိုက်တန်သော ပိုက်ဆံလျှော်ချည်ပုဆိုးနှင့်တူသော ပုဂ္ဂိုလ်ဟူ၍ မှတ်အပ်၏။

အလယ်အလတ်ဖြစ်သော ရဟန်းသည်လည်း အကယ်၍ သီလမရှိ ယုတ်ညံ့သောအကျင့်ရှိသည် ဖြစ်ခဲ့မူ။ပ။ ထေရဖြစ်သော ရဟန်းသည်လည်း အကယ်၍ သီလမရှိ ယုတ်ညံ့သော အကျင့်ရှိသည် ဖြစ်ခဲ့မူ ဤသီလမရှိခြင်းသည် ထိုရဟန်း၏ အဆင်းမလှခြင်းဖြစ်၏၊ ထိုပိုက်ဆံလျှော်ချည်ပုဆိုးသည် အဆင်းမလှသကဲ့သို့ ထိုသီလမရှိသော ရဟန်းကို ထိုအဆင်းမလှသော ပိုက်ဆံလျှော်ချည်ပုဆိုးနှင့်တူသော ပုဂ္ဂိုလ်ဟူ၍ မှတ်အပ်၏၊ အကြင်သူတို့သည် ထိုသီလမရှိသော ရဟန်းအား မှီဝဲကုန်၏၊ ဆည်းကပ်ကုန်၏၊ ချဉ်းကပ်ကုန်၏၊ ထိုရဟန်း၏ အယူသို့ အတုလိုက်ခြင်းသို့လည်း ရောက်ကုန်၏၊ ထိုသူတို့အား ထိုမှီဝဲဆည်းကပ်ခြင်းသည် ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး မပွါးစီးခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်၏၊ဤမပွါးစီးခြင်း ဆင်းရဲခြင်းသည် ထိုရဟန်း၏ ကြမ်းတမ်းသော အတွေ့ရှိခြင်း ဖြစ်၏၊ ထိုပိုက်ဆံလျှော်ချည်ပုဆိုးသည် ကြမ်းတမ်းသော အတွေ့ရှိသကဲ့သို့ ဤရဟန်းကို ကြမ်းတမ်းသော အတွေ့ရှိသော ပိုက်ဆံလျှော်ချည် ပုဆိုးနှင့်တူသော ပုဂ္ဂိုလ်ဟူ၍ မှတ်အပ်၏၊အကြင်သူတို့၏ ဆွမ်း သင်္ကန်း ကျောင်း သူနာ၏ အထောက်အပံ့ ဖြစ်သော ဆေးအသုံးအဆောင်ကို ထိုရဟန်းသည် အလှူခံ၏၊ ထိုသူအား ထိုအလှူသည် အကျိုးလည်း မကြီး၊ အာနိသင်လည်း မရှိ၊ ဤအကျိုးမကြီးခြင်းသည် ထိုရဟန်း၏ အဖိုးမထိုက်တန်ခြင်းဖြစ်၏၊ ထိုပိုက်ဆံလျှော်ချည်ပုဆိုးသည် အဖိုးမထိုက်တန်သကဲ့သို့ ဤရဟန်းကို ထိုအဖိုးမထိုက်တန်သော ပိုက်ဆံလျှော်ချည်ပုဆိုးနှင့်တူသော ပုဂ္ဂိုလ်ဟူ၍ မှတ်အပ်၏။

ဤသို့ သဘောရှိသော မထေရ်ရဟန်းသည် အကယ်၍ သံဃာ၏အလယ်၌ ပြောဆိုခဲ့မူ ရဟန်းတို့သည် "မလိမ္မာသော သင်သူမိုက်၏ ပြောဆိုခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ သင်ကဲ့သို့သော သူသည် ပြောဆိုထိုက်သည်ဟူ၍ မှတ်ထင်အောက်မေ့ဘိသေး၏"ဟု ပြောဆိုကြကုန်၏၊ အကြင်သို့ သဘောရှိသော စကားကို ပြောဆိုအပ်သည်ရှိသော် တံမြက်ချေးပုံ၌ ထိုပိုက်ဆံလျှော်ချည်ပုဆိုးကို စွန့်ပစ်သကဲ့သို့ သံဃာသည် ထိုမထေရ်ရဟန်းကို နှင်ထုတ်၏၊ ထိုသို့သဘောရှိသော နှင်ထုတ်ကြောင်းစကားကို ထိုမထေရ်ရဟန်းသည် အမျက်ထွက်သည် နှလုံးမသာယာသည် ဖြစ်၍ ပြောဆို၏၊ ပိုက်ဆံလျှော်ချည်ပုဆိုးသုံးထည်နှင့်တူသော သုံးယောက်သော ဤပုဂ္ဂိုလ်တို့သည် ရဟန်းတို့၌ ထင်ရှားရှိကုန်၏။

၁၁၇။ ထိုမာတိကာပုဒ်၌ ကာသိတိုင်းဖြစ် ပုဆိုးသုံးထည်နှင့်တူသည့် သုံးယောက်သောပုဂ္ဂိုလ်တို့သည် အဘယ်တို့နည်း၊ ကာသိတိုင်းဖြစ် ပုဆိုးတို့သည် သုံးထည်ရှိကုန်၏၊ အသစ်ဖြစ်သော ကာသိတိုင်းဖြစ် ပုဆိုးသည် အဆင်းလည်းလှ၏၊ အတွေ့လည်း ကောင်း၏၊ အဖိုးလည်းထိုက်တန်၏၊ အလယ်အလတ် (တပတ်နွမ်း)ဖြစ်သော ကာသိတိုင်းဖြစ် ပုဆိုးသည်လည်း အဆင်းလည်းလှ၏၊ အတွေ့လည်းကောင်း၏၊ အဖိုးလည်းထိုက်၏၊ ဟောင်းနွမ်းဆွေးမြေ့သော ကာသိတိုင်းဖြစ် ပုဆိုးသည်လည်း အဆင်းလည်းလှ၏၊ အတွေ့လည်းကောင်း၏၊ အဖိုးလည်းထိုက်၏။ ဟောင်းနွမ်းသော်

http://www.dhammadownload.com



လည်း ကာသိတိုင်းဖြစ် ပုဆိုးကိုကား ရတနာထုပ်ရန် အလို့ငှါသော်လည်း အသုံးပြုကုန်၏၊ ဟောင်းနွမ်းသော ပုဆိုးကို နံ့သာကြုတ်ထည်း၌သော်လည်း ထည့်ထား၏။

ဤအတူပင်လျှင် ကာသိတိုင်းဖြစ် ပုဆိုးနှင့်တူသည့် သုံးယောက်သော ဤပုဂ္ဂိုလ်တို့သည် ရဟန်းတို့၌ ထင်ရှားရှိကုန်၏၊ သုံးယောက်သောပုဂ္ဂိုလ်တို့သည် အဘယ်တို့နည်း၊ ပြုသစ်စဖြစ်သောရဟန်းသည်လည်း အကယ်၍ သီလလည်းရှိ ကောင်းသောအကျင့်လည်းရှိသည်ဖြစ်ခဲ့မူ ဤသီလရှိခြင်းသည် ထိုရဟန်း၏ အဆင်းလှခြင်းဖြစ်၏၊ ထိုကာသိတိုင်းဖြစ် ပုဆိုးသည် အဆင်းလှသကဲ့သို့ ဤသီလရှိသော ရဟန်းကို ထိုအဆင်းလှသော ကာသိတိုင်းဖြစ် ပုဆိုးနှင့်တူသော ပုဂ္ဂိုလ်ဟူ၍ မှတ်အပ်၏၊ အကြင်သူတို့သည်ကား ထိုရဟန်းအား မှီဝဲကုန်၏၊ ဆည်းကပ်ကုန်၏၊ ချဉ်းကပ်ကုန်၏၊ ထိုရဟန်း၏အယူသို့ အတုလိုက်ကုန်၏၊ ထိုသူတို့အား ထိုမှီဝဲဆည်းကပ်ခြင်းသည် ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး ပွါးစီးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်၏၊ ဤပွါးစီးခြင်း ချမ်းသာခြင်းသည် ထိုရဟန်း၏ အတွေ့ကောင်းခြင်းဖြစ်၏၊ ထိုကာသိတိုင်းဖြစ်ပုဆိုးသည် အတွေ့ကောင်းသကဲ့သို့ ဤရဟန်းကို ထိုအတွေ့ကောင်းသော ကာသိတိုင်းဖြစ် ပုဆိုးနှင့်တူသော ပုဂ္ဂိုလ်ဟူ၍ မှတ်အပ်၏၊ အကြင်သူတို့၏ ဆွမ်း သင်္ကန်း ကျောင်း သူနာ၏ အထောက်အပံ့ဖြစ်သော ဆေးအသုံးအဆောင်ကို ထိုရဟန်းသည် အလှူခံ၏၊ ထိုသူတို့အား ထိုအလှူသည် အကျိုးလည်းကြီး၏၊ အာနိသင်လည်းရှိ၏၊ ဤအကျိုးအာနိသင် ရှိခြင်းသည် ထိုရဟန်း၏ အဖိုးထိုက်တန်ခြင်း ဖြစ်၏၊ ထိုကာသိတိုင်းဖြစ် ပုဆိုးသည် အဖိုးထိုက်တန်သကဲ့သို့ ဤရဟန်းကို ထိုအဖိုးထိုက်တန်သော ကာသိတိုင်းဖြစ် ပုဆိုးနှင့်တူသော ပုဂ္ဂိုလ်ဟူ၍ မှတ်အပ်၏။

အလယ်အလတ်ဖြစ်သော ရဟန်းသည်လည်း အကယ်၍ သီလရှိ၍ ကောင်းသောအကျင့်ရှိသည်ဖြစ်ခဲ့မူ။ပ။ မထေရ်ဖြစ်သော ရဟန်းသည်လည်း အကယ်၍ သီလရှိလျက် ကောင်းသောအကျင့်ရှိသည်ဖြစ်ခဲ့မူ ဤသီလရှိခြင်းသည် ထိုရဟန်း၏ အဆင်းလှခြင်း ဖြစ်၏၊ ထိုကာသိတိုင်းဖြစ် ပုဆိုးသည် အဆင်းလှသကဲ့သို့ ဤသီလရှိသော ရဟန်းကို ထိုအဆင်းလှသော ကာသိတိုင်းဖြစ်ပုဆိုးနှင့်တူသော ပုဂ္ဂိုလ်ဟူ၍ မှတ်အပ်၏၊ အကြင်သူတို့သည်ကား ထိုရဟန်းအား မှီဝဲကုန်၏၊ ဆည်းကပ်ကုန်၏၊ ချဉ်းကပ်ကုန်၏၊ ထိုရဟန်း၏ အယူသို့ အတုလိုက်ကုန်၏၊ ထိုသူတို့အား ထိုမှီဝဲဆည်းကပ်ခြင်းသည် ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး ပွါးစီးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်၏၊ ဤပွါးစီးခြင်း ချမ်းသာခြင်းသည် ထိုရဟန်း၏ အတွေ့ကောင်းခြင်း ဖြစ်၏၊ ထိုကာသိတိုင်းဖြစ် ပုဆိုးသည် အတွေ့ကောင်းသကဲ့သို့ ဤရဟန်းကို ထိုအတွေ့ကောင်းသော ကာသိတိုင်းဖြစ် ပုဆိုးနှင့်တူသော ပုဂ္ဂိုလ်ဟူ၍ မှတ်အပ်၏၊ အကြင်သူတို့၏ ဆွမ်း သင်္ကန်း ကျောင်း သူနာ၏အထောက်အပံ့ဖြစ်သော ဆေးအသုံးအဆောင်ကို ထိုရဟန်းသည် အလှူခံ၏၊ ထိုသူတို့အား ထိုအလှူသည် အကျိုးလည်းကြီး၏၊ အာနိသင်လည်းရှိ၏၊ ဤအကျိုးအာနိသင်ရှိခြင်းသည် ထိုရဟန်း၏ အဖိုးထိုက်တန်ခြင်းဖြစ်၏၊ ထိုကာသိတိုင်းဖြစ် ပုဆိုးသည် အဖိုးထိုက်တန်သကဲ့သို့ ဤရဟန်းကို ထိုအဖိုးထိုက်တန်သော ကာသိတိုင်းဖြစ် ပုဆိုးနှင့်တူသော ပုဂ္ဂိုလ်ဟူ၍ မှတ်အပ်၏။

ဤသို့သဘောရှိသော မထေရ်ရဟန်းသည် အကယ်၍ သံဃာ၏ အလယ်၌ ပြောဆိုခဲ့မူ ရဟန်းတို့သည် "အသျှင်တို့ အသံမပြုကြကုန်လင့်၊ မထေရ်ရဟန်းသည် သုတ်အဘိဓမ္မာကိုရင်း ဝိနည်းကိုရင်း ဟောနေ၏"ဟု ပြောဆိုကုန်၏၊ ထိုမထေရ်ရဟန်း၏ ထိုတရားစကားသည် ထိုကာသိတိုင်းဖြစ် ပုဆိုးကို နံ့သာကြုတ်ထည်း၌ ထည့်သွင်းသိမ်း၍ ထားထိုက်သကဲ့သို့ မှတ်သားဆောင်

http://www.dhammadownload.com



ထားထိုက်သည်၏ အဖြစ်သို့ရောက်၏၊ ကာသိတိုင်းဖြစ်ပုဆိုးနှင့်တူသော သုံးယောက်သော ဤပုဂ္ဂိုလ်တို့သည် ရဟန်းတို့၌ ထင်ရှားရှိကုန်၏။

၁၁၈။ နှိုင်းဆရန် လွယ်ကူသော 'သုပ္ပမေယျ'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် စိတ်ပြန့်လွင့်၏၊တက်ကြွ၏၊လျှပ်ပေါ်၏၊နှုတ်ကြမ်း၏၊ပရမ်းပတာပြောဆို၏၊ သတိလွတ်၏၊ ပညာအဆင်အခြင်ကင်း၏၊ တည်ကြည်ခြင်းကင်း၏၊ စိတ်တုန်လှုပ်၏၊ ပေါ်လွင် ထင်ရှားသော ဣန္ဒြေရှိ၏၊ ဤပုဂ္ဂိုလ်ကို နှိုင်းဆရန်လွယ်ကူသော 'သုပ္ပမေယျ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၁၉။ နှိုင်းဆရန် ခဲယဉ်းသော 'ဒုပ္ပမေယျ'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပြန့်လွင့်ခြင်းကင်း၏၊ တက်ကြွခြင်းကင်း၏၊ လျှပ်ပေါ်ခြင်းကင်း၏၊ နှုတ်ကြမ်းခြင်းကင်း၏၊ ပရမ်းပတာပြောခြင်းကင်း၏၊ ထင်သောသတိရှိ၏၊ ပညာအဆင်အခြင်ရှိ၏၊ စိတ်တည်ကြည်၏၊ စိတ်တုန်လှုပ်ခြင်းကင်း၏၊ စောင့်စည်းသောဣန္ဒြေရှိ၏၊ ဤပုဂ္ဂိုလ်ကို နှိုင်းဆရန် ခဲယဉ်းသော 'ဒုပ္ပမေယျ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၂၀။ မနှိုင်းဆနိုင်သော 'အပ္ပမေယျ'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အာသဝေါတရားတို့၏ ကုန်ခန်းခြင်းကြောင့် အာသဝေါကင်းသောစိတ်ဖြင့် ကိလေသာမှ လွတ်မြောက်သော ပညာဖြင့် ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်ကို ယခု ဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေ၏၊ ဤပုဂ္ဂိုလ်ကို မနှိုင်းဆနိုင်သော 'အပ္ပမေယျ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၂၁။ မမှီဝဲအပ် မဆည်းကပ်အပ် မချဉ်းကပ်အပ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အကျင့်သီလဖြင့် သမာဓိဖြင့် ပညာဖြင့် ယုတ်ညံ့၏၊ သနားခြင်းစောင့်ရှောက်ခြင်းမှတပါး ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို မမှီဝဲအပ်၊ မဆည်းကပ်အပ်၊ မချဉ်းကပ်အပ်။

၁၂၂။ မှီဝဲအပ် ဆည်းကပ်အပ် ချဉ်းကပ်အပ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အကျင့်သီလဖြင့် သမာဓိဖြင့် ပညာဖြင့် တူမျှ၏၊ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို မှီဝဲအပ်၏၊ ဆည်းကပ်အပ်၏၊ ချဉ်းကပ်အပ်၏။

ထိုသို့ မှီဝဲအပ် မှီဝဲထိုက်သည်၏ အဖြစ်သည် အဘယ့်ကြောင့်နည်း၊ သီလသီတင်းတူညီသော အဖြစ်သို့ ရောက်သော သူတော်ကောင်းတို့၏ သီလစကားသည် ငါတို့အတွက် ဖြစ်လတ္တံ့၊ ထိုသီလစကားသည်ကား ငါတို့အတွက် ချမ်းသာသည် ဖြစ်လတ္တံ့၊ ထိုသီလစကားသည် ငါတို့အတွက် မထိပါးသည်ဖြစ်လတ္တံ့၊ သမာဓိတူညီသောအဖြစ်သို့ ရောက်သော သူတော်ကောင်းတို့၏ သမာဓိ စကားသည် ငါတို့အတွက် ဖြစ်လတ္တံ့၊ ထိုသမာဓိစကားသည်ကား ငါတို့အတွက် ချမ်းသာသည် ဖြစ်လတ္တံ့၊ ထိုသမာဓိစကားသည်ကား ငါတို့အတွက် မထိပါးသည်ဖြစ်လတ္တံ့၊ ပညာတူညီသော အဖြစ်သို့ ရောက်သော သူတော်ကောင်းတို့၏ ပညာစကားသည် ငါတို့အတွက် ချမ်းသာသည် ဖြစ်လတ္တံ့၊ ထိုပညာစကားသည် ငါတို့အတွက် မထိပါးသည် ဖြစ်လတ္တံ့၊ ထို့ကြောင့် ဤသို့သဘော ရှိသောပုဂ္ဂိုလ်ကို မှီဝဲအပ်၏၊ ဆည်းကပ်အပ်၏၊ ချဉ်းကပ်အပ်၏။

http://www.dhammadownload.com



၁၂၃။ အရှိအသေ အလေးအမြတ်ပြု၍ မှီဝဲအပ် ဆည်းကပ်အပ် ချဉ်းကပ်အပ်သော ပုဂ္ဂိုလ် ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အကျင့်သီလဖြင့် သမာဓိဖြင့် ပညာဖြင့် လွန်ကဲ၏၊ ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို အရှိအသေအလေးအမြတ်ပြု၍ မှီဝဲအပ် ဆည်းကပ် အပ် ချဉ်းကပ်အပ်၏။

ထိုသို့ မှီဝဲအပ် မှီဝဲထိုက်သည်၏ အဖြစ်သည် အဘယ့်ကြောင့်နည်း၊ မပြည့်ကျင့်ရသေး သော သီလအစုကိုလည်း ငါပြည့်ကျင့်အံ့၊ ပြည့်ကျင့်ပြီးသော သီလအစုကို ထိုထိုအရာ၌ ပညာဖြင့် ငါချီးမြှောက်အံ့၊ မပြည့်ကျင့်ရသေးသော သမာဓိအစုကိုလည်း ငါပြည့်ကျင့်အံ့၊ ပြည့်ကျင့်ပြီးသော သမာဓိအစုကိုလည်း ထိုထိုအရာ၌ ပညာဖြင့် ငါချီးမြှောက်အံ့၊ မပြည့်ကျင့်ရသေးသော ပညာအစု ကိုလည်း ငါပြည့်ကျင့်အံ့၊ ပြည့်ကျင့်ပြီးသော ပညာအစုကိုလည်း ထိုထိုအရာ၌ ပညာဖြင့် ငါ ချီးမြှောက်အံ့ဟု (ဆိုသောကြောင့်တည်း)၊ထို့ကြောင့် ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို အရှိအသေ အလေးအမြတ်ပြု၍ မှီဝဲအပ်၏၊ ဆည်းကပ်အပ်၏၊ ချဉ်းကပ်အပ်၏။

၁၂၄။ စက်ဆုပ်အပ် မမှီဝဲအပ် မဆည်းကပ်အပ် မချဉ်းကပ်အပ်သော ပုဂ္ဂိုလ်သည် အဘယ် နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သီလမရှိ၊ ယုတ်ညံ့သော အကျင့်ရှိ၏၊ မစင်ကြယ် ယုံမှားဖွယ်အကျင့်ရှိ၏၊ ဖုံးလွှမ်းအပ်သော အမှုရှိ၏၊ ရဟန်းမဟုတ်ပဲလျက် ငါရဟန်းဟု ဝန်ခံ၏၊ မြတ်သောအကျင့်မရှိပဲလျက် မြတ်သော အကျင့်ရှိသည်ဟု ဝန်ခံ၏၊ အတွင်းပုပ်၏၊ ကိလေသာဖြင့် စိုစွတ်၏၊ အမှိုက်ရေကဲ့သို့ပင် ဖြစ်၏၊ ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို စက်ဆုပ်အပ်၏၊ မမှီဝဲအပ်၊ မချဉ်းကပ်အပ်၊ ထိုသို့ မမှီဝဲအပ် မမှီဝဲထိုက်သည်၏ အဖြစ်သည်ကား အဘယ့်ကြောင့်နည်း၊ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်၏ အယူသို့ အကယ်၍ အစဉ်မလိုက်မပါစေကာမူ "ဤပုဂ္ဂိုလ်ကား မကောင်းသော မိတ်ဆွေရှိ၏၊မကောင်းသောအဖော်သဟဲရှိ၏၊ မကောင်းသော အပေါင်းအဖော်၌ ညွတ်ကိုင်း၏"ဟု ထိုပုဂ္ဂိုလ်၏ မကောင်းသတင်းသည် ပျံ့နှံ့၍တက်၏၊ ဥပမာသော်ကား မစင်ဖြင့် လူးသော မြွေသည် အကယ်၍ မကိုက်စေကာမူ မိမိသို့ ချဉ်းကပ်သောသူကို မစင်ဖြင့် လူးစေသကဲ့ သို့ ဤအတူပင် ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို အယူသို့ အကယ်၍ အစဉ်မလိုက်ပါစေကာမူ- "ဤပုဂ္ဂိုလ်ကား မကောင်းသောမိတ်ဆွေရှိ၏၊ မကောင်းသောအဖော်သဟဲ ရှိ၏၊ မကောင်းသော အပေါင်းအဖော်၌ ညွတ်ကိုင်း၏"ဟု ထိုပုဂ္ဂိုလ်၏ မကောင်းသောသတင်းသည် ပျံ့နှံ့၍ တက်၏၊ ထို့ကြောင့် ဤကဲ့သို့သဘောရှိသော ပုဂ္ဂိုလ်ကို စက်ဆုပ်အပ်၏၊ မမှီဝဲအပ်၊ မဆည်းကပ်အပ်၊ မချဉ်းကပ်အပ်။

၁၂၅။ လျစ်လျူရှုအပ် မမှီဝဲအပ် မဆည်းကပ်အပ် မချဉ်းကပ်အပ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် အမျက်ထွက်တတ်၏၊ပင်ပန်းခြင်းများ၏၊အနည်း ငယ်ပင် ပြောဆိုစေကာမူလည်း ငြိကပ်တတ်၏၊ ပြစ်မှားတတ်၏၊ ဖောက်ပြန်တတ်၏၊ ခက်မာကြမ်း တမ်း၏၊ အမျက်ထွက်ခြင်းကိုရင်း စိတ်ဆိုးခြင်းကိုရင်း မနှစ်သက်ဖွယ်အခြင်းအရာကိုရင်း ထင်စွာ ပြုတတ်၏။ဥပမာသော်ကား(သွေးပြည်ပြည့်သော)အိုင်းအမာအနာဟောင်းသည် ထင်းချောင်းဖြင့် ရင်း အိုးခြမ်းကွဲဖြင့်ရင်း ထိခိုက်မိသည်ရှိသော် အတိုင်းထက်အလွန် သွေးပြည်ယိုစီးသကဲ့သို့ ဤအတူ ပင်လျှင် ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အမျက်ထွက်တတ်၏၊ ပင်ပန်းခြင်းများ၏၊ အနည်း ငယ်ပင် ပြောဆိုစေကာမူလည်း ငြိကပ်တတ်၏၊ ပြစ်မှားတတ်၏၊ ဖောက်ပြန်တတ်၏၊ ခက်မာကြမ်း တမ်း၏၊ အမျက်ထွက်ခြင်းကိုရင်း စိတ်ဆိုးခြင်းကိုရင်း မနှစ်သက်ဖွယ် အခြင်းအရာကိုရင်း ထင်စွာပြု တတ်၏။

http://www.dhammadownload.com



ဥပမာတနည်းသော်ကား တည်သားထင်းမီးစသည် ထင်းချောင်းဖြင့်ရင်း အိုးခြမ်းကွဲဖြင့်ရင်း ထိခိုက်သည်ရှိသော် အတိုင်းထက်အလွန် ဖျစ်ဖျစ်မည်သကဲ့သို့ တဖျစ်ဖျစ်မည်သကဲ့သို့ ဤအတူ ပင်လျှင် ဤလောက၌။ပ။ထင်စွာပြုတတ်၏၊ဥပမာတနည်းသော်ကား မစင်တွင်းကို ထင်းချောင်း ဖြင့်ရင်း အိုးခြမ်းကွဲဖြင့်ရင်း ပုတ်ခတ်အပ်သည်ရှိသော် အတိုင်းထက်အလွန် မကောင်းသော အနံ့သည် ထွက်သကဲ့သို့ ဤအတူပင် ဤလောက၌။ပ။ ထင်စွာပြုတတ်၏၊ ဤကဲ့သို့သော ပုဂ္ဂိုလ်ကို လျစ်လျူရှုအပ်၏၊ မမှီဝဲအပ်၊ မဆည်းကပ်အပ်၊ မချဉ်းကပ်အပ်၊ ထိုမမှီဝဲအပ်သည်၏ အဖြစ်သည် အဘယ့်ကြောင့်နည်း ဟူမူကား—ငါ့ကို ဆဲမူလည်း ဆဲရာ၏၊ ရေရွတ်မူလည်း ရေရွတ်ရာ၏၊ ငါ၏ အကျိုးမဲ့ကို ပြုမူလည်း ပြုရာ၏၊ ထို့ကြောင့် ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို လျစ်လျူရှုအပ်၏၊ မမှီဝဲအပ်၊ မဆည်းကပ်အပ်၊ မချဉ်းကပ်အပ်။

၁၂၆။ မှီဝဲအပ် ဆည်းကပ်အပ် ချဉ်းကပ်အပ်သော ပုဂ္ဂိုလ်သည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် သီလရှိ၏၊ ကောင်းသောအကျင့်လည်းရှိ၏၊ ဤသို့သဘောရှိသောပုဂ္ဂိုလ်ကို မှီဝဲအပ်၏၊ ဆည်းကပ်အပ်၏၊ ချဉ်းကပ်အပ်၏၊ ထိုသို့မှီဝဲအပ်သည်၏ အဖြစ်သည် အဘယ့်ကြောင့် နည်း၊ ဤသို့သဘောရှိသော ပုဂ္ဂိုလ်၏အယူကို အစဉ်လိုက်ခြင်းသို့ အကယ်၍ မရောက်ငြားသော် လည်း "ဤသူကား ကောင်းသောမိတ်ဆွေရှိ၏၊ ကောင်းသောအဖော်သဟဲရှိ၏၊ ကောင်းသော အပေါင်းအဖော်၌ ညွတ်ကိုင်း၏" ဟု ထိုပုဂ္ဂိုလ်၏ ကောင်းသောသတင်းသည် ပျံ့နှံ့၍ တက်၏၊ ထို့ကြောင့် ဤကဲ့သို့သဘောရှိသော ပုဂ္ဂိုလ်ကို မှီဝဲအပ်၏၊ ဆည်းကပ်အပ်၏၊ ချဉ်းကပ်အပ်၏။

၁၂၇။ သီလအကျင့်တို့၌ ပြည့်စုံအောင် ပြုလေ့ရှိသည်ဖြစ်၍ သမာဓိ၌ အတိုင်းအရှည်ကို ပြုလေ့ရှိသော ပညာ၌ အတိုင်းအရှည်ကို ပြုလေ့ရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ သောတာပန် ပုဂ္ဂိုလ်နှင့်သကဒါဂါမ်ပုဂ္ဂိုလ်တို့ပေတည်း၊ ဤသောတာပန်ပုဂ္ဂိုလ်နှင့် သကဒါဂါမ်ပုဂ္ဂိုလ်တို့ကို သီလ အကျင့်တို့၌ ပြည့်စုံအောင် ပြုလေ့ရှိသည်ဖြစ်၍ သမာဓိ၌ အတိုင်းအရှည်ကို ပြုလေ့ရှိသော ပညာ၌ အတိုင်းအရှည်ကို ပြုလေ့ရှိသော ပုဂ္ဂိုလ်တို့ဟူ၍ ဆိုအပ်ကုန်၏။

၁၂၈။ သီလတို့၌လည်း ပြည့်စုံအောင် ပြုလေ့ရှိသော သမာဓိ၌လည်း ပြည့်စုံအောင်ပြုလေ့ ရှိသည်ဖြစ်၍ ပညာ၌ အတိုင်းအရှည်ကို ပြုလေ့ရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊အနာဂါမ်ပုဂ္ဂိုလ် ပေတည်း၊ ဤအနာဂါမ်ပုဂ္ဂိုလ်ကို သီလ၌ ပြည့်စုံအောင်ပြုလေ့ရှိသော သမာဓိ၌ ပြည့်စုံအောင် ပြုလေ့ရှိသည်ဖြစ်၍ ပညာ၌ အတိုင်းအရှည်ကို ပြုလေ့ရှိသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၂၉။ သီလတို့၌လည်း ပြည့်စုံအောင် ပြုလေ့ရှိသော သမာဓိ၌လည်း ပြည့်စုံအောင် ပြုလေ့ ရှိသော ပညာ၌လည်း ပြည့်စုံအောင်ပြုလေ့ရှိသော ပုဂ္ဂိုလ်သည် အဘယ်နည်း၊ ရဟန္တာပုဂ္ဂိုလ်ပေ တည်း၊ ဤရဟန္တာပုဂ္ဂိုလ်ကို သီလတို့၌လည်း ပြည့်စုံအောင် ပြုလေ့ရှိသော သမာဓိ၌ ပြည့်စုံ အောင် ပြုလေ့ရှိသော ပညာ၌ ပြည့်စုံအောင် ပြုလေ့ရှိသောပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၃၀။ ထိုမာတိကာပုဒ်၌ သုံးယောက်သောဆရာတို့သည် အဘယ်တို့နည်း၊ ဆရာတို့သည် သုံးယောက်ရှိကုန်၏၊ ဤလောက၌ အချို့သော ဆရာသည် ကာမဂုဏ်တရားတို့ကို ပိုင်းခြား၍ သိခြင်းကို ပညတ်၏၊ ရုပ်တရားတို့ကို ပိုင်းခြား၍ သိခြင်းကို မပညတ်၊ ဝေဒနာတရားတို့ကို ပိုင်းခြား၍ သိခြင်းကို မပညတ်၊ ဤလောက၌ အချို့သော ဆရာသည်ကား ကာမဂုဏ်တရားတို့ကို ပိုင်းခြား၍ သိခြင်းကိုလည်း ပညတ်၏၊ ရုပ်တရားတို့ကို ပိုင်းခြား၍ သိခြင်းကိုလည်း ပညတ်၏

http://www.dhammadownload.com



ဝေဒနာတရားတို့ကို ပိုင်းခြား၍ သိခြင်းကိုကား မပညတ်၊ ဤလောက၌ အချို့သော ဆရာသည်ကား ကာမဂုဏ်တရားတို့ကို ပိုင်းခြား၍ သိခြင်းကိုလည်း ပညတ်၏၊ ရုပ်တရားတို့ကို ပိုင်းခြား၍ သိခြင်းကိုလည်း ပညတ်၏၊ ဝေဒနာတရားတို့ကို ပိုင်းခြား၍ သိခြင်းကိုလည်း ပညတ်၏။

ထိုဆရာသုံးယောက်တို့တွင် အကြင်ဆရာသည် ကာမဂုဏ်တရားတို့ကို ပိုင်းခြား၍ သိခြင်းကို ပညတ်၏၊ ရုပ်တရားတို့ကို ပိုင်းခြား၍ သိခြင်းကို မပညတ်၊ ဝေဒနာတရားတို့ကို ပိုင်းခြား၍ သိခြင်းကို မပညတ်၊ ထို့ကြောင့် ထိုဆရာကို ရူပါဝစရသမာပတ်ကိုသာ ရသော ဆရာဟူ၍ မှတ်အပ်၏၊ ထိုဆရာသုံးယောက်တို့တွင် အကြင်ဆရာသည် ကာမဂုဏ်တရားတို့ကို ပိုင်းခြား၍ သိခြင်းကိုလည်း ပညတ်၏၊ ရုပ်တရားတို့ကို ပိုင်းခြား၍ သိခြင်းကိုလည်း ပညတ်၏၊ ဝေဒနာတရားတို့ကို ပိုင်းခြား၍ သိခြင်းကိုကား မပညတ်၊ ထို့ကြောင့် ထိုဆရာကို အရူပသမာပတ်ကိုသာ ရသောဆရာဟူ၍ မှတ်အပ်၏၊ ထိုဆရာသုံးယောက်တို့တွင် အကြင်ဆရာသည် ကာမဂုဏ်တရားတို့ကို ပိုင်းခြား၍ သိခြင်းကိုလည်း ပညတ်၏၊ ရုပ်တရားတို့ကို ပိုင်းခြား၍ သိခြင်းကိုလည်း ပညတ်၏၊ ဝေဒနာတရားတို့ကို ပိုင်းခြား၍ သိခြင်းကိုလည်း ပညတ်၏၊ ထို့ကြောင့် ထိုဆရာကို အလုံးစုံသော တရားတို့ကို အမှန်ကိုယ်တိုင် သိစွမ်းတော်မူနိုင်သော ဆရာဟူ၍ မှတ်အပ်၏၊ သုံးယောက်သော ဆရာတို့သည်ကား ဤသည်တို့ ပေတည်း။

၁၃၁။ ထိုမာတိကာပုဒ်၌ တပါးသော သုံးယောက်သော ဆရာတို့သည် အဘယ်တို့နည်း၊ ဆရာတို့သည် သုံးယောက်ရှိကုန်၏၊ ဤလောက၌ အချို့သောဆရာသည် ယခုဘဝ၌လည်း မိမိအတ္တကို ဟုတ်မှန်သောအားဖြင့် ခိုင်ခံ့သောအားဖြင့် ပညတ်၏၊ တမလွန်ဘဝ၌လည်း အတ္တကို ဟုတ်မှန်သောအားဖြင့် ခိုင်ခံ့သောအားဖြင့် ပညတ်၏၊ ဤလောက၌ အချို့သော ဆရာသည်ကား ယခုဘဝ၌သာ အတ္တကို ဟုတ်မှန်သောအားဖြင့် ခိုင်ခံ့သောအားဖြင့် ပညတ်၏၊ တမလွန်ဘဝ၌ အတ္တကို ဟုတ်မှန်သောအားဖြင့် ခိုင်ခံ့သောအားဖြင့် မပညတ်၊ ဤလောက၌ အချို့သောဆရာသည်ကား ယခုဘဝ၌လည်း အတ္တကို ဟုတ်မှန်သောအားဖြင့် ခိုင်ခံ့သောအားဖြင့် မပညတ်၊ တမလွန်ဘဝ၌လည်း အတ္တကို ဟုတ်မှန်သောအားဖြင့် ခိုင်ခံ့သောအားဖြင့် မပညတ်။

ထိုဆရာသုံးယောက်တို့တွင် အကြင်ဆရာသည် ယခုဘဝ၌လည်း အတ္တကို ဟုတ်မှန်သောအားဖြင့် ခိုင်ခံ့သောအားဖြင့် ပညတ်၏၊ နောင်တမလွန်ဘဝ၌လည်း အတ္တကို ဟုတ်မှန်သောအားဖြင့် ခိုင်ခံ့သောအားဖြင့် ပညတ်၏၊ ထို့ကြောင့် ထိုဆရာကို သဿတဝါဒရှိသောဆရာဟူ၍ မှတ်အပ်၏၊ ထိုဆရာသုံးယောက်တို့တွင် အကြင်ဆရာသည် ယခုဘဝ၌သာ အတ္တကို ဟုတ်မှန်သောအားဖြင့် ခိုင်ခံ့သောအားဖြင့် ပညတ်၏၊ တမလွန်ဘဝ၌ကား အတ္တကို ဟုတ်မှန်သောအားဖြင့် ခိုင်ခံ့သောအားဖြင့် မပညတ်၊ ထို့ကြောင့် ထိုဆရာကို ဥစ္ဆေဒဝါဒရှိသောဆရာဟူ၍ မှတ်အပ်၏၊ ထိုဆရာသုံးယောက်တို့တွင် အကြင်ဆရာသည် ယခုဘဝ၌လည်း အတ္တကို ဟုတ်မှန်သောအားဖြင့် ခိုင်ခံ့သောအားဖြင့် မပညတ်၊ တမလွန်ဘဝ၌လည်း အတ္တကို ဟုတ်မှန်သောအားဖြင့် ခိုင်ခံ့သောအားဖြင့် မပညတ်၊ ထို့ကြောင့် ထိုဆရာကို အလုံးစုံသော တရားတို့ကို အမှန်ကိုယ်တိုင် သိစွမ်းနိုင်သော ဆရာဟူ၍ မှတ်အပ်၏၊ တပါးသော ဆရာသုံးယောက်တို့သည်ကား ဤသည်တို့ပေတည်း။

တိကနိဒ္ဒေသ ပြီး၏။

http://www.dhammadownload.com



# ၄-စတုက္ကပုဂ္ဂလပညတ်

၁၃၂။ သူတော်ကောင်းမဟုတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သူ့အသက်ကို သတ်လေ့ရှိ၏၊ သူ့ဥစ္စာကို ခိုးယူလေ့ ရှိ၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်လေ့ရှိ၏၊ မဟုတ်မမှန်သောစကားကို ပြောဆိုလေ့ရှိ၏၊ မူးယစ်မေ့လျော့ကြောင်း ဖြစ်သော သေရည်သေရက်ကို သောက်စားလေ့ရှိ၏၊ ဤပုဂ္ဂိုလ်ကို သူတော်ကောင်းမဟုတ် 'ယုတ်မာ'သောပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၃၃။ သူတော်ကောင်းမဟုတ်သော ပုဂ္ဂိုလ်အောက် သာလွန်၍ သူတော်ကောင်းမဟုတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မိမိကိုယ်တိုင်လည်း သူ့အသက်ကို သတ်လေ့ရှိ၏၊ သူတပါးကိုလည်း သူ့အသက်သတ်ခြင်း၌ ဆောက်တည်စေ၏၊ မိမိကိုယ်တိုင်လည်း သူ့ဥစ္စာကို ခိုးယူလေ့ရှိ၏၊ သူတပါးကိုလည်း သူ့ဥစ္စာကို ခိုးယူခြင်း၌ ဆောက်တည်စေ၏၊ မိမိကိုယ်တိုင်လည်း ကာမဂုဏ်တို့၌ မှားယွင်းစွာ ပြုကျင့်လေ့ရှိ၏၊ သူတပါးကိုလည်း ကာမဂုဏ်တို့၌ မှားယွင်းစွာ ပြုကျင့်ခြင်း၌ ဆောက်တည်စေ၏၊ မိမိကိုယ်တိုင်လည်း မဟုတ်မမှန်စကားကို ပြောဆိုလေ့ရှိ၏၊သူတပါးကိုလည်း မဟုတ်မမှန်စကားပြောဆိုခြင်း၌ ဆောက်တည်စေ၏၊ မိမိကိုယ်တိုင်လည်း မူးယစ်မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက်ကို သောက်စားလေ့ရှိ၏၊ သူတပါးကိုလည်း မူးယစ်မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက်ကို သောက်စားခြင်း၌ ဆောက်တည်စေ၏၊ ဤပုဂ္ဂိုလ်ကို သူတော်ကောင်းမဟုတ်'ယုတ်မာ'သောပုဂ္ဂိုလ်အောက် သာလွန်၍ သူတော်ကောင်းမဟုတ် 'ယုတ်မာ'သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၃၄။ သူတော်ကောင်းပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာပြုကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန်စကား ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊မူးယစ်မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက်ကို သောက်စားခြင်းမှ ရှောင်ကြဉ်၏၊ ဤပုဂ္ဂိုလ်ကို သူတော်ကောင်းပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၃၅။ သူတော်ကောင်းပုဂ္ဂိုလ်ထက် သာလွန်၍ သူတော်ကောင်းဖြစ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မိမိကိုယ်တိုင်လည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊သူတပါးကိုလည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်မှု၌ဆောက်တည်စေ၏၊မိမိကိုယ်တိုင်လည်း သူ့ဥစ္စာကိုခိုးယူခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း သူ့ဥစ္စာကိုခိုးယူခြင်းမှ ရှောင်ကြဉ်မှု၌ ဆောက်တည်စေ၏၊ မိမိကိုယ်တိုင်လည်း ကာမဂုဏ်တို့၌ မှားယွင်းစွာ ပြုကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း ကာမဂုဏ်တို့၌ မှားယွင်းစွာ ပြုကျင့်ခြင်းမှ ရှောင်ကြဉ်မှု၌ ဆောက်တည်စေ၏၊ မိမိကိုယ်တိုင်လည်း မဟုတ်မမှန်စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း မဟုတ်မမှန်စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု၌ ဆောက်တည်စေ၏၊ မိမိကိုယ်တိုင်လည်း မူးယစ်မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက်ကို သောက်စားခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကုလည်း မူးယစ်မေ့လျော့ကြောင်း ဖြစ်သော သေရည်သေရက်သောက်စားခြင်းမှ ရှောင်ကြဉ်မှု၌ ကောင်းစွာဆောက်တည်စေ၏၊ ဤပုဂ္ဂိုလ်ကို သူတော်ကောင်းပုဂ္ဂိုလ်ထက် သာလွန်၍ သူတော်ကောင်းဖြစ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



၁၃၆။ ယုတ်မာသောပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သူ့အသက်ကို သတ်လေ့ရှိ၏၊ သူ့ဥစ္စာကို ခိုးယူလေ့ရှိ၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ပြုကျင့်လေ့ရှိ၏၊ မဟုတ်မမှန်စကားကို ပြောဆိုလေ့ရှိ၏၊ ကုံးချောစကားကို ပြောဆိုလေ့ရှိ၏၊ ကြမ်းကြုတ်သောစကားကို ပြောဆိုလေ့ရှိ၏၊ ပြိန်ဖျင်းသောစကားကို ပြောဆိုလေ့ရှိ၏၊အလိုကြီးခြင်းများ၏၊ ဖောက်ပြန်သောစိတ်ရှိ၏၊ မှားသောအယူရှိ၏၊ ဤပုဂ္ဂိုလ်ကို ယုတ်မာသော'ပါပ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၃၇။ ယုတ်မာသည်အောက် သာလွန်၍ ယုတ်မာသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မိမိကိုယ်တိုင်လည်း သူ့အသက်ကို သတ်၏၊ သူတပါးကိုလည်း သူ့အသက်သတ်ခြင်း၌ ဆောက်တည်စေ၏၊ မိမိကိုယ်တိုင်လည်း သူ့ဥစ္စာကို ခိုးယူ၏၊သူတပါးကိုလည်း သူ့ဥစ္စာကို ခိုးယူခြင်း၌ ဆောက်တည်စေ၏၊ မိမိကိုယ်တိုင်လည်း ကာမဂုဏ်တို့၌ မှားယွင်းစွာပြုကျင့်၏ ၊ သူတပါးကိုလည်း ကာမဂုဏ်တို့၌ မှားယွင်းစွာပြုကျင့်ခြင်း၌ ဆောက်တည်စေ၏၊မိမိကိုယ်တိုင်လည်း မဟုတ်မမှန်စကားကို ပြောဆို၏၊ သူတပါးကိုလည်း မဟုတ်မမှန်စကားကို ပြောဆိုခြင်း၌ ဆောက်တည်စေ၏၊ မိမိကိုယ်တိုင်လည်း ကုံးချောစကားကို ပြောဆို၏၊ သူတပါးကိုလည်း ကုံးချောစကားကို ပြောဆိုခြင်း၌ ဆောက်တည်စေ၏၊မိမိကိုယ်တိုင်လည်း ကြမ်းကြုတ်သောစကားကိုပြောဆို၏၊သူတပါးကိုလည်း ကြမ်းကြုတ်သောစကားကို ပြောဆိုခြင်း၌ ဆောက်တည်စေ၏၊မိမိကိုယ်တိုင်လည်း ပြိန်ဖျင်းသော စကားကို ပြောဆို၏၊သူတပါးကိုလည်း ပြိန်ဖျင်းသောစကားကိုပြောဆိုခြင်း၌ ဆောက်တည်စေ၏၊မိမိကိုယ်တိုင်လည်း အလိုကြီးခြင်းများ၏၊ သူတပါးကိုလည်း အလိုကြီးခြင်းများမှု၌ ဆောက်တည်စေ၏၊ မိမိကိုယ်တိုင်လည်း ဖောက်ပြန်သောစိတ်ရှိ၏၊ သူတပါးကိုလည်း ဖောက်ပြန်ခြင်း၌ ဆောက်တည်စေ၏၊မိမိကိုယ်တိုင်လည်း မှားသောအယူရှိ၏၊သူတပါးကိုလည်း မှားသောအယူရှိခြင်း၌ ဆောက်တည်စေ၏၊ ဤပုဂ္ဂိုလ်ကို ယုတ်မာသည်အောက် သာလွန်၍ ယုတ်မာသောပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၃၈။ ကောင်းသောပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်၏၊ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာပြုကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန်စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ကုံးချောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ကြမ်းကြုတ်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ အလိုကြီးခြင်း မရှိ၊ ဖောက်ပြန်သောစိတ်မရှိ၊ ကောင်းသောအယူရှိ၏၊ ဤပုဂ္ဂိုလ်ကို ကောင်းသော 'ကလျာဏ' ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏၊

၁၃၉။ ကောင်းသည်ထက် သာလွန်၍ ကောင်းသောပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိကိုယ်တိုင်လည်း သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ မိမိကိုယ်တိုင်လည်း သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်၏၊သူတပါးကိုလည်း သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ မိမိကိုယ်တိုင်လည်း ကာမဂုဏ်တို့၌ မှားယွင်းစွာ ပြုကျင့်ခြင်း

http://www.dhammadownload.com



မှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ မိမိကိုယ်တိုင်လည်း မဟုတ်မမှန်စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း မဟုတ်မမှန်စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ မိမိကိုယ်တိုင်လည်း ဂုံးချောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း ဂုံးချောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ မိမိကိုယ်တိုင်လည်း ကြမ်းကြုတ်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း ကြမ်းကြုတ်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ မိမိကိုယ်တိုင်လည်း ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ မိမိကိုယ်တိုင်လည်း အလိုကြီးခြင်းမှ ကင်း၏၊ သူတပါးကိုလည်း အလိုကြီးခြင်းမှ ကင်းခြင်း၌ ဆောက်တည်စေ၏၊ မိမိကိုယ်တိုင်လည်း ဖောက်ပြန်သောစိတ်မှ ကင်း၏၊ သူတပါးကိုလည်း ဖောက်ပြန်ခြင်းမှ ကင်းခြင်း၌ ဆောက်တည်စေ၏၊ မိမိကိုယ်တိုင်လည်း ကောင်းသောအယူရှိ၏၊သူတပါးကိုလည်း ကောင်းသောအယူ၌ ဆောက်တည်စေ၏၊ ဤပုဂ္ဂိုလ်ကို ကောင်းသည်ထက် သာလွန်၍ ကောင်းသောပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၄၀။ ယုတ်ညံ့သောအကျင့်ရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သူ့အသက်ကို သတ်လေ့ရှိ၏၊သူတပါးဥစ္စာကို ခိုးယူလေ့ရှိ၏။ပ။ မှားယွင်းသောအယူရှိ၏၊ ဤပုဂ္ဂိုလ်ကို ယုတ်ညံ့သော အကျင့်ရှိသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၄၁။ ယုတ်ညံ့သော အကျင့်ရှိသောသူအောက် သာလွန်၍ ယုတ်ညံ့သော အကျင့်ရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိကိုယ်တိုင်လည်း သူ့အသက်ကို သတ်လေ့ရှိ၏၊ သူတပါးကိုလည်း သူ့အသက်ကို သတ်ခြင်း၌ ဆောက်တည်စေ၏၊ မိမိကိုယ်တိုင်လည်း သူတပါးဥစ္စာကို ခိုးယူလေ့ရှိ၏၊ သူတပါးကိုလည်း သူတပါးဥစ္စာကို ခိုးယူခြင်း၌ ဆောက်တည်စေ၏။ပ။မိမိကိုယ်တိုင်လည်း မှားယွင်းသော အယူရှိ၏၊ သူတပါးကိုလည်း မှားယွင်းသော အယူ၌ ဆောက်တည်စေ၏၊ ဤပုဂ္ဂိုလ်ကို ယုတ်ညံ့သော အကျင့်ရှိသော သူ့အောက် သာလွန်၍ ယုတ်ညံ့သော အကျင့်ရှိသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၄၂။ ကောင်းသောအကျင့်ရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်၏။ပ။ကောင်းသောအယူရှိ၏၊ ဤပုဂ္ဂိုလ်ကို ကောင်းသောအကျင့်ရှိသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၄၃။ ကောင်းသော အကျင့်ရှိသောသူထက် သာလွန်၍ ကောင်းသော အကျင့်ရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မိမိကိုယ်တိုင်လည်း သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ပ။မိမိကိုယ်တိုင်လည်း ကောင်းသော အယူရှိ၏၊ သူတပါးကိုလည်း ကောင်းသောအယူ၌ ဆောက်တည်စေ၏၊ ဤပုဂ္ဂိုလ်ကို ကောင်းသော အကျင့်ရှိသောသူထက် သာလွန်၍ ကောင်းသောအကျင့်ရှိသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၄၄။ အပြစ်ရှိသောပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် အပြစ်ရှိသော ကာယကံနှင့် ပြည့်စုံ၏၊ အပြစ်ရှိသောဝစီကံနှင့် ပြည့်စုံ၏၊ အပြစ်ရှိသော မနောကံနှင့်ပြည့်စုံ၏၊ ဤပုဂ္ဂိုလ်ကို အပြစ်ရှိသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



၁၄၅။ အပြစ်များသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း။ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အပြစ်ရှိသော ကာယကံနှင့် များစွာပြည့်စုံ၍ အပြစ်မရှိသော ကာယကံနှင့် အနည်းငယ်သာ ပြည့်စုံ၏၊ အပြစ်ရှိသော ဝစီကံနှင့် များစွာပြည့်စုံ၍ အပြစ်မရှိသော ဝစီကံနှင့် အနည်းငယ်သာ ပြည့်စုံ၏၊ အပြစ်ရှိသော မနောကံနှင့် များစွာပြည့်စုံ၍ အပြစ်မရှိသော မနောကံနှင့် အနည်းငယ်သာ ပြည့်စုံ၏၊ ဤပုဂ္ဂိုလ်ကို အပြစ်များသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၄၆။ အပြစ်နည်းသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အပြစ်မရှိသော ကာယကံနှင့် များစွာပြည့်စုံ၍ အပြစ်ရှိသော ကာယကံနှင့် အနည်းငယ်သာ ပြည့်စုံ၏၊ အပြစ်မရှိသော ဝစီကံနှင့် များစွာ ပြည့်စုံ၍ အပြစ်ရှိသော ဝစီကံနှင့် အနည်းငယ်သာ ပြည့်စုံ၏၊ အပြစ်မရှိသော မနောကံနှင့် များစွာ ပြည့်စုံ၍ အပြစ်ရှိသောမနောကံနှင့် အနည်းငယ်သာ ပြည့်စုံ၏၊ ဤပုဂ္ဂိုလ်ကို အပြစ်နည်းသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၄၇။ အပြစ်မရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အပြစ်မရှိသော ကာယကံနှင့် ပြည့်စုံ၏၊ အပြစ်မရှိသော ဝစီကံနှင့် ပြည့်စုံ၏၊ အပြစ်မရှိသော မနောကံနှင့် ပြည့်စုံ၏၊ ဤပုဂ္ဂိုလ်ကို အပြစ်မရှိသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၄၈။ အကျဉ်းဟောပြကာမျှဖြင့် မဂ်ဖိုလ်ကို ရသော 'ဥဂ္ဃဋိတညူ'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ အကြင်ပုဂ္ဂိုလ်အား(အကျဉ်း)ထုတ်ဆောင်ဟောပြအပ်သော အခါနှင့် တပြိုင်နက် (သစ္စာလေးပါး)တရားကို ထိုးထွင်း၍ သိခြင်းသည်ဖြစ်၏၊ ဤပုဂ္ဂိုလ်ကို အကျဉ်းဟောပြကာမျှဖြင့် မဂ်ဖိုလ်ကိုရသော 'ဥဂ္ဃဋိတညူ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၄၉။ အကျယ်ဟောပြကာမျှဖြင့် မဂ်ဖိုလ်ကိုရသော 'ဝိပဉ္စိတညူ'ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း အကြင်ပုဂ္ဂိုလ်အား အကျဉ်းအားဖြင့် ဟောအပ်ပြီးသော ဒေသနာ၏ အနက်ကို အကျယ်အားဖြင့် ဝေဖန်အပ်သည်ရှိသော် (သစ္စာလေးပါး) တရားကို ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏၊ ဤပုဂ္ဂိုလ်ကို အကျယ်ဟောပြကာမျှဖြင့် မဂ်ဖိုလ်ကို ရသော 'ဝိပဉ္စိတညူ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၅၀။ ဥဒ္ဒေသစသည်ဖြင့် ဆောင်ပြ၍ တဖြေးဖြေး နောက်မှ မဂ်ဖိုလ်ကိုရသော 'နေယျ' ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း အကြင်ပုဂ္ဂိုလ်အား အကျဉ်း (ပါဠိ) အားဖြင့်ရင်း အကျယ် (အဋ္ဌကထာ)အားဖြင့်ရင်း သင့်လျော် လျောက်ပတ်စွာ နှလုံးသွင်းသောအားဖြင့်ရင်း မိတ်ဆွေကောင်းတို့ကို မှီဝဲဆည်းကပ်လျက် ချဉ်းကပ်သောအားဖြင့်ရင်း ဤသို့အစဉ်အတိုင်း(သစ္စာလေးပါး)တရားကို ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏၊ ဤပုဂ္ဂိုလ်ကို ဥဒ္ဒေသစသည်ဖြင့် ဆောင်ပြ၍ တဖြေးဖြေး နောက်မှ မဂ်ဖိုလ်ကိုရသော 'နေယျ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၅၁။ ပုဒ်ဗျည်းမျှသာ အတိုင်းအရှည်ရှိသော 'ပဒပရမ' ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ အကြင်ပုဂ္ဂိုလ်အား အကြိမ်များစွာ နာကြားသော်လည်း အကြိမ်များစွာ ပြောဟော ရွတ်ဆိုသော်လည်း အကြိမ်များစွာ ဆောင်ပြသော်လည်း အကြိမ်များစွာ သရဇ္ဈာယ်သော်လည်း ထိုကိုယ်၏ အဖြစ်၌ (သစ္စာလေးပါး)တရားကို ထိုးထွင်း၍ သိခြင်းသည် မဖြစ်၊ ဤပုဂ္ဂိုလ်ကို ပုဒ်ဗျည်း အတိုင်းအရှည်ရှိသော 'ပဒပရမ'ပုဂ္ဂိုလ် ဟူ၍ ဆိုအပ်၏။

၁၅၂။ သင့်လျော်စွာ ဆိုတတ်၍ လွတ်လွတ် 'မဆိုင်းမလင့်'မဆိုတတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ပြဿနာကိုမေးအပ်သည်ရှိသော် သင့်လျော်

http://www.dhammadownload.com



သည်ကို ဆိုတတ်၏၊ လျင်မြန်စွာ မဆိုတတ်၊ ဤပုဂ္ဂိုလ်ကို သင့်လျော်စွာ ဆိုတတ်၍ လွတ်လွတ် 'မဆိုင်းမလင့်'မဆိုတတ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၅၃။ လွတ်လွတ်ဆိုတတ်၍ သင့်လျော်စွာ မဆိုတတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပြဿနာကို မေးအပ်သည်ရှိသော် (ပြဿနာ၏အဆုံး၌) လျင်မြန်စွာ ဆိုတတ်၏၊ သင့်လျော်သည်ကို မဆိုတတ်၊ ဤပုဂ္ဂိုလ်ကို လွတ်လွတ်ဆိုတတ်၍ သင့်လျော်စွာ မဆိုတတ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၅၄။ သင့်လျော်စွာလည်းဆိုတတ် လွတ်လွတ်လည်းဆိုတတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပြဿနာကို မေးအပ်သည်ရှိသော် သင့်လျော်သည်ကိုလည်း ဆိုတတ်၏၊ လျင်မြန်စွာလည်း ဆိုတတ်၏၊ ဤပုဂ္ဂိုလ်ကို သင့်လျော်စွာလည်း ဆိုတတ် လွတ်လွတ်လည်းဆိုတတ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၅၅။ သင့်လျော်စွာလည်း မဆိုတတ် လွတ်လွတ်လည်း မဆိုတတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပြဿနာကို မေးအပ်သည်ရှိသော် သင့်လျော်သည်ကိုလည်း မဆိုတတ်၊လျင်မြန်စွာလည်း မဆိုတတ်၊ဤပုဂ္ဂိုလ်ကို သင့်လျော်စွာလည်း မဆိုတတ်၊ လွတ်လွတ်လည်း မဆိုတတ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၅၆။ ထိုမာတိကာပုဒ်၌ တရားဟော 'ဓမ္မကထိက' ပုဂ္ဂိုလ် လေးယောက်တို့သည် အဘယ်တို့နည်း၊ ဤလောက၌ အချို့သော တရားဟော ပုဂ္ဂိုလ်သည် အနည်းငယ်ကိုလည်း ဟော၏၊ အကျိုးအကြောင်းနှင့် မစပ်သည်ကိုလည်း ဟော၏၊ ထိုဓမ္မကထိက၏ တရားနာပရိသတ်သည်လည်း အကျိုးအကြောင်း ဟုတ်သည် မဟုတ်သည်၌ မလိမ္မာ၊ ဤသို့ သဘောရှိသော တရားဟောပုဂ္ဂိုလ်သည် ဤသို့ သဘောရှိသော (မလိမ္မာသည့်) တရားနာပရိသတ်၌ တရားဟောပုဂ္ဂိုလ်ဟူ၍ပင် ရေတွက်ခြင်းသို့ရောက်၏။

ဤလောက၌ အချို့သော တရားဟောပုဂ္ဂိုလ်သည်ကား အနည်းငယ်ကိုလည်း ဟော၏၊ အကျိုးအကြောင်းနှင့် စပ်သည်ကိုလည်း ဟော၏၊ ထိုတရားဟောပုဂ္ဂိုလ်၏ ပရိသတ်သည်ကား အကျိုးအကြောင်း ဟုတ်သည် မဟုတ်သည်၌ လိမ္မာ၏၊ ဤသို့ သဘောရှိသော တရားဟောပုဂ္ဂိုလ်သည် ဤသို့သဘောရှိသော တရားနာပရိသတ်၌ တရားဟောပုဂ္ဂိုလ်ဟူ၍ပင် ရေတွက်ခြင်းသို့ ရောက်၏။

ဤလောက၌ အချို့သော တရားဟောပုဂ္ဂိုလ်သည် များစွာလည်း ဟော၏၊ အကျိုးအကြောင်းနှင့် မစပ်သည်ကိုလည်း ဟော၏၊ထိုတရားဟောပုဂ္ဂိုလ်၏ ပရိသတ်သည်ကား အကျိုးအကြောင်းဟုတ်သည် မဟုတ်သည်၌ မလိမ္မာ၊ ဤသို့သဘောရှိသော တရားဟောပုဂ္ဂိုလ်သည် ဤသို့ သဘောရှိသော တရားနာပရိသတ်၌ တရားဟော ပုဂ္ဂိုလ်ဟူ၍ပင် ရေတွက်ခြင်းသို့ ရောက်၏။

ဤလောက၌ အချို့သော တရားဟောပုဂ္ဂိုလ်သည် များစွာလည်း ဟော၏၊ အကျိုးအကြောင်းနှင့် စပ်သည်ကိုလည်း ဟော၏၊ ထိုတရားဟောပုဂ္ဂိုလ်၏ တရားနာပရိသတ်သည်ကား အကျိုးအကြောင်း ဟုတ်သည် မဟုတ်သည်၌ လိမ္မာ၏၊ ဤသို့သဘောရှိသော တရားဟောပုဂ္ဂိုလ်သည် ဤသို့ သဘောရှိသော တရားနာပရိသတ်၌ တရားဟောပုဂ္ဂိုလ်ဟူ၍ပင် ရေတွက်ခြင်းသို့ ရောက်၏၊ တရားဟော 'ဓမ္မကထိက'ပုဂ္ဂိုလ်လေးယောက်တို့သည် ဤသည်တို့ပေတည်း။

http://www.dhammadownload.com



၁၅၇။ ထိုမာတိကာပုဒ်၌ မိုးတိမ်တိုက်နှင့်တူသော ပုဂ္ဂိုလ်လေးယောက်တို့သည် အဘယ်တို့နည်း၊ ချုန်းရုံသာချုန်း၍ မရွာသောမိုး၊ ရွာရုံသာရွာ၍ မချုန်းသောမိုး၊ ချုန်းလည်းချုန်း ရွာလည်းရွာသောမိုး၊ ချုန်းလည်းမချုန်း ရွာလည်းမရွာသောမိုးဟူ၍ မိုးတိမ်တို့သည် လေးမျိုးရှိကုန်၏၊ ဤအတူပင်လျှင် မိုးတိမ်တိုက်နှင့်တူသော ပုဂ္ဂိုလ်လေးယောက်တို့သည် လောက၌ ထင်ရှားရှိကုန်၏၊ လေးယောက်တို့ဟူသည် အဘယ်တို့နည်း၊ ချုန်းရုံသာချုန်း၍ မရွာသောမိုးနှင့် တူသောပုဂ္ဂိုလ်၊ ရွာရုံသာရွာ၍ မချုန်းသောမိုးနှင့်တူသောပုဂ္ဂိုလ်၊ ချုန်းလည်းချုန်း ရွာလည်းရွာသော မိုးနှင့်တူသောပုဂ္ဂိုလ်၊ ချုန်းလည်းမချုန်း ရွာလည်းမရွာသော မိုးနှင့်တူသော ပုဂ္ဂိုလ် ဟူ၍ လေးယောက်တို့တည်း။

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ချုန်းရုံသာချုန်း၍ မရွာသောမိုးနှင့် တူသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ပြောရုံသာပြော၏၊ ပြောသည့်အတိုင်း လုပ်ကားမလုပ်၊ ဤသို့ ပြောရုံသာ ပြော၍ (ပြောသည့်အတိုင်း) မလုပ်သော ပုဂ္ဂိုလ်သည် ချုန်းရုံသာချုန်း၍ မရွာသော မိုးနှင့် တူသည်မည်၏၊ ထိုမိုးသည် ချုန်းရုံသာချုန်း၍ မရွာသကဲ့သို့ ဤသို့ ပြောရုံသာပြော၍ ပြောသည့် အတိုင်း မပြုလုပ်သော ပုဂ္ဂိုလ်ကို ထိုမိုးနှင့်တူ၏ဟူ၍ မှတ်အပ်၏။ (၁)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ရွာရုံသာရွာ၍ မချုန်းသောမိုးနှင့်တူသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် လုပ်ကား လုပ်၏၊ ပြောကားမပြော၊ ဤသို့ လုပ်ရုံသာ လုပ်၍ မပြောသော ပုဂ္ဂိုလ်သည် ရွာရုံသာရွာ၍ မချုန်းသောမိုးနှင့်တူသည်မည်၏၊ ထိုမိုးသည် ရွာရုံသာ ရွာ၍ မချုန်းသကဲ့သို့ လုပ်ရုံသာ လုပ်၍ မပြောသောပုဂ္ဂိုလ်ကို ထိုမိုးနှင့်တူ၏ ဟူ၍ မှတ်အပ်၏။ (၂)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ချုန်းလည်းချုန်း ရွာလည်းရွာသော မိုးနှင့်တူသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ပြောလည်းပြော၏၊ လုပ်လည်းလုပ်၏၊ ဤသို့ ပြောလည်း ပြော လုပ်လည်းလုပ်သော ပုဂ္ဂိုလ်သည် ချုန်းလည်းချုန်း ရွာလည်းရွာသော မိုးနှင့်တူသည် မည်၏၊ ထိုမိုးသည် ချုန်းလည်းချုန်း ရွာလည်းရွာသကဲ့သို့ ဤသို့ ပြောလည်းပြော လုပ်လည်း လုပ်သော ပုဂ္ဂိုလ်ကို ထိုမိုးနှင့်တူ၏ဟူ၍ မှတ်အပ်၏။ (၃)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ချုန်းလည်းမချုန်း ရွာလည်းမရွာသော မိုးနှင့် တူသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ပြောလည်းမပြော၊ လုပ်လည်းမလုပ်၊ ဤသို့ ပြောလည်း မပြော လုပ်လည်းမလုပ်သော ပုဂ္ဂိုလ်သည် ချုန်းလည်းမချုန်း ရွာလည်းမရွာသော မိုးနှင့်တူသည် မည်၏၊ ထိုမိုးသည် ချုန်းလည်းမချုန်း ရွာလည်းမရွာသကဲ့သို့ ဤသို့ ပြောလည်းမပြော လုပ်လည်းမလုပ်သော ပုဂ္ဂိုလ်ကို ထိုမိုးနှင့်တူ၏ဟူ၍ မှတ်အပ်၏။ (၄)

လောက၌ ထင်ရှားရှိသော မိုးတိမ်နှင့်တူသော ပုဂ္ဂိုလ်လေးယောက်တို့သည် ဤသည်တို့ပေတည်း။

၁၅၈။ ထိုမာတိကာပုဒ်၌ ကြွက်နှင့်တူသော ပုဂ္ဂိုလ်လေးယောက်တို့သည် အဘယ်တို့နည်း၊ တွင်းတူးလျက် မအောင်းသောကြွက်၊ အောင်းလျက် တွင်းမတူးသောကြွက်၊ တွင်းလည်းတူး အောင်းလည်းအောင်းသောကြွက်၊ တွင်းလည်းမတူး အောင်းလည်းမအောင်းသောကြွက်တို့သည် လေးမျိုးရှိကုန်၏၊ ဤအတူပင်လျှင် ကြွက်နှင့်တူသော ပုဂ္ဂိုလ်လေးယောက်တို့သည် လောက၌

http://www.dhammadownload.com



ထင်ရှားရှိကုန်၏၊ လေးယောက်တို့ဟူသည် အဘယ်တို့နည်း၊ တွင်းတူးလျက် မအောင်းသော ကြွက်နှင့်တူသောပုဂ္ဂိုလ်၊ အောင်းလျက် တွင်းမတူးသောကြွက်နှင့်တူသောပုဂ္ဂိုလ်၊ တွင်းလည်းတူး အောင်းလည်းအောင်းသော ကြွက်နှင့်တူသောပုဂ္ဂိုလ်၊ တွင်းလည်းမတူး အောင်းလည်းမအောင်း သောကြွက်နှင့်တူသောပုဂ္ဂိုလ်တို့တည်း။

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် တွင်းသာတူး၍ မအောင်းသောကြွက်နှင့်တူသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် သုတ္တ ဂေယျ ဝေယျာကရဏ ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လတည်းဟူသောတရား (ပိဋကတ်တော်)ကို သင်ယူ၏၊ ထိုပိဋကတ်တတ်သော ပုဂ္ဂိုလ်သည် "ဤလောဘကြဉ်သော ခန္ဓာငါးပါးသည်ကား ဆင်းရဲတည်း"ဟူ၍ ဟုတ်မှန်သော အတိုင်းမသိ၊ "ဤလောဘသည်ကား ဆင်းရဲဖြစ်ကြောင်းတည်း"ဟူ၍ ဟုတ်မှန်သော အတိုင်းမသိ၊ "ဤနိဗ္ဗာန်သည်ကား ဆင်းရဲချုပ်ရာတည်း"ဟူ၍ ဟုတ်မှန်သောအတိုင်းမသိ၊ "ဤမဂ္ဂင်ရှစ်ပါးသည်ကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟူ၍ ဟုတ်မှန်သော အတိုင်းမသိ၊ ဤသို့ပုဂ္ဂိုလ်သည် တွင်းသာတူးလျက် မအောင်းသောကြွက်နှင့် တူ၏၊ထိုကြွက်သည် တွင်းတူးလျက် မအောင်းသကဲ့သို့ ဤသို့ ပိဋကတ်သာတတ်လျက် အမှန်တရားကို မသိသော ပုဂ္ဂိုလ်ကို ထိုကြွက်နှင့်တူ၏ဟူ၍ မှတ်အပ်၏။ (၁)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အောင်းလျက် တွင်းမတူးသောကြွက်နှင့်တူသနည်း၊ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သုတ္တ ဂေယျ ဝေယျာကရဏ ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လတည်းဟူသော တရား(ပိဋကတ်တော်)ကို မသင်ယူ၊ ထိုပိဋကတ်မတတ်သော ပုဂ္ဂိုလ်သည် "ဤလောဘကြဉ်သော ခန္ဓာငါးပါးသည်ကား ဆင်းရဲတည်း"ဟူ၍ ဟုတ်မှန်သော အတိုင်း သိ၏။ပ။ဤသို့ ပုဂ္ဂိုလ်သည် အောင်းလျက် တွင်းမတူးသော ကြွက်နှင့်တူသည်မည်၏၊ ထိုကြွက်သည် အောင်းလျက် တွင်းမတူးသကဲ့သို့ ဤသို့ ပိဋကတ်မတတ်ပဲ အမှန်တရားကိုသိသော ပုဂ္ဂိုလ်ကို ထိုကြွက်နှင့်တူ၏ဟူ၍ မှတ်အပ်၏။ (၂)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် တွင်းလည်းတူး အောင်းလည်းအောင်းသော ကြွက်နှင့်တူသနည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သုတ္တ ဂေယျ ဝေယျာကရဏ ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လတည်းဟူသော တရား (ပိဋကတ်တော်)ကို သင်ယူ၏၊ ထိုပိဋကတ်တတ်သော ပုဂ္ဂိုလ်သည် "ဤလောဘကြဉ်သော ခန္ဓာငါးပါးသည်ကား ဆင်းရဲတည်း" ဟူ၍ ဟုတ်မှန်သော အတိုင်းသိ၏။ပ။ဤသို့ပုဂ္ဂိုလ်သည် တွင်းလည်းတူး အောင်းလည်းအောင်း သော ကြွက်နှင့်တူသည်မည်၏၊ ထိုကြွက်သည် တွင်းလည်းတူး အောင်းလည်းအောင်းသကဲ့သို့ ဤသို့ ပိဋကတ်လည်းတတ် အမှန်တရားကိုလည်း သိသော ပုဂ္ဂိုလ်ကို ထိုကြွက်နှင့် တူ၏ ဟူ၍ မှတ်အပ်၏။ (၃)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် တွင်းလည်းမတူး အောင်းလည်းမအောင်းသော ကြွက်နှင့် တူသနည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သုတ္တ ဂေယျ ဝေယျာကရဏ ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လတည်းဟူသော တရား (ပိဋကတ်တော်)ကို မသင်ယူ၊ ထို ပိဋကတ် မတတ်သော ပုဂ္ဂိုလ်သည် "ဤလောဘကြဉ်သော ခန္ဓာငါးပါးသည်ကား ဆင်းရဲတည်း" ဟူ၍ ဟုတ်မှန်သောအတိုင်းမသိ။ပ။ဤသို့ ပုဂ္ဂိုလ်သည် တွင်းလည်းမတူး အောင်းလည်းမအောင်း

http://www.dhammadownload.com



သော ကြွက်နှင့်တူ၏၊ ထိုကြွက်သည် တွင်းလည်းမတူး အောင်းလည်းမအောင်းသကဲ့သို့ ဤသို့ ပိဋကတ်လည်းမတတ်၊ အမှန်တရားကိုလည်း မသိသော ပုဂ္ဂိုလ်ကို ထိုကြွက်နှင့်တူ၏ဟူ၍ မှတ်အပ်၏။ (၄)

လောက၌ ထင်ရှားရှိသော ကြွက်နှင့်တူသော ပုဂ္ဂိုလ်လေးယောက်တို့သည် ဤသည်တို့ပေတည်း။

၁၅၉။ ထိုမာတိကာပုဒ်၌ သရက်သီးနှင့်တူသော ပုဂ္ဂိုလ်လေးယောက်တို့သည် အဘယ်တို့နည်း၊ စိမ်းလျက် မှည့်ရောင်ရှိသော သရက်သီး၊ မှည့်လျက် စိမ်းရောင်ရှိသော သရက်သီး၊ စိမ်းလျက် စိမ်းရောင်ရှိသောသရက်သီး၊ မှည့်လျက် မှည့်ရောင်ရှိသော သရက်သီးဟူ၍ သရက်သီးတို့သည် လေးမျိုးရှိကုန်၏၊ ဤအတူပင်လျှင် သရက်သီးနှင့်တူသော ဤပုဂ္ဂိုလ် လေးယောက်တို့သည် လောက၌ ထင်ရှားရှိကုန်၏၊ လေးယောက်တို့ဟူသည် အဘယ်တို့နည်း၊ စိမ်းလျက်မှည့်ရောင်ရှိသော သရက်သီးနှင့်တူသောပုဂ္ဂိုလ်၊ မှည့်လျက် စိမ်းရောင်ရှိသော သရက်သီးနှင့်တူသောပုဂ္ဂိုလ်၊ စိမ်းလျက် စိမ်းရောင်ရှိသော သရက်သီးနှင့် တူသောပုဂ္ဂိုလ်၊မှည့်လျက် မှည့်ရောင်ရှိသော သရက်သီးနှင့်တူသော ပုဂ္ဂိုလ်တို့တည်း။

အဘယ်သို့လျှင် စိမ်းလျက် မှည့်ရောင်ရှိသော သရက်သီးနှင့်တူသနည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်၏ ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း တူရူကြည့်ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်း ဒုကုဋ် သပိတ် သင်္ကန်း ဝတ်ရုံယူဆောင်ခြင်းသည် ကြည်ညိုဖွယ်ရှိ၏၊ ထိုကြည်ညိုဖွယ်ရှိသော ပုဂ္ဂိုလ်သည် "ဤလောဘကြဉ်သော ခန္ဓာငါးပါးသည် ဆင်းရဲတည်း" ဟူ၍ ဟုတ်မှန်သောအတိုင်း မသိ၊ "ဤလောဘသည်ကား ဆင်းရဲဖြစ်ကြောင်းတည်း" ဟူ၍ ဟုတ်မှန်သောအတိုင်း မသိ၊ "ဤနိဗ္ဗာန်သည်ကား ဆင်းရဲချုပ်ရာတည်း" ဟူ၍ ဟုတ်မှန်သော အတိုင်း မသိ၊ "ဤမဂ္ဂင်ရှစ်ပါးသည်ကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်တည်း" ဟူ၍ ဟုတ်မှန်သောအတိုင်း မသိ၊ ဤသို့ ကြည်ညိုဖွယ် ရှိလျက် အမှန်တရား မသိသော ပုဂ္ဂိုလ်သည် စိမ်းလျက် မှည့်ရောင်ရှိသောသရက်သီးနှင့် တူ၏၊ ထိုသရက်သီးသည် စိမ်းလျက် မှည့်ရောင်ရှိသကဲ့သို့ ဤသို့ ကြည်ညိုဖွယ်ရှိလျက် အမှန်တရားကို မသိသော ပုဂ္ဂိုလ်ကို ထိုသရက်သီးနှင့်တူ၏ဟူ၍ မှတ်အပ်၏။ (၁)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မှည့်လျက် စိမ်းရောင်ရှိသော သရက်သီးနှင့် တူသနည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်၏ ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း တူရူကြည့်ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်း ဒုကုဋ်သပိတ်သင်္ကန်း ဝတ်ရုံယူဆောင်ခြင်းသည် ကြည်ညိုဖွယ်မရှိ၊ ထိုကြည်ညိုဖွယ်မရှိသော ပုဂ္ဂိုလ်သည် "ဤလောဘကြဉ်သော ခန္ဓာငါးပါးသည်ကား ဆင်းရဲတည်း" ဟူ၍ ဟုတ်မှန်သော အတိုင်းသိ၏၊ "ဤလောဘသည်ကား ဆင်းရဲဖြစ်ကြောင်းတည်း" ဟူ၍ ဟုတ်မှန်သောအတိုင်းသိ၏၊ "ဤနိဗ္ဗာန်သည်ကား ဆင်းရဲချုပ်ရာတည်း" ဟူ၍ ဟုတ်မှန်သောအတိုင်းသိ၏၊ "ဤမဂ္ဂင်ရှစ်ပါးသည်ကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်တည်း" ဟူ၍ ဟုတ်မှန်သောအတိုင်းသိ၏၊ ဤသို့ ကြည်ညိုဖွယ်မရှိပဲ အမှန်တရားကို သိသော ပုဂ္ဂိုလ်သည် မှည့်လျက် စိမ်းရောင်ရှိသော သရက်သီးနှင့်တူ၏၊ ထိုသရက်သီးသည် မှည့်လျက် စိမ်းရောင်ရှိသကဲ့သို့ ဤသို့ ကြည်ညိုဖွယ် မရှိပဲ အမှန်တရားသိသောပုဂ္ဂိုလ်ကို ထိုသရက်သီးနှင့် တူ၏ဟူ၍ မှတ်အပ်၏။ (၂)

http://www.dhammadownload.com



အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် စိမ်းလျက် စိမ်းရောင်ရှိသော သရက်သီးနှင့် တူသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်၏ ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း တူရူကြည့်ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်း ဒုကုဋ်သပိတ်သင်္ကန်း ဝတ်ရုံယူဆောင်ခြင်းသည်လည်း ကြည်ညိုဖွယ်မရှိ၊ ထိုကြည်ညိုဖွယ်မရှိသော ပုဂ္ဂိုလ်သည် "ဤလောဘကြဉ်သော ခန္ဓာငါးပါးသည်ကား ဆင်းရဲတည်း"ဟူ၍ ဟုတ်မှန်သောအတိုင်း မသိ ။ပ။ "ဤမဂ္ဂင်ရှစ်ပါးသည်ကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟူ၍ ဟုတ်မှန်သောအတိုင်းမသိ၊ ဤသို့ ကြည်ညိုဖွယ်လည်းမရှိ၊ အမှန်တရားကိုလည်း မသိသော ပုဂ္ဂိုလ်သည် စိမ်းလျက် စိမ်းရောင်ရှိသော သရက်သီးနှင့်တူ၏၊ထိုသရက်သီးသည် စိမ်းလျက် စိမ်းရောင်ရှိသကဲ့သို့ ဤသို့ ကြည်ညိုဖွယ်လည်းမရှိ၊အမှန်တရားကိုလည်း မသိသောပုဂ္ဂိုလ်ကို ထိုသရက်သီးနှင့်တူ၏ဟူ၍ မှတ်အပ်၏။ (၃)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မှည့်လျက် မှည့်ရောင်ရှိသော သရက်သီးနှင့် တူသနည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်၏ ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း တူရူကြည့်ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်း ဒုကုဋ်သပိတ်သင်္ကန်း ဝတ်ရုံယူဆောင်ခြင်းသည် ကြည်ညိုဖွယ်ရှိ၏၊ ထိုကြည်ညိုဖွယ်ရှိသောပုဂ္ဂိုလ်သည် "ဤလောဘကြဉ်သော ခန္ဓာငါးပါးသည်ကား ဆင်းရဲတည်း" ဟူ၍ ဟုတ်မှန်သောအတိုင်းသိ၏။ပ။ "ဤမဂ္ဂင်ရှစ်ပါးသည်ကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟူ၍ ဟုတ်မှန်သောအတိုင်း သိ၏၊ဤသို့ ကြည်ညိုဖွယ်လည်းရှိ အမှန်တရားကိုလည်း သိသော ပုဂ္ဂိုလ်သည် မှည့်လျက် မှည့်ရောင်ရှိသော သရက်သီးနှင့်တူ၏၊ ထိုသရက်သီးသည် မှည့်လျက် မှည့်ရောင်ရှိသကဲ့သို့ ဤသို့ ကြည်ညိုဖွယ်လည်းရှိ အမှန်တရားကိုလည်း သိသော ပုဂ္ဂိုလ်ကို ထိုသရက်သီးနှင့် တူ၏ဟူ၍ မှတ်အပ်၏။ (၄)

လောက၌ ထင်ရှားရှိသော သရက်သီးနှင့်တူသော ပုဂ္ဂိုလ်လေးယောက်တို့သည် ဤသည်တို့ ပေတည်း။

၁၆၀။ ထိုမာတိကာပုဒ်၌ အိုးနှင့်တူသော ပုဂ္ဂိုလ်လေးယောက်တို့သည် အဘယ်တို့နည်း၊ အတွင်း၌ အချည်းနှီး ဖြစ်လျက် ပိတ်ထားသောအိုး၊ အတွင်း၌ ပြည့်လျက် ဖွင့်ထားသောအိုး၊ အတွင်း၌ အချည်းနှီးလည်းဖြစ် ဖွင့်လည်း ဖွင့်ထားသောအိုး၊ အတွင်း၌ ပြည့်လည်းပြည့် ပိတ်လည်း ပိတ်ထားသောအိုးဟူ၍ အိုးတို့သည် လေးမျိုးရှိကုန်၏၊ ဤအတူပင်လျှင် အိုးနှင့်တူသော ပုဂ္ဂိုလ်လေးယောက်တို့သည် လောက၌ ထင်ရှားရှိကုန်၏၊ လေးယောက်တို့ဟူသည် အဘယ်တို့နည်း၊ အတွင်း၌ အချည်းနှီးဖြစ်လျက် ပိတ်ထားသောအိုးနှင့်တူသောပုဂ္ဂိုလ်၊ အတွင်း၌ ပြည့်လျက် ဖွင့်ထားသောအိုးနှင့်တူသော ပုဂ္ဂိုလ်၊ အတွင်း၌ အချည်းနှီးလည်းဖြစ် ဖွင့်လည်းဖွင့်ထားသောအိုးနှင့်တူသောပုဂ္ဂိုလ်၊ အတွင်း၌ ပြည့်လည်းပြည့် ပိတ်လည်းပိတ်ထားသော အိုးနှင့် တူသောပုဂ္ဂိုလ်တို့တည်း။

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အတွင်း၌ အချည်းနှီးဖြစ်လျက် ပိတ်ထားသော အိုးနှင့်တူသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်၏ ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း တူရူကြည့်ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်း ဒုကုဋ်သပိတ်သင်္ကန်း ဝတ်ရုံယူဆောင်ခြင်းသည် ကြည်ညိုဖွယ်ရှိ၏၊ထိုကြည်ညိုဖွယ်ရှိသော ပုဂ္ဂိုလ်သည် "ဤလောဘကြဉ်သော ခန္ဓာငါးပါးသည်ကား ဆင်းရဲတည်း"ဟူ၍ ဟုတ်မှန်သောအတိုင်းမသိ၊ "ဤလောဘသည်ကား ဆင်းရဲဖြစ်ကြောင်းတည်း" ဟူ၍ ဟုတ်မှန်သောအတိုင်း မသိ၊ "ဤနိဗ္ဗာန်သည်ကား ဆင်းရဲချုပ်ရာတည်း"ဟူ၍ ဟုတ်မှန်သော အတိုင်းမသိ၊ "ဤမဂ္ဂင်ရှစ်ပါးသည်ကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ရောက်ကြောင်း အကျင့်တည်း"

http://www.dhammadownload.com



ဟူ၍ ဟုတ်မှန်သောအတိုင်းမသိ၊ ဤသို့ ကြည်ညိုဖွယ်ရှိလျက် အမှန်တရားကို မသိသော ပုဂ္ဂိုလ်သည် အတွင်း၌ အချည်းနှီးဖြစ်လျက် ပိတ်ထားသော အိုးနှင့်တူ၏၊ ထိုအိုးသည် အတွင်း၌ အချည်းနှီး ဖြစ်လျက် ပိတ်ထားသကဲ့သို့ ဤသို့ ကြည်ညိုဖွယ်ရှိလျက် အမှန်တရားကို မသိသော ပုဂ္ဂိုလ်ကို ထိုအိုးနှင့်တူ၏ဟူ၍ မှတ်အပ်၏။ (၁)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အတွင်း၌ ပြည့်လျက် ဖွင့်ထားသော အိုးနှင့် တူသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်၏ ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း တူရူကြည့်ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်း ဒုကုဋ်သပိတ်သင်္ကန်း ဝတ်ရုံယူဆောင်ခြင်းသည် ကြည်ညိုဖွယ် မရှိ၊ ထိုကြည်ညိုဖွယ်မရှိသော ပုဂ္ဂိုလ်သည် "ဤလောဘကြဉ်သော ခန္ဓာငါးပါးသည်ကား ဆင်းရဲတည်း"ဟူ၍ ဟုတ်မှန်သောအတိုင်းသိ၏ ။ပ။ "ဤမဂ္ဂင်ရှစ်ပါးသည်ကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်တည်း"ဟူ၍ ဟုတ်မှန်သောအတိုင်းသိ၏၊ ဤသို့ ကြည်ညိုဖွယ် မရှိပဲလျက် အမှန်တရားကိုသိသောပုဂ္ဂိုလ်သည် အတွင်း၌ ပြည့်လျက် ဖွင့်ထားသောအိုးနှင့်တူ၏၊ ထိုအိုးသည် အတွင်း၌ပြည့်လျက် ဖွင့်ထားသကဲ့သို့ ဤသို့ ကြည်ညိုဖွယ်မရှိပဲ အမှန်တရားကို သိသော ပုဂ္ဂိုလ်ကို ထိုအိုးနှင့်တူ၏ဟူ၍ မှတ်အပ်၏။ (၂)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အတွင်း၌ အချည်းနှီးလည်းဖြစ် ဖွင့်လည်းဖွင့်ထားသော အိုးနှင့် တူသနည်း၊ဤလောက၌ အချို့သောပုဂ္ဂိုလ်၏ ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း တူရူကြည့်ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်း ဒုကုဋ်သပိတ်သင်္ကန်းဝတ်ရုံယူဆောင်ခြင်းသည် ကြည်ညိုဖွယ်လည်းမရှိ၊ ထိုကြည်ညိုဖွယ်မရှိသော ပုဂ္ဂိုလ်သည်"ဤလောဘကြဉ်သော ခန္ဓာငါးပါးသည်ကား ဆင်းရဲတည်း"ဟူ၍ ဟုတ်မှန်သောအတိုင်းမသိ ။ပ။ "ဤမဂ္ဂင်ရှစ်ပါးသည်ကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်တည်း"ဟူ၍ ဟုတ်မှန်သောအတိုင်းမသိ၊ ဤသို့ ကြည်ညိုဖွယ် လည်းမရှိ၊ အမှန်တရားကိုလည်းမသိသော ပုဂ္ဂိုလ်သည် အတွင်း၌အချည်းနှီးလည်းဖြစ် ဖွင့်လည်း ဖွင့်ထားသောအိုးနှင့်တူ၏၊ ထိုအိုးသည် အတွင်း၌ အချည်းနှီးလည်းဖြစ် ဖွင့်လည်းဖွင့်ထားသကဲ့သို့ ဤသို့ကြည်ညိုဖွယ်လည်းမရှိ၊ အမှန်တရားကိုလည်း မသိသော ပုဂ္ဂိုလ်ကို ထိုအိုးနှင့် တူ၏ဟူ၍ မှတ်အပ်၏။ (၃)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အတွင်း၌ ပြည့်လည်းပြည့် ပိတ်လည်းပိတ်ထားအပ်သော အိုးနှင့် တူသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်၏ ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း တူရူကြည့် ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်း ဒုကုဋ်သပိတ်သင်္ကန်း ဝတ်ရုံယူဆောင်ခြင်းသည် ကြည်ညိုဖွယ်လည်းရှိ၏၊ ထိုကြည်ညိုဖွယ်ရှိသော ပုဂ္ဂိုလ်သည် "ဤလောဘကြဉ်သော ခန္ဓာငါးပါး သည်ကား ဆင်းရဲတည်း"ဟူ၍ ဟုတ်မှန်သောအတိုင်းသိ၏။ပ။ "ဤမဂ္ဂင်ရှစ်ပါးသည်ကား ဆင်းရဲ ချုပ်ရာ(နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်တည်း"ဟူ၍ ဟုတ်မှန်သောအတိုင်းသိ၏၊ ဤသို့ ကြည်ညိုဖွယ်လည်းရှိ အမှန်တရားကိုလည်း သိသော ပုဂ္ဂိုလ်သည် အတွင်း၌ ပြည့်လည်းပြည့် ပိတ် လည်းပိတ်ထားသော အိုးနှင့်တူ၏၊ ထိုအိုးသည် အတွင်း၌ ပြည့်လည်းပြည့် ပိတ်လည်းပိတ်ထား သကဲ့သို့ ဤသို့ ကြည်ညိုဖွယ်လည်းရှိ အမှန်တရားကိုလည်း သိသောပုဂ္ဂိုလ်ကို ထိုအိုးနှင့် တူ၏ဟူ၍ မှတ်အပ်၏။ (၄)

လောက၌ ထင်ရှားရှိသော အိုးနှင့်တူသော ပုဂ္ဂိုလ်လေးယောက်တို့သည် ဤသည်တို့ပေတည်း။

၁၆၁။ ထိုမာတိကာပုဒ်၌ ရေအိုင်နှင့်တူသော ပုဂ္ဂိုလ်လေးယောက်တို့သည် အဘယ်တို့ နည်း၊တိမ်လျက် နက်ယောင်ရှိသော ရေအိုင်၊နက်လျက် တိမ်ယောင်ရှိသော ရေအိုင်၊တိမ်လည်းတိမ်၍

http://www.dhammadownload.com



တိမ်ယောင်လည်းရှိသော ရေအိုင်၊နက်လည်းနက်၍ နက်ယောင်လည်းရှိသော ရေအိုင်ဟူ၍ ရေအိုင်တို့သည် လေးမျိုးရှိကုန်၏၊ဤအတူပင်လျှင် ရေအိုင်နှင့်တူသော ပုဂ္ဂိုလ်လေးယောက်တို့သည် လောကဌ် ထင်ရှားရှိကုန်၏၊ လေးယောက်တို့ဟူသည် အဘယ်တို့နည်း၊ တိမ်လျက်နက်ယောင်ရှိသော ရေအိုင်နှင့်တူသောပုဂ္ဂိုလ်၊နက်လျက်တိမ်ယောင်ရှိသော ရေအိုင်နှင့်တူသောပုဂ္ဂိုလ်၊တိမ်လည်းတိမ်၍ တိမ်ယောင်လည်းရှိသော ရေအိုင်နှင့်တူသောပုဂ္ဂိုလ်၊ နက်လည်းနက်၍ နက်ယောင်လည်းရှိသော ရေအိုင်နှင့်တူသောပုဂ္ဂိုလ်ဟူ၍ ပုဂ္ဂိုလ်တို့သည် လေးယောက်တို့တည်း။

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် တိမ်လျက် နက်ယောင်ရှိသော ရေအိုင်နှင့်တူသနည်း၊ဤလောကဌ် အချို့သောပုဂ္ဂိုလ်၏ ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း တူရူကြည့်ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်း ဒုကုဋ် သပိတ် သင်္ကန်း ဝတ်ရုံယူဆောင်ခြင်းသည် ကြည်ညိုဖွယ်ရှိ၏၊ ထိုကြည်ညိုဖွယ်ရှိသော ပုဂ္ဂိုလ်သည် "ဤလောဘကြဉ်သော ခန္ဓာငါးပါးသည်ကား ဆင်းရဲတည်း" ဟူ၍ ဟုတ်မှန်သောအတိုင်းမသိ ။ပ။ "ဤမဂ္ဂင်ရှစ်ပါးသည်ကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟူ၍ ဟုတ်မှန်သောအတိုင်းမသိ၊ ဤသို့ ကြည်ညိုဖွယ်ရှိလျက် အမှန်တရားကို မသိသော ပုဂ္ဂိုလ်သည် တိမ်လျက် နက်ယောင်ရှိသော ရေအိုင်နှင့်တူ၏၊ ထိုရေအိုင်သည် တိမ်လျက် နက်ယောင်ရှိသကဲ့သို့ ဤသို့ ကြည်ညိုဖွယ်ရှိလျက် အမှန်တရားကို မသိသော ပုဂ္ဂိုလ်ကို ထိုရေအိုင်နှင့်တူ၏ဟူ၍ မှတ်အပ်၏။ (၁)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် နက်လျက် တိမ်ယောင်ရှိသော ရေအိုင်နှင့်တူသနည်း၊ဤလောကဌ် အချို့သော ပုဂ္ဂိုလ်၏ ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း တူရူကြည့်ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်း ဒုကုဋ်သပိတ် သင်္ကန်း ဝတ်ရုံယူဆောင်ခြင်းသည် ကြည်ညိုဖွယ်မရှိ၊ ထိုကြည်ညိုဖွယ်မရှိသော ပုဂ္ဂိုလ်သည် "ဤလောဘကြဉ်သော ခန္ဓာငါးပါးသည်ကား ဆင်းရဲတည်း" ဟူ၍ ဟုတ်မှန်သောအတိုင်းသိ၏ ။ပ။ "ဤမဂ္ဂင်ရှစ်ပါးသည်ကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ရောက်ကြောင်း အကျင့်တည်း"ဟူ၍ ဟုတ်မှန်သောအတိုင်းသိ၏၊ ဤသို့ ကြည်ညိုဖွယ်မရှိပဲလျက် အမှန်တရားကိုသိသော ပုဂ္ဂိုလ်သည် နက်လျက် တိမ်ယောင်ရှိသော ရေအိုင်နှင့်တူ၏၊ ထိုရေအိုင်သည် နက်လျက် တိမ်ယောင်ရှိသကဲ့သို့ ဤသို့ ကြည်ညိုဖွယ်မရှိပဲလျက် အမှန်တရားကို သိသောပုဂ္ဂိုလ်ကို ထိုရေအိုင်နှင့်တူ၏ဟူ၍ မှတ်အပ်၏။ (၂)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် တိမ်လည်းတိမ်၍ တိမ်ယောင်လည်းရှိသော ရေအိုင်နှင့်တူသနည်း၊ဤလောကဌ် အချို့သောပုဂ္ဂိုလ်၏ ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း တူရူကြည့်ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်း ဒုကုဋ်သပိတ် သင်္ကန်း ဝတ်ရုံယူဆောင်ခြင်းသည် ကြည်ညိုဖွယ်လည်း မရှိ၊ ထိုကြည်ညိုဖွယ်မရှိသော ပုဂ္ဂိုလ်သည် "ဤလောဘကြဉ်သော ခန္ဓာငါးပါးသည်ကား ဆင်းရဲတည်း"ဟူ၍ ဟုတ်မှန်သောအတိုင်း မသိ ။ပ။ "ဤမဂ္ဂင်ရှစ်ပါးသည်ကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ရောက်ကြောင်း အကျင့်တည်း"ဟူ၍ ဟုတ်မှန်သောအတိုင်းမသိ၊ ဤသို့ ကြည်ညိုဖွယ်လည်း မရှိ၊အမှန်တရားကိုလည်း မသိသော ပုဂ္ဂိုလ်သည် တိမ်လည်းတိမ်၍ တိမ်ယောင်လည်းရှိသော ရေအိုင်နှင့်တူ၏၊ ထိုရေအိုင်သည် တိမ်လည်းတိမ်၍ တိမ်ယောင်လည်းရှိသကဲ့သို့ ဤသို့ ကြည်ညိုဖွယ်လည်း မရှိ အမှန်တရားကိုလည်း မသိသော ပုဂ္ဂိုလ်ကို ထိုရေအိုင်နှင့်တူ၏ဟူ၍ မှတ်အပ်၏။ (၃)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် နက်လည်းနက်၍ နက်ယောင်လည်းရှိသော ရေအိုင်နှင့်တူသနည်း၊ ဤလောကဌ် အချို့သောပုဂ္ဂိုလ်၏ ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း တူရူကြည့်ခြင်း တစောင်း

http://www.dhammadownload.com



ကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်း ဒုကုဋ် သပိတ် သင်္ကန်းကို ဝတ်ရုံယူဆောင်ခြင်းသည် ကြည်ညို ဖွယ်လည်းရှိ၏၊ ထိုကြည်ညိုဖွယ်ရှိသော ပုဂ္ဂိုလ်သည် "ဤလောဘကြဉ်သော ခန္ဓာငါးပါးသည် ကား ဆင်းရဲတည်း"ဟူ၍ ဟုတ်မှန်သောအတိုင်းသိ၏။ပ။ "ဤမဂ္ဂင်ရှစ်ပါးသည်ကား ဆင်းရဲ ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟူ၍ ဟုတ်မှန်သော အတိုင်းသိ၏၊ ဤသို့ ကြည်ညိုဖွယ်လည်းရှိ၍ အမှန်တရားကိုလည်းသိသော ပုဂ္ဂိုလ်သည် နက်လည်းနက်၍ နက်ယောင် လည်းရှိသော ရေအိုင်နှင့်တူ၏၊ ထိုရေအိုင်သည် နက်လည်းနက်၍ နက်ယောင်လည်း ရှိသကဲ့သို့ ဤသို့ကြည်ညိုဖွယ်လည်းရှိ၍ အမှန်တရားကိုလည်း သိသော ပုဂ္ဂိုလ်ကို ထိုရေအိုင်နှင့်တူ၏ ဟူ၍ မှတ် အပ်၏။ (၄)

လောက၌ ထင်ရှားရှိသော ရေအိုင်နှင့်တူသော ပုဂ္ဂိုလ်လေးယောက်တို့သည် ဤသည်တို့ ပေတည်း။

၁၆၂။ ထိုမာတိကာပုဒ်၌ နွားလားနှင့်တူသော ပုဂ္ဂိုလ်လေးယောက်တို့သည် အဘယ်တို့ နည်း၊ မိမိနွားအုပ်၌သာ ကြမ်းလျက် တပါးသော နွားအုပ်၌ မကြမ်းသော နွားလား၊ တပါးသော နွားအုပ်၌သာ ကြမ်းလျက် မိမိနွားအုပ်၌ မကြမ်းသောနွားလား၊မိမိနွားအုပ်၌လည်းကြမ်း၍ တပါး သောနွားအုပ်၌လည်း ကြမ်းသော နွားလား၊ မိမိနွားအုပ်၌လည်း မကြမ်းပဲ တပါးသော နွားအုပ်၌ လည်း မကြမ်းသော နွားလားဟူ၍ နွားလားတို့သည် လေးမျိုးရှိကုန်၏၊ ဤအတူပင်လျှင် နွားလားနှင့် တူသော ပုဂ္ဂိုလ်လေးယောက်တို့သည် လောက၌ ထင်ရှားရှိကုန်၏၊ လေးယောက်တို့ ဟူသည် အဘယ်တို့နည်း၊ မိမိနွားအုပ်၌သာကြမ်းလျက် တပါးသော နွားအုပ်၌ မကြမ်းသော နွားလားနှင့် တူသောပုဂ္ဂိုလ်၊ တပါးသော နွားအုပ်၌သာ ကြမ်းလျက် မိမိနွားအုပ်၌ မကြမ်း သော နွားလားနှင့်တူသောပုဂ္ဂိုလ်၊ မိမိနွားအုပ်၌လည်းကြမ်း၍ တပါးသော နွားအုပ်၌လည်း ကြမ်းသော နွားလားနှင့်တူသောပုဂ္ဂိုလ်၊မိမိနွားအုပ်၌လည်း မကြမ်းပဲ တပါးသောနွားအုပ်၌လည်း မကြမ်းသောနွားလားနှင့်တူသောပုဂ္ဂိုလ်ဟူ၍ ပုဂ္ဂိုလ်တို့သည် လေးယောက်ရှိကုန်၏။

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မိမိနွားအုပ်၌သာ ကြမ်းလျက် တပါးသော နွားအုပ်၌ မကြမ်း သော နွားလားနှင့်တူသနည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိပရိသတ်ကိုသာ ထိတ်လန့် စေလျက် သူတပါးပရိသတ်ကို မထိတ်လန့်စေ၊ ဤသို့ မိမိပရိသတ်ကိုသာ ထိတ်လန့်စေလျက် သူတပါးပရိသတ်ကို မထိတ်လန့်စေသော ပုဂ္ဂိုလ်သည် မိမိနွားအုပ်၌သာ ကြမ်းလျက် တပါးသော နွားအုပ်၌ မကြမ်းသော နွားလားနှင့်တူ၏၊ ထိုနွားလားသည် မိမိနွားအုပ်၌သာ ကြမ်းလျက် တပါးသော နွားအုပ်၌ မကြမ်းသကဲ့သို့ ဤသို့ မိမိပရိသတ်ကိုသာ ထိတ်လန့်စေလျက် သူတပါး ပရိသတ်ကိုကား မထိတ်လန့်စေသော ပုဂ္ဂိုလ်ကို ထိုနွားလားနှင့် တူ၏ဟူ၍ မှတ်အပ်၏။ (၁)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် တပါးသော နွားအုပ်၌သာ ကြမ်းလျက် မိမိနွားအုပ်၌ မကြမ်း သော နွားလားနှင့်တူသနည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သူတပါးပရိသတ်ကိုသာ ထိတ်လန့်စေလျက် မိမိပရိသတ်ကိုကား မထိတ်လန့်စေ၊ ဤသို့ သူတပါးပရိသတ်ကိုသာ ထိတ်လန့် စေလျက် မိမိပရိသတ်ကိုကား မထိတ်လန့်စေသော ပုဂ္ဂိုလ်သည် တပါးသော နွားအုပ်၌သာ ကြမ်းလျက် မိမိနွားအုပ်၌ကား မကြမ်းသော နွားလားနှင့်တူ၏၊ ထိုနွားလားသည် တပါးသော နွားအုပ်၌သာ ကြမ်းလျက် မိမိနွားအုပ်၌ကား မကြမ်းသကဲ့သို့ ဤသို့ သူတပါး ပရိသတ်ကိုသာ

http://www.dhammadownload.com



ထိတ်လန့်စေလျက် မိမိပရိသတ်ကိုကား မထိတ်လန့်စေသော ပုဂ္ဂိုလ်ကို ထိုနွားလားနှင့် တူ၏ဟူ၍ မှတ်အပ်၏။ (၂)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မိမိနွားအုပ်၌လည်း ကြမ်း၍ တပါးသော နွားအုပ်၌လည်း ကြမ်းသော နွားလားနှင့် တူသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မိမိပရိသတ်ကိုလည်း ထိတ်လန့်စေ၏၊ သူတပါးပရိသတ်ကိုလည်း ထိတ်လန့်စေ၏၊ ဤသို့သော ပုဂ္ဂိုလ်သည် မိမိနွားအုပ်၌လည်း ကြမ်း၍ တပါးသော နွားအုပ်၌လည်း ကြမ်းသော နွားလားနှင့်တူ၏၊ ထိုနွားလားသည် မိမိနွားအုပ်၌လည်း ကြမ်း၍ တပါးသော နွားအုပ်၌လည်း ကြမ်းသကဲ့သို့ ဤသို့ မိမိပရိသတ်ကိုလည်း ထိတ်လန့်စေ၍ သူတပါးပရိသတ်ကိုလည်း ထိတ်လန့်စေသောပုဂ္ဂိုလ်ကို ထိုနွားလားနှင့်တူ၏ဟူ၍ မှတ်အပ်၏။ (၃)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မိမိနွားအုပ်၌လည်းမကြမ်းပဲ တပါးသောနွားအုပ်၌လည်း မကြမ်းသော နွားလားနှင့်တူသနည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိပရိသတ်ကိုလည်း မထိတ်လန့်စေ သူတပါးပရိသတ်ကိုလည်း မထိတ်လန့်စေ၊ ဤသို့သော ပုဂ္ဂိုလ်သည် မိမိနွားအုပ်၌ လည်း မကြမ်းပဲ တပါးသော နွားအုပ်၌လည်း မကြမ်းသော နွားလားနှင့် တူ၏၊ ထိုနွားလားသည် မိမိနွားအုပ်၌လည်း မကြမ်းပဲ တပါးသောနွားအုပ်၌လည်း မကြမ်းသကဲ့သို့ ဤသို့ မိမိပရိသတ်ကို လည်း မထိတ်လန့်စေပဲ သူတပါးပရိသတ်ကိုလည်း မထိတ်လန့်စေသော ပုဂ္ဂိုလ်ကို ထိုနွားလားနှင့် တူ၏ဟူ၍ မှတ်အပ်၏။ (၄)

လောက၌ ထင်ရှားရှိသော နွားလားနှင့် တူသော ပုဂ္ဂိုလ်လေးယောက်တို့သည် ဤသည်တို့ ပေတည်း။

၁၆၃။ ထိုမာတိကာပုဒ်၌ မြွေနှင့်တူသော ပုဂ္ဂိုလ်လေးယောက်တို့သည် အဘယ်တို့နည်း၊ လျင်မြန်သော အဆိပ်ရှိလျက် ကြမ်းတမ်းသော အဆိပ်မရှိသောမြွေ၊ ကြမ်းတမ်းသော အဆိပ်ရှိလျက် လျင်မြန်သော အဆိပ်မရှိသောမြွေ၊ လျင်မြန်သောအဆိပ်လည်းရှိ၍ ကြမ်းတမ်းသော အဆိပ်လည်းရှိသောမြွေ၊ လျင်မြန်သော အဆိပ်လည်းမရှိပဲ ကြမ်းတမ်းသောအဆိပ်လည်း မရှိသောမြွေဟူ၍ မြွေတို့သည် လေးမျိုးရှိကုန်၏၊ဤအတူပင်လျှင် မြွေနှင့်တူသော ပုဂ္ဂိုလ်လေးယောက်တို့သည် လောက၌ ထင်ရှားရှိကုန်၏၊ လေးယောက်တို့ဟူသည် အဘယ်တို့နည်း၊ လျင်မြန်သော အဆိပ်ရှိလျက် ကြမ်းတမ်းသောအဆိပ်မရှိသော မြွေနှင့်တူသောပုဂ္ဂိုလ်၊ ကြမ်းတမ်းသော အဆိပ်ရှိလျက် လျင်မြန်သော အဆိပ်မရှိသော မြွေနှင့်တူသောပုဂ္ဂိုလ်၊ လျင်မြန်သော အဆိပ်လည်းရှိ၍ ကြမ်းတမ်းသောအဆိပ်လည်းရှိသော မြွေနှင့်တူသောပုဂ္ဂိုလ်၊ လျင်မြန်သော အဆိပ်လည်း မရှိပဲ ကြမ်းတမ်းသော အဆိပ်လည်းမရှိသော မြွေနှင့်တူသောပုဂ္ဂိုလ်ဟူ၍ ပုဂ္ဂိုလ်တို့သည် လေးယောက် တို့တည်း။

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် လျင်မြန်သောအဆိပ်ရှိလျက် ကြမ်းတမ်းသော အဆိပ်မရှိသော မြွေနှင့်တူသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မပြတ်အမျက်ထွက်၏၊ထိုအမျက်ဒေါသ သည်ကား ထိုပုဂ္ဂိုလ်အား ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံးမကိန်း၊ ဤသို့သော ပုဂ္ဂိုလ်သည် လျင်မြန်သော အဆိပ်ရှိလျက် ကြမ်းတမ်းသောအဆိပ်မရှိသော မြွေနှင့်တူ၏၊ထိုမြွေသည် လျင်မြန်

http://www.dhammadownload.com



သော အဆိပ်ရှိလျက် ကြမ်းတမ်းသော အဆိပ်မရှိသကဲ့သို့ ဤသို့ မပြတ်အမျက်ထွက်လျက် ရှည်မြင့်စွာ အမျက်ဒေါသမကိန်းသော ပုဂ္ဂိုလ်ကို ထိုမြွေနှင့်တူ၏ဟူ၍ မှတ်အပ်၏။ (၁)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ကြမ်းတမ်းသော အဆိပ်ရှိလျက် လျင်မြန်သော အဆိပ်မရှိသော မြွေနှင့်တူသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မပြတ်အမျက်မထွက်၊ ထိုအမျက်ဒေါသသည်ကား ထိုပုဂ္ဂိုလ်အား ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံးကိန်း၏၊ ဤသို့သော ပုဂ္ဂိုလ်သည် ကြမ်းတမ်းသော အဆိပ်ရှိလျက် လျင်မြန်သော အဆိပ်မရှိသော မြွေနှင့်တူ၏၊ ထိုမြွေသည် ကြမ်းတမ်းသော အဆိပ်ရှိလျက် လျင်မြန်သော အဆိပ်မရှိသကဲ့သို့ ဤသို့မပြတ် အမျက်မထွက်ပဲလျက် ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး အမျက်ဒေါသကိန်းသောပုဂ္ဂိုလ်ကို ထိုမြွေနှင့်တူ၏ဟူ၍ မှတ်အပ်၏။ (၂)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် လျင်မြန်သော အဆိပ်လည်းရှိ၍ ကြမ်းတမ်းသောအဆိပ်လည်းရှိသော မြွေနှင့်တူသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မပြတ် အမျက်လည်းထွက်၏၊ ထိုအမျက်ဒေါသသည်ကား ထိုပုဂ္ဂိုလ်အား ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံးကိန်း၏၊ ဤသို့သော ပုဂ္ဂိုလ်သည် လျင်မြန်သော အဆိပ်လည်းရှိ၍ ကြမ်းတမ်းသော အဆိပ်လည်းရှိသော မြွေနှင့်တူ၏၊ ထိုမြွေသည် လျင်မြန်သော အဆိပ်လည်းရှိ၍ ကြမ်းတမ်းသော အဆိပ်လည်းရှိသကဲ့သို့ ဤသို့လျှင် မပြတ်အမျက်လည်းထွက်၍ ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး အမျက်ဒေါသလည်းကိန်းသော ပုဂ္ဂိုလ်ကို ထိုမြွေနှင့်တူ၏ဟူ၍ မှတ်အပ်၏။ (၃)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် လျင်မြန်သော အဆိပ်လည်းမရှိပဲ ကြမ်းတမ်းသောအဆိပ်လည်းမရှိသော မြွေနှင့်တူသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မပြတ် အမျက်လည်းမထွက်၊ ထိုအမျက်ဒေါသသည်ကား ထိုပုဂ္ဂိုလ်အား ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး ကိန်းလည်း မကိန်း၊ ဤသို့သော ပုဂ္ဂိုလ်သည် လျင်မြန်သော အဆိပ်လည်းမရှိပဲ ကြမ်းတမ်းသော အဆိပ်လည်းမရှိသော မြွေနှင့်တူ၏၊ ထိုမြွေသည် လျင်မြန်သောအဆိပ်လည်းမရှိပဲ ကြမ်းတမ်းသော အဆိပ်လည်း မရှိသကဲ့သို့ ဤသို့ မပြတ် အမျက်လည်း မထွက် ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး အမျက်ဒေါသလည်း မကိန်းသော ပုဂ္ဂိုလ်ကို ထိုမြွေနှင့်တူ၏ဟူ၍ မှတ်အပ်၏။ (၄)

လောက၌ ထင်ရှားရှိသော မြွေနှင့်တူသော ပုဂ္ဂိုလ်လေးယောက်တို့သည် ဤသည်တို့ပေတည်း၊

၁၆၄။ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မဆင်ခြင်မူ၍ (ဥာဏ်ဖြင့်) မသက်ဝင်မူ၍ မချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးကို ပြောဆိုတတ်သနည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မကောင်းသော အကျင့်ရှိကုန်သော မှားသောအကျင့်ရှိကုန်သော တိတ္ထိတို့၏ရင်း တိတ္ထိတပည့် သာဝကတို့၏ရင်း ဂုဏ်ကျေးဇူးကို ကောင်းစွာ ကျင့်သူတို့ ဟူ၍ရင်း မှန်စွာ ကျင့်ကုန်သူတို့ဟူ၍ရင်း ပြောဆို၏၊ ဤသို့သော ပုဂ္ဂိုလ်သည် မဆင်ခြင်မူ၍ (ဥာဏ်ဖြင့်) မသက်ဝင်မူ၍ မချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးကို ပြောဆိုတတ်သည်မည်၏။ (၁)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မဆင်ခြင်မူ၍ (ဥာဏ်ဖြင့်)မသက်ဝင်မူ၍ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုတတ်သနည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကောင်းသော အကျင့်ရှိကုန်သော မှန်သောအကျင့်ရှိကုန်သော မြတ်စွာဘုရားတို့၏ရင်း မြတ်စွာဘုရား တပည့်သာဝကတို့၏ရင်း ဂုဏ်ကျေးဇူးမဲ့ကို မကောင်းသဖြင့် ကျင့်သူတို့ဟူ၍ရင်း မှားယွင်းစွာ ကျင့်သူတို့ဟူ၍ရင်း

http://www.dhammadownload.com



ပြောဆို၏၊ ဤသို့သော ပုဂ္ဂိုလ်သည် မဆင်ခြင်မူ၍ (ဉာဏ်ဖြင့်) မသက်ဝင်မူ၍ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုတတ်သည်မည်၏။ (၂)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မဆင်ခြင်မူ၍ (ဉာဏ်ဖြင့်) မသက်ဝင်မူ၍ မကြည်ညိုထိုက်သော အရာ၌ ကြည်ညိုခြင်းကို (ထင်ရှား)ပြသနည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မကောင်းသောအကျင့် မှားယွင်းသောအကျင့်၌ ကောင်းသောအကျင့် မှန်သောအကျင့်ဟူ၍ ကြည်ညိုခြင်းကိုဖြစ်စေ၏၊ ဤသို့သော ပုဂ္ဂိုလ်သည် မဆင်ခြင်မူ၍ (ဉာဏ်ဖြင့်)မသက်ဝင်မူ၍ မကြည်ညိုထိုက်သောအရာ၌ ကြည်ညိုခြင်းကို ပြတတ်သည် မည်၏။ (၃)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မဆင်ခြင်မူ၍ (ဉာဏ်ဖြင့်)မသက်ဝင်မူ၍ ကြည်ညိုထိုက်သော အရာ၌ မကြည်ညိုခြင်းကို ပြသနည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကောင်းသော အကျင့် မှန်သောအကျင့်၌ မကောင်းသောအကျင့် မှားယွင်းသောအကျင့် ဟူ၍ မကြည်ညိုခြင်းကို ဖြစ်စေ၏၊ ဤသို့သော ပုဂ္ဂိုလ်သည် မဆင်ခြင်မူ၍ (ဉာဏ်ဖြင့်) မသက်ဝင်မူ၍ ကြည်ညိုထိုက်သောအရာ၌ မကြည်ညိုခြင်းကို ပြတတ်သည်မည်၏။ (၄)

၁၆၅။ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ဆင်ခြင်၍ (ဉာဏ်ဖြင့်)မသက်ဝင်၍ မချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မကောင်းသောအကျင့် မှားယွင်းသောအကျင့်ရှိကုန်သော တိတ္ထိ တိတ္ထိတပည့်တို့၏ ဂုဏ်ကျေးဇူးမဲ့ကို မကောင်းသော အကျင့်ရှိသူတို့ဟူ၍ မှားသောအကျင့်ရှိသူတို့ဟူ၍ ပြောဆို၏၊ ဤသို့သောပုဂ္ဂိုလ်သည် ဆင်ခြင်၍ (ဉာဏ်ဖြင့်) သက်ဝင်၍ မချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုတတ်သည်မည်၏။ (၁)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ဆင်ခြင်၍ (ဉာဏ်ဖြင့်) သက်ဝင်၍ ချီးမွမ်းထိုက်သူ၏ဂုဏ်ကျေးဇူးကို ပြောဆိုသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ကောင်းသောအကျင့် မှန်သောအကျင့်ရှိကုန်သော မြတ်စွာဘုရား မြတ်စွာဘုရားတပည့်တို့၏ ဂုဏ်ကျေးဇူးကို ကောင်းသောအကျင့်ရှိသူတို့ဟူ၍၎င်း မှန်သောအကျင့်ရှိသူတို့ဟူ၍၎င်း ပြောဆို၏၊ ဤသို့သော ပုဂ္ဂိုလ်သည် ဆင်ခြင်၍ (ဉာဏ်ဖြင့်) သက်ဝင်၍ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးကို ပြောဆိုတတ်သည်မည်၏။ (၂)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ဆင်ခြင်၍ (ဉာဏ်ဖြင့်)သက်ဝင်၍ မကြည်ညိုထိုက်သော အရာ၌ မကြည်ညိုခြင်းကို ပြသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မကောင်းသောအကျင့် မှားယွင်းသောအကျင့်၌ မကောင်းသောအကျင့် မှားယွင်းသောအကျင့်ဟု မကြည်ညိုခြင်းကို ဖြစ်စေ၏၊ ဤသို့သောပုဂ္ဂိုလ်သည် ဆင်ခြင်၍ (ဉာဏ်ဖြင့်)သက်ဝင်၍ မကြည်ညိုထိုက်သောအရာ၌ မကြည်ညိုခြင်းကို ပြတတ်သည်မည်၏။ (၃)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ဆင်ခြင်၍ (ဉာဏ်ဖြင့်)သက်ဝင်၍ ကြည်ညိုထိုက်သောအရာ၌ ကြည်ညိုခြင်းကို ပြသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ကောင်းသောအကျင့် မှန်သော အကျင့်၌ ကောင်းသောအကျင့် မှန်သောအကျင့်ဟု ကြည်ညိုခြင်းကို ဖြစ်စေ၏၊ ဤသို့သော ပုဂ္ဂိုလ်သည် ဆင်ခြင်၍ (ဉာဏ်ဖြင့်) သက်ဝင်၍ ကြည်ညိုထိုက်သောအရာ၌ ကြည်ညိုခြင်းကို ပြတတ်သည်မည်၏။ (၄)

၁၆၆။ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးမဲ့ကို ရံခါ ဟုတ်မှန်သည့်အတိုင်း ပြောဆိုသနည်း၊ချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးကို ရံခါ ဟုတ်မှန်သည့်အတိုင်း မပြော

http://www.dhammadownload.com



ဆိုသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ဂုဏ်ကျေးဇူးလည်းရှိ၏၊ ဂုဏ်ကျေးဇူးမဲ့လည်းရှိ၏၊ ထိုနှစ်မျိုးတွင် ဂုဏ်ကျေးဇူးမဲ့ကို ရံခါ ဟုတ်မှန်သည့်အတိုင်း ပြောဆို၏၊ ဂုဏ်ကျေးဇူးကို ရံခါ ဟုတ်မှန်သည့်အတိုင်း မပြောဆို၊ ဤသို့သောပုဂ္ဂိုလ်သည် မချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးမဲ့ကို ရံခါဟုတ်မှန်သည့်အတိုင်း ပြောဆိုသည်မည်၏၊ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးကို ရံခါ ဟုတ်မှန်သည့်အတိုင်း မပြောဆို။ (၁)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးကို ရံခါ ဟုတ်မှန်သည့်အတိုင်း ပြောဆိုသနည်း၊ မချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးမဲ့ကို ရံခါ ဟုတ်မှန်သည့်အတိုင်း မပြောဆိုသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ဂုဏ်ကျေးဇူးလည်းရှိ၏၊ ဂုဏ်ကျေးဇူးမဲ့လည်းရှိ၏၊ထိုနှစ်မျိုးတို့တွင် ဂုဏ်ကျေးဇူးကို ရံခါ ဟုတ်မှန်သည့်အတိုင်း ပြောဆို၏၊ ဂုဏ်ကျေးဇူးမဲ့ကို ရံခါဟုတ်မှန်သည့်အတိုင်း မပြောဆို၊ ဤသို့သော ပုဂ္ဂိုလ်သည် ချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးကို ရံခါ ဟုတ်မှန်သည့်အတိုင်း ပြောဆို၏၊ မချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးမဲ့ကို ရံခါ ဟုတ်မှန်သည့်အတိုင်း မပြောဆို။ (၂)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မချီးမွမ်းထိုက်သူ၏လည်း ဂုဏ်ကျေးဇူးမဲ့ကို ရံခါ ဟုတ်မှန်သည့်အတိုင်း ပြောဆိုသနည်း၊ ချီးမွမ်းထိုက်သူ၏လည်း ဂုဏ်ကျေးဇူးကို ရံခါ ဟုတ်မှန်သည့်အတိုင်း ပြောဆိုသနည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ဂုဏ်ကျေးဇူးလည်းရှိ၏၊ ဂုဏ်ကျေးဇူးမဲ့လည်းရှိ၏၊ ထိုနှစ်မျိုးတို့တွင် ဂုဏ်ကျေးဇူးမဲ့ကို ရံခါ ဟုတ်မှန်အည့်အတိုင်း ပြောဆို၏၊ ဂုဏ်ကျေးဇူးကို ရံခါ ဟုတ်မှန်သည့်အတိုင်း ပြောဆို၏၊ ထိုနှစ်မျိုး၌ ထိုပြဿနာကို ဖြေဆိုခြင်းငှါ အခါကို သိ၏၊ ဤသို့သော ပုဂ္ဂိုလ်သည် မချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးမဲ့ကို ရံခါ ဟုဘ်မှန်သည့်အတိုင်း ပြောဆို၏၊ ချီးမွမ်းထိုက်သူ၏ဂုဏ်ကျေးဇူးကို ရံခါ ဟုတ်မှန်သည့်အတိုင်း ပြောဆို၏။ (၃)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးမဲ့ကို ရံခါ ဟုတ်မှန်သည့်အတိုင်း မပြောဆိုသနည်း၊ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးကို ရံခါ ဟုဘ်မှန်သည့်အဘိုင်း မပြောဆိုသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ဂုဏ်ကျေးဇူးလည်း ရှိ၏၊ ဂုဏ်ကျေးဇူးမဲ့လည်း ရှိ၏၊ ထိုနှစ်မျိုးတို့တွင် ဂုဏ်ကျေးဇူးမဲ့ကို ရံခါ ဟုတ်မှန်သည့်အတိုင်း မပြောဆို၊ဂုဏ်ကျေးဇူးကိုလည်း ရံခါ ဟုတ်မှန်သည့်အတိုင်း မပြောဆို၊သတိနှင့် ပြည့်စုံသည်ဖြစ်၍ ပညာအဆင်ခြင်နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက် နေ၏၊ ဤသို့သော ပုဂ္ဂိုလ်သည် မချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးမဲ့ကို ရံခါဟုတ်မှန်သည့်အတိုင်း မပြောဆို၊ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးကို ရံခါဟုတ်မှန်သည့်အတိုင်း မပြောဆို။ (၄)

၁၆၇။ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် လွှံ့လအကျိုးကိုသာ မှီ၍ အသက်မွေးလျက် ကောင်းမှုအကျိုးကို မှီ၍ အသက်မမွေးသနည်း၊ အကြင်ပုဂ္ဂိုလ်အား ထကြွခြင်းဖြင့်ငှင်း အားထုတ်ခြင်းဖြင့်ငှင်း လုံ့လစိုက်ခြင်းဖြင့်ငှင်း အသက်မွေးခြင်းသည် ဖြစ်၏၊ ရှေးကောင်းမှုအားဖြင့် အသက်မွေးခြင်းသည် မဖြစ်၊ ဤပုဂ္ဂိုလ်ကို လုံ့လကိုသာမှီ၍ အသက်မွေးလျက် ရှေးကောင်းမှုအကျိုးကိုမှီ၍ အသက်မမွေးသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။ (၁)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ရှေးကောင်းမှု အကျိုးကိုမှီ၍ အသက်မွေးလျက် လုံ့လအကျိုးကိုမှီ၍ အသက်မမွေးသနည်း၊ ပရနိမ္မိတဝသဝတ္တီနတ်တို့ကို အစပြု၍ ထိုပရနိမ္မိတဝသဝတ္တီနတ်ပြည်မှ အထက်၌ နတ်ဗြဟ္မာတို့သည် ရှေးကောင်းမှုအကျိုးကိုသာမှီ၍ အသက်မွေးကုန်၏၊ လုံ့လအကျိုးကို မှီ၍ အသက်မမွေးကုန်။ (၂)

http://www.dhammadownload.com



အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် လှုံ့လအကျိုးကိုလည်းမှီ၍ အသက်မွေးလျက် ကောင်းမှုအကျိုးကိုလည်း မှီ၍ အသက်မွေးသနည်း၊ အကြင်ပုဂ္ဂိုလ်အား ထကြွခြင်းဖြင့်၎င်း အားထုတ်ခြင်းဖြင့်၎င်း လှုံ့လစိုက်ခြင်းဖြင့်၎င်း ရှေးကောင်းမှုအားဖြင့်၎င်း အသက်မွေးခြင်းသည်ဖြစ်၏၊ ဤပုဂ္ဂိုလ်ကို လှုံ့လအကျိုးကိုလည်းမှီ၍ အသက်မွေးလျက် ကောင်းမှုအကျိုးကိုလည်း မှီ၍ အသက်မွေး၏ဟူ၍ ဆိုအပ်၏။ (၃)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် လှုံ့လအကျိုးကိုလည်းမှီ၍ အသက်မမွေး၊ ရှေးကောင်းမှုအကျိုးကိုလည်း မှီ၍ အသက်မမွေးသနည်း၊ ငရဲသူတို့သည် လှုံ့လအကျိုးကိုလည်းမှီ၍ အသက်မမွေးကုန်၊ ရှေးကောင်းမှုအကျိုးကိုလည်းမှီ၍ အသက်မမွေးကုန်။ (၄)

၁၆၇။ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အမိုက်မှောင်မှ (လာ၍) အမိုက်မှောင်သို့ သွားသနည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ဆင်းရဲသော ထမင်းအဖျော်နည်းသော ငြိုငြင်စွာ အသက်မွေးခြင်းရှိသော ဒွန်းစဏ္ဍားအမျိုး၌သော်၎င်း မုဆိုးအမျိုး၌သော်၎င်း နှီးသမားအမျိုး၌သော်၎င်း သားရေနယ်သမားအမျိုး၌သော်၎င်း ပန်းမှိုက်သွန်အမျိုး၌သော်၎င်း သူဆင်းရဲအမျိုး၌သော်၎င်း ယုတ်နိမ့်သောအမျိုး၌ ဖြစ်၏၊ အကြင်အမျိုး၌ ငြိုငြင်ဆင်းရဲသဖြင့် အစားအစာ အဝတ်ပုဆိုးကို ရအပ်၏၊ (ထိုအမျိုး၌ ဖြစ်၏)၊ ထိုသူသည်လည်း အဆင်းမလှ၊ မနှစ်လိုဖွယ်သော အသွင်အပြင်ရှိ၏၊ ပုကွ၏၊ အနာများ၏၊ ကန်းခြင်းသည်၎င်း လက်ကောက်ခြင်းသည်၎င်း ခြေခွင်ခြင်းသည်၎င်း ဆွံ့ခြင်းသည်၎င်း ဖြစ်၏၊ ထမင်းအဖျော်အဝတ် (ပုဆိုး) ယာဉ် ပန်းနံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးကိုရခြင်းမရှိ၊ ထိုသူသည် ကိုယ်နှုတ်စိတ်ဖြင့် မကောင်းသော အကျင့်ကို ကျင့်၏၊ ထိုသူသည် ကိုယ်နှုတ်စိတ်ဖြင့် မကောင်းသောအကျင့်ကို ကျင့်၍ (ခန္ဓာ)ကိုယ် ပျက်စီး၍ သေသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီး၍ ကျရောက်ရာ ဖြစ်သော ငရဲ၌ ဖြစ်ရ၏၊ ဤသို့သောပုဂ္ဂိုလ်သည် အမိုက်မှောင်မှ(လာ၍) အမိုက်မှောင်သို့လည်း သွားသည်မည်၏။ (၁)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အမိုက်မှောင်မှ(လာ၍) အလင်းသို့သွားသနည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ဆင်းရဲသော ထမင်းအဖျော်နည်းသော ငြိုငြင်စွာအသက်မွေးခြင်းရှိသော ဒွန်းစဏ္ဍားမျိုး၌သော်၎င်း မုဆိုးအမျိုး၌သော်၎င်း နှီးသမားအမျိုး၌သော်၎င်း သားရေနယ်သမား အမျိုး၌သော်၎င်း ပန်းမှိုက်သွန်အမျိုး၌သော်၎င်း သူဆင်းရဲအမျိုး၌သော်၎င်း ယုတ်နိမ့်သော အမျိုး၌ ဖြစ်၏၊ အကြင်အမျိုး၌ ငြိုငြင်ဆင်းရဲသဖြင့် အစားအစာ အဝတ်ပုဆိုးကို ရအပ်၏၊ (ထိုအမျိုး၌ ဖြစ်၏)၊ ထိုသူသည်လည်း အဆင်းမလှ၊ မနှစ်လိုဖွယ်သော အသွင်အပြင်ရှိ၏၊ ပုကွ၏၊ အနာများ၏၊ ကန်းခြင်းသည်၎င်း လက်ကောက်ခြင်းသည်၎င်း ခြေခွင်ခြင်းသည်၎င်း ဆွံ့ခြင်းသည်၎င်း ဖြစ်၏၊ ထမင်းအဖျော်အဝတ် (ပုဆိုး) ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးကို ရခြင်းမရှိ၊ ထိုသူသည် ကိုယ်နှုတ်စိတ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်၏၊ ထိုသူသည် ကိုယ်နှုတ်စိတ်ဖြင့် ကောင်းသောအကျင့်ကိုကျင့်၍ (ခန္ဓာ)ကိုယ်ပျက်စီး၍ သေသည်မှနောက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်၌ ဖြစ်ရ၏၊ ဤသို့သောပုဂ္ဂိုလ်သည် အမိုက်မှောင်မှ(လာ၍)အလင်းသို့သွားသည်မည်၏။ (၂)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အလင်းမှ(လာ၍)အမိုက်မှောင်သို့သွားသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ကြွယ်ဝသော ဥစ္စာများသော အသုံးအဆောင်များသော ရွှေငွေဥစ္စာ များသော နှစ်လိုဖွယ်ကိုပြုတတ်သည့် ဥစ္စာများသော များစွာသောဥစ္စာစပါးရှိသော ခတ္တိယ

http://www.dhammadownload.com



မဟာသာလအမျိုး၌သော်၎င်း ဗြာဟ္မဏမဟာသာလအမျိုး၌သော်၎င်း ဂဟပတိမဟာသာလအမျိုး၌သော်၎င်း မြင့်မြတ်သောအမျိုး၌ဖြစ်၏၊ ထိုသူသည် အလွန်အဆင်းလှ၏၊ ရှုချင်ဖွယ်ရှိ၏၊ ကြည်ညိုဖွယ်ရှိ၏၊ မြတ်သောကိုယ်အဆင်းနှင့် ပြည့်စုံ၏၊ ထမင်းအဖျော်အဝတ်(ပုဆိုး)ယာဉ် ပန်းနံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးကို ရခြင်းရှိ၏၊ ထိုသူသည် ကိုယ်နှုတ်စိတ်ဖြင့် မကောင်းသောအကျင့်ကို ကျင့်၏၊ ထိုသူသည် ကိုယ်နှုတ်စိတ်ဖြင့် မကောင်းသောအကျင့်ကို ကျင့်၍ (ခန္ဓာ)ကိုယ်ပျက်စီး၍ သေသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီး၍ ကျရာဖြစ်သော ငရဲ၌ ဖြစ်ရ၏၊ ဤသို့သောပုဂ္ဂိုလ်သည် အလင်းမှ(လာ၍)အမိုက်မှောင်သို့ သွားသည်မည်၏။ (၃)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အလင်းမှ(လာ၍)အလင်းသို့သွားသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ကြွယ်ဝသော ဥစ္စာများသော အသုံးအဆောင်များသော ရွှေငွေဥစ္စာများသော နှစ်လိုဖွယ်ကိုပြုတတ်သည့်ဥစ္စာများသော များစွာသောဥစ္စာစပါးရှိသော ခတ္တိယမဟာသာလအမျိုး၌သော်၎င်း ဗြာဟ္မဏမဟာသာလအမျိုး၌သော်၎င်း ဂဟပတိမဟာသာလအမျိုး၌သော်၎င်း မြင့်မြတ်သောအမျိုး၌ ဖြစ်၏၊ ထိုသူသည်လည်း အလွန် အဆင်းလှ၏၊ ရှုချင်ဖွယ်ရှိ၏၊ ကြည်ညိုဖွယ်ရှိ၏၊ မြတ်သောကိုယ်အဆင်းနှင့်ပြည့်စုံ၏၊ ထမင်း အဖျော် အဝတ်(ပုဆိုး) ယာဉ် ပန်းနံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးကို ရခြင်းရှိ၏၊ ထိုသူသည် ကိုယ်နှုတ်စိတ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်၏၊ ထိုသူသည် ကိုယ်နှုတ်စိတ်ဖြင့် ကောင်းသော အကျင့်ကိုကျင့်၍ (ခန္ဓာ)ကိုယ် ပျက်စီး၍ သေသည်မှနောက်၌ ကောင်းသောသူတို့၏လားရာဖြစ်သော နတ်ပြည်၌ ဖြစ်ရ၏၊ ဤသို့သောပုဂ္ဂိုလ်သည် အလင်းမှ(လာ၍)အလင်းသို့သွားသည် မည်၏။ (၄)

၁၆၉။ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အောက်မှ(လာ၍)အောက်သို့ ညွတ်လေသနည်း။ပ။ ဤသို့သော ပုဂ္ဂိုလ်သည် အောက်မှ(လာ၍)အောက်သို့ ညွတ်လေသည် မည်၏။ (၁)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အောက်မှ (လာ၍)အထက်သို့ညွတ်လေသနည်း။ပ။ ဤသို့သော ပုဂ္ဂိုလ်သည် အောက်မှ (လာ၍)အထက်သို့ ညွတ်လေသည်မည်၏။ (၂)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အထက်မှ (လာ၍)အောက်သို့ ညွတ်လေသနည်း။ပ။ဤသို့သောပုဂ္ဂိုလ်သည် အထက်မှ (လာ၍)အောက်သို့ ညွတ်လေသည်မည်၏။ (၃)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အထက်မှ (လာ၍)အထက်သို့ညွတ်လေသနည်း။ပ။ ဤသို့သောပုဂ္ဂိုလ်သည် အထက်မှ (လာ၍)အထက်သို့ ညွတ်လေသည်မည်၏။ (၄) *

၁၇၀။ ထိုမာတိကာပုဒ်၌ သစ်ပင်နှင့်တူသော ပုဂ္ဂိုလ်လေးယောက်တို့သည် အဘယ်သည်တို့နည်း၊ သစ်ပင်တို့သည် မိမိက အကာပင်ဖြစ်လျက် အနှစ်ပင်တို့ ဝိုင်းရံအပ်သော သစ်ပင်၊ (မိမိက)အနှစ်ပင်ဖြစ်လျက် အကာပင်တို့ဝိုင်းရံအပ်သောသစ်ပင်၊ မိမိက အကာပင်ဖြစ်လျက် အကာပင်တို့ဝိုင်းရံအပ်သောသစ်ပင်၊ (မိမိက)အနှစ်ပင်ဖြစ်လျက် အနှစ်ပင်တို့ ဝိုင်းရံအပ်သော သစ်ပင်၊ ဤလေးမျိုးတို့ပေတည်း၊ ဤအတူပင်လျှင် သစ်ပင်လေးမျိုးနှင့်တူသော ပုဂ္ဂိုလ်လေးယောက်တို့သည် ဤလောက၌ ထင်ရှားရှိကုန်၏၊ သစ်ပင်လေးမျိုးတို့နှင့် တူသော ပုဂ္ဂိုလ်လေးယောက်တို့ဟူသည် အဘယ်တို့နည်း၊ မိမိက အကာပင်ဖြစ်လျက် အနှစ်ပင်တို့ဝိုင်းရံအပ်သော သစ်ပင်နှင့်တူသောပုဂ္ဂိုလ်၊ မိမိကအနှစ်ပင်ဖြစ်လျက် အကာပင်တို့ဝိုင်းရံအပ်သော သစ်ပင်နှင့်

* ၁၆၉ ဓိုဒ်ရှိ ပုဂ္ဂိုလ်လေးယောက်အကျယ်ကို ၁၆၈ အပိုဒ် အတိုင်းချဲ့လေ။

http://www.dhammadownload.com



တူသောပုဂ္ဂိုလ်၊ မိမိကအကာပင်ဖြစ်လျက် အကာပင်တို့ဝိုင်းရံအပ်သော သစ်ပင်နှင့်တူသောပုဂ္ဂိုလ် မိမိက အနှစ်ပင်ဖြစ်လျက် အနှစ်ပင်တို့ဝိုင်းရံအပ်သော သစ်ပင်နှင့်တူသောပုဂ္ဂိုလ်ဟူ၍ ပုဂ္ဂိုလ်တို့သည် ဤလေးယောက်တို့တည်း။

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မိမိက အကာပင်ဖြစ်လျက် အနှစ်ပင်တို့ ဝိုင်းရံအပ်သော သစ်ပင်နှင့်တူသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် သီလမရှိ၊ ယုတ်ညံ့သော အကျင့်ရှိ၏၊ ထိုပုဂ္ဂိုလ်၏ပရိသတ်သည်ကား သီလရှိ၏၊ ကောင်းသောအကျင့်ရှိ၏၊ ဤသို့သောပုဂ္ဂိုလ်သည် မိမိက အကာပင်ဖြစ်လျက် အနှစ်ပင်တို့ ဝိုင်းရံအပ်သော သစ်ပင်နှင့်တူ၏၊ ထိုသစ်ပင်သည် မိမိက အကာပင်ဖြစ်လျက် အနှစ်ပင်တို့ ဝိုင်းရံသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုသစ်ပင်နှင့်တူ၏ ဟူ၍ မှတ်အပ်၏။ (၁)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မိမိက အနှစ်ပင်ဖြစ်လျက် အကာပင်တို့ ဝိုင်းရံအပ်သော သစ်ပင်နှင့်တူသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် သီလရှိ၏၊ ကောင်းသော အကျင့်ရှိ၏၊ ထိုပုဂ္ဂိုလ်၏ ပရိသတ်သည်ကား သီလမရှိ၊ ယုတ်ညံ့သော အကျင့်ရှိ၏၊ ဤသို့သောပုဂ္ဂိုလ်သည် မိမိက အနှစ်ပင်ဖြစ်လျက် အကာပင်တို့ ဝိုင်းရံအပ်သော သစ်ပင်နှင့်တူ၏၊ ထိုသစ်ပင်သည် မိမိက အနှစ်ပင်ဖြစ်လျက် အကာပင်တို့ ဝိုင်းရံသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုသစ်ပင်နှင့်တူ၏ဟူ၍ မှတ်အပ်၏။ (၂)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မိမိက အကာပင်ဖြစ်လျက် အကာပင်တို့ ဝိုင်းရံအပ်သော သစ်ပင်နှင့် တူသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် သီလမရှိ၊ ယုတ်ညံ့သော အကျင့်ရှိ၏၊ ထိုပုဂ္ဂိုလ်၏ ပရိသတ်သည်လည်း အကျင့်သီလမရှိ၊ ယုတ်ညံ့သော အကျင့်ရှိ၏၊ ဤသို့သော ပုဂ္ဂိုလ်သည် မိမိက အကာပင်ဖြစ်လျက် အကာပင်တို့ ဝိုင်းရံအပ်သော သစ်ပင်နှင့်တူ၏၊ ထိုသစ်ပင်သည် မိမိက အကာပင်ဖြစ်လျက် အကာပင်တို့ ဝိုင်းရံသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုသစ်ပင်နှင့် တူ၏ ဟူ၍ မှတ်အပ်၏။ (၃)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မိမိက အနှစ်ပင်ဖြစ်လျက် အနှစ်ပင်တို့ ဝိုင်းရံအပ်သော သစ်ပင်နှင့်တူသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် သီလရှိ၏၊ ကောင်းသောအကျင့်ရှိ၏၊ ထိုပုဂ္ဂိုလ်၏ ပရိသတ်သည်လည်း သီလရှိ၏၊ ကောင်းသော အကျင့်ရှိ၏၊ ဤသို့သော ပုဂ္ဂိုလ်သည် မိမိက အနှစ်ပင်ဖြစ်လျက် အနှစ်ပင်တို့ ဝိုင်းရံအပ်သော သစ်ပင်နှင့်တူ၏၊ ထိုသစ်ပင်သည် မိမိက အနှစ်ပင်ဖြစ်လျက် အနှစ်ပင်တို့ ဝိုင်းရံသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုသစ်ပင်နှင့် တူ၏ဟူ၍ မှတ်အပ်၏။ (၄)

လောက၌ ထင်ရှားရှိသော သစ်ပင်နှင့်တူသော ပုဂ္ဂိုလ်တို့သည် ဤလေးယောက်တို့ပေတည်း။

၁၇၁။ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အဆင်းကိုပမာဏပြု၍ အဆင်းကို ကြည်ညိုဘိသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် အရပ်အမောင်း လုံးဝန်းသဏ္ဌာန် ကြန်အင်လက္ခဏာ ပြည့်စုံသည့်အဖြစ်ကို မြင်ရ၍ ထိုအရပ်အမောင်း လုံးဝန်းသဏ္ဌာန် ကြန်အင်လက္ခဏာ၌ ပမာဏကို ယူ၍ ကြည်ညိုခြင်းကို ဖြစ်စေ၏၊ ဤပုဂ္ဂိုလ်ကို အဆင်းကို ပမာဏပြုလျက် အဆင်းကို ကြည်ညိုသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အသံ(ကျော်စောသံ)ကို ပမာဏပြု၍ အသံ(ကျော်စောသံ)ကို ကြည်ညိုဘိသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် သူတပါးတို့၏ ချီးမွမ်းခြင်းဖြင့် သူတပါးတို့၏ချီးမြှောက်ခြင်းဖြင့် သူတပါးတို့၏ ချီးပင့်ခြင်းဖြင့် သူတပါးတို့၏ ကျေးဇူးကိုဆောင်ခြင်းဖြင့်

http://www.dhammadownload.com



ကျော်စောသံ၌ အတိုင်းအရှည်ပမာဏကိုယူ၍ ကြည်ညိုခြင်းကို ဖြစ်စေ၏၊ ဤပုဂ္ဂိုလ်ကို ကျော်စောသံကို ပမာဏပြု၍ အသံ(ကျော်စောသံ)ကို ကြည်ညိုသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၇၂။ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ခေါင်းပါးခြင်းလျှင် အတိုင်းအရှည်ရှိ၍ ခေါင်းပါးခြင်း၌ ကြည်ညိုသနည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သင်္ကန်း၏ ခေါင်းပါးခြင်းကိုရင်း သပိတ်၏ခေါင်းပါးခြင်းကိုရင်း ကျောင်း၏ခေါင်းပါးခြင်းကိုရင်း အထူးထူးအပြားပြားပြုနိုင်ခဲသောအကျင့်ကို ကျင့်ခြင်းကိုရင်း တွေ့မြင်ရ၍ ခေါင်းပါးသော အကျင့်၌ ပမာဏကိုယူ၍ ကြည်ညိုခြင်းကို ဖြစ်စေ၏၊ ဤပုဂ္ဂိုလ်ကို ခေါင်းပါးခြင်းလျှင် အတိုင်းအရှည်ရှိ၍ ခေါင်းပါးခြင်း၌ ကြည်ညိုသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏၊ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် တရားလျှင် အတိုင်းအရှည်ရှိ၍ တရား၌ ကြည်ညိုသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် သီလကိုရင်း သမာဓိကိုရင်း ပညာကိုရင်း မြင်ရ၍ ထိုသီလသမာဓိပညာ၌ အတိုင်းအရှည်ကိုယူ၍ ကြည်ညိုခြင်းကို ဖြစ်စေ၏၊ ဤပုဂ္ဂိုလ်ကို တရားလျှင် အတိုင်းအရှည်ရှိ၍ တရား၌ ကြည်ညိုသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၁၇၃။အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မိမိအစီးအပွါးအတွက်သာ ကျင့်၍ သူတပါး၏အစီးအပွါးအတွက် မကျင့်သနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မိမိကိုယ်တိုင် သီလနှင့်ပြည့်စုံ၏၊ သူတပါးကို သီလနှင့် ပြည့်စုံစိမ့်သောငှါ မဆောက်တည်စေ၊ မိမိကိုယ်တိုင် သမာဓိနှင့် ပြည့်စုံ၏၊ သူတပါးကိုမူ သမာဓိနှင့် ပြည့်စုံစိမ့်သောငှါ မဆောက်တည်စေ၊ မိမိကိုယ်တိုင် ပညာနှင့်ပြည့်စုံ၏၊ သူတပါးကိုမူ ပညာနှင့် ပြည့်စုံစိမ့်သောငှါ မဆောက်တည်စေ၊ မိမိကိုယ်တိုင် အရဟတ္တဖိုလ်နှင့် ပြည့်စုံ၏၊ သူတပါးကိုမူ အရဟတ္တဖိုလ်နှင့် ပြည့်စုံစိမ့်သောငှါ မဆောက်တည်စေ၊ မိမိကိုယ်တိုင် ပစ္စဝေက္ခဏာဉာဏ်နှင့် ပြည့်စုံ၏၊သူတပါးကိုမူ ပစ္စဝေက္ခဏာဉာဏ်နှင့် ပြည့်စုံစိမ့်သောငှါ မဆောက်တည်စေ၊ဤသို့သောပုဂ္ဂိုလ်သည် မိမိအစီးအပွါးအတွက်သာကျင့်၍ သူတပါး၏ အစီးအပွါးအတွက် ကျင့်သည်မမည်။ (၁)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် သူတပါး၏အစီးအပွါးအတွက်သာကျင့်၍ မိမိအစီးအပွါးအတွက် မကျင့်သနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မိမိကိုယ်တိုင် သီလနှင့် မပြည့်စုံ၊ သူတပါးကိုမူ သီလနှင့် ပြည့်စုံစိမ့်သောငှါ ဆောက်တည်စေ၏၊ မိမိကိုယ်တိုင် သမာဓိနှင့် မပြည့်စုံ၊သူတပါးကိုမူ သမာဓိနှင့် ပြည့်စုံစိမ့်သောငှါ ဆောက်တည်စေ၏၊ မိမိကိုယ်တိုင် ပညာနှင့် မပြည့်စုံ၊ သူတပါးကိုမူ ပညာနှင့် ပြည့်စုံစိမ့်သောငှါ ဆောက်တည်စေ၏၊ မိမိကိုယ်တိုင် အရဟတ္တဖိုလ်နှင့် မပြည့်စုံ၊ သူတပါးကိုမူ အရဟတ္တဖိုလ်နှင့် ပြည့်စုံစိမ့်သောငှါ ဆောက်တည်စေ၏၊ မိမိကိုယ်တိုင် ပစ္စဝေက္ခဏာဉာဏ်နှင့် မပြည့်စုံ၊သူတပါးကိုမူ ပစ္စဝေက္ခဏာဉာဏ်နှင့် ပြည့်စုံစိမ့်သောငှါ ဆောက်တည်စေ၏၊ ဤသို့သော ပုဂ္ဂိုလ်သည် သူတပါး၏ အစီးအပွါးအတွက်သာ ကျင့်၍ မိမိအစီးအပွါးအတွက် ကျင့်သည်မမည်။ (၂)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မိမိ၏အစီးအပွါးအတွက်လည်း ကျင့်၍ သူတပါး၏ အစီးအပွါးအတွက်လည်း ကျင့်သနည်း၊ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မိမိကိုယ်တိုင်လည်း သီလနှင့် ပြည့်စုံ၏၊ သူတပါးကိုလည်း သီလနှင့် ပြည့်စုံစိမ့်သောငှါ ဆောက်တည်စေ၏၊ မိမိကိုယ်တိုင်လည်း သမာဓိနှင့်ပြည့်စုံ၏၊ သူတပါးကိုလည်း သမာဓိနှင့် ပြည့်စုံစိမ့်သောငှါ ဆောက်တည်စေ၏၊ မိမိကိုယ်တိုင်လည်း ပညာနှင့် ပြည့်စုံ၏၊ သူတပါးကိုလည်း ပညာနှင့် ပြည့်စုံစိမ့်သောငှါ ဆောက်တည်စေ၏၊ မိမိကိုယ်တိုင်လည်း အရဟတ္တဖိုလ်နှင့် ပြည့်စုံ၏၊ သူတပါးကိုလည်း အရဟတ္တဖိုလ်နှင့်

http://www.dhammadownload.com



ပြည့်စုံစိမ့်သောငှါ ဆောက်တည်စေ၏၊ မိမိကိုယ်တိုင်လည်း ပစ္စဝေက္ခဏာဉာဏ်နှင့် ပြည့်စုံ၏၊ သူတပါးကိုလည်း ပစ္စဝေက္ခဏာဉာဏ်နှင့် ပြည့်စုံစိမ့်သောငှါ ဆောက်တည်စေ၏၊ ဤသို့သော ပုဂ္ဂိုလ်သည် မိမိအစီးအပွါးအတွက်လည်း ကျင့်၍ သူတပါး၏အစီးအပွါးအတွက်လည်း ကျင့်သည် မည်၏။ (၃)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မိမိအစီးအပွါးအတွက်လည်း မကျင့်ပဲ သူတပါး၏အစီးအပွါး အတွက်လည်း မကျင့်သနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မိမိကိုယ်တိုင်လည်း သီလနှင့် မပြည့်စုံ၊သူတပါးကိုလည်း သီလနှင့် ပြည့်စုံစိမ့်သောငှါ မဆောက်တည်စေ၊ မိမိကိုယ်တိုင်လည်း သမာဓိနှင့်မပြည့်စုံ၊သူတပါးကိုလည်း သမာဓိနှင့်ပြည့်စုံစိမ့်သောငှါမဆောက်တည်စေ၊မိမိကိုယ်တိုင် လည်း ပညာနှင့် မပြည့်စုံ၊ သူတပါးကိုလည်း ပညာနှင့် ပြည့်စုံစိမ့်သောငှါ မဆောက်တည်စေ၊ မိမိ ကိုယ်တိုင်လည်း အရဟတ္တဖိုလ်နှင့် မပြည့်စုံ၊သူတပါးကိုလည်း အရဟတ္တဖိုလ်နှင့် ပြည့်စုံစိမ့်သောငှါ မဆောက်တည်စေ၊ မိမိကိုယ်တိုင်လည်း ပစ္စဝေက္ခဏာဉာဏ်နှင့် မပြည့်စုံ၊ သူတပါးကိုလည်း ပစ္စဝေက္ခဏာဉာဏ်နှင့် ပြည့်စုံစိမ့်သောငှါ မဆောက်တည်စေ၊ ဤသို့သော ပုဂ္ဂိုလ်သည် မိမိ အစီးအပွါးအတွက်လည်း မကျင့်၊ သူတပါး၏ အစီးအပွါးအတွက်လည်း မကျင့်။ (၄)

၁၇၄။ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မိမိကိုယ်ကို ပူပန်ဆင်းရဲစေသည်ဖြစ်၍ မိမိကိုယ်ကို ပူပန်ဆင်းရဲစေသော အကျင့်၌ အဖန်ဖန် အားထုတ်သနည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ် သည် အဝတ်မဝတ်ပဲနေ၏၊ လူ့အကျင့်ကိုစွန့်၍ (ရပ်လျက် ကျင်ကြီး ကျင်ငယ် စွန့်ခြင်းစသည် ကို)ကျင့်၏၊လက်ဖြင့် (မစင်ကို)သုတ်၏၊ "အသျှင် လာပါလော့" ဆိုသူ၏ ဆွမ်းကို မခံ၊ "အသျှင် ရပ်ပါဦးလော့"ဆိုသူ၏ ဆွမ်းကို မခံ၊ ရှေးရှုဆောင်လာသော ဆွမ်းကို မခံ၊ ရည်စူး၍ ပြုသော ဆွမ်းကို မခံ၊ ပင့်ဖိတ်ဆွမ်းကို မခံ၊ အိုးဝမှခူးဆွမ်းကို မခံ၊ တောင်းဝမှခူးဆွမ်းကို မခံ၊ တံခါးခုံ ခြား၍ လှူသောဆွမ်းကို မခံ၊ တုတ်ခြား၍ လှူသော ဆွမ်းကို မခံ၊ ကျည်ပွေ့ခြား၍ လှူသော ဆွမ်းကို မခံ၊ နှစ်ယောက်စားစဉ် လှူသောဆွမ်းကို မခံ၊ ကိုယ်ဝန်ဆောင်မိန်းမ လှူသော ဆွမ်းကို မခံ၊ နို့တိုက်ဆဲမိန်းမလှူသောဆွမ်းကို မခံ၊ ယောကျ်ားနှင့်နှီးနှောသော မိန်းမ၏ ဆွမ်းကို မခံ၊ ဆော်ဩ၍ လောင်းလှူသော ဆွမ်းကို မခံ၊ ခွေးမျှော်ရာဆွမ်းကို မခံ၊ ယင်အုံရာ ဆွမ်းကို မခံ၊ ငါးမစား၊ အမဲမစား၊ သေမသောက်၊ အရက်မသောက်၊ ဖွဲ၌ မြုပ်သော ဆေးရည်ကို မသောက်၊ ထိုပုဂ္ဂိုလ်သည် တအိမ်၌သာ ဆွမ်းခံ၏၊ တလုပ်သာ စား၏၊ နှစ်အိမ်၌သာ ဆွမ်းခံ၏၊ နှစ်လုပ်သာစား၏။ပ။ ခုနစ်အိမ်၌သာ ဆွမ်းခံ၏၊ ခုနစ်လုပ်သာ စား၏၊ ခွက်ငယ်တခုဖြင့်လည်း ရောင့်ရဲ၏၊ ခွက်ငယ်နှစ်ခုဖြင့်လည်း ရောင့်ရဲ၏။ပ။ခွက်ငယ်ခုနစ်ခုဖြင့်လည်း ရောင့်ရဲ၏၊တရက်ခြား အစာစား၏၊ နှစ်ရက်ခြား အစာစား၏။ပ။ ခုနစ်ရက်ခြား အစာစား၏၊ ဤနည်းဖြင့် ဤသို့ သဘောရှိသော လဝက်တကြိမ် အစာစားခြင်း အကျင့်ကို ကျင့်၏။

ထိုပုဂ္ဂိုလ်သည် ဟင်းရွက်စိမ်းကိုသော်လည်း စား၏၊ ဆန်စိမ်းကိုသော်လည်း စား၏၊မြက် သီးဆန်ကိုသော်လည်း စား၏၊သားရေဖတ်ကိုသော်လည်း စား၏၊ မှော်ကိုသော်လည်း စား၏၊ ဆန်ကွဲကိုသော်လည်း စား၏၊ထမင်းချိုးကိုသော်လည်း စား၏၊နှမ်းမှုန့်ညက်ကိုသော်လည်း စား၏၊ မြက်ကိုသော်လည်း စား၏၊ နွားချေးကိုသော်လည်း စား၏၊ တောသစ်မြစ်သစ်သီးလျှင် အစာ ရှိသည်ဖြစ်၍ ကြွေကျသော သစ်သီးကိုစားလျက် မျှတ၏၊ ထိုပုဂ္ဂိုလ်သည် ပိုက်ဆံလျှော်အဝတ် တို့ကိုသော်လည်း ဆောင်၏၊ ပိုက်ဆံလျှော်ဖြင့် ရောနှောရက်သော အဝတ်တို့ကိုသော်လည်း

http://www.dhammadownload.com



ဆောင်၏၊ သူသေကောင်အဝတ်တို့ကိုသော်လည်း ဆောင်၏၊ ပံသုကူအဝတ်တို့ကိုသော်လည်း ဆောင်၏၊ သစ်မခါက်အပတ်ထို့ကိုသော်လည်း ဆောင်၏၊ သစ်နက်ရေကိုသော်လည်း ဆောင်၏၊ သစ်နက်ရေမျှင်အဝတ်ကိုသော်လည်း ဆောင်၏၊သမန်းမြက် အဝတ်ကိုသော်လည်း ဆောင်၏၊ လျှော်တေအဝတ်ကိုသော်လည်း ဆောင်၏၊ ပျဉ်ချပ်အဝတ်ကိုသော်လည်း ဆောင်၏၊ ဆံခြည်ကမ္ဗလာကိုသော်လည်း ဆောင်၏၊ သားမြီးကမ္ဗလာကိုသော်လည်း ဆောင်၏၊ ခင်ပုပ်ငှက်တောင်အဝတ်ကိုသော်လည်း ဆောင်၏၊ ဆံမုတ်ဆိတ်ကိုသော်လည်း နုတ်၏၊ ဆံမုတ်ဆိတ်နုတ်ခြင်းအမှုကိုသော်လည်း အားထုတ်လျက်နေ၏၊ နေရာကို ပယ်လျက် မတ်မတ်ရပ်၍သော်လည်း နေ၏၊ ဆောင့်ကြောင့်သော်လည်း ထိုင်၏၊ မဆောင့်ကြောင့်ထိုင်ခြင်းအမှုကိုသော်လည်း အားထုတ်၍ နေ၏၊ ဆူးအခင်းပေါ်၌သော်လည်း နေ၏၊ ဆူးအခင်းပေါ်၌ အိပ်၏၊ ညနေချမ်းလျှင်သုံးကြိမ်မြောက် ရေသို့ သက်ဆင်းခြင်း အမှုကိုသော်လည်း အားထုတ်၍နေ၏၊ ဤသို့သဘောရှိသော တပါးမက များစွာသော ကိုယ်ကို ပူပန်ဆင်းရဲစေခြင်းနှင့် ယှဉ်ခြင်းကို အဖန်ဖန် အားထုတ်နေ၏၊ ဤသို့သော ပုဂ္ဂိုလ်သည် မိမိကိုယ်ကို ပူပန်ဆင်းရဲစေသည်ဖြစ်၍ မိမိကိုယ်ကို ပူပန်ဆင်းရဲစေခြင်းနှင့် ယှဉ်ခြင်းကို အဖန်ဖန် အားထုတ်နေသည်မည်၏။ (၁)

၁၇၅။ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် သူတပါးကို ပူပန်ဆင်းရဲစေသည်ဖြစ်၍ သူတပါးကို ပူပန်ဆင်းရဲစေခြင်းနှင့် ယှဉ်ခြင်းကို အဖန်ဖန် အားထုတ်သနည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ဆိတ်ကိုသတ်၏၊ ဝက်ကိုသတ်၏၊ ငှက်ကိုသတ်၏၊ သားကောင်ကိုသတ်၏၊ ကြမ်းကြုတ်၏၊ ငါးကိုသတ်၏၊ ခိုး၏၊ ခိုးသူကိုသတ်၏၊ နွားကိုသတ်၏၊ နှောင်ဖွဲ့ခြင်းကို ပြု၏၊ ဆိုအပ်ခဲ့ပြီးသည်မှတပါး အလုံးစုံ ကြမ်းကြုတ်သော အမှုကို ပြုသူအားလုံးတို့ဘည်း၊ ဤသို့သော ပုဂ္ဂိုလ်သည် သူတပါးကို ပူပန်ဆင်းရဲစေတတ်သည်ဖြစ်၍ သူတပါးကို ပူပန်ဆင်းရဲစေခြင်းနှင့် ယှဉ်ခြင်းကို အဖန်ဖန်အားထုတ်သည်မည်၏။ (၂)

၁၇၆။ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မိမိကိုယ်ကို ပူပန်ဆင်းရဲစေသည်ဖြစ်၍ မိမိကိုယ်ကို ပူပန်ဆင်းရဲစေခြင်းနှင့်ယှဉ်ခြင်းကို အဖန်ဖန်အားထုတ်လျက် သူတပါးကို ပူပန်ဆင်းရဲစေသည်ဖြစ်၍ သူတပါးကို ပူပန်ဆင်းရဲစေခြင်းနှင့် ယှဉ်ခြင်းကို အဖန်ဖန် အားထုတ်သနည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မင်းမျိုးလည်းဖြစ်သော ထိပ်၌ ဘိသိက်သွန်းအပ်သော မင်းသော်၎င်း များသောဥစ္စာရှိသော ပုဏ္ဏားသော်၎င်း ဖြစ်၏၊ ထိုသူသည် မြို့၏ အရှေ့မျက်နှာ၌ အသစ်ဖြစ်သော ယဇ်ပူဇော်ရာ တင်းကုပ်ကို ပြုလုပ်စေ၍ ဆံမုတ်ဆိတ်ကို ပယ်ချ၍ ခွါနှင့်တကွ သစ်နက်ရေကို ဝတ်၍ ထောပတ်ဆီဖြင့် ကိုယ်ကို လိမ်းလျက် သားချိုဖြင့် ကျောက်ကုန်းကို အယားဖျောက်လျက် ယဇ်ပူဇော်ရာတင်းကုပ်သို့ မိဖုရား ပုရောဟိတ်ပုဏ္ဏားနှင့်တကွ ဝင်၏၊ ထိုပုဂ္ဂိုလ်သည် ထိုယဇ်ပူဇော်ရာ တင်းကုပ်၌ အခင်းမရှိသော နွားချေးဖြင့် လိမ်းကျံသော မြေ၌အိပ်၏၊ အမိအဆင်းနှင့်တူသော နွားငယ်ရှိသော နွားမတကောင်၏ နို့တိုင်တခု၌ ဖြစ်သော နို့ရည်ဖြင့် မင်းသည် မျှတ၏၊ နှစ်ခုမြောက် နို့တိုင်၌ ဖြစ်သော နို့ရည်ဖြင့် မိဖုရားသည် မျှတ၏၊ သုံးခုမြောက် နို့တိုင်၌ ဖြစ်သော နို့ရည်ဖြင့် ပုရောဟိတ်ပုဏ္ဏားသည် မျှတ၏၊ လေးခုမြောက်နို့တိုင်၌ဖြစ်သော နို့ရည်ဖြင့် မီးပူဇော်၏၊ ကြွင်းသော နို့ရည်ဖြင့် နွားငယ်သည် မျှတရ၏။

ထိုမင်းသည် ဤသို့ဆို၏ "ဤမျှသော နွားကြီးတို့ကို ဤမျှသော နွားငယ်တို့ကို ဤမျှသော နွားငယ်မတို့ကို ယဇ်ပူဇော်အံ့သောငှါ သတ်လေကုန်၊ ဤမျှသော ဆိတ်တို့ကို ယဇ်ပူဇော်

http://www.dhammadownload.com



အံ့သောငှါ သတ်လေကုန်၊ ဤမျှသော သိုးတို့ကို ယဇ်ပူဇော်အံ့သောငှါ သတ်လေကုန်၊ ဤမျှသော မြင်းတို့ကို ယဇ်ပူဇော်အံ့သောငှါ သတ်လေကုန်၊ ဤမျှသော သစ်ပင်တို့ကို ယဇ်တိုင်အလို့ငှါ ဖြတ်ကြလေကုန်၊ ဤမျှသော သမန်းမြက်တို့ကို အခင်းအကာအလို့ငှါ ရိတ်လေကုန်"ဟု ဤသို့ဆို၏၊ ထိုပုဂ္ဂိုလ်၏ ကျေးကျွန်အစေအပါး အမှုလုပ်ဖြစ်ကုန်သော ထိုသူတို့ကိုလည်း ဒဏ်ဖြင့် ခြိမ်းခြောက်အပ်ကုန်သည် ဘေးဖြင့် ခြိမ်းခြောက်အပ်ကုန်သည်ဖြစ်၍ မျက်ရည်ဖြင့် ပြည့်ကုန်လျက် ငိုယိုကုန်လျက် ယဇ်ပူဇော်သောအမှုတို့ကို ပြုကြကုန်၏၊ ဤသို့သော ပုဂ္ဂိုလ်သည် မိမိကိုယ်ကို ပူပန်ဆင်းရဲစေသည်ဖြစ်၍ မိမိကိုယ်ကို ပူပန်ဆင်းရဲခြင်းနှင့် ယှဉ်ခြင်းကို အားထုတ်သည်လည်း မည်၏၊ သူတပါးကို ပူပန်ဆင်းရဲစေသည်ဖြစ်၍ သူတပါးကို ပူပန်ဆင်းရဲခြင်းနှင့် ယှဉ်ခြင်းကို အားထုတ်သည်လည်းမည်၏။ (၃)

၁၇၇။ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မိမိကိုယ်ကိုလည်း မပူပန် မဆင်းရဲစေသည်ဖြစ်၍ မိမိကိုယ်ကိုလည်း ပူပန်ဆင်းရဲစေခြင်းနှင့် ယှဉ်ခြင်းကိုလည်း အဖန်ဖန် အားမထုတ်၊သူတပါးကိုလည်း မပူပန် မဆင်းရဲစေသည်ဖြစ်၍ သူတပါးကို ပူပန်ဆင်းရဲစေခြင်းနှင့် ယှဉ်ခြင်းကိုလည်း အဖန်ဖန် အားမထုတ်သနည်း၊ ထိုပုဂ္ဂိုလ်သည် မိမိကိုယ်ကိုလည်း မပူပန် မဆင်းရဲစေတတ်၊သူတပါးကိုလည်း မပူပန် မဆင်းရဲစေတတ်၊ မျက်မှောက်ပစ္စုပ္ပန်ဘဝ၌ တဏှာမရှိသည်ဖြစ်၍ ကိလေသာငြိမ်းသည် ချမ်းအေးသည်ဖြစ်၍ ချမ်းသာကို ခံစားလျက် မြင့်မြတ်သောကိုယ်ဖြင့် နေသနည်း။

ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အသိဉာဏ်'ဝိဇ္ဇာ' အကျင့်'စရဏ'နှင့် ပြည့်စုံတော်မူသော ကောင်းသောစကားကိုဆိုတော်မူတတ်သော လောကကို သိတော်မူသော ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော နတ်လူတို့၏ဆရာဖြစ်တော်မူသော (သစ္စာလေးပါးတရားတို့ကို) သိစေတော်မူသော ဘုန်းတန်ခိုးကြီးတော်မူသော မြတ်စွာဘုရားသည် ဤလောက၌ ပွင့်တော်မူ၏၊ထိုမြတ်စွာဘုရားသည် နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့် တကွသော လူ့လောကကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏၊ ထိုမြတ်စွာဘုရားသည် အစ၏ကောင်းခြင်းရှိသော အလယ်၏ကောင်းခြင်းရှိသော အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောတော်မူ၏၊ အလုံးစုံပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ပြတော်မူ၏။

ထိုတရားတော်ကို သူကြွယ်သော်၎င်း သူကြွယ်သားသော်၎င်း အခြားဇာတ်တမျိုးမျိုး၌ ဖြစ်သော သူသော်၎င်း ကြားနာရ၏၊ထိုသူသည် ထိုတရားတော်ကို ကြားနာရ၍ မြတ်စွာဘုရား၌ ယုံကြည်မှုကိုရ၏၊ထိုသူသည် ထိုယုံကြည်မှုကို ရခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ "လူ့ဘောင်၌နေရခြင်းသည် ကျဉ်းမြောင်း၏၊ ကိလေသာ မြူထရာ လမ်းကြောင်းဖြစ်၏၊ ရဟန်းအဖြစ်သည် လွင်ပြင်နှင့် တူ၏၊လူ့ဘောင်၌ နေသူသည် ဤမြတ်သောအကျင့်ကို စင်စစ် ပြည့်စုံစွာ စင်စစ် စင်ကြယ်စွာ ခရုသင်းပွတ်သစ်နှင့် တူစွာ ကျင့်ခြင်းငှါ မလွယ်၊ငါသည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရမူ ကောင်းလေစွ"ဟု ဆင်ခြင်၏၊ ထိုသူသည် နောင်အခါ၌ နည်းသောဥစ္စာစုကို စွန့်၍ဖြစ်စေ များသောဥစ္စာစုကို စွန့်၍ဖြစ်စေ နည်းသော ဆွေမျိုးစုကို စွန့်၍ဖြစ်စေ များသောဆွေမျိုးစုကို စွန့်၍ဖြစ်စေ ဆံမုတ်ဆိတ်ကို

http://www.dhammadownload.com



ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်းပြု၏။

၁၇၈။ ထိုပုဂ္ဂိုလ်သည် ဤသို့ရဟန်းပြုပြီးသည်ရှိသော် ရဟန်းတို့၏သိက္ခာ အသက်မွေးခြင်း သာဇီဝသို့ ရောက်သည်ဖြစ်၍ အသက်သတ်ခြင်းကိုပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ တုတ်ကို ချထားပြီး ဖြစ်၏၊ လက်နက်ကို ချထားပြီး ဖြစ်၏၊ ရှက်ခြင်းရှိ၏၊ သနားတတ်၏၊ခပ်သိမ်းသောသတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက်နေ၏။

မပေးသည်ကို ယူခြင်းကိုပယ်၍ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ပေးသည်ကိုသာ ယူ၏၊ ပေးသည်ကိုသာ အလိုရှိ၏၊ မခိုးမဝှက် စင်ကြယ်သောကိုယ်ဖြင့်နေ၏။

မမြတ်သော အကျင့်ကိုပယ်၍ မြတ်သောအကျင့်ကို ကျင့်၏၊ ယုတ်သောအကျင့်ကို ကျင့်လေ့မရှိ၊ ရွာသူတို့၏အလေ့ဖြစ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်၏။

မဟုတ်မမှန် ပြောခြင်းကိုပယ်၍ မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏၊ အမှန်ကိုသာဆိုလေ့ရှိ၏၊ မှန်သောစကားခြင်း ဆက်စပ်စေ၏၊ တည်သောစကားရှိ၏၊ ယုံကြည်ထိုက်သောစကားရှိ၏၊ လောကကို လှည့်စားတတ်သူမဟုတ်။

ကုံးစကားကိုပယ်၍ ကုံးစကားမှ ရှောင်ကြဉ်၏၊ ဤသူတို့ထံမှ နားထောင်၍ (ထိုသူတို့နှင့်)ဤသူတို့ကွဲပြားခြင်းငှါ ထိုသူတို့ထံ၌ မပြောတတ်၊ ထိုသူတို့ထံမှ နားထောင်၍ (ဤသူတို့နှင့်)ထိုသူတို့ကွဲပြားခြင်းငှါ ဤသူတို့ ထံ၌ မပြောတတ်၊ ဤသို့ ကွဲပြားသူတို့ကိုလည်း စေ့စပ်တတ်၏၊ ညီညွတ်သူတို့ကိုလည်း အားပေးတတ်၏၊ ညီညွတ်ခြင်း၌ မွေ့လျော်၏၊ ညီညွတ်ခြင်း၌ ပျော်ပိုက်၏၊ ညီညွတ်ခြင်းကို နှစ်သက်၏၊ ညီညွတ်ခြင်းကို ပြုသော စကားကို ဆိုလေ့ရှိ၏။

ကြမ်းတမ်းသောစကားကို ပယ်၍ ကြမ်းတမ်းသောစကားမှ ရှောင်ကြဉ်၏၊ အကြင်စကားသည် အပြစ်ကင်း၏၊ နားချမ်းသာ၏၊ နှစ်လိုဖွယ်ရှိ၏၊ နှလုံးသို့သက်ဝင်၏၊ ယဉ်ကျေး၏၊ လူအများနှစ်သက်၏၊ လူအများနှစ်ခြိုက်၏၊ ထိုသို့သဘောရှိသောစကားကိုသာ ဆို၏။

ပြိန်ဖျင်းသောစကားကိုပယ်၍ ပြိန်ဖျင်းသောစကားမှ ရှောင်ကြဉ်၏၊ (သင့်သော)အခါ၌သာ ဆိုလေ့ရှိ၏၊ ဟုတ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အကျိုးနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ တရားနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အဆုံးအမနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ (သင့်သော)အခါ၌ အကြောင်းနှင့်တကွသော အပိုင်းအခြားရှိသော အစီးအပွါးနှင့် စပ်သော မှတ်သားလောက်သော စကားကိုသာ ဆိုလေ့ရှိ၏။

၁၇၉။ ထိုပုဂ္ဂိုလ်သည် မျိုးစေ့အပေါင်း အပင်အပေါင်းကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်၏၊ ဆွမ်းတနပ်သာ စားလေ့ရှိ၏၊ ညစာစားခြင်းမှ ရှောင်ကြဉ်၏၊ နေလွဲစားခြင်းမှ ရှောင်ကြဉ်၏၊ ကခြင်း သီခြင်း တီးမှုတ်ခြင်း (သူတော်ကောင်းတရား၏)ဆူးငြောင့်ဖြစ်သော (ပွဲ)ကြည့်ခြင်းမှ ရှောင်ကြဉ်၏၊ ပန်းပန်ခြင်း နံ့သာခြယ်ခြင်း နံ့သာပျောင်းလိမ်းခြင်းမှ ရှောင်ကြဉ်၏၊ မြင့်သောနေရာ မြတ်သောနေရာမှ ရှောင်ကြဉ်၏၊ ရွှေငွေကို ခံယူခြင်းမှ ရှောင်ကြဉ်၏။

ကောက်စိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ အသားစိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ မိန်းမအိုမိန်းမပျိုကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ကျွန်မိန်းမ ကျွန်ယောကျ်ားကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊

http://www.dhammadownload.com



ဆိတ်နှင့် သိုးကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ကြက်ဝက်ကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ဆင် နွား မြင်း မြည်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ လယ်နှင့် ယာကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ တမန်အမှု အစေ အပါးအမှုကို ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်၏၊ ဝယ်မှု ရောင်းမှု မှ ရှောင်ကြဉ်၏၊ ချိန်စဉ်းလဲ အသပြာ စဉ်းလဲ ခြင်တွယ် တိုင်းတာ စဉ်းလဲခြင်းမှ ရှောင်ကြဉ်၏၊ တံစိုးယူခြင်း လှည့်ဖြားခြင်း အတုပြု၍ လိမ်ခြင်းတည်းဟူသော ကောက်ကျစ်ခြင်းမှ ရှောင်ကြဉ်၏၊ ဖြတ်ခြင်း သတ်ခြင်း နှောင်ဖွဲ့ခြင်း (ခရီးသွားတို့ကို)လုယက်ခြင်း (ရွာနိဂုံးတို့ကို)ဖျက်ဆီးခြင်း ဓားပြတိုက်ခြင်းမှ ရှောင်ကြဉ်၏။

၁၇၀။ ထိုပုဂ္ဂိုလ်သည် ရောင့်ရဲ၏၊ ကိုယ်ကို မျှတစေနိုင်ရုံသော သင်္ကန်းဖြင့် ဝမ်းကို မျှတစေနိုင်ရုံသော ဆွမ်းဖြင့် ရောင့်ရဲ၏၊ သွားလေရာရာသို့ (ကိုယ်နှင့်အတူ ပါမြဲပရိက္ခရာ)မျှသာရှိသဖြင့် တပါတည်းယူပြီး ဖြစ်၍သာလျှင် သွား၏၊ အတောင်ရှိသော ငှက်သည် ပျံလေရာရာသို့ မိမိအတောင်သာ ဝန်ရှိသည်ဖြစ်၍ ပျံသကဲ့သို့ ဤအတူ ရဟန်းသည် ရောင့်ရဲ၏၊ကိုယ်ကို မျှတစေနိုင်ရုံသော သင်္ကန်းဖြင့် ဝမ်းကို မျှတစေနိုင်ရုံသော ဆွမ်းဖြင့် ရောင့်ရဲ၏၊ ထိုရဟန်းသည် သွားလေရာရာသို့ (ကိုယ်နှင့်အတူပါမြဲ ပရိက္ခရာမျှသာ ရှိသဖြင့်)တပါတည်း ယူပြီးဖြစ်၍သာလျှင် သွား၏၊ ထိုရဟန်းသည် မြတ်သော ဤသီလအစုနှင့် ပြည့်စုံသည်ဖြစ်၍ မိမိသန္တာန်၌ အပြစ်မရှိသော ချမ်းသာကို ခံစား၏။

၁၇၁။ ထိုရဟန်းသည် မျက်စိဖြင့် အဆင်း 'ရူပါရုံ'ကို မြင်သော် (မိန်းမ ယောကျ်ား စသော)သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ၊ (လက်ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန်စသော)အမူအရာ အမှတ်လက္ခဏာကို စွဲယူလေ့မရှိ၊ (အကယ်၍) စက္ခုန္ဒြေကို မစောင့်စည်းပဲနေလျှင် ယင်း (စက္ခုန္ဒြေ ဟူသော) အကြောင်းကြောင့် မက်မောခြင်း'အဘိဇ္ဈာ' နှလုံးမသာခြင်း'ဒေါမနဿ' ဟူသော ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာ၏၊ (ထို့ကြောင့် ရဟန်းသည်) ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ စက္ခုန္ဒြေကို စောင့်စည်း၏၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ နားဖြင့် အသံ 'သဒ္ဒါရုံ'ကို ကြားသော်။ပ။နှာခေါင်းဖြင့် အနံ့ 'ဂန္ဓာရုံ'ကို နမ်းသော်။ပ။လျှာဖြင့် အရသာ 'ရသာရုံ'ကို လျက်သော်။ပ။ကိုယ်ဖြင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'ကို တွေ့ထိသော်။ပ။စိတ်ဖြင့် သဘောတရား 'ဓမ္မာရုံ'ကို သိသော် (မိန်းမယောကျ်ား စသော)သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ၊(လက်ခြေစသောအင်္ဂါ ပြုံးဟန် ရယ်ဟန်စသော)အမူအရာ အမှတ်လက္ခဏာကို စွဲယူလေ့မရှိ၊ (အကယ်၍) မနိန္ဒြေကို မစောင့်စည်းပဲနေလျှင် ယင်း(မနိန္ဒြေ ဟူသော) အကြောင်းကြောင့် မက်မောခြင်း'အဘိဇ္ဈာ' နှလုံးမသာခြင်း'ဒေါမနဿ'ဟူသော ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာ၏၊ (ထို့ကြောင့် ရဟန်းသည်)ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ မနိန္ဒြေကို စောင့်စည်း၏၊မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏၊ ထိုပုဂ္ဂိုလ်သည် ဤမြတ်သော ဣန္ဒြေကို စောင့်စည်းခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ မိမိသန္တာန်၌ (ကိလေသာနှင့်)မရောသောချမ်းသာကို ခံစား၏။

၁၇၂။ ထိုရဟန်းသည် ရှေ့သို့တက်ရာ နောက်သို့ဆုတ်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ တူရူကြည့်ရာ တစောင်းကြည့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ကွေးရာ ဆန့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ဒုကုဋ္ဌသပိတ်သင်္ကန်းကိုဆောင်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ စားရာ သောက်ရာ ခဲရာ လျက်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ကျင်ကြီးကျင်ငယ်ကို စွန့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ ပြောရာ ဆိတ်ဆိတ်နေရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏။

http://www.dhammadownload.com



ထိုရဟန်းသည် ဤမြတ်သော သီလအစုနှင့် ပြည့်စုံသည်ဖြစ်၍ ဤမြတ်သောဣန္ဒြေကို စောင့်စည်းခြင်းနှင့်လည်း ပြည့်စုံသည်ဖြစ်၍ ဤမြတ်သောအောက်မေ့ခြင်း 'သတိ' ဆင်ခြင်ခြင်း 'သမ္ပဇဉ်' နှင့် ပြည့်စုံသည်ဖြစ်၍ ဤမြတ်သောရောင့်ရဲခြင်းနှင့်လည်း ပြည့်စုံသည်ဖြစ်၍ ဆိတ်ငြိမ်သောကျောင်းအိပ်ရာ နေရာကို မှီဝဲ၏၊ တောကို သစ်ပင်ရင်းကို တောင်ကို ချောက်ကို တောင်ခေါင်းကို သင်းချိုင်းကို တောအုပ်ကို လွင်ပြင်ကို ကောက်ရိုးပုံကို မှီဝဲ၏။

ထိုရဟန်းသည် ဆွမ်းခံရာမှ ပြန်ခဲ့၍ ဆွမ်းစားပြီးနောက် ထက်ဝယ်ဖွဲ့ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာထား၍ ကမ္မဋ္ဌာန်းသို့ ရှေးရှု သတိကို ဖြစ်စေလျက် ထိုင်၏၊ ထိုရဟန်းသည်(ဥပါဒါနက္ခန္ဓာ ငါးပါးဟူသော) လောက၌ မက်မောခြင်း 'အဘိဇ္ဈာ'ကို ပယ်၍ မက်မောခြင်း 'အဘိဇ္ဈာ' ကင်းသောစိတ်ဖြင့် နေ၏၊ မက်မောခြင်း 'အဘိဇ္ဈာ'မှ စိတ်ကို စင်ကြယ်စေ၏၊ ပျက်စီးစေလိုသော ဒေါသကိုပယ်၍ မပျက်စီးစေလိုသော စိတ်ရှိသည်ဖြစ်၍ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက်နေ၏၊ ပျက်စီးစေလိုသော 'ဒေါသ'မှ စိတ်ကို စင်ကြယ်စေ၏၊ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'ကိုပယ်၍ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'မှ ကင်းသည်ဖြစ်၍ အောက်မေ့ဆင်ခြင်လျက် ခလင်းရောင်ကို မှတ်ခြင်းရှိသည်ဖြစ်၍ နေ၏၊ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'မှ စိတ်ကို စင်ကြယ်စေ၏။

ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' နောင်တတဖန် ပူပန်ခြင်း 'ကုက္ကုစ္စ'ကိုပယ်၍ မိမိသန္တာန်၌ ငြိမ်းအေးသော စိတ်ရှိသည်ဖြစ်၍ မပျံ့လွင့်ပဲ နေ၏၊ ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' နောင်တတဖန် ပူပန်ခြင်း 'ကုက္ကုစ္စ'မှ စိတ်ကို စင်ကြယ်စေ၏၊ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'ကို ပယ်၍ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'ကို လွန်မြောက်သည်ဖြစ်၍ ကုသိုလ်တရားတို့၌ သို့လော သို့လော မရှိသည်ဖြစ်၍ နေ၏၊ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'မှ စိတ်ကို စင်ကြယ်စေ၏။

၁၇၃။ ထိုပုဂ္ဂိုလ်သည် ဤငါးပါးသော နီဝရဏတို့ကို ပယ်၍ စိတ်၏ ညစ်ညူးခြင်းတို့ကို ပညာဖြင့် အားနည်းအောင် ပြုလျက်နေ၏၊ ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ'နှင့်တကွဖြစ်သော နီဝရဏ ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ရှိသော ပဌမစျာန်သို့ရောက်၍ နေ၏၊ ဝိတက် ဝိစာရတို့၏ ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်တည်ကြည်ခြင်း 'သမာဓိ'ကို ပွါးစေတတ်သော ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ'မရှိသော တည်ကြည်ခြင်း 'သမာဓိ'ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ရှိသော ဒုတိယစျာန်သို့ရောက်၍နေ၏၊ နှစ်သိမ့်ခြင်း 'ပီတိ'ကိုလည်း မတပ်မက်ခြင်းကြောင့် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက်နေ၏၊ ချမ်းသာခြင်း 'သုခ'ကိုလည်း ကိုယ်ဖြင့် ခံစား၏၊ အကြင်တတိယစျာန်ကြောင့် ထိုသူကို "လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာနေလေ့ရှိသူ"ဟု အရိယာပုဂ္ဂိုလ်တို့သည် ပြောကြားကုန်၏၊ (ရဟန်းသည်)ထိုတတိယစျာန်သို့ ရောက်၍ နေ၏၊ ချမ်းသာ ဆင်းရဲကို ပယ်ခြင်းကြောင့်ငှင်း ရှေးဦးကပင်လျှင် ဝမ်းသာခြင်း နှလုံးမသာခြင်း ၏ ချုပ်နှင့်ခြင်းကြောင့်ငှင်း ဆင်းရဲချမ်းသာမရှိသော လျစ်လျူရှုမှု 'ဥပေက္ခာ'ကြောင့်ဖြစ်သည့် သတိ၏စင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်သို့ရောက်၍ နေ၏။

ထိုပုဂ္ဂိုလ်သည် ဤသို့ စိတ်သည် တည်ကြည်လတ်သော် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင်

http://www.dhammadownload.com



လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့၍သိသော 'ပုဗ္ဗေနိဝါသာနုဿတိ' ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထိုပုဂ္ဂိုလ်သည် များပြားသော ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့၏၊ ဤသည်ဘို့ကား အဘယ်နည်း၊ တဘဝကိုရင်း နှစ်ဘဝတို့ကိုရင်း သုံးဘဝတို့ကိုရင်း လေးဘဝတို့ကိုရင်း ငါးဘဝတို့ကိုရင်း ဆယ်ဘဝတို့ကိုရင်း ဘဝနှစ်ဆယ်တို့ကိုရင်း ဘဝသုံးဆယ်တို့ကိုရင်း ဘဝလေးဆယ်တို့ကိုရင်း ဘဝငါးဆယ်တို့ကိုရင်း ဘဝတရာကိုရင်း ထိုဘဝတထောင်ကိုရင်း ဘဝတသိန်းကိုရင်း ဘဝရာပေါင်းများစွာတို့ကိုရင်း ဘဝထောင်ပေါင်းများစွာတို့ကိုရင်း ဘဝသိန်းပေါင်းများစွာတို့ကိုရင်း များပြားသော ပျက်ကပ်တို့ကိုရင်း များပြားသော ဖြစ်ကပ်တို့ကိုရင်း များပြားသော ပျက်ကပ်ဖြစ်ကပ်တို့ကိုရင်း "ဤမည်သော ဘဝ၌ (ငါသည်) ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သောအဆင်းရှိခဲ့၏၊ ဤသို့သော အစားအစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤမည်သော ဘဝ၌ ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစားအစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှသေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏"ဟု ဤသို့ အခြင်းအရာနှင့်တကွ ညွှန်းပြဖွယ် အမည်အနွယ်နှင့်တကွ များပြားသော ရှေး၌ ဖြစ်ဘူးသောဘဝကို အောက်မေ့နိုင်၏။

၁၈၄။ ထိုပုဂ္ဂိုလ်သည် ဤသို့ စိတ်သည် တည်ကြည်လတ်သော် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ ?ံ့လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ရောက်လတ်သော် သတ္တဝါတို့၏သေခြင်း ဖြစ်ပေါ်ခြင်းကို သိသော'စုတူပပါတ'ဉာဏ် အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထိုပုဂ္ဂိုလ်သည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်တို့၏ မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သော သတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာ'ဂတိ' ရှိသော သတ္တဝါ မကောင်းသောလားရာ 'ဂတိ'ရှိသောသတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာဖြစ်ပေါ်သော သတ္တဝါတို့ကို သိ၏။

"အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့် ပြုအပ်သော မကောင်းသောအကျင့်'ကာယဒုစရိုက်' နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့် ပြုအပ်သော မကောင်းသောအကျင့် 'ဝစီဒုစရိုက်'နှင့် ပြည့်စုံ၏၊ စိတ်ဖြင့် ပြုအပ်သော မကောင်းသောအကျင့် 'မနောဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ အရိယာပုဂ္ဂိုလ်တို့ကို စွပ်စွဲကုန်၏၊မှားသောအယူရှိကုန်၏၊မှားသောအယူဖြင့်ပြုသော ကံရှိကုန်၏၊ထိုသတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီး၍ ကျရောက်ရာ ငရဲ၌ ဖြစ်ပေါ်ကုန်၏။

အချင်းတို့ ဤသတ္တဝါတို့သည်ကား ကိုယ်ဖြင့် ပြုအပ်သော ကောင်းသောအကျင့် 'ကာယသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့် ပြုအပ်သော ကောင်းသောအကျင့်'ဝစီသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့် ပြုအပ်သော ကောင်းသောအကျင့် 'မနောသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ အရိယာပုဂ္ဂိုလ်တို့ကို မစွပ်စွဲကုန်၊ မှန်သောအယူရှိကုန်၏၊ မှန်သောအယူဖြင့် ပြုသောကံရှိကုန်၏၊ ထိုသတ္တဝါ

http://www.dhammadownload.com



တို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်၌ ဖြစ်ပေါ်ကုန်၏"ဟူ၍ ဤသို့လျှင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သောနတ်တို့၏ မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသောသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာ 'ဂတိ' ရှိသောသတ္တဝါ မကောင်းသော လားရာ 'ဂတိ'ရှိသောသတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ဖြစ်ပေါ်သော သတ္တဝါတို့ကို သိ၏။

၁၇၅။ ထိုပုဂ္ဂိုလ်သည် ဤသို့ စိတ်သည် တည်ကြည်လတ်သော် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ရောက်လတ်သော် အာသဝေါတရားတို့ကို ကုန်စေသော 'အာသဝက္ခယ'ဉာဏ်အလို့ငှါ စိတ်ကိုရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထိုပုဂ္ဂိုလ်သည် "ဤကား ဆင်းရဲ"ဟု ဟုတ်မှန်သောအတိုင်းသိ၏၊ "ဤကား ဆင်းရဲဖြစ်ပေါ်ခြင်း၏ အကြောင်း"ဟု ဟုတ်မှန်သောအတိုင်းသိ၏၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)"ဟု ဟုတ်မှန်သော အတိုင်းသိ၏၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်"ဟု ဟုတ်မှန်သော အတိုင်းသိ၏၊ "ဤတရားတို့ကား အာသဝေါတရားတို့"ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ "ဤတရားတို့ကား အာသဝေါတရားတို့၏ ဖြစ်ပေါ်ကြောင်း"ဟု ဟုတ်မှန်သော တိုင်းသိ၏၊ "ဤတရားတို့ကား အာသဝေါတရားတို့၏ ချုပ်ရာ(နိဗ္ဗာန်)"ဟု ဟုတ်မှန်သောအတိုင်းသိ၏၊"ဤတရားတို့ကား အာသဝေါတရားတို့၏ ချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်"ဟု ဟုတ်မှန်သော အတိုင်း သိ၏၊ ဤသို့သိသော ဤသို့ မြင်သော ထိုပုဂ္ဂိုလ်၏ စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏၊ ဘဝါသဝမှလည်း လွတ်မြောက်၏၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏၊ လွတ်မြောက်ပြီးလတ်သော် "လွတ်မြောက်လေပြီ"ဟု အသိဉာဏ် ဖြစ်ပေါ်၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ပြုဖွယ် (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စအလို့ငှါ တပါးသောပြုဖွယ်မရှိတော့ပြီ"ဟု သိ၏။

ဤသို့သော ပုဂ္ဂိုလ်သည် မိမိကိုယ်ကိုလည်း မပူပန် မဆင်းရဲစေသည်ဖြစ်၍ မိမိကိုယ်ကိုလည်း ပူပန်ခြင်းရဲစေခြင်းနှင့် ယှဉ်ခြင်းကိုလည်း အဖန်ဖန် အားမထုတ်၊ သူတပါးကိုလည်း မပူပန် မဆင်းရဲစေသည်ဖြစ်၍ သူတပါးကို ပူပန်ဆင်းရဲစေခြင်းနှင့် ယှဉ်ခြင်းကိုလည်း အဖန်ဖန် အားမထုတ်၊ ထိုပုဂ္ဂိုလ်သည် မိမိကိုယ်ကိုလည်း မပူပန် မဆင်းရဲစေတတ်၊ သူတပါးကိုလည်း မပူပန်မဆင်းရဲစေတတ်၊ မျက်မှောက်ပစ္စုပ္ပန်ဘဝ၌ တဏှာမရှိသည်ဖြစ်၍ ကိလေသာ ငြိမ်းအေးသည်ဖြစ်၍ ချမ်းသာကို ခံစားလျက် မြင့်မြတ်သော ကိုယ်ဖြင့်နေ၏။ (၄)

၁၇၆။ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ရာဂရှိသောပုဂ္ဂိုလ်မည်သနည်း၊ အကြင်ပုဂ္ဂိုလ်သည် ရာဂကို မပယ်အပ်သေး၊ ထိုပုဂ္ဂိုလ်ကို ရာဂရှိသောပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။ (၁)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ဒေါသရှိသောပုဂ္ဂိုလ်မည်သနည်း၊ အကြင်ပုဂ္ဂိုလ်သည် ဒေါသကို မပယ်အပ်သေး၊ ထိုပုဂ္ဂိုလ်ကို ဒေါသရှိသောပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။ (၂)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မောဟရှိသောပုဂ္ဂိုလ်မည်သနည်း၊ အကြင်ပုဂ္ဂိုလ်သည် မောဟကို မပယ်အပ်သေး၊ ထိုပုဂ္ဂိုလ်ကို မောဟရှိသောပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။ (၃)

http://www.dhammadownload.com



အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မာနရှိသော ပုဂ္ဂိုလ်မည်သနည်း၊ အကြင်ပုဂ္ဂိုလ်သည် မာနကို မပယ်အပ်သေး၊ ထိုပုဂ္ဂိုလ်ကို မာနရှိသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။ (၄)

၁၈၇။ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အဇ္ဈတ္တသန္တာန်၌ စိတ်ငြိမ်းအေးကြောင်း (စတုတ္ထစျာန် သမာပတ်)ကို ရသည်ဖြစ်၍ အဓိပညာဟု ဆိုအပ်သော ခန္ဓာတရားတို့၌ ရှုသော ဝိပဿနာကို ရသူမဟုတ်သနည်း၊ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် ရုပ်လျှင် အာရုံရှိကုန်သော သမာပတ်တို့ကိုလည်း ရုပ်မဟုတ်သောတရားလျှင် အာရုံရှိကုန်သော သမာပတ်တို့ကိုလည်း ရခြင်းရှိ၏၊ လောကုတ္တရာ မဂ်ကိုလည်း ဖိုလ်ကိုလည်း ရခြင်းမရှိ၊ ဤသို့သောပုဂ္ဂိုလ်သည် အဇ္ဈတ္တသန္တာန်၌ စိတ်ငြိမ်း အေးကြောင်း(စတုတ္ထစျာန်သမာပတ်)ကို ရသည်ဖြစ်၍ အဓိပညာဟု ဆိုအပ်သော ခန္ဓာတရားတို့၌ ရှုသော ဝိပဿနာကို ရသူမဟုတ်။ (၁)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အဓိပညာဟု ဆိုအပ်သော ခန္ဓာတရားတို့၌ ရှုသော ဝိပဿနာကို ရသည်ဖြစ်၍ အဇ္ဈတ္တသန္တာန်၌ စိတ်ငြိမ်းအေးကြောင်း (စတုတ္ထစျာန်သမာပတ်)ကို ရသူမဟုတ် သနည်း၊ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် လောကုတ္တရာမဂ်ကိုလည်း ဖိုလ်ကိုလည်း ရခြင်းရှိ၏၊ ရုပ်လျှင် အာရုံရှိကုန်သော သမာပတ်တို့ကိုလည်း ရုပ်မဟုတ်သော တရားလျှင် အာရုံ ရှိကုန်သော သမာပတ်ဟု ဆိုအပ်သော ခန္ဓာတရားတို့၌ ရှုသော ဝိပဿနာကိုလည်း ရခြင်းမရှိ၊ ဤသို့ သော ပုဂ္ဂိုလ်သည် အဓိပညာဟု ဆိုအပ်သော ခန္ဓာတရားတို့၌ ရှုသော ဝိပဿနာကို ရသည် ဖြစ်၍ အဇ္ဈတ္တသန္တာန်၌ စိတ်ငြိမ်းအေးကြောင်း (စတုတ္ထစျာန်သမာပတ်)ကို ရသူမဟုတ်။ (၂)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အဇ္ဈတ္တသန္တာန်၌ စိတ်ငြိမ်းအေးကြောင်း (စတုတ္ထစျာန်သမာ ပတ်)ကို ရသည်ဖြစ်၍ အဓိပညာဟု ဆိုအပ်သော ခန္ဓာတရားတို့၌ ရှုသော ဝိပဿနာကို ရသနည်း၊ ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် ရုပ်လျှင် အာရုံရှိကုန်သော သမာပတ်တို့ကိုလည်း ရုပ်မဟုတ်သော တရားလျှင် အာရုံရှိကုန်သော သမာပတ်တို့ကိုလည်း ရ၏၊ လောကုတ္တရာမဂ်ကိုလည်း ဖိုလ်ကိုလည်း ရ၏၊ ဤသို့သောပုဂ္ဂိုလ်သည် အဇ္ဈတ္တသန္တာန်၌ စိတ်ငြိမ်းအေးကြောင်း (စတုတ္ထစျာန် သမာပတ်)ကို ရသည်လည်း ဖြစ်၍ အဓိပညာဟုဆိုအပ်သော ခန္ဓာတရားတို့၌ ရှုသောဝိပဿနာကို ရသည်လည်းဖြစ်၏။ (၃)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အဇ္ဈတ္တသန္တာန်၌ စိတ်ငြိမ်းအေးကြောင်း (စတုတ္ထစျာန်သမာ ပတ်)ကို မရသည်ဖြစ်၍ အဓိပညာဟု ဆိုအပ်သော ခန္ဓာတရားတို့၌ ရှုသော ဝိပဿနာကို မရသနည်း၊ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် ရုပ်လျှင် အာရုံရှိကုန်သော သမာပတ်တို့ကိုလည်း ရုပ်မဟုတ်သော တရားလျှင် အာရုံရှိကုန်သော သမာပတ်တို့ကိုလည်း မရ၊ လောကုတ္တရာမဂ်ကိုလည်း ဖိုလ်ကိုလည်း မရ၊ ဤသို့သော ပုဂ္ဂိုလ်သည် အဇ္ဈတ္တသန္တာန်၌ စိတ်ငြိမ်းအေးကြောင်း (စတုတ္ထစျာန် သမာပတ်)ကို မရသည်ဖြစ်၍ အဓိပညာဟု ဆိုအပ်သော ခန္ဓာတရားတို့၌ ရှုသော ဝိပဿနာကို လည်းမရ။ (၄)

၁၈၈။ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ဝဋ်တည်းဟူသော ရေအယဉ်သို့ အစဉ်လိုက်သနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ကာမတရားတို့ကိုလည်း မှီဝဲ၏၊ မကောင်းမှုကိုလည်းပြု၏၊ ဤပုဂ္ဂိုလ်ကို ဝဋ်တည်းဟူသော ရေအယဉ်သို့ အစဉ်လိုက်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။ (၁)

http://www.dhammadownload.com



အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ဝဋ္ဋတည်းဟူသောရေအယဉ်မှ ဆန်တက်သနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ကာမတရားတို့ကိုလည်း မမှီဝဲ၊ မကောင်းမှုကိုလည်း မပြု၊ ထိုပုဂ္ဂိုလ်သည် ဆင်းရဲခြင်း နှလုံးမသာယာခြင်းနှင့်တကွ မျက်ရည်ပြည့်သောမျက်နှာဖြင့်ငိုကြွေးလျက် ပြည့်စုံသော ထက်ဝန်းကျင် စင်ကြယ်သော မြတ်သော အကျင့်ကို ကျင့်၏၊ ဤပုဂ္ဂိုလ်ကို ဝဋ္ဋတည်းဟူသော ရေအယဉ်မှ ဆန်တက်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။ (၂)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် တည်ဘုံသော သဘောရှိသနည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အောက်ပိုင်းသံယောဇဉ် ငါးပါးတို့၏ ကုန်ခြင်းကြောင့် ဥပပါတ်ပဋိသန္ဓေဖြစ်၏၊ ထိုရူပ ဘုံ၌ ပရိနိဗ္ဗာန် ပြုလေ့ရှိ၏၊ ထိုရူပဘုံမှ ကာမဘုံသို့ မပြန်လည်ခြင်း သဘောရှိ၏၊ ဤပုဂ္ဂိုလ်ကို တည်တံ့သော သဘောရှိသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။ (၃)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် တဏှာရေအယဉ်ကို ကူးမြောက်သည်ဖြစ်၍ နိဗ္ဗာန်တည်း ဟူသော ကမ်းတဖက်သို့ ရောက်လျက် မကောင်းမှုကို အပပြုပြီး၍ အရဟတ္တဖိုလ်ဟူသော ကြည်း ကုန်းထက်၌ တည်သနည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အာသဝေါတရားတို့၏ ကုန်ခြင်း ကြောင့် အာသဝေါကင်းသော ကိလေသာမှလွတ်မြောက်သော(အရဟတ္တဖိုလ်)စိတ်နှင့် ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်ကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက် ပြုလျက် ရောက်၍ နေ၏၊ ဤပုဂ္ဂိုလ်ကို တဏှာအယဉ်ကို ကူးမြောက်သည်ဖြစ်၍ နိဗ္ဗာန်တည်း ဟူသော ကမ်းတဖက်သို့ ရောက်သည် ဖြစ်၍ မကောင်းမှုကို အပပြုပြီး၍ အရဟတ္တဖိုလ်ဟူသော ကြည်းကုန်းထက်၌ တည်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။ (၄)

၁၇၉။ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အကြားအမြင်နည်းသည်ဖြစ်၍ အကြားအမြင်နှင့် မပြည့်စုံသနည်း၊ ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်အား အနည်းငယ်သော သုတ္တ ဂေယျ ဝေယျာကရဏ ဂါထာ ဥဒါန ဣတိဝုတ္တက ဇာတက အဗ္ဘုတဓမ္မ ဝေဒလ္လဟူသော အကြားအမြင် သည် ရှိ၏၊ ထိုပုဂ္ဂိုလ်သည် အနည်းငယ်သော ထိုအကြားအမြင်၏ အနက်ကို မသိပဲ ပါဠိကို မသိပဲ (လောကုတ္တရာ) တရားအားလျော်သော အကျင့်ကို မကျင့်၊ ဤသို့သော ပုဂ္ဂိုလ်သည် အကြား အမြင်နည်းသည်ဖြစ်၍ အကြားအမြင်နှင့် မပြည့်စုံ။ (၁)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အကြားအမြင်နည်းသည်ဖြစ်၍ အကြားအမြင်နှင့် ပြည့်စုံ သနည်း၊ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်အား အနည်းငယ်သော သုတ္တ ဂေယျ ဝေယျာက ရဏ ဂါထာ ဥဒါန ဣတိဝုတ္တက ဇာတက အဗ္ဘုတဓမ္မ ဝေဒလ္လဟူသော အကြားအမြင်သည် ရှိ၏၊ ထိုပုဂ္ဂိုလ်သည် အနည်းငယ်သော ထိုအကြားအမြင်၏ အနက်ကို သိလျက် ပါဠိကို သိလျက် (လော ကုတ္တရာ)တရားအားလျော်သော အကျင့်ကို ကျင့်၏၊ ဤသို့သော ပုဂ္ဂိုလ်သည် အကြားအမြင် နည်းသည်ဖြစ်၍ အကြားအမြင်နှင့် ပြည့်စုံသည် မည်၏။ (၂)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အကြားအမြင်များသည်ဖြစ်၍ အကြားအမြင်နှင့် မပြည့်စုံ သနည်း၊ ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်အား များစွာသော သုတ္တ ဂေယျ ဝေယျာက ရဏ ဂါထာ ဥဒါန ဣတိဝုတ္တက ဇာတက အဗ္ဘုတဓမ္မ ဝေဒလ္လဟူသော အကြားအမြင်သည် ရှိ၏၊ ထိုပုဂ္ဂိုလ်သည် များစွာသော ထိုအကြားအမြင်၏ အနက်ကို မသိပဲ ပါဠိကို မသိပဲ (လောကုတ္တရာ) တရားအားလျော်သော အကျင့်ကို မကျင့်၊ ဤသို့သော ပုဂ္ဂိုလ်သည် အကြားအမြင်များသည်ဖြစ်၍ အကြားအမြင်နှင့် မပြည့်စုံ။ (၃)

http://www.dhammadownload.com



အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အကြားအမြင်များသည်ဖြစ်၍ အကြားအမြင်နှင့် ပြည့်စုံသနည်း၊ ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်အား များစွာသော သုတ္တ ဂေယျ ဝေယျာကရဏ ဂါထာ ဥဒါန ဣတိဝုတ္တက ဇာတက အဗ္ဘုတဓမ္မ ဝေဒလ္လဟူသော အကြားအမြင်သည် ရှိ၏၊ ထိုပုဂ္ဂိုလ်သည် များစွာသော ထိုအကြားအမြင်၏ အနက်ကို သိလျက် ပါဠိကို သိလျက် (လောကုတ္တရာ) တရားအားလျော်သောအကျင့်ကို ကျင့်၏၊ ဤသို့သော ပုဂ္ဂိုလ်သည် အကြားအမြင်များသည် ဖြစ်၍ အကြားအမြင်နှင့် ပြည့်စုံ၏။ (၄)

၁၉၀။ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မတုန်မလှုပ်သော ရဟန်းမည်သနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် သံယောဇဉ်သုံးပါးတို့၏ ကုန်ခြင်းကြောင့် သောတာပန်ဖြစ်၏၊ဖရိုဖရဲကျခြင်း သဘောမရှိ၊ ကိန်းသေမြဲ၏၊ အထက်မဂ်သုံးခုလျှင် လည်းလျောင်းရာရှိ၏၊ ဤပုဂ္ဂိုလ်ကို မတုန်မလှုပ်သော ရဟန်းဟူ၍ ဆိုအပ်၏။ (၁)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပဒုမာကြာနှင့် တူသော ရဟန်းမည်သနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် သံယောဇဉ်သုံးပါးတို့၏ ကုန်ခြင်းကြောင့် ရာဂ ဒေါသ မောဟတို့၏ ခေါင်းပါးခြင်းကြောင့် သကဒါဂါမိဖြစ်၏၊ တကြိမ်သာလျှင် ဤလူ့ပြည်သို့ လာလတ်၍ ဆင်းရဲ၏ အဆုံးကို ပြု၏၊ ဤပုဂ္ဂိုလ်ကို ပဒုမာကြာနှင့်တူသော ရဟန်းဟူ၍ ဆိုအပ်၏။ (၂)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပုဏ္ဍရိက်ကြာနှင့် တူသော ရဟန်းမည်သနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် အောက်ပိုင်းသံယောဇဉ်ငါးပါးတို့၏ ကုန်ခြင်းကြောင့် ဥပပါတ်ပဋိသန္ဓေ ဖြစ်၏၊ ထိုသုဒ္ဓါဝါသဘုံ၌ ပရိနိဗ္ဗာန် ပြုလေ့ရှိ၏၊ ထိုရူပဘုံမှ ပြန်လည်ခြင်း သဘောမရှိ၊ ဤပုဂ္ဂိုလ်ကို ပုဏ္ဍရိက်ကြာနှင့် တူသောရဟန်းဟူ၍ ဆိုအပ်၏။ (၃)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ရဟန်းတို့၌ အလွန်သိမ်မွေ့သော ရဟန်းမည်သနည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါ ကင်းသော ကိလေသာမှ လွတ်မြောက်သော ထို(အရဟတ္တဖိုလ်)စိတ်နှင့် ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေ၏၊ ထိုပုဂ္ဂိုလ်ကို ရဟန်းတို့၌ အလွန်သိမ်မွေ့သော ရဟန်းဟူ၍ ဆိုအပ်၏။ (၄)

စတုက္ကနိဒ္ဒေသ ပြီး၏။

---

## ၅-ပဉ္စကပုဂ္ဂလပညတ်

၁၉၁။ ထိုပုဂ္ဂိုလ်တို့တွင် အကြင်ပုဂ္ဂိုလ်သည် အာပတ်လည်းသင့်၏၊ နှလုံးမသာယာခြင်း လည်း ဖြစ်၏၊ အကြင်အရဟတ္တဖိုလ်၌ ထိုပုဂ္ဂိုလ်အား ဖြစ်ပေါ်လာကုန်သော ယုတ်ညံ့ကုန်သော ထိုအကုသိုလ် တရားတို့သည် အကြွင်းမဲ့ချုပ်ကုန်၏၊ ကိလေသာမှ လွတ်မြောက်သော ထို (အရဟတ္တဖိုလ်)စိတ်နှင့် ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကိုလည်း ဟုတ်တိုင်း မှန်စွာ မသိ၊ ထိုပုဂ္ဂိုလ်ကို ဤသို့ ဆိုရာ၏ "အသျှင်အား အာပတ်ကို လွန်ကျူးခြင်းကြောင့် ဖြစ်ကုန်သော အာသဝေါတရားတို့သည် ရှိကုန်၏၊ နှလုံးမသာယာခြင်းကြောင့် ဖြစ်ကုန်သော အာသဝေါတရားတို့သည် တိုးပွါးကုန်၏၊ တောင်းပန်ပါ၏-အသျှင်သည် အာပတ်သင့်ခြင်းကြောင့်

http://www.dhammadownload.com



ဖြစ်ကုန်သော အာသဝေါတရားတို့ကို ပယ်စွန့်၍ နှလုံးမသာယာခြင်းကြောင့် ဖြစ်ကုန်သော အာသဝေါတရားတို့ကို ပယ်ဖျောက်ပြီးလျှင် ဝိပဿနာစိတ် ဝိပဿနာဉာဏ်ကိုလည်း ပွါးများပါလော့၊ ဤသို့ ပွါးများသည်ရှိသော် အသျှင်သည် ငါးယောက်မြောက်သော ဤ(ရဟန္တာ) ပုဂ္ဂိုလ်နှင့် တူမျှသည် ဖြစ်လတ္တံ့”ဟု (ဆိုရာ၏)။ (၁)

ထိုပုဂ္ဂိုလ်ဘို့တွင် အကြင်ပုဂ္ဂိုလ်သည် အာပတ်သင့်၏၊ နှလုံးမသာယာခြင်းကား မဖြစ်၊ စိတ်ဖြင့် ကိလေသာမှ လွတ်မြောက်သောပညာဖြင့် ကိလေသာမှ လွတ်မြောက်သော ထိုအရဟတ္တဖိုလ်ဉာဏ်ကို ဟုတ်တိုင်းမှန်စွာမသိ၊ အကြင်အရဟတ္တဖိုလ်၌ ထိုပုဂ္ဂိုလ်အား ဖြစ်ကုန်သော ယုတ်ညံ့ကုန်သော ထိုအကုသိုလ်တရားတို့သည် အကြွင်းမဲ့ချုပ်ကုန်၏၊ ထိုပုဂ္ဂိုလ်ကို ဤသို့ ဆိုရာ၏ “အသျှင်အား အာပတ်ကို လွန်ကျူးခြင်းကြောင့် ဖြစ်ကုန်သော အာသဝေါတရားတို့သည် ရှိကုန်၏၊ နှလုံးမသာယာခြင်းကြောင့် ဖြစ်ကုန်သော အာသဝေါတရားတို့သည် မဘိုးပွါးကုန်၊ တောင်းပန်ပါ၏၊ အသျှင်သည် အာပတ်သင့်ခြင်းကြောင့် ဖြစ်ကုန်သော အာသဝေါတရားတို့ကို ပယ်စွန့်၍ ဝိပဿနာစိတ် ဝိပဿနာပညာကိုလည်း ပွါးများပါလော့၊ ဤသို့ ပွါးများသည်ရှိသော် အသျှင်သည် ငါးယောက်မြောက်သော ဤ(ရဟန္တာ)ပုဂ္ဂိုလ်နှင့် တူမျှသည် ဖြစ်လတ္တံ့”ဟု (ဆိုရာ၏)။ (၂)

ထိုပုဂ္ဂိုလ်ဘို့တွင် အကြင်ပုဂ္ဂိုလ်သည် အာပတ်မသင့်၊နှလုံးမသာယာခြင်းကား ဖြစ်၏၊ အကြင်အရဟတ္တဖိုလ်၌ ထိုပုဂ္ဂိုလ်အား ဖြစ်ပေါ်လာကုန်သော ယုတ်ညံ့ကုန်သော ထိုအကုသိုလ်တရားတို့သည် အကြွင်းမဲ့ချုပ်ကုန်၏၊ကိလေသာမှ လွတ်မြောက်သော ထို(အရဟတ္တဖိုလ်)စိတ်နှင့် ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကိုလည်း ဟုတ်တိုင်းမှန်စွာမသိ၊ထိုပုဂ္ဂိုလ်ကို ဤသို့ ဆိုရာ၏ “အသျှင်အား အာပတ်ကို လွန်ကျူးခြင်းကြောင့် ဖြစ်ကုန်သော အာသဝေါတရားတို့သည် မရှိကုန်၊ နှလုံးမသာယာခြင်းကြောင့် ဖြစ်ကုန်သော အာသဝေါတရားတို့သည် တိုးပွါးကုန်၏၊ တောင်းပန်ပါ၏၊ အသျှင်သည် နှလုံးမသာယာခြင်းကြောင့် ဖြစ်ကုန်သော အာသဝေါတရားတို့ကို ပယ်ဖျောက်ပြီးလျှင် ဝိပဿနာစိတ် ဝိပဿနာပညာကိုလည်း ပွါးများပါလော့၊ ဤသို့ ပွါးများသည်ရှိသော် အသျှင်သည် ငါးယောက်မြောက်သော ဤ(ရဟန္တာ)ပုဂ္ဂိုလ်နှင့် တူမျှသည်ဖြစ်လတ္တံ့”ဟု (ဆိုရာ၏)။ (၃)

ထိုပုဂ္ဂိုလ်ဘို့တွင် အကြင်ပုဂ္ဂိုလ်သည် အာပတ်မသင့်၊ နှလုံးမသာယာခြင်းလည်း မဖြစ်၊ အကြင်အရဟတ္တဖိုလ်၌ ထိုပုဂ္ဂိုလ်အား ဖြစ်ပေါ်လာကုန်သော ယုတ်ညံ့ကုန်သော ထိုအကုသိုလ်တရားတို့သည် အကြွင်းမဲ့ချုပ်ကုန်၏၊ ကိလေသာမှ လွတ်မြောက်သော ထို (အရဟတ္တဖိုလ်)စိတ်နှင့် ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို ဟုတ်တိုင်းမှန်စွာ မသိ၊ ထိုပုဂ္ဂိုလ်ကို ဤသို့ ဆိုရာ၏ “အသျှင်အား အာပတ်ကို လွန်ကျူးခြင်းကြောင့် ဖြစ်ကုန်သော အာသဝေါတရားတို့သည် မရှိကုန်၊ နှလုံးမသာယာခြင်းကြောင့် ဖြစ်ကုန်သော အာသဝေါတရားတို့သည် မတိုးပွါးကုန်၊ တောင်းပန်ပါ၏-အသျှင်သည် ဝိပဿနာစိတ် ဝိပဿနာပညာကိုလည်း ပွါးများပါလော့၊ ဤသို့ ပွါးများသည်ရှိသော် အသျှင်သည် ငါးယောက်မြောက်သော ဤ (ရဟန္တာ) ပုဂ္ဂိုလ်နှင့် တူမျှသည် ဖြစ်လတ္တံ့”ဟု (ဆိုရာ၏)။ (၄)

ဤပုဂ္ဂိုလ်လေးယောက်တို့သည် ငါးယောက်မြောက်သော (ရဟန္တာ)ပုဂ္ဂိုလ်က ဤသို့ ဆုံးမအပ်ကုန်သည်ရှိသော် ဤသို့ ကံမြစ်အပ်ကုန်သည်ရှိသော် အစဉ်သဖြင့် အာသဝေါတရားတို့၏ ကုန်ခြင်းသို့ ရောက်ကုန်၏။

http://www.dhammadownload.com



၁၉၂။ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပေးပြီးမှ မထီမဲ့မြင် ပြုဘိသနည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာတို့၏ အထောက်အပံ့ ဖြစ်သော ဆေးအသုံးအဆောင်ကို အကြင်ပုဂ္ဂိုလ်အား ပေး၏၊ ထိုပေးတတ်သော ပုဂ္ဂိုလ်အား "ငါသည် ပေး၏၊ ဤသူသည် ခံယူ၏"ဟု အကြံဖြစ်၏၊ ထိုပုဂ္ဂိုလ်ကို ပေးပြီးမှ မထီမဲ့မြင်ပြု၏၊ ဤသို့လျှင် ပုဂ္ဂိုလ်သည် ပေးပြီးမှ မထီမဲ့မြင် ပြုသည်မည်၏။ (၁)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပေါင်းသင်းဆက်ဆံသဖြင့် မထီမဲ့မြင် ပြုဘိသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် နှစ်နှစ် သုံးနှစ်တို့ပတ်လုံး အကြင်ပုဂ္ဂိုလ်နှင့် အတူတကွ နေ၏၊ ထိုပုဂ္ဂိုလ်ကို ပေါင်းသင်းဆက်ဆံသဖြင့် မထီမဲ့မြင်ပြု၏၊ ဤသို့လျှင် ပုဂ္ဂိုလ်သည် ပေါင်းသင်းဆက်ဆံသဖြင့် မထီမဲ့မြင် ပြုသည်မည်၏။ (၂)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် လက်ဦးစကား၌ အကြောင်းရင်းထားသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် သူတပါး၏ဂုဏ်ကျေးဇူးကိုငြင်း ဂုဏ်ကျေးဇူးမဲ့ကိုငြင်း ပြောဆိုသည်ရှိသော် လျင်စွာသာလျှင် ယုံကြည်၏၊ ဤသို့လျှင် ပုဂ္ဂိုလ်သည် လက်ဦးစကား၌ အကြောင်းရင်းထား၏၊ (၃)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် လျှပ်ပေါ်ဘိသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် နည်းသောယုံကြည်ခြင်းရှိ၏၊ နည်းသောဆည်းကပ်ခြင်း ရှိ၏၊ နည်းသောချစ်ခင်ခြင်းရှိ၏၊ နည်းသော ကြည်ညိုခြင်းရှိ၏၊ ဤသို့လျှင် ပုဂ္ဂိုလ်သည် လျှပ်ပေါ်သည် မည်၏။ (၄)

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ထိုင်းအ မိုက်မဲသည် ဖြစ်ဘိသနည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကုသိုလ် အကုသိုလ်တရားတို့ကို မသိ၊ အပြစ်ရှိ အပြစ်မဲ့ တရားတို့ကို မသိ၊အယုတ်အမြတ် ဖြစ်သော တရားတို့ကို မသိ၊ အမည်း အဖြူဟူသော အဖို့ရှိသော တရားတို့ကို မသိ၊ ဤသို့လျှင် ပုဂ္ဂိုလ်သည် ထိုင်းအ မိုက်မဲသည်မည်၏။ (၅)

၁၉၃။ ထိုမာတိကာပုဒ်၌ စစ်သူရဲကောင်းနှင့် တူသော ပုဂ္ဂိုလ်ငါးမျိုးတို့ဟူသည် အဘယ်တို့နည်း၊ သူရဲကောင်း ငါးမျိုးတို့သည် ရှိကုန်၏၊ ဤလောက၌ အချို့သော သူရဲကောင်းသည်(ဆင်တပ် မြင်းတပ် စသည်တို့ကြောင့် တက်လာသော) မြူမှုန့်ထုကို မြင်၍ ဆုတ်နစ်၏၊ ထိုမှ ဤမှ ဆုတ်နစ်၏၊ မရပ်တည်နိုင်၊ စစ်မြေပြင်သို့ သက်ဆင်းရန်မတတ်နိုင်၊ ဤလောက၌ ဤသို့သဘောရှိသော အချို့သော သူရဲကောင်းသည်လည်း ရှိ၏၊ ဤသည်ကား လောက၌ ထင်ရှားရှိသော ပဌမ သူရဲကောင်းတည်း။

နောက်တမျိုးကား ဤလောက၌ အချို့သော သူရဲကောင်းသည် (ဆင်တပ် မြင်းတပ် စသည်တို့ကြောင့် တက်လာသော)မြူမှုန့်ထုကို (မြင်ရသော်လည်း) ကြံ့ကြံ့ ခံနိုင်သေး၏၊ သို့သော်လည်း အလံဖျားကို မြင်ရမှုကား ဆုတ်နစ်၏၊ ထိုမှ ဤမှ ဆုတ်နစ်၏၊ မရပ်တည်နိုင်၊ စစ်မြေပြင်သို့ သက်ဆင်းရန် မတတ်နိုင်၊ ဤလောက၌ ဤသို့သဘောရှိသော အချို့သော သူရဲကောင်းသည်လည်း ရှိ၏၊ ဤသည်ကား လောက၌ ထင်ရှားရှိသော ဒုတိယသူရဲကောင်းတည်း။

နောက်တမျိုးကား ဤလောက၌ အချို့သော သူရဲကောင်းသည်(ဆင်တပ် မြင်းတပ် စသည်တို့ကြောင့် တက်လာသော)မြူမှုန့်ထုကို(မြင်ရသော်လည်း)ကြံ့ကြံ့ ခံနိုင်သေး၏၊အလံဖျားကို (မြင်ရသော်လည်း)ကြံ့ကြံ့ ခံနိုင်သေး၏၊ သို့သော်လည်း (ဆင်မြင်းရထား ဗိုလ်ခြေတို့၏) ကျယ်လောင် မြောက်မြားသော အသံကိုသာ ကြားရမှုကား ဆုတ်နစ်၏၊ထိုမှ ဤမှ ဆုတ်နစ်၏၊မရပ်တည်နိုင်၊ စစ်

http://www.dhammadownload.com



မြေပြင်သို့ သက်ဆင်းရန် မတတ်နိုင်၊ ဤလောက၌ ဤသို့ သဘောရှိသော အချို့သောသူရဲကောင်းသည်လည်း ရှိ၏၊ ဤသည်ကား လောက၌ ထင်ရှားရှိသော တတိယသူရဲကောင်းတည်း။

နောက်တမျိုးကား ဤလောက၌ အချို့သော သူရဲကောင်းသည် (ဆင်တပ် မြင်းတပ် စသည်တို့ကြောင့်တက်လာသော)မြူမှုန့်ထုကို(မြင်ရသော်လည်း)ကြံ့ကြံ့ခံနိုင်သေး၏၊အလံဖျားကို(မြင်ရသော်လည်း) ကြံ့ကြံ့ခံနိုင်သေး၏၊ (ဆင် မြင်း ရထားဗိုလ်ခြေတို့၏) ကျယ်လောင်မြောက်မြားသောအသံကို (ကြားရသော်လည်း) ကြံ့ကြံ့ခံနိုင်သေး၏၊ သို့သော်လည်း ပုတ်ခတ်ထိုးပစ်ခြင်းကြောင့် ပင်ပန်း၏၊ ဖောက်ပြန်ခြင်းသို့ရောက်၏၊ ဤလောက၌ ဤသို့သဘောရှိသော အချို့သောသူရဲကောင်းသည်လည်း ရှိ၏၊ရဟန်းတို့ ဤသည်ကား လောက၌ ထင်ရှားရှိသော စတုတ္ထသူရဲကောင်းတည်း။

နောက်တမျိုးကား ဤလောက၌ အချို့သော သူရဲကောင်းသည် (ဆင်တပ် မြင်းတပ် စသည်တို့ကြောင့် တက်လာသော) မြူမှုန့်ထုကို (မြင်ရသော်လည်း) ကြံ့ကြံ့ခံနိုင်၏၊ အလံဖျားကို (မြင်ရသော်လည်း) ကြံ့ကြံ့ခံနိုင်၏၊ (ဆင်မြင်းရထား ဗိုလ်ခြေတို့၏) ကျယ်လောင်မြောက်မြားသော အသံကို (ကြားရသော်လည်း) ကြံ့ကြံ့ခံနိုင်၏၊ ပုတ်ခတ်ထိုးပစ်ခြင်းကို ကြံ့ကြံ့ခံနိုင်၏၊ ထိုသူရဲကောင်းသည် စစ်မြေပြင်အချပ်ကို အောင်မြင်လျက် အောင်အပ်ပြီးသော စစ်မြေပြင်ရှိ၍ ထိုစစ်မြေဦးကိုပင်လျှင် စိုးအုပ်နေ၏၊ ဤသို့သဘောရှိသော အချို့သော သူရဲကောင်းသည်လည်း လောက၌ ရှိ၏၊ ဤသည်ကား လောက၌ ထင်ရှားရှိသော ပဉ္စမသူရဲကောင်းတည်း၊ ဤသူရဲကောင်း ငါးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏။

၁၉၄။ ဤအဘူပင် သူရဲကောင်းတို့နှင့် တူကုန်သော ဤပုဂ္ဂိုလ်ငါးမျိုးတို့သည် ရဟန်းတို့၌ ထင်ရှားရှိကုန်၏၊ ငါးမျိုးတို့ဟူသည် အဘယ်တို့နည်း၊ ဤသာသနာတော်၌ အချို့သောရဟန်းသည် မြူမှုန့်ထုမျှကို မြင်၍ ဆုတ်နစ်၏၊ ထိုမှ ဤမှဆုတ်နစ်၏၊ မရပ်တည်နိုင်၊ မြတ်သောအကျင့်ကို ဆောက်တည်ခြင်းငှါ မတတ်နိုင်၊ သိက္ခာအားနည်းမှုကို ထင်စွာပြု၍ သိက္ခာချပြီးလျှင် လူထွက်၏၊ ထိုရဟန်း၏ မြူမှုန့်ထုဟူသည် အဘယ်တို့နည်း၊ ဤသာသနာတော်၌ ရဟန်းသည် "ဤမည်သော ရွာနိဂုံး၌ မိန်းမကြီးသည်ရင်း မိန်းမပျိုသည်ရင်း အလွန်အဆင်းလှ၏၊ ရှုချင်ဖွယ်ရှိ၏၊ စိတ်ကြည်လင်ဖွယ်ရှိ၏၊ လွန်ကဲသော အဆင်းသဏ္ဌာန်နှင့် ပြည့်စုံ၏"ဟူ၍ (သတင်း) ကြား၏၊ ထိုရဟန်းသည် ထိုသတင်းမျှကို ကြား၍ ဆုတ်နစ်၏၊ ထိုမှ ဤမှ ဆုတ်နစ်၏၊ မရပ်တည်နိုင်၊ မြတ်သောအကျင့်ကို ဆောက်တည်ခြင်းမှာ မတတ်နိုင်၊သိက္ခာအားနည်းမှုကို ထင်စွာပြု၍ သိက္ခာချပြီးလျှင် လူထွက်၏၊ ဤသည်ကား ရဟန်း၏ မြူမှုန့်ထုပင်တည်း။

ထိုစစ်သူရဲကောင်းသည် မြူမှုန့်ထုမျှကို မြင်၍ ဆုတ်နစ်၏၊ ထိုမှ ဤမှ ဆုတ်နစ်၏၊ မရပ်တည်နိုင်၊ စစ်မြေပြင်သို့ သက်ဆင်းခြင်းငှါ မတတ်နိုင်သကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုစစ်သူရဲကောင်းနှင့် တူ၏ဟူ၍ မှတ်အပ်၏၊ ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် ဤသို့သဘောရှိ၏၊ ဤသည်ကား ရဟန်းတို့၌ ထင်ရှားရှိသော ပဌမစစ်သူရဲကောင်းနှင့် တူသောပုဂ္ဂိုလ်တည်း။

၁၉၅။ နောက်တမျိုးကား ဤသာသနာတော်၌ အချို့သော ရဟန်းသည် မြူမှုန့်ထုကို (မြင်ရသော်)ကြံ့ကြံ့ခံနိုင်သေး၏၊ သို့သော်လည်း အလံဖျားကို မြင်ရမူကား ဆုတ်နစ်၏၊ ထိုမှ ဤမှ ဆုတ်နစ်၏၊ မရပ်တည်နိုင်၊ မြတ်သောအကျင့်ကို ဆောက်တည်ခြင်းငှါ မတတ်နိုင်၊ သိက္ခာ

http://www.dhammadownload.com



အားနည်းမှုကို ထင်စွာပြု၍ သိက္ခာချပြီးလျှင် လူထွက်၏၊ ထိုရဟန်း၏ အလံဖျားဟူသည် အဘယ်နည်း၊ ဤသာသနာတော်၌ ရဟန်းသည် "ဤမည်သောရွာ ဤမည်သောနိဂုံး၌ မိန်းမကြီးသည်ရှင်း မိန်းမပျိုသည်ရှင်း အလှန်အဆင်းလှ၏၊ ရှုချင်ဖွယ်ရှိ၏၊ စိတ်ကြည်လင်ဖွယ်ရှိ၏၊ လွန်ကဲသော အဆင်းသဏ္ဌာန်နှင့် ပြည့်စုံ၏"ဟူ၍ သတင်းကိုမူကား မကြား၊ စင်စစ်သော်ကား အလွန်အဆင်းလှ၍ ရှုချင်ဖွယ်လည်းရှိ စိတ်ကြည်လင်ဖွယ်လည်းရှိသဖြင့် လွန်ကဲသော အဆင်းသဏ္ဌာန်နှင့် ပြည့်စုံသော မိန်းမကြီးကိုရှင်း မိန်းမပျိုကိုရှင်း ကိုယ်တိုင်ပင် တွေ့မြင်ရ၏၊ ထိုရဟန်းသည် ထိုမိန်းမကို တွေ့မြင်၍ ဆုတ်နစ်၏၊ ထိုမှ ဤမှ ဆုတ်နစ်၏၊မရပ်တည်နိုင်၊ မြတ်သောအကျင့်ကို ဆောက်တည်ခြင်းငှါ မတတ်နိုင်၊ သိက္ခာအားနည်းမှုကို ထင်စွာပြု၍ သိက္ခာချပြီးလျှင် လူထွက်၏၊ ဤသည်ကား ထိုရဟန်း၏ အလံဖျားပင်တည်း။

ထိုသူရဲကောင်းသည် မြူမှုန့်ထုကို (မြင်ရသော်လည်း)ကြံ့ကြံ့ခံနိုင်သေး၏၊ သို့သော်လည်း အလံဖျားကို မြင်ရမူကား ဆုတ်နစ်၏၊ ထိုမှ ဤမှ ဆုတ်နစ်၏၊ မရပ်တည်နိုင်၊ စစ်မြေပြင်သို့ သက်ဆင်းခြင်းငှါ မစွမ်းနိုင်သကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုသူရဲကောင်းနှင့် တူ၏ဟူ၍ မှတ်အပ်၏၊ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် ဤသို့သဘောရှိ၏၊ ဤသည်ကား ရဟန်းတို့၌ ထင်ရှားရှိသော ဒုတိယသူရဲကောင်းနှင့်တူသော ပုဂ္ဂိုလ်တည်း။

၁၉၆။ နောက်တမျိုးကား ဤသာသနာတော်၌ အချို့သော ရဟန်းသည် မြူမှုန့်ထုကို (မြင်ရသော်လည်း) ကြံ့ကြံ့ခံနိုင်သေး၏၊ အလံဖျားကို(မြင်ရသော်လည်း) ကြံ့ကြံ့ခံနိုင်သေး၏၊ သို့သော်လည်း ကျယ်လောင်မြောက်မြားသော အသံကို ကြားရမူကား ဆုတ်နစ်၏၊ ထိုမှ ဤမှ ဆုတ်နစ်၏၊ မရပ်တည်နိုင်၊ မြတ်သောအကျင့်ကို ဆောက်တည်ခြင်းငှါ မတတ်နိုင်၊ သိက္ခာအားနည်းမှုကို ထင်စွာပြု၍ သိက္ခာချပြီးလျှင် လူထွက်၏၊ ထိုရဟန်း၏ ကျယ်လောင် မြောက်မြားသော အသံဟူသည် အဘယ်နည်း၊ ဤသာသနာတော်၌ တောသို့ဖြစ်စေ သစ်ပင်ရင်းသို့ဖြစ်စေ ဆိတ်ငြိမ်ရာအရပ်သို့ဖြစ်စေ ကပ်ရောက်နေသော ရဟန်းထံသို့ မာတုဂါမသည် ချဉ်းကပ်လာ၍ ပြုံးလည်းပြုံး၏၊ မြောက်ပင့်၍လည်း ပြောဆို၏၊ ပြင်းစွာလည်း ရယ်မော၏၊ ပြောင်လှောင်လည်း ပြောင်လှောင်၏၊ ထိုရဟန်းသည် မာတုဂါမက ပြုံးသည်ရှိသော် မြောက်ပင့်၍ပြောဆိုသည်ရှိသော် ပြင်းစွာရယ်သည်ရှိသော် ပြောင်လှောင်သည်ရှိသော် ဆုတ်နစ်၏၊ ထိုမှ ဤမှဆုတ်နစ်၏၊ မရပ်တည်နိုင်၊ မြတ်သောအကျင့်ကို ကျင့်ခြင်းငှါ မတတ်နိုင်၊ သိက္ခာအားနည်းမှုကို ထင်စွာပြု၍ သိက္ခာချပြီးလျှင် လူထွက်၏၊ ဤသည်ကား ထိုရဟန်း၏ ကျယ်လောင်မြောက်မြားသော အသံပင်တည်း။

ထိုသူရဲကောင်းသည် မြူမှုန့်ထုကို (မြင်ရသော်လည်း) ကြံ့ကြံ့ခံနိုင်သေး၏၊ အလံဖျားကို (မြင်ရသော်လည်း)ကြံ့ကြံ့ခံနိုင်သေး၏၊ သို့သော်လည်း ကျယ်လောင်မြောက်မြားသော အသံကို ကြားရမူကား ဆုတ်နစ်၏၊ ထိုမှ ဤမှ ဆုတ်နစ်၏၊ မရပ်တည်နိုင်၊ စစ်မြေပြင်သို့ သက်ဆင်းခြင်းငှါ မတတ်နိုင်သကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုသူရဲကောင်းနှင့် တူ၏ဟူ၍ မှတ်အပ်၏၊ ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် ဤသို့သဘောရှိ၏၊ ဤသည်ကား ရဟန်းတို့၌ ထင်ရှားရှိသော တတိယစစ်သူရဲကောင်းနှင့် တူသော ပုဂ္ဂိုလ်တည်း။

၁၉၇။ နောက်တမျိုးကား ဤသာသနာတော်၌ အချို့သော ရဟန်းသည် မြူမှုန့်ထုကို (မြင်ရသော်လည်း)ကြံ့ကြံ့ခံနိုင်သေး၏၊ အလံဖျားကို (မြင်ရသော်လည်း) ကြံ့ကြံ့ခံနိုင်သေး၏၊ ကျယ်လောင်မြောက်မြားသောအသံကို (ကြားရသော်လည်း) ကြံ့ကြံ့ခံနိုင်သေး၏ ၊ သို့

http://www.dhammadownload.com



သော်လည်း ထိုးပစ်ပုတ်ခတ်သော်ကား ပင်ပန်း၏၊ ပျက်စီး၏. ထိုရဟန်း၏ ထိုးပစ်ပုတ်ခတ်ခံရမှုဟူသည် အဘယ်နည်း၊ ဤသာသနာတော်၌ တောသို့ဖြစ်စေ သစ်ပင်ရင်းသို့ဖြစ်စေ ဆိတ်ငြိမ်ရာသို့ ဖြစ်စေ ကပ်ရောက်နေသော ရဟန်းထံသို့ မာတုဂါမသည် ချဉ်းကပ်၍ အနိုင်အထက် ပြုလျက် ထိုင်နေ၏၊ အနိုင်အထက် ပြုလျက်အိပ်၏၊ ဖိစီးလွှမ်းမိုး၏၊ မာတုဂါမ က အနိုင်အထက်ပြု၍ ထိုင်နေအပ်သည် ရှိသော် အနိုင်အထက်ပြု၍ အိပ်နေအပ်သည်ရှိသော် ဖိစီးလွှမ်းမိုးအပ်သည်ရှိသော် ထိုရဟန်းသည် သိက္ခာအားနည်းမှုကို ထင်စွာ မပြုမူ၍ သိက္ခာမချပဲ မေထုန်အကျင့်ကို မှီဝဲ၏၊ ဤသည်ကား ထိုရဟန်း၏ ထိုးပစ်ပုတ်ခတ်ခံရခြင်းပင်တည်း။

ထိုသူရဲကောင်းသည် မြူမှုန်ထုကို (မြင်ရသော်လည်း)ကြံ့ကြံ့ခံနိုင်သေး၏၊ အလံဖျားကို (မြင်ရသော်လည်း)ကြံ့ကြံ့ခံနိုင်သေး၏၊ ကျယ်လောင်မြောက်မြားသော အသံကို (ကြားရသော် လည်း) ကြံ့ကြံ့ခံနိုင်သေး၏၊ သို့သော်လည်း ထိုးပစ်ပုတ်ခတ်ခံရသော်လည်း ပင်ပန်းဖောက်ပြန် သကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုသူရဲကောင်းနှင့် တူ၏ဟူ၍ မှတ်အပ်၏၊ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် ဤသို့သဘောရှိ၏၊ ဤသည်ကား ရဟန်းတို့၌ ထင်ရှားရှိသော စတုတ္ထသူရဲကောင်းနှင့် တူသော ပုဂ္ဂိုလ်တည်း။

၁၉၈။ နောက်တမျိုးကား ဤသာသနာတော်၌ အချို့သော ရဟန်းသည် မြူမှုန်ထုကို (မြင်ရသော်လည်း) ကြံ့ကြံ့ခံနိုင်၏၊ အလံဖျားကို (မြင်ရသော်လည်း) ကြံ့ကြံ့ ခံနိုင်၏၊ ကျယ်လောင်မြောက်မြားသောအသံကို ကြားရသော်လည်း ကြံ့ကြံ့ခံနိုင်၏၊ ထိုးပစ် ပုတ်ခတ် ခံရသော်လည်း ကြံ့ကြံ့ခံနိုင်၏၊ ထိုရဟန်းသည် စစ်မြေပြင်ကို အောင်မြင်လျက် အောင် အပ်ပြီးသော စစ်မြေပြင်ရှိသည်ဖြစ်၍ ထိုစစ်မြေပြင်ဦး၌ပင်လျှင် လွှမ်းမိုးနေ၏၊ ထိုရဟန်း၏ အောင်အပ်ပြီးသော စစ်မြေပြင်ဟူသည် အဘယ်နည်း၊ ဤသာသနာတော်၌ တောသို့ဖြစ်စေ သစ်ပင်ရင်းသို့ဖြစ်စေ ဆိတ်ငြိမ်ရာသို့ဖြစ်စေ ကပ်ရောက်နေသော ရဟန်းထံသို့ မာတုဂါမသည် ချဉ်းကပ်၍ အနိုင်အထက်ပြုလျက် ထိုင်နေ၏၊ အနိုင်အထက်ပြုလျက် အိပ်၏၊ ဖိစီးလွှမ်းမိုး၏၊ ထိုမာတု ဂါမက အနိုင်အထက်ပြု၍ ထိုင်နေအပ်သည်ရှိသော် အနိုင်အထက် ပြု၍ အိပ်နေအပ်သည်ရှိသော် ဖိစီး လွှမ်းမိုးအပ်သည်ရှိသော် ဖြေ၍ လွတ်စေလျက် အလိုရှိရာအရပ်သို့ ဖဲသွား၏။

ထိုရဟန်းသည် တောသစ်ပင်ရင်း တောင်ချောက် တောင်ခေါင်း သင်းချိုင်း တောအုပ် လွင်ပြင် ကောက်ရိုးပုံ ဟူသော ဆိတ်ငြိမ်သောကျောင်း (အိပ်ရာ နေရာ)ကို မှီဝဲ၏၊ ထိုရဟန်းသည် တောသို့ကပ်၍ရင်း သစ်ပင်ရင်းသို့ကပ်၍ရင်း ဆိတ်ငြိမ်ရာသို့ကပ်၍ရင်း ထက်ဝယ်ဖွဲ့ခွေ နေပြီးလျှင် ကိုယ်ကိုဖြောင့်မတ်စွာထား၍ (ကမ္မဋ္ဌာန်းသို့) ရှေးရှု သတိကို ဖြစ်စေလျက် ထိုင်နေ၏၊ ထိုရဟန်းသည် ဤဥပါဒါနက္ခန္ဓာ ငါးပါးဟူသော လောက၌ မက်မောခြင်း 'အဘိဇ္ဈာ'ကိုပယ်၍ မက်မောခြင်း 'အဘိဇ္ဈာ'ကင်းသောစိတ်ဖြင့်နေ၏၊ မက်မောခြင်း 'အဘိဇ္ဈာ'မှ စိတ်ကိုစင်ကြယ်စေ၏၊ ပျက်စီး စေလိုသော 'ဒေါသ'ကိုပယ်၍ မပျက်စီးစေလိုသော စိတ်ရှိသည် ဖြစ်၍ ခပ်သိမ်းသောသတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက် နေ၏၊ ပျက်စီးစေလိုသော 'ဒေါသ'မှ စိတ်ကို စင်ကြယ်စေ၏၊ လေးလံ ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'ကိုပယ်၍ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'မှကင်းသည်ဖြစ်၍ အောက်မေ့ ဆင်ခြင်လျက် အလင်းရောင်ကို မှတ်ခြင်းရှိသည်ဖြစ်၍ နေ၏၊ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'မှ စိတ်ကိုစင်ကြယ်စေ၏၊ ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' နောင်တပူပန်ခြင်း 'ကုက္ကုစ္စ'ကိုပယ်၍ အတွင်းသန္တာန်၌ ငြိမ်းအေးသောစိတ် ရှိသည်ဖြစ်၍ မပျံ့လွင့်သည်ဖြစ်၍ နေ၏၊ ပျံ့လွင့်ခြင်း'ဥဒ္ဓစ္စ' နောင်တပူပန်ခြင်း

http://www.dhammadownload.com



'ကုက္ကုစ္စ'မှစိတ်ကိုစင်ကြယ်စေ၏၊ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'ကို ပယ်၍ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'ကို လွန်မြောက်သည်ဖြစ်၍ ကုသိုလ်တရားတို့၌ သို့လော သို့လော (တွေးတောခြင်း)မရှိသည်ဖြစ်၍ နေ၏၊ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'မှ စိတ်ကို စင်ကြယ်စေ၏။

ထိုရဟန်းသည် စိတ်၏ ညစ်ညူးကြောင်းဖြစ်သော ပညာ၏ အားနည်းခြင်းကို ပြုတတ်ကုန်သော ဤအပိတ်အပင် 'နီဝရဏ'တရားငါးပါးတို့ကို ပယ်စွန့်၍ ကာမဂုဏ်တရားတို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့်တကွသော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ'နှင့်တကွဖြစ်သော (နီဝရဏ)ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ရှိသော ပဌမစျာန်သို့ ရောက်၍နေ၏ ဝိတက် ဝိစာရငြိမ်းခြင်းကြောင့်။ပ။ဒုတိယစျာန်သို့။ပ။ တတိယစျာန်သို့။ပ။ စတုတ္ထစျာန်သို့ ရောက်၍ နေ၏။

ထိုရဟန်းသည် ဤသို့ စိတ်သည် တည်ကြည်လတ်သော် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလက်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် အာသဝေါတရားတို့ကို ကုန်စေသော 'အာသဝက္ခယ'ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေ၏၊ ထိုရဟန်းသည် "ဤကား ဆင်းရဲ"ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ "ဤကား ဆင်းရဲဖြစ်ပေါ်ခြင်း၏ အကြောင်း"ဟု ဟုတ်တိုင်းမှန်စွာသိ၏၊ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)"ဟု ဟုတ်တိုင်းမှန်စွာသိ၏၊ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်"ဟု ဟုတ်တိုင်းမှန်စွာသိ၏၊ "ဤသည်တို့ကား အာသဝေါတရားတို့"ဟု ဟုတ်တိုင်းမှန်စွာသိ၏၊"ဤကား အာသဝေါတရားတို့ ဖြစ်ပေါ်ခြင်း၏အကြောင်း"ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ "ဤကား အာသဝေါတရားတို့ ချုပ်ရာ (နိဗ္ဗာန်)"ဟု ဟုတ်တိုင်းမှန်စွာသိ၏၊ "ဤကား အာသဝေါတရားတို့ ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်"ဟု ဟုတ်တိုင်းမှန်စွာသိ၏။

ဤသို့သိသော ဤသို့မြင်သော (ထိုရဟန်း၏) စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏၊ ဘဝါသဝမှလည်း လွတ်မြောက်၏၊အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏၊ လွတ်မြောက်ပြီးလတ်သော် "လွတ်မြောက်လေပြီ"ဟု အသိဉာဏ် ဖြစ်ပေါ်၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ်(ကိစ္စ)ကို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု သိ၏၊ ဤသည်ကား ထိုရဟန်း၏ အောင်အပ်ပြီးသော စစ်မြေပြင်၌ လွှမ်းမိုး၍နေခြင်းပင်တည်း။

ထိုသူရဲကောင်းသည် မြူမှုန့်ထုကို (မြင်ရသော်လည်း) ကြံ့ကြံ့ခံနိုင်၏၊ အလံဖျားကို (မြင်ရသော်လည်း) ကြံ့ကြံ့ခံနိုင်၏၊ ကျယ်လောင်သောအသံ မြောက်မြားသော အသံတို့ကို ကြားရသော်လည်း ကြံ့ကြံ့ခံနိုင်၏၊ ထိုးပစ်ပုတ်ခတ်ခြင်းကို ခံရသော်လည်း ကြံ့ကြံ့ခံနိုင်၏၊ ထိုသူရဲကောင်းသည် ထိုစစ်မြေပြင်အရပ်ကိုလည်း လွှမ်းမိုး အောင်မြင်၍ အောင်အပ်ပြီးသော စစ်မြေပြင်ရှိလျက် ထိုစစ်မြေဦး၌ပင်လျှင် လွှမ်းမိုးအုပ်ချုပ်၍ နေသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုသူရဲကောင်းနှင့်တူ၏ဟူ၍ မှတ်အပ်၏၊ ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် ဤသို့ သဘောရှိ၏၊ ဤသည်ကား ရဟန်းတို့၌ ထင်ရှားရှိသော ပဥ္စမစစ်သည်သူရဲကောင်းနှင့်တူသော ပုဂ္ဂိုလ်တည်း၊ စစ်သူရဲကောင်းနှင့် တူကုန်သော ဤပုဂ္ဂိုလ်ငါးမျိုးတို့သည် ရဟန်းတို့၌ ထင်ရှား ရှိကုန်၏။

၁၉၉။ ထိုမာတိကာပုဒ်၌ ပိဏ္ဍပါတ်ဓုတင် ဆောင် ရဟန်းငါးမျိုးဟူသည် အဘယ်နည်း၊အကြင်ရဟန်းသည် နုန့်နွေးတွေဝေသောကြောင့် ပိဏ္ဍပါတ်ဓုတင်ကိုဆောက်တည်၏၊ အကြင်ရဟန်းသည်

http://www.dhammadownload.com



ယုတ်မာသော အလိုဆိုးရှိသည်ဖြစ်၍ ယုတ်မာသော အလိုဆိုး နှိပ်စက်အပ်သည်ဖြစ်၍ ပိဏ္ဍပါတ်ဓုတင်ကိုဆောက်တည်၏၊ အကြင်ရဟန်းသည် ရူးသွပ်သောကြောင့် စိတ်ပျံ့လွင့်သောကြောင့် ပိဏ္ဍပါတ်ဓုတင်ကို ဆောက်တည်၏၊အကြင်ရဟန်းသည် မြတ်စွာဘုရားတို့သည်၎င်း မြတ်စွာဘုရား၏ တပည့်တို့သည်၎င်း ချီးမွမ်းအပ်၏ဟု နှလုံးသွင်း၍ ပိဏ္ဍပါတ်ဓုတင်ကို ဆောက်တည်၏၊ စင်စစ်သော်ကား အကြင်ရဟန်းသည် အလိုနည်းခြင်းကိုသာမှီ၍ ရောင့်ရဲခြင်းကိုသာမှီ၍ ခေါင်းပါးခြင်းကိုသာမှီ၍ ဤကောင်းသော အကျင့်၌ အလိုရှိသောအဖြစ်ကိုသာ မှီ၍ ပိဏ္ဍပါတ်ဓုတင်ကို ဆောက်တည်၏။

ထိုပိဏ္ဍပါတ်ဓုတင် ဆောက်တည်သော ပုဂ္ဂိုလ်ငါးမျိုးတို့တွင် အကြင်ပိဏ္ဍပါတ်ဓုတင်ကို ဆောက်တည်သော ရဟန်းသည် အလိုနည်းခြင်းကိုသာမှီ၍ ရောင့်ရဲခြင်းကိုသာမှီ၍ ခေါင်းပါးခြင်းကိုသာမှီ၍ ဤကောင်းသော အကျင့်၌ အလိုရှိသော အဖြစ်ကိုသာ မှီ၍ ပိဏ္ဍပါတ်ဓုတင်ကို ဆောက်တည်၏၊ ဤပုဂ္ဂိုလ်သည် ဤပိဏ္ဍပါတ်ဓုတင် ဆောက်တည်သော ပုဂ္ဂိုလ်ငါးမျိုးတို့တွင် မြတ်လည်းမြတ်၏၊ ချီးမွမ်းလည်း ချီးမွမ်းထိုက်၏၊ အကြီးအမှူးလည်းဖြစ်၏၊ အလွန်လည်း မြတ်၏၊ အထူးသဖြင့်လည်း မြတ်၏။

ဥပမာသော်ကား နွားမမှ နို့ရည်, နို့ရည်မှ နို့ဓမ်း, နို့ဓမ်းမှ ဆီဥ, ဆီဥမှ ထောပတ်, ထောပတ်မှ ထောပတ်ကြည်သည်ဖြစ်၏၊ ထိုနွားနို့အရသာ ငါးမျိုးတို့တွင် ထောပတ်ကြည်ကို အမြတ်ဆုံးဟူ၍ ဆိုအပ်သကဲ့သို့ ဤအတူ ဤပိဏ္ဍပါတ်ဓုတင်ကို ဆောက်တည်သော ရဟန်းသည် အလိုနည်းခြင်းကိုသာမှီ၍ ရောင့်ရဲခြင်းကိုသာမှီ၍ ခေါင်းပါးခြင်းကိုသာမှီ၍ ဤကောင်းသော အကျင့်၌ အလိုရှိသောအဖြစ်ကိုသာ မှီ၍ ပိဏ္ဍပါတ်ဓုတင်ကို ဆောက်တည်၏၊ဤပိဏ္ဍပါတ်ဓုတင် ဆောက်တည်သော ပုဂ္ဂိုလ်ငါးမျိုးတို့တွင် ဤပုဂ္ဂိုလ်သည် မြတ်လည်းမြတ်၏၊ ချီးမွမ်းလည်း ချီးမွမ်းထိုက်၏၊ အကြီးအမှူးလည်းဖြစ်၏၊ အလွန်လည်း မြတ်၏၊ အထူးသဖြင့်လည်း မြတ်၏၊ ပိဏ္ဍပါတ်ဓုတင်ကိုဆောက်တည်သော ပုဂ္ဂိုလ်တို့သည် ဤငါးမျိုးတို့တည်း။

၂၀၀။ ထိုမာတိကာပုဒ်၌ ငါးမျိုးသော ခလုပစ္ဆာဘတ္တိကဓုတင်ဆောင် ပုဂ္ဂိုလ်တို့သည် အဘယ်တို့နည်း။ပ။ ငါးမျိုးသော ဧကာသနိက်ဓုတင်ဆောင် ပုဂ္ဂိုလ်တို့သည်။ပ။ငါးမျိုးသော ပံသုကူဓုတင်ဆောင် ပုဂ္ဂိုလ်တို့သည်။ပ။ငါးမျိုးသော တိစီဝရိက်ဓုတင်ဆောင်ပုဂ္ဂိုလ်တို့သည်။ပ။ ငါးမျိုးသော အရညကင်ဓုတင်ဆောင်ပုဂ္ဂိုလ်တို့သည်။ပ။ငါးမျိုးသော ရုက္ခမူဓုတင်ဆောင် ပုဂ္ဂိုလ်တို့သည်။ပ။ငါးမျိုးသော အဗ္ဘောကာသိကဓုတင်ဆောင်ပုဂ္ဂိုလ်တို့သည်။ပ။ငါးမျိုးသော နိသဇ်-ဓုတင်ဆောင်ပုဂ္ဂိုလ်တို့သည်။ပ။ငါးမျိုးသော ယထာသန္ထတိ ဓုတင်ဆောင် ပုဂ္ဂိုလ်တို့သည်။ပ။

၂၀၁။ ထိုမာတိကာပုဒ်၌ ငါးမျိုးသော သုသာန်ဓုတင်ဆောင် ပုဂ္ဂိုလ်တို့သည် အဘယ်တို့နည်း၊ အကြင်ရဟန်းသည် နုန့်နေးတွေဝေသောကြောင့် သောသာနိကဓုတင်ကို ဆောက်တည်၏၊ အကြင်ရဟန်းသည် ယုတ်မာသော အလိုဆိုးရှိသည်ဖြစ်၍ ယုတ်မာသော အလိုဆိုး နှိပ်စက်အပ်သည်ဖြစ်၍ သောသာနိကဓုတင်ဆောက်တည်၏၊ အကြင်ရဟန်းသည် ရူးသွပ်သောကြောင့် စိတ်ပျံ့လွင့်သောကြောင့် သောသာနိက ဓုတင်ဆောက်တည်၏၊ အကြင်ရဟန်းသည် မြတ်စွာဘုရားတို့သည်၎င်း မြတ်စွာဘုရား၏တပည့်တို့သည်၎င်း ချီးမွမ်းအပ်၏ဟု နှလုံးသွင်း၍ သောသာနိကဓုတင်ဆောက်တည်၏၊ စင်စစ်သော်ကား အကြင်ရဟန်းသည် အလိုနည်းခြင်းကိုသာမှီ၍ ရောင့်ရဲခြင်းကိုသာမှီ၍ ခေါင်းပါးခြင်းကိုသာမှီ၍ ဤကောင်းသောအကျင့်၌ အလိုရှိသောအဖြစ်ကိုသာမှီ၍

http://www.dhammadownload.com



သောသာနိကစုတင်ဆောက်တည်၏၊ ဤငါးမျိုးသော သောသာနိကစုတင်ဆောင်ပုဂ္ဂိုလ်တို့တွင် ဤပုဂ္ဂိုလ်သည် မြတ်လည်း မြတ်၏၊ ချီးမွမ်းလည်း ချီးမွမ်းထိုက်၏၊ အကြီးအမှူးလည်းဖြစ်၏၊ အလွန်လည်းမြတ်၏၊ အထူးသဖြင့်လည်း မြတ်၏။

ဥပမာသော်ကား နွားမမှ နို့ရည်၊ နို့ရည်မှ နို့ဓမ်း၊ နို့ဓမ်းမှ ဆီဦး၊ ဆီဦးမှ ထောပတ်၊ ထောပတ်မှ ထောပတ်ကြည်သည် ဖြစ်၏၊ ထိုနွားနို့အရသာငါးမျိုးတို့တွင် ထောပတ်ကြည်ကို အမြတ်ဆုံးဟူ၍ ဆိုအပ်သကဲ့သို့ ဤအတူ အကြင် သောသာနိကစုတင်ဆောက်တည်သော ရဟန်းသည် အလိုနည်းခြင်းကိုသာမှီ၍ ရောင့်ရဲခြင်းကိုသာမှီ၍ ခေါင်းပါးခြင်းကိုသာမှီ၍ ဤကောင်းသောအကျင့်၌ အလိုရှိသောအဖြစ်ကိုသာမှီ၍ သောသာနိကစုတင်ဆောက်တည်၏၊ထိုသောသာနိကစုတင်ဆောင် ပုဂ္ဂိုလ်ငါးမျိုးတို့တွင် ဤပုဂ္ဂိုလ်သည် မြတ်လည်းမြတ်၏၊ချီးမွမ်းလည်း ချီးမွမ်းထိုက်၏၊ အကြီးအမှူးလည်း ဖြစ်၏၊ အလွန်လည်းမြတ်၏၊ အထူးသဖြင့်လည်း မြတ်၏၊ သောသာနိကစုတင်ဆောက်တည်သော ပုဂ္ဂိုလ်တို့သည် ဤငါးမျိုးတို့တည်း။

**ပဉ္စကနိဒ္ဒေသ ပြီး၏။**

---

## ၆-ဆက္ကပုဂ္ဂလပညတ်

၂၀၂။ ထိုမာတိကာ စကားရပ်၌ အကြင်ပုဂ္ဂိုလ်သည် ရှေး၌ မကြားဘူးကုန်သော တရားတို့၌ ကိုယ်တိုင်သာလျှင် သစ္စာလေးပါးတို့ကို ထိုးထွင်း၍သိ၏၊ ထိုတရားတို့၌လည်း အလုံးစုံသိခြင်းသို့ ရောက်၏၊ ဗိုလ်တို့၌လည်း လေ့လာခြင်းသို့ ရောက်၏၊ ထိုကိုယ်တိုင်ဖြစ်စေအပ်သော သဗ္ဗညုတဉာဏ်ဖြင့် ထိုပုဂ္ဂိုလ်ကို (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင် မှန်စွာသိသော သဗ္ဗညုတဘုရားဟု မှတ်အပ်၏။ (၁)

ထိုမာတိကာ စကားရပ်၌ အကြင်ပုဂ္ဂိုလ်သည် ရှေး၌ မကြားဘူးကုန်သောတရားတို့၌ အလိုလိုကိုယ်တိုင်သာလျှင် သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိ၏၊ ထိုတရားတို့၌လည်း အလုံးစုံသိခြင်းသို့မရောက်၊ ဗိုလ်တို့၌လည်း လေ့လာခြင်းသို့ မရောက်၊ ထိုပစ္စေကသမ္ဗောဓိဉာဏ်ဖြင့် ထိုပုဂ္ဂိုလ်ကို ပစ္စေကဗုဒ္ဓါ ဟု မှတ်အပ်၏။ (၂)

ထိုမာတိကာ စကားရပ်၌ အကြင်ပုဂ္ဂိုလ်သည် ရှေး၌ မကြားဘူးကုန်သော တရားတို့၌ အလိုလိုကိုယ်တိုင်သာလျှင် သစ္စာလေးပါးတို့ကို ထိုးထွင်း၍ မသိ၊ ယခုဘဝ၌ပင် ဆင်းရဲ၏ အဆုံးကို ပြု၏၊ သာဝကပါရမီသို့လည်း ရောက်၏၊ ထိုသာဝကပါရမီဉာဏ်ဖြင့် ထိုပုဂ္ဂိုလ်တို့ကို သာရိပုတြာ မောဂ္ဂလ္လာန်တို့ဟု မှတ်အပ်ကုန်၏။ (၃)

ထိုမာတိကာ စကားရပ်၌ အကြင်ပုဂ္ဂိုလ်သည် ရှေး၌ မကြားဘူးကုန်သော တရားတို့၌ အလိုလိုကိုယ်တိုင်သာလျှင် သစ္စာလေးပါးတို့ကို ထိုးထွင်း၍မသိ၊ ယခုဘဝ၌ပင် ဆင်းရဲ၏အဆုံးကိုပြု၏၊ သာဝကပါရမီသို့ မရောက်၊ ထိုဒုက္ခ၏အဆုံးကိုပြုခြင်းဖြင့် ထိုပုဂ္ဂိုလ်တို့ကို(သာရိပုတြာ မောဂ္ဂလ္လာန်တို့မှ)ကြွင်းသော ရဟန္တာပုဂ္ဂိုလ်တို့ဟု မှတ်အပ်ကုန်၏။ (၄)

ထိုမာတိကာစကားရပ်၌ အကြင်ပုဂ္ဂိုလ်သည် ရှေး၌ မကြားဘူးကုန်သော တရားတို့၌ အလိုလိုကိုယ်တိုင်သာလျှင် သစ္စာလေးပါးတို့ကို ထိုးထွင်း၍ မသိ၊ ယခုဘဝ၌ပင် ဆင်းရဲ၏ အဆုံးကို မပြု၊

http://www.dhammadownload.com



ဤကာမဘုံသို့ မလာခြင်းကြောင့် အနာဂါမ်ဖြစ်၏၊ ထိုကာမဘုံသို့ မလာခြင်းဖြင့် ထိုပုဂ္ဂိုလ်က **အနာဂါမ်ပုဂ္ဂိုလ်ဟု မှတ်အပ်၏**။ (၅)

ထိုမာတိကာ စကားရပ်၌ အကြင်ပုဂ္ဂိုလ်သည် ရှေး၌ မကြားဘူးကုန်သော တရားတို့၌ အလိုလို ကိုယ်တိုင်သာလျှင် သစ္စာလေးပါးတို့ကို ထိုးထွင်း၍မသိ၊ ယခုဘဝ၌ပင် ဆင်းရဲ၏အဆုံးကို မပြု၊ ဤကာမဘုံသို့ လာ၏၊ ထိုကာမဘုံသို့လာခြင်းဖြင့် ထိုပုဂ္ဂိုလ်တို့ကို သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ်တို့ဟု မှတ်အပ်ကုန်၏။ (၆)

**ဆက္ကနိဒ္ဒေသ ပြီး၏**။

---

## ၇-သတ္တကပုဂ္ဂလပညတ်

၂၀၃။ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် တကြိမ်နစ်မြုပ်သော် နစ်မြုပ်တော့သည်သာလျှင် ဖြစ်သနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် စင်စစ် မည်းညစ်ကုန်သော အကုသိုလ်တရားတို့နှင့် ပြည့်စုံ၏၊ ဤသို့သော ပုဂ္ဂိုလ်သည် တကြိမ်နစ်မြုပ်သော် နစ်မြုပ်တော့သည်သာလျှင်တည်း။

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီး၍ နစ်မြုပ်ဘိသနည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် "ကုသိုလ်သဘောတရားတို့၌ သဒ္ဓါမည်သော တရားသည် ကောင်း၏၊ကုသိုလ်သဘောတရားတို့၌ ဟိရီမည်သော တရားသည် ကောင်း၏၊ကုသိုလ်သဘောတရားတို့၌ ဩတ္တပ္ပမည်သော တရားသည် ကောင်း၏၊ ကုသိုလ်သဘောတရားတို့၌ ဝီရိယမည်သော တရားသည် ကောင်း၏၊ ကုသိုလ်သဘောတရားတို့၌ ပညာမည်သော တရားသည် ကောင်း၏"ဟု အယူရှိသည်ဖြစ်၍ ပေါ်၏၊ ထိုပုဂ္ဂိုလ်၏ ထိုသဒ္ဓါမည်သော တရားသည် မတည်၊ မတိုးပွါး၊ ဆုတ်ယုတ်သည်သာတည်း၊ထိုပုဂ္ဂိုလ်၏ ထိုဟိရီမည်သောတရားသည်၊ ထိုပုဂ္ဂိုလ်၏ ထိုဩတ္တပ္ပမည်သော တရားသည်၊ ထိုပုဂ္ဂိုလ်၏ ထိုဝီရိယမည်သော တရားသည်၊ ထိုပုဂ္ဂိုလ်၏ ထိုပညာမည်သော တရားသည် မတည်၊ မတိုးပွါး၊ဆုတ်ယုတ်သည်သာတည်း၊ ဤသို့သော ပုဂ္ဂိုလ်သည် ပေါ်ပြီး၍ နစ်မြုပ်သည်မည်၏။

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီး၍ တည်ဘိသနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် "ကုသိုလ်သဘောတရားတို့၌ သဒ္ဓါမည်သော တရားသည် ကောင်း၏၊ ကုသိုလ်သဘောတရားတို့၌ ဟိရီမည်သော တရားသည် ကောင်း၏၊ ကုသိုလ်သဘောတရားတို့၌ ဩတ္တပ္ပမည်သော တရားသည် ကောင်း၏၊ ကုသိုလ်သဘောတရားတို့၌ ဝီရိယမည်သော တရားသည် ကောင်း၏၊ ကုသိုလ်သဘောတရားတို့၌ ပညာမည်သော တရားသည် ကောင်း၏" ဟု အယူရှိသည်ဖြစ်၍ ပေါ်၏၊ ထိုပုဂ္ဂိုလ်၏ ထိုသဒ္ဓါမည်သော တရားသည် မဆုတ်ယုတ်၊ မတိုးပွါး၊ တည်၏၊ ထိုပုဂ္ဂိုလ်၏ ထိုဟိရီမည်သောတရားသည်၊ ထိုပုဂ္ဂိုလ်၏ ထိုဩတ္တပ္ပမည်သော တရားသည်၊ ထိုပုဂ္ဂိုလ်၏ ထိုဝီရိယမည်သော တရားသည်၊ ထိုပုဂ္ဂိုလ်၏ ထိုပညာမည်သော တရားသည် မဆုတ်ယုတ်၊ မတိုးပွါး၊ တည်၏၊ ဤသို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီး၍ တည်သည်မည်၏။

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီး၍ ရှုကြည့်ဘိသနည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် "ကုသိုလ်သဘောတရားတို့၌ သဒ္ဓါမည်သော တရားသည် ကောင်း၏၊ ကုသိုလ်သဘောတရားတို့၌ ဟိရီမည်သော တရားသည် ကောင်း၏၊ ကုသိုလ်သဘောတရားတို့၌ ဩတ္တပ္ပမည်သော တရားသည် ကောင်း၏၊ ကုသိုလ်သဘောတရားတို့၌ ဝီရိယမည်သော တရားသည် ကောင်း၏၊ ကုသိုလ်

http://www.dhammadownload.com



သဘောတရားတို့၌ ပညာမည်သော တရားသည် ကောင်း၏”ဟု အယူရှိသည်ဖြစ်၍ ပေါ်၏၊ ထိုပုဂ္ဂိုလ်သည် သုံးပါးသောသံယောဇဉ်အနှောင်အဖွဲ့တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် အပါယ်သို့ ကျခြင်းသဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန် ဖြစ်၏၊ဤသို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီး၍ ရှုကြည့်သည် မည်၏။

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီး၍ ကူးမြောက်ဘိသနည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် “ကုသိုလ်သဘောတရားတို့၌ သဒ္ဓါမည်သော တရားသည် ကောင်း၏၊ကုသိုလ်သဘော တရားတို့၌ ဟိရီမည်သော တရားသည် ကောင်း၏၊ ကုသိုလ်သဘောတရားတို့၌ ဩတ္တပ္ပမည်သော တရားသည် ကောင်း၏၊ ကုသိုလ်သဘောတရားတို့၌ ဝီရိယမည်သော တရားသည် ကောင်း၏၊ကုသိုလ် သဘောတရားတို့၌ ပညာမည်သော တရားသည် ကောင်း၏”ဟု အယူရှိသည်ဖြစ်၍ ပေါ်၏၊ ထိုပုဂ္ဂိုလ်သည် သုံးပါးသောသံယောဇဉ် အနှောင်အဖွဲ့တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် ရာဂ ဒေါသ မောဟတို့၏ ခေါင်းပါးခြင်းကြောင့် တကြိမ်သာလျှင် ဤကာမဘုံသို့ လာလတ်၍ ဝဋ်ဆင်းရဲ၏အဆုံးကိုပြုတတ်သော သကဒါဂါမ်ဖြစ်၏၊ ဤသို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီး၍ ကူးမြောက်သည်မည်၏။

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီး၍ ထောက်တည်ရာသို့ ရောက်သနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် “ကုသိုလ်သဘောတရားတို့၌ သဒ္ဓါမည်သော တရားသည် ကောင်း၏၊ ကုသိုလ်သဘောတရားတို့၌ ဟိရီမည်သော တရားသည် ကောင်း၏၊ ကုသိုလ်သဘောတရားတို့၌ ဩတ္တပ္ပမည်သော တရားသည် ကောင်း၏၊ ကုသိုလ်သဘောတရားတို့၌ ဝီရိယမည်သောတရားသည် ကောင်း၏၊ ကုသိုလ်သဘောတရားတို့၌ ပညာမည်သော တရားသည် ကောင်း၏”ဟု အယူရှိသည် ဖြစ်၍ ပေါ်၏၊ ထိုပုဂ္ဂိုလ်သည် အောက်ပိုင်းသံယောဇဉ် ငါးပါးတို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် သုဒ္ဓါဝါသဗြဟ္မာ့ဘုံ၌ ဥပပါတ်ပဋိသန္ဓေနေ၍ ထိုဘုံ၌သာလျှင် ပရိနိဗ္ဗာန်ပြုမည့် ထိုဘုံမှပြန်လည် ခြင်းသဘောမရှိသူ (အနာဂါမ်)ဖြစ်၏၊ ဤသို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီး၍ ထောက်တည်ရာသို့ ရောက်သည်မည်၏။

အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီး၍ ကူးမြောက်ပြီးဖြစ်သနည်း၊ နိဗ္ဗာန်တည်းဟူသော ကမ်းတဖက်သို့ ရောက်သည်ဖြစ်၍ မကောင်းမှုကို အပပြုပြီးလျက် နိဗ္ဗာန်တည်းဟူသော ကြည်းကုန်း ထက်၌ တည်သနည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် “ကုသိုလ်သဘောတရားတို့၌ သဒ္ဓါ မည်သောတရားသည် ကောင်း၏၊ ကုသိုလ်သဘောတရားတို့၌ ဟိရီမည်သော တရားသည် ကောင်း၏၊ ကုသိုလ်သဘောတရားတို့၌ ဩတ္တပ္ပမည်သော တရားသည် ကောင်း၏၊ ကုသိုလ် သဘောတရားတို့၌ ဝီရိယမည်သော တရားသည် ကောင်း၏၊ ကုသိုလ်သဘောတရားတို့၌ ပညာ မည်သော တရားသည် ကောင်း၏”ဟု အယူရှိသည်ဖြစ်၍ ပေါ်၏၊ ထိုပုဂ္ဂိုလ်သည် အာသဝေါတရား တို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေ၏၊ ဤသို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီး၍ ကူးမြောက်ပြီးသည် မည်၏၊ နိဗ္ဗာန်တည်းဟူသော ကမ်းသို့ ရောက်သည်ဖြစ်၍ မကောင်းမှုကို အပပြုပြီးသည်ဖြစ်၍ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်း၌ တည်သည်မည်၏။

၂၁၄။ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် နှစ်ပါးသော အဖို့ဖြင့် လွတ်မြောက်သနည်း၊ ဤ လောက၌ အချို့သော ပုဂ္ဂိုလ်သည် သမာပတ်ရှစ်ပါးတို့ကို နာမကာယဖြင့် တွေ့ထိ၍ နေ၏၊ ထို

http://www.dhammadownload.com



ပုဂ္ဂိုလ်အား ပညာဖြင့်လည်း မြင်၍ အာသဝေါတရားတို့သည် ကုန်ခန်းကုန်၏၊ ဤပုဂ္ဂိုလ်ကို နှစ်ပါးသော အဖို့ဖြင့် လွတ်မြောက်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၂၀၅။ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပညာဖြင့် လွတ်မြောက်သနည်း။ပ။ ကာယသက္ခိမည်သနည်း။ ဒိဋ္ဌိပ္ပတ္တမည်သနည်း။ သဒ္ဓါဝိမုတ္တမည်သနည်း။ ဓမ္မာနုသာရီမည်သနည်း။

၂၀၆။ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် သဒ္ဓါနုသာရီ ပုဂ္ဂိုလ်မည်သနည်း၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သော အကြင်ပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေသည် လွန်ကဲ၏၊ သဒ္ဓါဦးဆောင်သော သဒ္ဓါပြဋ္ဌာန်းသော အရိယမဂ်ကို ပွါးများ၏၊ဤပုဂ္ဂိုလ်ကို သဒ္ဓါနုသာရီပုဂ္ဂိုလ်မည်၏ဟူ၍ ခေါ်ဆိုအပ်၏၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သောပုဂ္ဂိုလ်သည် သဒ္ဓါနုသာရီပုဂ္ဂိုလ်မည်၏၊ ဖိုလ်၌ တည်သောပုဂ္ဂိုလ်သည် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်မည်၏။

**သတ္တကနိဒ္ဒေသ ပြီး၏။**

---

## ၈-အဋ္ဌကပုဂ္ဂလပညတ်

၂၀၇။ ထိုမှာတိကာ၌ မဂ်လေးပါးနှင့် ပြည့်စုံသည့်ပုဂ္ဂိုလ်၊ ဖိုလ်လေးပါးနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တို့ဟူသည် အဘယ်တို့နည်း၊ သောတာပန်ပုဂ္ဂိုလ်၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သောပုဂ္ဂိုလ်၊ သကဒါဂါမိပုဂ္ဂိုလ်၊ သကဒါဂါမိဖိုလ်ကို မျက်မှောက်ခြင်းပြုငှါ ကျင့်သောပုဂ္ဂိုလ်၊ အနာဂါမိပုဂ္ဂိုလ်၊ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သောပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်၊ အရဟတ္တဖိုလ်ကိုမျက်မှောက်ပြုခြင်းငှါ ကျင့်သောပုဂ္ဂိုလ်၊ ဤလေးယောက်တို့သည် မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့တည်း၊ ဤလေးယောက်တို့သည် ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့တည်း။

**အဋ္ဌကနိဒ္ဒေသ ပြီး၏။**

---

## ၉-နဝကပုဂ္ဂလပညတ်

၂၀၈။ သမ္မာသမ္ဗုဒ္ဓမည်သော ပုဂ္ဂိုလ်သည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ရှေး၌ မကြားဘူးကုန်သော တရားတို့၌ အလိုလိုကိုယ်တိုင်သာလျှင် သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍သိ၏၊ ထိုတရားတို့၌လည်း အလုံးစုံ သိခြင်းသို့ရောက်၏၊ ဖိုလ်တို့၌လည်း လေ့လာခြင်းသို့ရောက်၏၊ ဤပုဂ္ဂိုလ်ကို သမ္မာသမ္ဗုဒ္ဓမည်၏ဟူ၍ ဆိုအပ်၏။

ပစ္စေကသမ္ဗုဒ္ဓမည်သောပုဂ္ဂိုလ်သည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ရှေး၌ မကြားဘူးကုန်သော တရားတို့၌ အလိုလို ကိုယ်တိုင်သာလျှင် သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍ သိ၏၊ ထိုတရားတို့၌ အလုံးစုံ သိခြင်းသို့ မရောက်၊ ဖိုလ်တို့၌လည်း လေ့လာခြင်းသို့ မရောက်၊ ဤပုဂ္ဂိုလ်ကို ပစ္စေကသမ္ဗုဒ္ဓမည်၏ ဟူ၍ ဆိုအပ်၏။

နှစ်ပါးသော အဖို့တို့ဖြင့် လွတ်မြောက်သော ပုဂ္ဂိုလ်သည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သမာပတ်ရှစ်ပါးတို့ကို နာမကာယဖြင့် တွေ့ထိ၍နေ၏၊ ထိုပုဂ္ဂိုလ်အား ပညာဖြင့်

http://www.dhammadownload.com



သိမြင်၍ အာသဝေါတရားတို့သည် ကုန်ခန်းကုန်၏၊ ဤပုဂ္ဂိုလ်ကို နှစ်ပါးသော အဖို့တို့ဖြင့် လွတ်မြောက်သောပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

ပညာဖြင့် လွတ်မြောက်သောပုဂ္ဂိုလ်သည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် သမာပတ်ရှစ်ပါးတို့ကို နာမကာယဖြင့် တွေ့ထိ၍မနေ၊ ထိုပုဂ္ဂိုလ်အား ပညာဖြင့်လည်း အာသဝေါတရားတို့သည် ကုန်ခန်းကုန်၏၊ ဤပုဂ္ဂိုလ်ကို ပညာဖြင့်လွတ်မြောက်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

ကာယသက္ခိမည်သော ပုဂ္ဂိုလ်သည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် သမာပတ်ရှစ်ပါးတို့ကို နာမကာယဖြင့် တွေ့ထိ၍ နေ၏၊ ထိုပုဂ္ဂိုလ်အား ပညာဖြင့်လည်း သိမြင်၍ အချို့သော အာသဝေါတရားတို့သည် ကုန်ခန်းကုန်၏၊ ဤပုဂ္ဂိုလ်ကို ကာယသက္ခိပုဂ္ဂိုလ်မည်၏ဟူ၍ ဆိုအပ်၏။

ဒိဋ္ဌိပ္ပတ္တမည်သော ပုဂ္ဂိုလ်သည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် "ဤသည်ကား ဆင်းရဲတည်း"ဟု ဟုတ်တိုင်းမှန်စွာသိ၏။ပ။ "ဤသည်ကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု ဟုတ်တိုင်းမှန်စွာသိ၏၊ မြတ်စွာဘုရား ဟောတော်မူအပ်ကုန်သော သစ္စာလေးပါးတရားတို့ကို ထိုပုဂ္ဂိုလ်သည် ပညာဖြင့် ကောင်းစွာ မြင်အပ်ကုန်၏၊ ကောင်းစွာ ကျင့်အပ်ကုန်၏၊ ထိုပုဂ္ဂိုလ်အား ပညာဖြင့်လည်း သိမြင်၍ အချို့သော အာသဝေါတရားတို့သည် ကုန်ခန်းကုန်၏၊ ဤပုဂ္ဂိုလ်ကို ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်မည်၏ဟူ၍ ဆိုအပ်၏။

သဒ္ဓါဝိမုတ္တမည်သော ပုဂ္ဂိုလ်သည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် "ဤသည်ကား ဆင်းရဲတည်း"ဟု ဟုတ်တိုင်းမှန်စွာသိ၏။ပ။ "ဤသည်ကား ဆင်းရဲ၏ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်တည်း"ဟု ဟုတ်တိုင်းမှန်စွာသိ၏၊ မြတ်စွာဘုရား ဟောတော်မူအပ်ကုန်သော သစ္စာလေးပါးတရားတို့ကို ကောင်းစွာ မြင်အပ်ကုန်၏၊ကောင်းစွာ ကျင့်အပ်ကုန်၏၊ ထိုပုဂ္ဂိုလ်အား ပညာဖြင့်လည်း သိမြင်၍ အချို့သော အာသဝေါတရားတို့သည် ကုန်ခန်းကုန်၏၊ ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်အား အာသဝေါတရားတို့ ကုန်ခန်းသကဲ့သို့ သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်အား ကုန်ခန်းခြင်းသည် မဖြစ်၊ ဤပုဂ္ဂိုလ်ကို သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်မည်၏ဟူ၍ ဆိုအပ်၏။

ဓမ္မာနုသာရီမည်သော ပုဂ္ဂိုလ်သည် အဘယ်နည်း၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါကျင့်သော အကြင်ပုဂ္ဂိုလ်အား ပညိန္ဒြေသည် လွန်ကဲ၏၊ ပညာဖြင့် ဦးဆောင်သော ပညာပြဋ္ဌာန်းသော အရိယမဂ်ကို ပွါးများ၏၊ ဤပုဂ္ဂိုလ်ကို ဓမ္မာနုသာရီပုဂ္ဂိုလ်မည်၏ ဟူ၍ ဆိုအပ်၏၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သော ပုဂ္ဂိုလ်သည် ဓမ္မာနုသာရီမည်၏၊ ဖိုလ်၌ တည်သောပုဂ္ဂိုလ်သည် ဒိဋ္ဌိပ္ပတ္တ မည်၏။

သဒ္ဓါနုသာရီမည်သော ပုဂ္ဂိုလ်သည် အဘယ်နည်း၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သော အကြင်ပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေသည် လွန်ကဲ၏၊ သဒ္ဓါဖြင့် ဦးဆောင်သော သဒ္ဓါပြဋ္ဌာန်းသော အရိယမဂ်ကို ပွါးများ၏၊ဤပုဂ္ဂိုလ်ကို သဒ္ဓါနုသာရီပုဂ္ဂိုလ်မည်၏ဟူ၍ ဆိုအပ်၏၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သောပုဂ္ဂိုလ်သည် သဒ္ဓါနုသာရီမည်၏၊ ဖိုလ်၌တည်သော ပုဂ္ဂိုလ်သည် သဒ္ဓါဝိမုတ္တမည်၏။

**နဝကနိဒ္ဒေသ ပြီး၏။**

http://www.dhammadownload.com



## ၁၀-ဒသကပုဂ္ဂလပညတ်

၂၀၉။ အဘယ်ပုဂ္ဂိုလ် ငါးယောက်တို့အား ဤကာမဘုံ၌ ပြီးဆုံးကုန်သနည်း၊ သတ္တက္ခတ္တုပရမပုဂ္ဂိုလ်၊ ကောလံကောလပုဂ္ဂိုလ်၊ ဧကဗီဇီပုဂ္ဂိုလ်၊ သကဒါဂါမိပုဂ္ဂိုလ်၊ ယခုဘဝ၌ပင် ရဟန္တာဖြစ်သောပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ် ငါးယောက်တို့အား ဤကာမဘုံ၌ ပြီးဆုံးကုန်၏။

အဘယ်ပုဂ္ဂိုလ် ငါးယောက်တို့အား ဤကာမဘုံ၌ (အတ္တဘောကို)စွန့်၍ ပြီးဆုံးကုန်သနည်း။ အန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ်၊ ဥပဟစ္စပရိနိဗ္ဗာယီပုဂ္ဂိုလ်၊ အသင်္ခါရပရိနိဗ္ဗာယီပုဂ္ဂိုလ်၊ သသင်္ခါရပရိနိဗ္ဗာယီပုဂ္ဂိုလ်၊ ဥဒ္ဓံသောတအကနိဋ္ဌဂါမီပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်ငါးယောက်တို့အား ဤကာမဘုံ၌ (အတ္တဘောကို) စွန့်၍ ပြီးဆုံးကုန်၏။

ဤမျှသောစကားအစဉ်ဖြင့် ပုဂ္ဂိုလ်တို့ကို ပညတ်ခြင်း(သိစေခြင်း)သည် ဖြစ်သဘည်း။

ဒသကနိဒ္ဒေသ ပြီး၏။

# ပုဂ္ဂလပညတ်ပါဠိတော် မြန်မာပြန် ပြီး၏။

http://www.dhammadownload.com

## ပုဂ္ဂလပညတ်ပါဠိတော် မြန်မာပြန်

# မှတ်သားဖွယ် အညွှန်းစာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ အ ]** | |
| အကာပင်ဖြစ်လျက် အကာပင်တို့ ဝန်းရံအပ်သောသစ်ပင် | ၆၅ |
| အကာပင်ဖြစ်လျက် အနှစ်ပင်တို့ ဝန်းရံအပ်သောသစ်ပင် | ၆၅ |
| အကုပ္ပဓမ္မပုဂ္ဂိုလ် | ၁၄ |
| အကျိုးပေးမြဲသောပုဂ္ဂိုလ် | ၁၆ |
| အကြားအမြင်များသောပုဂ္ဂိုလ် | ၇၆ |
| အဆင်းကိုကြည်ညိုသောပုဂ္ဂိုလ် | ၆၅ |
| အဋ္ဌကပုဂ္ဂလပညတ် | ၁၂ |
| အန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ် | ၂၀ |
| အန္ဓပုဂ္ဂိုလ် | ၃၇ |
| အနာဂါမိပုဂ္ဂိုလ် | ၂၀ |
| ...ာဂါမ်ပုဂ္ဂိုလ် | ၂၁၊၈၈ |
| အနုရက္ခဏာဘဗ္ဗပုဂ္ဂိုလ် | ၁၅ |
| အနောတ္တပ္ပပုဂ္ဂိုလ် | ၂၄ |
| အနှစ်ပင်ဖြစ်လျက် အကာပင်တို့ ဝန်းရံအပ်သောသစ်ပင် | ၆၅ |
| အနှစ်ပင်ဖြစ်လျက် အနှစ်ပင်တို့ ဝန်းရံအပ်သောသစ်ပင် | ၆၅ |
| အပရိဟာနဓမ္မပုဂ္ဂိုလ် | ၁၅ |
| အပ္ပမေယျပုဂ္ဂိုလ် | ၄၇ |
| အပြစ်နည်းသောပုဂ္ဂိုလ် | ၅၀ |
| အပြစ်မရှိသောပုဂ္ဂိုလ် | ၅၀ |
| အပြစ်များသောပုဂ္ဂိုလ် | ၅၀ |
| အပြစ်ရှိသောပုဂ္ဂိုလ် | ၄၉ |
| အဘဗ္ဗာဂမနပုဂ္ဂိုလ် | ၁၆ |
| အဗျောကာသိကစုတင်ဆောင် ပုဂ္ဂိုလ်ငါးမျိုး | ၈၄ |
| အမိုက်မှောင်မှလာ၍ အမိုက်မှောင်သို့ သွားသူ စသည်ပုဂ္ဂိုလ်လေးမျိုး | ၆၃ |
| အရညကင်စုတင်ဆောင်ပုဂ္ဂိုလ်ငါးမျိုး | ၈၄ |
| အရဟတ္တဖိုလ်ကိုရခြင်းငှါ တောင့်တခြင်းမှကင်းသောပုဂ္ဂိုလ် | ၃၃ |
| အရဟတ္တဖိုလ်ကိုရခြင်းငှါ တောင့်တသောပုဂ္ဂိုလ် | ၃၂ |
| အရဟတ္တဖိုလ်ကိုရခြင်းငှါ မတောင့်တသောပုဂ္ဂိုလ် | ၃၂ |
| အရိယာပုဂ္ဂိုလ် | ၁၇ |
| အရူကူပမစိတ္တပုဂ္ဂိုလ် | ၃၆ |
| အရှိအသေအလေးအမြတ်ပြု၍မှီဝဲအပ်သောပုဂ္ဂိုလ် | ၄၄ |
| အလွန်သူတော်ကောင်းဖြစ်သောပုဂ္ဂိုလ်များ | ၄၇ |
| အဝကုဇ္ဇပညပုဂ္ဂိုလ် | ၃၇ |
| အသမယဝိမုတ္တပုဂ္ဂိုလ် | ၁၄ |
| အသင်္ခါရပရိနိဗ္ဗာယီပုဂ္ဂိုလ် | ၂၀ |
| အသမ္ဘူဇညပုဂ္ဂိုလ် | ၂၅ |
| အသံကိုကြည်ညိုသောပုဂ္ဂိုလ် | ၆၅ |
| အဟိရိကပုဂ္ဂိုလ် | ၂၄ |
| **[ အာ ]** | |
| အာယတနတဆယ့်နှစ်ပါး | ၁ |
| အာသဝေါတိုးပွါးသောပုဂ္ဂိုလ်နှစ်ယောက် | ၃၁ |

http://www.dhammadownload.com




အက္ခရာစဉ် — စာမျက်နှာ

[ ပု ]

ပုန္နိယေသုအဂုတ္တဒွါရတာပုဂ္ဂိုလ် ၂၅
ပုန္နိယေသုဂုတ္တဒွါရတာပုဂ္ဂိုလ် ၂၉
ပုဂ္ဂြန္တနှစ်ဆယ့်နှစ်ပါး ၂
ပုထုဇ္ဇန ၂၃
ပုထုဇ္ဇနပုဂ္ဂိုလ် ၂၇

[ ဥ ]

ဥဋ္ဌိတညူပုဂ္ဂိုလ် ၅၀
ဥဇ္ဇုဂ်ပညပုဂ္ဂိုလ် ၃၈
ဥဒကလေဍ္ဍူပမပုဂ္ဂိုလ် ၄၀
ဥဒ္ဓံဘာဂိယပုဂ္ဂိုလ် ၂၆
ဥဒ္ဓံဘာဂိယသံယောဇဉ် ၂၀
ဥဒ္ဓံသောတအကနိဋ္ဌပုဂ္ဂိုလ် ၂၁
ဥပနာဟ ၂၂
ဥပနာဟပုဂ္ဂိုလ် ၂၇
ဥပဟစ္စပရိနိဗ္ဗာယီပုဂ္ဂိုလ် ၂၀
ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ် ၁၈

[ ဧ ]

ဧကကပုဂ္ဂလပညတ်ငါးဆယ့်လေးပါး ၂
ဧကစက္ခုပုဂ္ဂိုလ် ၃၇
ဧကဗီဇီပုဂ္ဂိုလ် ၁၉
ဧကာသနိက်ခုတင်ဆောင်ပုဂ္ဂိုလ်ငါးမျိုး ၈၄

[ ဩ ]

ဩတ္တပ္ပပုဂ္ဂိုလ် ၂၈
ဩရမ္ဘာဂိယပုဂ္ဂိုလ် ၂၆
ဩရမ္ဘာဂိယသံယောဇဉ် ၂၀

[ အောက်-အိုး ]

အောက်မှလာ၍အောက်သို့သွားတတ်သူ စသည့် ပုဂ္ဂိုလ်လေးမျိုး ၆၄
အိုးနှင့်တူသောပုဂ္ဂိုလ်လေးယောက် ၅၅

အက္ခရာစဉ် — စာမျက်နှာ

[ က ]

ကလျာဏမိတ္တတာပုဂ္ဂိုလ် ၂၉
ကာမဘုံ၌(အတ္တဘောကို)စွန့်၍ပြီးဆုံး သော ပုဂ္ဂိုလ်များ ၉၀
ကာမဘုံ၌ပြီးဆုံးသောပုဂ္ဂိုလ်များ ၉၀
ကာယသက္ခိပုဂ္ဂိုလ် ၁၈၊၃၄၊၈၉
ကာသိတိုင်းဖြစ်ပုဆိုးနှင့်တူသော ပုဂ္ဂိုလ်များ ၄၁
ကုပ္ပဓမ္မပုဂ္ဂိုလ် ၁၄
ကောဓ ၂၂
ကောဓပုဂ္ဂိုလ် ၂၇
ကောလံကောလပုဂ္ဂိုလ် ၁၉
ကောင်းသောအကျင့်ရှိသောပုဂ္ဂိုလ် ၄၉
ကြွက်နှင့်တူသောပုဂ္ဂိုလ်လေးယောက် ၅၂

[ ခ ]

ခန္ဓာငါးပါး ၁
ခလုပစ္ဆာဘတ္တိကင်ဆောင်ပုဂ္ဂိုလ်ငါးမျိုး ၈၄
ခေါင်းပါးသောအကျင့်၌ကြည်ညိုသော ပုဂ္ဂိုလ် ၆၆

[ ဂ ]

ဂူထဘာဏီပုဂ္ဂိုလ် ၃၅
ဂေါတြဘူပုဂ္ဂိုလ် ၁၆

[ စ-ဆ ]

စတုက္ကပုဂ္ဂလပညတ်သုံးဆယ် ၆
စေတနာဘဗ္ဗပုဂ္ဂိုလ် ၁၅
စက်ဆုပ်အပ်,မမှီဝဲအပ်သောပုဂ္ဂိုလ် ၄၄
စစ်သူရဲကောင်းနှင့်တူသောပုဂ္ဂိုလ် ငါးယောက် ၇၉
ဆက္ကပုဂ္ဂလပညတ် ၁၁
ဆရာသုံးယောက် ၄၅၊၄၆
ဆဠဘိညပုဂ္ဂိုလ် ၁၇
ဆင်ခြင်၍ပြောတတ်သောပုဂ္ဂိုလ်များ ၆၁

[ ချ ]

ချာန်ဝင်စားခြင်း ၇၂

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဌ ] | |
| ဌိတကပ္ပိပုဂ္ဂိုလ် | ၁၇ |
| [ တ ] | |
| တကြိမ်တည်းနှင့်နစ်မြုပ်သောပုဂ္ဂိုလ် | ၈၆ |
| တဏှာရေအယဉ်ကိုကူးမြောက်သူ | ၇၆ |
| တရား၌ကြည်ညိုသောပုဂ္ဂိုလ် | ၆၆ |
| တိကပုဂ္ဂလပညတ် | ၅ |
| တိစီဝရိက်ဓုတင်ဆောင်ပုဂ္ဂိုလ်ငါးမျိုး | ၈၄ |
| တေဝိဇ္ဇပုဂ္ဂိုလ် | ၁၇ |
| တပ်ခြင်းကင်းပြီးသောပုဂ္ဂိုလ် | ၃၉ |
| တပ်ခြင်းမကင်းသေးသောပုဂ္ဂိုလ် | ၃၉ |
| တပ်ခြင်းကင်း၍တပ်ခြင်းမကင်းသော ပုဂ္ဂိုလ် | ၃၉ |
| တည်တံ့သောသဘောရှိသောပုဂ္ဂိုလ် | ၇၆ |
| [ ဒ ] | |
| ဒသကပုဂ္ဂလပညတ် | ၁၃ |
| ဒိဋ္ဌပ္ပတ္တပုဂ္ဂိုလ် | ၁၈၊၃၄၊၈၈၊၈၉ |
| ဒိဋ္ဌိဝိပတ္တိပုဂ္ဂိုလ် | ၂၆ |
| ဒိဋ္ဌိသမ္ပဒါပုဂ္ဂိုလ် | ၃၁ |
| ဒုကပုဂ္ဂလပညတ်နှစ်ဆယ့်ခြောက်ပါး | ၄ |
| ဒုပ္ပမေဓ ပုဂ္ဂိုလ် | ၄၃ |
| ဒုဗ္ဗစပုဂ္ဂိုလ် | ၂၄ |
| ဒွိစက္ခုပုဂ္ဂိုလ် | ၃၇ |
| [ ဓ ] | |
| ဓမ္မကထိကပုဂ္ဂိုလ်လေးယောက် | ၅၁ |
| ဓမ္မာနုသာရီပုဂ္ဂိုလ် | ၁၉၊၈၈၊၈၉ |
| ဓာတ်တဆယ့်ရှစ်ပါး | ၁ |
| [ န ] | |
| နဝကပုဂ္ဂလပညတ် | ၁၂ |
| နိသဇ္ဇဓုတင်ဆောင်ပုဂ္ဂိုလ်ငါးမျိုး | ၈၄ |
| နေယျပုဂ္ဂိုလ် | ၅၀ |
| နွားလားနှင့်တူသောပုဂ္ဂိုလ်လေးယောက် | ၅၈ |
| နှစ်ပါးသောအဖို့ဖြင့်လွတ်မြောက်သော ပုဂ္ဂိုလ် | ၈၇၊၈၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ပ ] | |
| ပဉ္စကပုဂ္ဂလပညတ်တဆယ့်လေး | ၉ |
| ပစ္စေကဗုဒ္ဓါ | ၈၅ |
| ပစ္စေကသမ္ဗုဒ္ဓပုဂ္ဂိုလ် | ၁၇၊၈၈ |
| ပညာဖြင့်လွတ်မြောက်သောပုဂ္ဂိုလ် | ၈၈၊၈၉ |
| ပညာဝိမုတ္တပုဂ္ဂိုလ် | ၁၈ |
| ပညတ်ခြောက်ပါး | ၁ |
| ပဋိပန္နကပုဂ္ဂိုလ် | ၁၆ |
| ပထဝီလေခူပမပုဂ္ဂိုလ် | ၄၀ |
| ပဒပရမပုဂ္ဂိုလ် | ၅၀ |
| ပဒုမာကြာနှင့်တူသောရဟန်း | ၇၇ |
| ပဠာသ | ၂၂ |
| ပဠာသပုဂ္ဂိုလ် | ၂၇ |
| ပရိဟာနဓမ္မပုဂ္ဂိုလ် | ၁၅ |
| ပါပမိတ္တပုဂ္ဂိုလ် | ၂၄ |
| ပါသာဏလေခူပမပုဂ္ဂိုလ် | ၃၉ |
| ပိဏ္ဍပါတ်ဓုတင်ဆောင်သောပုဂ္ဂိုလ် ငါးမျိုး | ၈၃ |
| ပုဏ္ဍရိက်ကြာနှင့်တူသောရဟန်း | ၇၇ |
| ပုထုဇဉ်ပုဂ္ဂိုလ် | ၁၆ |
| ပုထုပညပုဂ္ဂိုလ် | ၃၈ |
| ပုပ္ဖဘာဏီပုဂ္ဂိုလ် | ၃၅ |
| ပေးပြီးမှမထေမဲ့မြင်ပြုသူ | ၇၉ |
| ပံသုကူဓုတင်ဆောင်ပုဂ္ဂိုလ်ငါးမျိုး | ၈၄ |
| ပေါ် ပြီးမှနစ်မြုပ်သောပုဂ္ဂိုလ် | ၈၆ |
| ပေါ် ပြီး၍ကူးမြောက်ပြီးဖြစ်သောပုဂ္ဂိုလ် | ၈၇ |
| ပေါ် ပြီး၍တည်သောပုဂ္ဂိုလ် | ၈၆ |
| ပေါ် ပြီး၍ထောက်တည်ရာသို့ရောက်သော ပုဂ္ဂိုလ် | ၈၇ |
| ပေါ် လျက်ကူးမြောက်သောပုဂ္ဂိုလ် | ၈၇ |
| ပေါ် လျက်ရှုကြည့်သောပုဂ္ဂိုလ် | ၈၆ |
| ပေါင်းသင်းဆက်ဆံသဖြင့်မထေမဲ့မြင်ပြုသူ | ၇၉ |
| ပိုက်ဆံလျော်ချည်ပုဆိုးနှင့်တူသော ပုဂ္ဂိုလ်များ | ၄၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဘ ] | |
| ဘဗ္ဗာဂမနပုဂ္ဂိုလ် | ၁၆ |
| ဘယူပရတပုဂ္ဂိုလ် | ၁၆ |
| ဘောဇနေမတ္တညူပုဂ္ဂိုလ် | ၂၅၊၂၉ |
| [ မ ] | |
| မဂ္ဂ | ၂၂ |
| မဂ္ဂပုဂ္ဂိုလ် | ၂၇ |
| မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ဖလဋ္ဌာန်ပုဂ္ဂိုလ် | ၈၈ |
| မချီးမွမ်းထိုက်သူကို ချီးမွမ်းတတ်သူ စသောပုဂ္ဂိုလ်များ | ၆၁ |
| မစ္ဆရိယ | ၂၃ |
| မစ္ဆရိယပုဂ္ဂိုလ် | ၂၇ |
| မဆင်ခြင်မူ၍ပြောတတ်သောပုဂ္ဂိုလ်များ | ၆၀ |
| မတုန်မလှုပ်သောရဟန်း | ၇၇ |
| မမှီဝဲမဆည်းကပ် မချဉ်းကပ်အပ် သော ပုဂ္ဂိုလ် | ၄၃ |
| မာယာ | ၂၃ |
| မာယာပုဂ္ဂိုလ် | ၂၈ |
| မာယာဝီပုဂ္ဂိုလ် | ၂၃ |
| မိမိကိုယ်ကိုပူပန်ဆင်းရဲစေသောအကျင့် | ၆၄ |
| မိမိအစီးအပွါး သူတပါးအစီးအပွါးကို ကျင့်သောပုဂ္ဂိုလ် | ၆၆ |
| မိမိအစီးအပွါး သူတပါးအစီးအပွါး နှစ်ပါးစုံမကျင့်သောပုဂ္ဂိုလ် | ၆၄ |
| မိမိအစီးအပွါးသာကျင့်၍ သူတပါး အစီးအပွါးမကျင့်သောပုဂ္ဂိုလ် | ၆၆ |
| မုဋ္ဌဿစ္စပုဂ္ဂိုလ် | ၂၅ |
| မိုးတိမ်တိုက်နှင့်တူသော ပုဂ္ဂိုလ် လေးယောက် | ၅၂ |
| မြွေနှင့်တူသောပုဂ္ဂိုလ်လေးယောက် | ၅၉ |
| မှီဝဲဆည်းကပ်အပ်သောပုဂ္ဂိုလ် | ၄၃၊၄၅ |
| [ ယ ] | |
| ယထာသန္ထတိစုဘင်ဆောင်ပုဂ္ဂိုလ်ငါးမျိုး | ၈၄ |
| ယုတ်ညံ့သောအကျင့်ရှိသောပုဂ္ဂိုလ် | ၄၉ |
| [ ရ ] | |
| ရနိုင်ခဲသောပုဂ္ဂိုလ်နှစ်ယောက် | ၃၁ |
| ရဟန္တာပုဂ္ဂိုလ် | ၂၂ |
| ရဟန်းအကျင့် | ၄၁ |
| ရဟန်းအဖြစ်လွင်ပြင်နှင့်တူပုံ | ၆၉ |
| ရဟန်းတို့ခါစင်ကြွယ်စေမှု | ၇၂ |
| ရဟန်းဘို့မှီဝဲနေထိုင်ရာအရပ် | ၇၂ |
| ရဟန်းပြုပုံ | ၆၉ |
| ရုက္ခမူစုတင်ဆောင်သောပုဂ္ဂိုလ်ငါးမျိုး | ၈၄ |
| ရေအိုင်နှင့်တူသောပုဂ္ဂိုလ်လေးယောက် | ၅၆ |
| ရောင့်ရဲတတ်သောပုဂ္ဂိုလ် | ၃၂ |
| ရောင့်ရဲနိုင်ခဲသောပုဂ္ဂိုလ်နှစ်ယောက် | ၃၁ |
| ရောင့်ရဲလွယ်သောပုဂ္ဂိုလ်နှစ်ယောက် | ၃၁ |
| [ လ ] | |
| လုံ့လအကျိုးကိုမှီ၍ အသက်မွေး တတ်သူစသောပုဂ္ဂိုလ်များ | ၆၂ |
| လျစ်လျူရှုအပ်,မမှီဝဲအပ်သောပုဂ္ဂိုလ် | ၄၄ |
| လွယ်လွယ်ဆိုတတ်၍ သင့်လျော်စွာ မဆိုတတ်သောပုဂ္ဂိုလ် | ၅၁ |
| [ ဝ ] | |
| ဝဇ္ဇိရူပမစိတ္တပုဂ္ဂိုလ် | ၃၆ |
| ဝိဇ္ဇူပမစိတ္တပုဂ္ဂိုလ် | ၃၆ |
| ဝိပဉ္စိတညူပုဂ္ဂိုလ် | ၅၀ |
| ဝဋ်တည်းဟူသောရေအယဉ်မှဆန်သူ | ၄၆ |
| ဝဋ်တည်းဟူသောရေအယဉ်သို့အစဉ် လိုက်သူ | ၇၅ |
| [ သ ] | |
| သကဒါဂါမိပုဂ္ဂိုလ် | ၁၉၊၂၁ |
| သစ္စာလေးပါး | ၂ |
| သတ္တကပုဂ္ဂလပညတ် | ၁၂ |
| သတ္တက္ခတ္တုပရမပုဂ္ဂိုလ် | ၁၉ |
| သတိသမ္ပဇညပုဂ္ဂိုလ် | ၃၀ |
| သဒ္ဓါနုသာရီပုဂ္ဂိုလ် | ၁၉၊၈၈၊၈၉ |

http://www.dhammadownload.com



အက္ခရာစဉ် — စာမျက်နှာ

[ သ ]


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| သဒ္ဓါဝိမုတ္တပုဂ္ဂိုလ် | ၁၈၊၃၅၊၈၈၊၈၉ |
| သဗ္ဗညုတဘုရား | ၈၅ |
| သမယဝိမုတ္တပုဂ္ဂိုလ် | ၁၄ |
| သမ္မာသမ္ဗုဒ္ဓပုဂ္ဂိုလ် | ၁၇၊၈၈ |
| သရက်သီးနှင့်တူသောပုဂ္ဂိုလ် လေးယောက် | ၅၄ |
| သသင်္ခါရပရိနိဗ္ဗာယီပုဂ္ဂိုလ် | ၂၁ |
| သာဒ္ဓေယျ | ၂၃ |
| သာဒ္ဓေယျပုဂ္ဂိုလ် | ၂၈ |
| သာရိပုတြာမောဂ္ဂလ္လာန် | ၈၅ |
| သီလဝိပတ္တိပုဂ္ဂိုလ် | ၂၆ |
| သီလသမ္ပဒါပုဂ္ဂိုလ် | ၃၀ |
| သီလသမာဓိပညာဘွဲ့အတိုင်းအရှည်ကို ပြုလေ့ရှိသောပုဂ္ဂိုလ် | ၄၅ |
| သုပ္ပမေယျပုဂ္ဂိုလ် များ | ၄၃ |
| သုသာန်စုတင်ဆောင်ပုဂ္ဂိုလ်ငါးမျိုး | ၈၄ |
| သူ့တပါးကိုပူပန်ဆင်းရဲစေသောအကျင့် | ၆၇ |
| သူတော်ကောင်းပုဂ္ဂိုလ်များ | ၄၇ |
| သူတော်ကောင်းမဟုတ်သောပုဂ္ဂိုလ်များ | ၄၇ |
| သူနာနှင့်တူသောပုဂ္ဂိုလ်သုံးယောက် | ၃၄ |
| သေက္ခပုဂ္ဂိုလ် | ၁၇ |
| သောတာပန်ပုဂ္ဂိုလ် | ၂၁ |
| သောဝစဿတာပုဂ္ဂိုလ် | ၂၈ |
| သင့်လျော်စွာဆိုတတ်၍လွတ်မြောက် မဆိုတတ်သောပုဂ္ဂိုလ် စသည်များ | ၅၈၊၅၉ |
| သစ်ပင်နှင့်တူသောပုဂ္ဂိုလ်လေးမျိုး | ၆၄ |


[ ဟ ]


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ဟိရိပုဂ္ဂိုလ် | ၂၈ |
| ဟီနာဓိမုတ္တပုဂ္ဂိုလ် | ၃၁ |

http://www.dhammadownload.com

http://www.dhammadownload.com

# ပန်းတိုင်

ပဋိဝေဓ (ထိုးထွင်းသိ) ပန်းတိုင်သို့

မျက်မှောက်ပြုနိုင်ရန်

ပရိယတ္တိ (စာသိ) နှင့် ပဋိပတ္တိ (ကျင့်သိ)

ဟူသော အကျင့်နှစ်ဖြာစလုံး ကို

ယှဉ်တွဲကျင့်သုံး

သာသနာပြုကြပါစို့ ...

http://www.dhammadownload.com

# မြင့်မြတ် ပုဂ္ဂိုလ်

# (NOBLE PERSON)

လောကီ နှင့် လောကုတ္တရာ အတွက်

မိမိ အကျိုး နှင့် အများ အကျိုးရှိအောင်

ဆောင်ရွက်သူသည်သာလျှင်

အနှစ်ပြည့်ဝဆုံးသော

အအောင်မြင်ဆုံးသော

အမြင့်မြတ်ဆုံးသော... ပုဂ္ဂိုလ်